# VERMONT

## ယာဉ်မောင်း

## လက်စွဲစာအုပ်




**2024 ခုနှစ်**

**Phil Scott**၊ Vermont ပြည်နယ်
အုပ်ချုပ်ရေးမှူး

**Joe Flynn**၊ သယ်ယူပို့ဆောင်ရေး အေဂျင်စီ
အတွင်းရေးမှူး

**Wanda Minoli**၊ မော်တော်ယာဉ်ဌာန ကော်မရှင်အဖွဲ့ဝင်

VERMONT

**လှူမည်ကို အမှန်ခြစ်လိုက်ခြင်းဖြင့်**
**အသက်တစ်ချောင်းကို ကယ်တင်နိုင်သည်**




# ကိုယ်အင်္ဂါ လှူဒါန်းခြင်းဖြင့် အသက်များကို ကယ်တင်ပါ

သင့်လိုင်စင်အတွက် လျှောက်လွှာတင်သည့်အခါ မှတ်ပုံတင်ထားသည့် အလှူရှင်တစ်ယောက် ဖြစ်နိုင်မည့် အခွင့်အရေး ရရှိပါမည်။

## 'လှူဒါန်းမယ်' ဟုပြောခြင်းဖြင့် အသက်တစ်ချောင်းကို ကယ်တင်နိုင်သည်။

**ဖြစ်ရပ်မှန်**– လှူဒါန်းမှု "လုပ်မည်" ဟု ပြောခြင်းသည် သင်၏ ဆေးဘက်ဆိုင်ရာ စောင့်ရှောက်ကုသမှုကို မထိခိုက်စေပါ။

**ဖြစ်ရပ်မှန်**- လှူဒါန်းမှု ဖြစ်မြောက်ရန်အတွက် အလှူရှင် သို့မဟုတ် ၎င်း၏မိသားစုသည် ကုန်ကျစရိတ် မကျခံရပါ။

**ဖြစ်ရပ်မှန်**– အဓိကဘာသာတရားအားလုံးသည် ကိုယ်အင်္ဂါနှင့် တစ်ရှူးလှူဒါန်းခြင်းကို ထောက်ခံအားပေးကြသည် သို့မဟုတ် ၎င်းကို တစ်ဦးချင်း၏ ဆုံးဖြတ်ချက်အဖြစ် ရှုမြင်ကြပါသည်။

**ဖြစ်ရပ်မှန်**- အမေရိကန်ပြည်ထောင်စုတွင် အစားထိုးကုသရန် ကိုယ်အင်္ဂါများနှင့် တစ်ရှူးများအား ဝယ်ယူရောင်းချခြင်းသည် တရားမဝင်ပါ။

### သင့်တွင် အသက်ကို လှူဒါန်းရန် အခွင့်အာဏာရှိသည်။

အချက်အလက်များ ပိုမိုသိရှိလိုပါက [DonateLifeVT.org](DonateLifeVT.org) တွင် ဝင်ရောက်လေ့လာပါ

VERMONT **မော်တော်ယာဉ်ဌာန**
**ကျန်းမာရေးဌာန**

ကျွန်ုပ်တို့၏ ဝဘ်သင်ခန်းစာ DriveVermont ကို အသုံးပြု၍ သင်မောင်းခွင့် ကတ်ပြား စစ်ဆေးမှုအတွက် လေ့လာပြီး ဘေးကင်းလုံခြုံစွာ မောင်းနှင်တတ်ဖို့ သင်ယူပါ။ သင်မောင်းခွင့်ပြုချက် စစ်ဆေးမှုအတွက် လေ့လာနေစဉ် လမ်းစည်းကမ်းများနှင့် မည်ကဲ့သို့ ဘေးကင်းလုံခြုံစွာ မောင်းနှင်နိုင်ကြောင်း လေ့လာရန်အတွက် DriveVermont ကို အသုံးပြုနိုင်ပါသည်။ သင်၏ ရေးဖြေ သို့မဟုတ် လက်တွေ့စမ်းသပ်မောင်းနှင်မှု စာမေးပွဲကို မဖြေမီ သင်သိသင့်သည့် အရာများကိုလည်း ရှာဖွေသိရှိနိုင်ပါသည်။




DriveVermont တွင် အထောက်အကူဖြစ်စေသည့် ရုပ်ပုံများနှင့် ဗီဒီယိုများ ပါရှိသည်ကို သင် တွေ့ရပါလိမ့်မည်။ မေးခွန်းများကို သွားရောက်ဖြေဆိုခြင်းဖြင့် သင်ယူခဲ့သော အရာများအား မိမိကိုယ်ကို စမ်းသပ် စစ်ဆေးနိုင်ပါလိမ့်မည်။ သင်ခန်းစာကို လေ့လာပြီးသွားသောအခါ သင်ဖြေရမည့် တကယ့်စာမေးပွဲနှင့် များစွာဆင်တူသော အစမ်းစာမေးပွဲကို ဖြေကြည့်နိုင်ပါသည်။

သင်မောင်းခွင့် ကတ်ပြားအတွက် စတင်လေ့လာရန်နှင့် ဘေးကင်းစွာမောင်းနှင်တတ်စေဖို့အတွက် သင်ယူရန် dmv.vermont.gov တွင် ဝင်ရောက်လေ့လာပါ

---

မော်တော်ယာဉ် ဌာနသည် ဝန်ဆောင်မှုများ၊ အစီအစဉ်များ၊ လှုပ်ရှားမှုများ သို့မဟုတ် အလုပ်အကိုင်များ ပံ့ပိုးပေးရာတွင် မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံမှု မရှိပါ။

လူတစ်ဦး၏ မသန်စွမ်းမှုသည် သင်မောင်းခွင့် ကတ်ပြား သို့မဟုတ် ယာဉ်မောင်းလိုင်စင် ရရှိရေးအတွက် ပေးထားသော အချက်အလက်များအပေါ် နားလည်နိုင်စွမ်းကို သိသာထင်ရှားစွာ ထိခိုက်မှုဖြစ်စေပါက မော်တော်ယာဉ်ဌာနသည် ကျိုးကြောင်းဆီလျော်သော ပြင်ဆင်ချိန်ညှိမှု ရရှိနိုင်ရေး ပြုလုပ်ပေးမည်ဖြစ်သည်။

ဥပမာ သင်၏မသန်စွမ်းမှုသည် သင်၏စာဖတ်နိုင်စွမ်းနှင့် စာဖြင့်ရေးသားထားသော ဘာသာစကားအား နားလည်နိုင်စွမ်းကို အကန့်အသတ်ဖြစ်စေပါက ကျွန်ုပ်တို့၏ဝဘ်ဆိုဒ်တွင် ဤလက်စွဲ၏ အသံဖိုင်ကိုဖြစ်စေ၊ အွန်လိုင်းတွင် အပြန်အလှန်တုံ့ပြန်ဆက်သွယ်ပြောဆိုနိုင်သည့် ဗားရှင်းကိုဖြစ်စေ ရနိုင်ပါသည်။ မော်တော်ယာဉ်ဌာနက သင်၏ မသန်စွမ်းမှုအတွက် ကျိုးကြောင်းဆီလျော်သော ချိန်ညှိပြင်ဆင်ပေးမှုမလုပ်ဟု သင်ခံစားရပါက Vermont လူ့အခွင့်အရေး ကော်မရှင် ဖုန်းနံပါတ် 800.416.2010 ကို ခေါ်ဆိုပြီး တိုင်ကြားစာ ပေးပို့နိုင်ပါသည်။

သင်သည် စာဖတ်ရာတွင် အခက်အခဲရှိပါက သို့မဟုတ် စာဖတ်နိုင်စွမ်းကို အဟန့်အတားဖြစ်စေသည့် မသန်စွမ်းမှု ခံစားနေရပါက ရက်ချိန်းယူသည့်အချိန်တွင် ကျွန်ုပ်တို့ကို အသိပေးပါ။ ကျွန်ုပ်တို့အနေဖြင့် သင်၏ လိုအပ်ချက်များအတွက် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေး သင်နှင့်အတူဆောင်ရွက်ပါမည်။

သင်မောင်းခွင့် ကတ်ပြားအတွက် စစ်ဆေးမှုကို ကျွန်ုပ်တို့၏ရုံးတွင် ဖြေဆိုရခြင်းမရှိတော့ပါ။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် mydmv.vermont.gov တွင် အွန်လိုင်းမှတစ်ဆင့် စစ်ဆေးပေးပါသည်။

VN-007 11/2023 MTC

<u>**ကော်မရှင်အဖွဲ့ဝင်၏ ဘေးကင်းလုံခြုံရေး အမှာစကား**</u>



သင်မောင်းခွင့် ကတ်ပြား ဒါမှမဟုတ် ယာဉ်မောင်းလိုင်စင်ရယူဖို့ သင့်ဆုံးဖြတ်ချက်ဟာ ဘဝရဲ့အကြီးမားဆုံး လူမှုရေးတာဝန်တစ်ခုကို ဖြစ်စေပါတယ်။ သင့်အနေနဲ့ ကတိပြုလုပ်ဆောင်ရမယ့်အရာတွေကတော့- Vermont ရဲ့ ဓာတ်ငွေ့ထုတ်လွှတ်မှု စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီပြီး ဘေးကင်းစွာ မောင်းနှင်နိုင်တဲ့ ယာဉ်တစ်စီးကို ထိန်းသိမ်းခြင်း၊ ပေးရန်တာဝန်ယူတဲ့ အာမခံထားရှိခြင်း၊ လမ်းစည်းကမ်းများကို အမြဲလိုက်နာခြင်းနဲ့ ကားမောင်းရင်း စိတ်ပျံ့လွင့်မှုကို ဖယ်ရှားပေးမယ့် အလေ့အကျင့်တွေကို မွေးမြူခြင်းတို့ပဲ ဖြစ်ပါတယ်။

ယာဉ်တိုက်မှုတွေက ဆေးရုံတက်ရခြင်းနဲ့ ထိခိုက်ဒဏ်ရာများကြောင့် သေဆုံးခြင်းကို ဖြစ်စေတဲ့ အဓိက အကြောင်းအရင်း ဖြစ်ပါတယ်။ ယာဉ်မောင်းဖြစ်စေ၊ ခရီးသည်ဖြစ်စေ၊ ဒီလိုယာဉ်တိုက်မှုတစ်ခုမှာ သားကောင်ဖြစ်ရရှာသူတစ်ဦးရဲ့ မိသားစုဝင်ဖြစ်စေ အသက်အရွယ်အသီးသီးမှာရှိတဲ့လူတွေဟာ သက်ရောက်မှုကို ခံစားကြရပါတယ်။

လိုင်စင်ရှိခြင်းဟာ အခွင့်ထူးတစ်ခုဖြစ်ပါတယ်။ သင်ဟာကျွမ်းကျင်မှုရှိပြီး ဘေးကင်းတဲ့ ယာဉ်မောင်းတစ်ယောက်ဆိုတာကို ြီးမှ ရလာတဲ့အရာ ဖြစ်ပါတယ်။

အဲဒီအခွင့်ထူးကို ထိန်းသိမ်းထားဖို့အတွက် သင်ဟာ ဘေးကင်းပြီး တာဝန်ယူမှုရှိတဲ့ပုံစံနဲ့ သင့်ရဲ့ယာဉ်ကို ဆက်လက်မောင်းနှင့်ဖို့ လိုပါတယ်။

စမ်းသပ်စစ်ဆေးခံရတဲ့အခါ စိုးရိမ်ပူပန်မှုတွေဖြစ်တတ်တာကို ကျွန်တော်တို့ နားလည်ပေမဲ့ အပြုသဘောဆောင်တဲ့ ယာဉ်မောင်းစာမေးပွဲ အတွေ့အကြုံကိုရစေဖို့ ကျွန်တော်တို့ ကြိုးစားပါ့မယ်။

အဝေးပြေးလမ်းမကို တခြားသူတွေနဲ့ မျှဝေသုံးစွဲနေတယ်ဆိုတာကို သတိရပါ။ စိတ်ပျံ့လွင့်မှုတွေကို ရှောင်ပြီး ဘေးကင်းလုံခြုံစွာ မောင်းနှင်ပါ။



Wanda Minoli ကော်မရှင်အဖွဲ့ဝင်

ဤလက်စွဲစာအုပ်ကို Vermont မော်တော်ယာဉ်ဌာနက ထုတ်ဝေပြီး Vermont.တွင် ပုံနှိပ်ပါသည်။ ဤလက်စွဲစာအုပ်ကို ပြန်အပ်နှံခြင်း သို့မဟုတ် ယာဉ်မောင်းဖြစ်လာမည့်သူတစ်ဦးထံ လက်ဆင့်ကမ်းပေးခြင်းဖြင့် ပြည်နယ်အစိုးရ၏ ကုန်ကျစရိတ်ကို ကူညီလျှော့ချပေးပါ။

စာမေးပွဲဖြေနေစဉ် ဤလက်စွဲစာအုပ်ကို အသုံးပြု၍မရပါ

# မာတိကာ


အခန်း 1 - အထွေထွေ ..... 5

အခန်း 2 - သင့်လိုင်စင်ကို ဆုံးရှုံးနိုင်ပုံ ..... 7

အခန်း 3 - မည်သူဖြစ်ကြောင်း အထောက်အထား ..... 8

အခန်း 4 - အထွေထွေ လိုင်စင်ဆိုင်ရာအချက်အလက် ..... 12

သင်မောင်းခွင့် ကတ်ပြားများနှင့်ပတ်သက်၍ အမေး၊ အဖြေများ ..... 12

အငယ်တန်း ယာဉ်မောင်းလိုင်စင်များနှင့်ပတ်သက်၍ အမေး၊ အဖြေများ ..... 13

ယာဉ်မောင်းလိုင်စင်များနှင့်ပတ်သက်၍ အမေး၊ အဖြေများ ..... 16

အခန်း 5 - လက်မှတ်ရ ယာဉ်မောင်းလိုင်စင် အစီအစဉ် ..... 20

အခန်း 6 – လိုင်စင်ကြေး၊ သက်တမ်းတိုးခြင်းနှင့် လဲလှယ်ခြင်း ..... 23

အခန်း 7 - ဘေးကင်းလုံခြုံစွာ မောင်းနှင်ခြင်းနှင့် သင်မောင်းခွင့် ကတ်ပြားအတွက် လေ့လာခြင်း ..... 25

မည်ကဲ့သို့ ဘေးကင်းလုံခြုံစွာ မောင်းနှင်မည်နည်း ..... 25

သင်၏ယာဉ်ကို ပါကင်ထိုးခြင်း ..... 29

အဝိုင်းပတ်များ ..... 29

ယာဉ်ထိန်းရဲက ကားကိုတားခြင်း ..... 30

အရေးပေါ်ယာဉ် သို့မဟုတ် တာဝန်ရှိယာဉ်တန်းများနှင့် တွေ့ဆုံသည့်အခါ လမ်းဘေးချမောင်းနှင်ခြင်း ..... 31

မီးပွိုင့်များ၊ လမ်းသင်္ကေတများနှင့် အဝေးပြေးလမ်းမ အမှတ်အသားများ ..... 31

လမ်းသင်္ကေတများ ..... 32

လမ်းကို မျှဝေသုံးစွဲခြင်း ..... 37

အန္တရာယ်ရှိသော ယာဉ်မောင်းနှင်မှုအခြေအနေများ ..... 46

ပြည်နယ်ချင်းဆက်လမ်းပေါ်တွင် မောင်းနှင်ခြင်း ..... 50

အရက်မူးနေစဉ် သို့မဟုတ် မူးယစ်ဆေးသုံးစွဲထားစဉ် မောင်းနှင်ခြင်း ..... 52

စိတ်ပျံ့လွင့်နေစဉ် မောင်းနှင်ခြင်း ..... 54

လမ်းမပေါ် (ကျွမ်းကျင်မှု) လက်တွေ့မောင်းနှင်စမ်းသပ်ခြင်း ..... 56

အခန်း 8 - ပွိုင့်စနစ် ..... 64

အခန်း 9 - ယာဉ်ပိုင်ဆိုင်မှု ..... 65

အခန်း 10 - လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် ..... 70

အခန်း 11 - မသန်စွမ်းသူများ ..... 71

အခန်း 12 - မိဘများ သို့မဟုတ် အုပ်ထိန်းသူများ ..... 73

# အခန်း 1 - အထွေထွေ

**VERMONT ပြည်နယ် ရုံးပိတ်ရက်များ**

| | |
|---|---|
| နှစ်သစ်ကူးနေ့ | ဇန်နဝါရီလ 1 ရက်နေ့ |
| Martin Luther King, Jr. နေ့ | ဇန်နဝါရီလ တတိယမြောက် တနင်္လာနေ့၊ |
| သမ္မတများနေ့ | ဖေဖော်ဝါရီလ တတိယမြောက် တနင်္လာနေ့ |
| မြို့တွင်းအစည်းအဝေးနေ့ | မတ်လ ပထမဆုံး အင်္ဂါနေ့ |
| အောက်မေ့ရာပွဲနေ့ | မေလ နောက်ဆုံး တနင်္လာနေ့ |
| လွတ်လပ်ရေးနေ့ | ဇူလိုင်လ 4 ရက်နေ့ |
| Bennington စစ်ပွဲနေ့ | သြဂုတ်လ 16 ရက်နေ့ |
| အလုပ်သမားနေ့ | စက်တင်ဘာလ ပထမဆုံး တနင်္လာနေ့ |
| စစ်ပြန်များနေ့ | နိုဝင်ဘာလ 11 ရက်နေ့ |
| ကျေးဇူးတော်နေ့ | နိုဝင်ဘာလ စတုတ္ထမြောက် ကြာသပတေးနေ့ |
| ကျေးဇူးတော်နေ့အပြီး နောက်နေ့ | ကျေးဇူးတော်နေ့အပြီး သောကြာနေ့ |
| ခရစ္စမတ်နေ့ | ဒီဇင်ဘာ 25 ရက်နေ့ |

အထက်ဖော်ပြပါ နေ့ရက်များနှင့် အောက်တွင်ဖော်ပြထားသော အစားထိုးရုံးပိတ်ရက်များတွင် ရုံးအားလုံး ပိတ်ပါသည်။

စနေနေ့တွင်ကျရောက်သော ရုံးပိတ်ရက်အတွက် ထိုရက်မတိုင်မီသောကြာနေ့တွင် အစားထိုး ပိတ်ရမည်။ တနင်္ဂနွေနေ့တွင် ကျရောက်သော အားလပ်ရက်အတွက် နောက်တနင်္လာနေ့တွင် အစားထိုး ပိတ်ရမည်။

လမ်းပေါ်တွင် လက်တွေ့မောင်းနှင်စစ်ဆေးမှုဖြစ်သောကြောင့် စာမေးပွဲစစ်ဆေးသူသည် အမြဲရှိမည်မဟုတ်ပါ။ ကျေးဇူးပြု၍ စိတ်ရှည်ပေးပါ။ စစ်ဆေးသူက သင့်အား တတ်နိုင်သမျှ အမြန်ဆုံး ကူညီပေးပါလိမ့်မည်။

တစ်ခါတစ်ရံ လမ်းအခြေအနေမကောင်းသောကြောင့် ယာဉ်မောင်းစစ်ဆေးမှုကို ဖျက်သိမ်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါမည်။ လိုအပ်ပါက ပြန်လည်၍ ရက်ချိန်းရယူရန် 802.828.2000 သို့ ခေါ်ဆိုပါ သို့မဟုတ် mydmv.vermont.gov တွင် ဝင်ရောက်လေ့လာပါ။

**ပြင်ဆင်သူ-**

VERMONT

**မော်တော်ယာဉ်ဌာန**

120 State Street

Montpelier, Vermont 05603-0001

**dmv.vermont.gov.**



**ရုံးနေရာများ**

**Bennington** Bennington
ကောင်တီ 530 Main St

**Dummerston**

Windham ကောင်တီ
AOT ခရိုင် ရုံးအမှတ် 2၊ Route 5

**Montpelier**

Washington ကောင်တီ - **ရုံးချုပ်**

120 State Street

**Newport** Orleans
ကောင်တီ 100 Main

Street

**Saint Albans** Franklin
ကောင်တီ 27 Fisher Pond Rd

**Saint Johnsbury** Caledonia
ကောင်တီ Green Mtn Mall,

1998 Memorial Dr

**South Burlington**
Chittenden ကောင်တီ 4

Market Street

**Springfield**

Windsor ကောင်တီ

100 Mineral St, Suite 103

**Rutland** Rutland
ကောင်တီ 101 State

Place

**White River Junction**
Windsor ကောင်တီ 221

Beswick Drive

ချိန်းဆိုထားပြီးမှသာ ရုံးသို့ လာရောက်ရမည်။
ရက်ချိန်းယူရန်အတွက် mydmv.vermont.gov သို့ သွားရောက်ပါ
သို့မဟုတ် 888.970.0357 ကို ခေါ်ဆိုပါ။

dmv.vermont.gov/
contact facebook.com/VermontDMV
**802.828.2000 သို့ ဆက်သွယ်ပါ**

**888 99-VERMONT (888-998-3766)**

အကြားအာရုံ ချို့ယွင်းမှုရှိပါက 711 သို့ခေါ်ပါ

# အခန်း 2 - *သင့်လိုင်စင်ကို ဆုံးရှုံးနိုင်ပုံ*

**<u>သင့်လိုင်စင် သို့မဟုတ် ယာဉ်မောင်းခွင့်ကို မည်သို့ဆုံးရှုံးသွားနိုင်သနည်း။</u>**

**<u>7 V.S.A. § 656 - အသက်မပြည့်သေးသူများက မိမိအသက်ကို လိမ်လည်ပြောဆိုခြင်း၊ အရက်သေစာ ဝယ်ယူခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်းနှင့် သောက်သုံးခြင်း ၊ ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်း၊ အရပ်ဘက် စည်းမျဉ်းများ ချိုးဖောက်ခြင်း</u>**

အဖမ်းခံရပြီး ဆင့်စာထုတ်ခံရပါက Vermont တရားရုံးသို့ဆင့်ခေါ်မှုမှ ရှောင်လွှဲနိုင်ရေးအဖွဲ့၏ ဆယ်ကျော်သက်အရွယ် အရက်သေစာဆိုင်ရာ ဘေးကင်းရေး အစီအစဉ် (TASP) သို့ ဆက်သွယ်ရန်။ (ဆင့်ခေါ်မှုမှ ရှောင်လွှဲနိုင်ရေး ဘုတ်အဖွဲ့ကို 15 ရက်အတွင်း ဆက်သွယ်ရန် ပျက်ကွက်ပါက တရားစီရင်ရေး ဗျူရိုသို့ လွှဲပြောင်းခံရမည်။ ကျူးလွန်ကြောင်းတွေ့ရှိရပါက ဒဏ်ငွေ $300.00 နှင့် ထိုသူ၏ ယာဉ်မောင်းလိုင်စင်ကို ရက် 90 ဆိုင်းငံ့ခြင်း ခံရမည်ဖြစ်ပြီး အာမခံနှုန်းထားများ သိသိသာသာ တိုးလာနိုင်ပါသည်။) အရက်သေစာ သောက်သုံးခြင်း အကဲဖြတ်မှုတွင် ပါဝင်ရန်နှင့် ဆွေးနွေးအကြံပြုသူ၏ အကြံပြုချက်များနှင့် အခြားလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါမည်။ ဤအစီအစဉ်အားလုံးအတွက် အပိုဆောင်းအခကြေးငွေ လိုအပ်ပါသည်။ ထို့အပြင် TASP သို့မဟုတ် အခြား ဆင့်ခေါ်မှုမှ ရှောင်လွှဲနိုင်ရေး သတ်မှတ်ချက်အားလုံးကို ပြီးစီးအောင် ဆောင်ရွက်ရန် ပျက်ကွက်ပါက သင်၏ လိုင်စင် သို့မဟုတ် ယာဉ်မောင်းခွင့်မှာ ဆိုင်းငံ့ခြင်းခံရမည်။ ပြန်ဖြေလျှော့ပေးရန်အတွက် ထပ်ဆောင်းကျသင့်ငွေသည် DMV ၏ ဆုံးဖြတ်ချက်အတိုင်း ဖြစ်မည်။

**<u>23 V.S.A. § 202 - လျှောက်လွှာတွင် အခြားတစ်ယောက်အယောင်ဆောင်ခြင်း၊ သို့မဟုတ် အခြားတစ်ယောက် အယောင်ဆောင် လျှောက်ထားရာတွင် အကူအညီပေးခြင်း</u>**

ယာဉ်မောင်းလိုင်စင် သို့မဟုတ် သင်မောင်းခွင့် ကတ်ပြားအတွက် လျှောက်လွှာ သို့မဟုတ် ယာဉ်မောင်းမဟုတ်သော သက်သေခံကတ်အတွက် လျှောက်လွှာ သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင် သို့မဟုတ် ခရီးကြမ်းသုံး မော်တော်ယာဉ်၊ နှင်းစီးမော်တော်ယဉ် သို့မဟုတ် မော်တော်ဘုတ်မှတ်ပုံတင်အတွက် သို့မဟုတ် ရေယာဉ်အတည်ပြုချက်လျှောက်လွှာတွင် အခြားတစ်ယောက်အဖြစ် အယောင်ဆောင်သောသူ သို့မဟုတ် မှားယွင်းကိုယ်စားပြုဖော်ပြ၍ မော်တော်ယာဉ်မောင်းနှင်ရန် လိုင်စင်ရရှိထားသူ သို့မဟုတ် မှားယွင်းနေသော ကိုယ်စားပြုဖော်ပြချက်ဖြင့် သင်မောင်းခွင့် ကတ်ပြား သို့မဟုတ် ယာဉ်မောင်းမဟုတ်သော သက်သေခံကတ် ရရှိထားသူ သို့မဟုတ် မှားယွင်းနေသော ကိုယ်စားပြုဖော်ပြချက်ဖြင့် မော်တော်ယာဉ် မှတ်ပုံတင် သို့မဟုတ် အခြားသော ယာဉ်အမျိုးအစား သို့မဟုတ် ရေယာဉ်မှတ်ပုံတင် ရရှိထားသူ သို့မဟုတ် ယာဉ်မောင်းလိုင်စင် သို့မဟုတ် သင်မောင်းခွင့်ပြုချက်လက်မှတ် သို့မဟုတ် ယာဉ်မောင်းမဟုတ်သော သက်သေခံကတ်အတွက် လျှောက်လွှာ သို့မဟုတ် မော်တော်ယာဉ် မှတ်ပုံတင် လျှောက်လွှာ သို့မဟုတ် အခြားယာဉ်အမျိုးအစား သို့မဟုတ် ရေယာဉ်အတွက် မှတ်ပုံတင် လျှောက်လွှာတွင် ယာယီအမည် သို့မဟုတ် သူ သို့မဟုတ် သူမ၏ ကိုယ်ပိုင်မဟုတ်သောအမည်များကို အသုံးပြုထားသူ သို့မဟုတ် လျှောက်ထားသူ၏ အသက် သို့မဟုတ် အထောက်အထား ကဲ့သို့သော မမှန်ကန်သော ကိုယ်စားပြုမှုဖြင့် အဆိုပါလိုင်စင်၊ သင်မောင်းခွင့် ကတ်ပြား၊ မှတ်ပုံတင် သို့မဟုတ် ယာဉ်မောင်းမဟုတ်သော သက်သေခံကတ်များရရှိရေးအတွက် လျှောက်ထားသူကို သိလျက်နှင့် အကူအညီပေးသောသူ တစ်ဦးသည် ဒေါ်လာ 1,000 ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်ဖြစ်ပြီး သူ သို့မဟုတ် သူမ၏ ယာဉ်မောင်းနှင်ခွင့်ကို ရက်ပေါင်း 90 ဆိုင်းငံ့ခံရမည်။

**<u>ပြဿနာရှိသောယာဉ်မောင်းများအား စာရင်းပြုစုထားသည့်စနစ်</u>**

သင်မောင်းခွင့် ကတ်ပြား အငယ်တန်း ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မောင်းလိုင်စင် လျှောက်ထားလာပါက နိုင်ငံတော်ဆိုင်ရာ ပြဿနာရှိသော ယာဉ်မောင်းများအား စာရင်းပြုစုထားသောစနစ် (PDPS) တွင် စုံစမ်းစစ်ဆေးမှု ပြုလုပ်လိမ့်မည်။ PDPS စုံစမ်းစစ်ဆေးမှုအရ သင့်အား အခြားပြည်နယ်တွင် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ထားကြောင်း ညွှန်ပြနေပါက သင့်အား နဂိုအခွင့်အရေး ပြန်ပေးအပ်လိုက်ပြီဖြစ်ကြောင်း သို့မဟုတ် ထိုပြည်နယ်တွင် ပြဿနာကို ရှင်းလင်းပြီးဖြစ်ကြောင်း ကျွန်ုပ်တို့တွင် သက်သေအထောက်အထား ရရှိသည့်အချိန်အထိ သင့်အား Vermont ယာဉ်မောင်းလိုင်စင်၊ သင်မောင်းခွင့် ကတ်ပြား သို့မဟုတ် အငယ်တန်း ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန် ငြင်းပယ်မည်။ အကယ်၍ သင်သည် အခြားပြည်နယ်တစ်ခုတွင် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ခံထားရပါက သင်သည် ယာဉ်မောင်း စာမေးပွဲကို ဖြေဆို၍မရပါ သို့မဟုတ် ယာဉ်မောင်းလိုင်စင် ရယူ၍မရပါ။

## အခန်း 3 – မည်သူဖြစ်ကြောင်း အထောက်အထား

သင်သည် အောက်ဖော်ပြပါ**အမျိုးအစား 4 မျိုးလုံးအတွက်** စာရွက်စာတမ်းများ လိုအပ်ပါမည်-

1. အထောက်အထားနှင့် မွေးသက္ကရာဇ်
2. လူမှုဖူလုံရေး အချက်အလက်
3. Vermont တွင် နေထိုင်ခွင့်နှင့် လက်ရှိလိပ်စာ
4. အမေရိကန်ပြည်ထောင်စုတွင် တရားဝင်မှုအနေအထား (စစ်မှန်သော ID နှင့် EDL အတွက်သာလိုအပ်ပါသည်)

မှတ်ချက်-

- စာရွက်စာတမ်းများသည် မူရင်းဖြစ်ရမည် သို့မဟုတ် ထုတ်ပေးသော အဖွဲ့အစည်းက အသိအမှတ်ပြုထားသော မိတ္တူများ ဖြစ်ရမည်။ ဖက်စ်စာရွက် သို့မဟုတ် မိတ္တူကူးထားသော စာရွက်စာတမ်းများကို လက်ခံမည် မဟုတ်ပါ။
- အထောက်အထားများကို ဌာနဆိုင်ရာ စိစစ်သုံးသပ်မှုနှင့် အတည်ပြုမှု ပြုလုပ်မည်။ အချက်အလက်များ ထပ်မံလိုနိုင်ပါသည်။
- အချို့ကိစ္စများတွင် စာရွက်စာတမ်း အတည်ပြုခြင်းကို နေ့ချင်း ဆောင်ရွက်နိုင်မည် မဟုတ်သောကြောင့် နောက်တစ်ကြိမ် ထပ်မံလာရောက်ရန် လိုပါမည်။
- DMV သို့ ပေးထားသော မူရင်းစာရွက်စာတမ်းများအား လျှောက်ထားသူထံသို့ ပြန်လည်ပေးအပ်မည်ဖြစ်ပြီး ဓာတ်ပုံရိုက်၍ လုံခြုံသော ဒေတာဘေ့စ်တွင် သိမ်းဆည်းထားနိုင်ပါသည်။
- သင့်အမည်သည် သင့်စာရွက်စာတမ်းများတွင် ဖော်ပြထားသည်နှင့် မတူပါက တရားဝင်ပြောင်းလဲထားကြောင်း အထောက်အထား (လက်ထပ်စာချုပ်၊ ကွာရှင်းအမိန့်၊ တရားရုံးအမိန့် စသည်) ကို ပေးရမည်။

## အထောက်အထားနှင့် မွေးသက္ကရာဇ်-

အောက်ဖော်ပြပါတို့အနက်မှ တစ်ခုကို ပေးရမည်-

- တရားဝင်ပြီး သက်တမ်းရှိသေးသော ပတ်စ်ပို့
- လျှောက်ထားသူ၏ မွေးဖွားခြင်း၊ အိမ်ထောင်ပြုခြင်း၊ မွေးစားခံရခြင်း သို့မဟုတ် ကွာရှင်းခြင်းဆိုင်ရာ အတည်ပြုလက်မှတ်ရ မှတ်တမ်းတစ်ခု။ လိုအပ်ပါက ဘာသာပြန်ဆိုချက်ကို ထည့်ပါ
- အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာနက ထုတ်ပေးသော နိုင်ငံရပ်ခြားတွင် မွေးဖွားကြောင်း ကောင်စစ်ဝန်အစီရင်ခံစာ (CRBA) (ပုံစံ FS-240၊ DS-1350 သို့မဟုတ် FS-545)
- မက္ကဆီကို အစိုးရ၊ ဂွာတီမာလာ အစိုးရ (သို့မဟုတ် ကော်မရှင်အဖွဲ့ဝင်က ဆုံးဖြတ်သည့်အတိုင်း အလားတူ လုံခြုံရေးစံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများရှိသော အခြားအစိုးရတစ်ခုခု) တို့က ထုတ်ပေးထားသော တရားဝင် ကောင်စစ်ဝင် အထောက်အထား စာရွက်စာတမ်း
- တရားဝင်ပြီး သက်တမ်းရှိသေးသော အမြဲတမ်းနေထိုင်ခွင့် ကတ် (ဖောင်ပုံစံ I-551)
- DHS က ထုတ်ပေးသော နိုင်ငံသားဖြစ်ခွင့်လက်မှတ် (ဖောင်ပုံစံ N-550 သို့မဟုတ် ဖောင်ပုံစံ N-570)
- DHS က ထုတ်ပေးသော နိုင်ငံသား လက်မှတ် (ဖောင်ပုံစံ N-560 သို့မဟုတ် ဖောင်ပုံစံ N-561)
- 6 CFR အပိုင်း 37 အရ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်ပေးထားသော စစ်မှန်သည့် ID ယာဉ်မောင်းလိုင်စင် သို့မဟုတ် မှတ်ပုံတင်ကတ်
- လိုင်စင်ပေါ်တွင်ရှိသော အမည်သည် အဓိကအထောက်အထား စာရွက်စာတမ်းများ (ဥပမာ လက်ထပ်ခြင်း၊ မွေးစားခြင်း၊ တရားရုံး အမိန့် သို့မဟုတ် ပြည်နယ်ဥပဒေအရဖြစ်စေ၊ စည်းမျဉ်းအရဖြစ်စေ ခွင့်ပြုထားသော အခြားနည်းလမ်း) တွင် ပါရှိသော နာမည်မဟုတ်ပဲ အခြားတစ်ခု ဖြစ်ပါက/ဖြစ်မည်ဆိုပါက ကော်မရှင်ဝင်၏ ဆုံးဖြတ်ချက်အတိုင်း တရားရုံး၊ အစိုးရ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုက ထုတ်ပေးထားသော စာရွက်စာတမ်းများတင်ပြခြင်းဖြင့် အမည်ပြောင်းလဲထားကြောင်း အထောက်အထားပြရန် လိုအပ်ပါသည်။ DMV သည် တင်ပြလာသည့် စာရွက်စာတမ်းများ၏ မိတ္တူကို ထိန်းသိမ်းထားမည်ဖြစ်ပြီး မှတ်တမ်းထဲတွင် ပါရှိသော အမည်နှင့် အဓိကအထောက်အထားစာရွက်စာတမ်းများတွင် ပါရှိသော အမည် နှစ်ခုလုံး၏ မှတ်တမ်းများကို သိမ်းထားမည်ဖြစ်သည်။

မှတ်ချက်- တင်ပြလာသော စာရွက်စာတမ်းသည် မေးခွန်းထုတ်စရာဖြစ်ပါက သို့မဟုတ် လျှောက်ထားလာသော သူသည် သူအဆိုပြုသောသူ မဟုတ်ကြောင်း ယုံကြည်ရန် အကြောင်းရင်းရှိပါက DMV ၏ ဆုံးဖြတ်ချက်အရ နောက်ထပ်စာရွက်စာတမ်းများ လိုအပ်နိုင်ပါသည်။ ယာဉ်မောင်းလိုင်စင် ဝန်ထမ်းများသည် ဤစာရင်းအတိုင်း ပေးထားသည့် စာရွက်စာတမ်းများသည်

စစ်မှန်ခြင်း ရှိ၊ မရှိ၊ တရားဝင်မှု ရှိ၊ မရှိနှင့် လက်ခံနိုင်ဖွယ် ရှိ၊ မရှိ ဆုံးဖြတ်မည်ဖြစ်သည်။ မိတ္တူကူးထားသော စာရွက်စာတမ်းများနှင့် ဖက်စ်စာရွက်များကို လက်ခံမည် မဟုတ်ပါ။

**<u>အဆင့်မြှင့်ထားသော ယာဉ်မောင်းလိုင်စင် (EDL) အတွက် အမေရိကန် နိုင်ငံသားဖြစ်ကြောင်း အထောက်အထား လိုအပ်ပါသည်-</u>**

ကနေဒါ၊ မက္ကဆီကို၊ ကာရစ်ဘီယံ သို့မဟုတ် ဘာမြူဒါမှ ကုန်းလမ်း သို့မဟုတ် ရေလမ်းဖြင့်ပြန်လာသော အမေရိကန်နိုင်ငံသားများသည် အမေရိကန် ပတ်စ်ပို့၊ အမေရိကန် ပတ်စ်ပို့ကတ် သို့မဟုတ် အဆင့်မြင့်ယာဉ်မောင်းလိုင်စင် (EDL) ကို တင်ပြရန် လိုပါသည်။ EDL အတွက် မည်သူဖြစ်ကြောင်း အထောက်အထား၊ SSN နှင့် Vermont နေထိုင်ခွင့် သက်သေခံချက်များအပြင် အမေရိကန် နိုင်ငံသားဖြစ်ကြောင်း သက်သေအထောက်အထားများကိုပါ လိုအပ်ပါသည်။

## လူမှုဖူလုံရေး အချက်အလက်

သင်၏ လူမှုဖူလုံရေးကတ် သို့မဟုတ် လူမှုဖူလုံရေးစီမံခန့်ခွဲမှုဌာနက ထုတ်ပေးသော လူမှုဖူလုံရေး နံပါတ် (SSN) ရရှိရန် အရည်အချင်းပြည့်မီမှုမရှိကြောင်း စာကို တင်ပြရမည်။

သင့်တွင် လူမှုဖူလုံရေးကတ်မရှိပါက အောက်ပါဖောင်တစ်မျိုးကို အစားထိုး အသုံးပြုနိုင်ပါသည်-

- W-2 ဖောင်
- SSA-1099 ဖောင်
- နာမည်နှင့် SSN (အနည်းဆုံး နောက်ဆုံးဂဏန်း 4 လုံး) ကို ဖော်ပြထားသော လစာဖြတ်ပိုင်း

### <u>ပြင်ဆင်ထားသော အချက်အလက် / အမည်ပြောင်းလဲခြင်း</u>

သင့်အမည်ကို လူမှုဖူလုံရေးစီမံခန့်ခွဲမှုဌာနတွင် စစ်ဆေးရပါမည်။ သင့်အနေဖြင့် လူမှုဖူလုံရေးစီမံခန့်ခွဲမှုဌာနတွင် အချက်အလက် ပြင်ဆင်ခြင်း သို့မဟုတ် အပ်ဒိတ်လုပ်ခြင်းတို့ ဆောင်ရွက်ရန် လိုအပ်ပါက DMV သို့ မလာရောက်မီ ဆောင်ရွက်ပါ။ ယာဉ်မောင်းလိုင်စင် သို့မဟုတ် ID ကတ်ကို သင့်အမည်အသစ်ဖြင့် အမှန်ပြင်ရန် လျှောက်ထားသည့်အခါ သင်၏ အပ်ဒိတ်လုပ်ထားသော လူမှုဖူလုံရေးကတ်ကို တစ်ပါတည်းယူဆောင်လာရပါမည်။ ထိုသို့ပြုလုပ်နည်း အချက်အလက်များကို socialsecurity.gov တွင် ဝင်ရောက်လေ့လာပါ။

### <u>အစားထိုးလဲလှယ်ထားသော လူမှုဖူလုံရေးကတ်</u>

လူမှုဖူလုံရေးစီမံခန့်ခွဲမှုဌာနသည် <u>Vermont ဒေသခံများအတွက် လူမှုဖူလုံရေး အွန်လိုင်းပေါ်တယ်လ်</u>မှတစ်ဆင့် အွန်လိုင်းဝန်ဆောင်မှုကို ဆောင်ရွက်ပေးထားပါသည်။ ထိုဝန်ဆောင်မှုကြောင့် ပြည်သူများသည် လူမှုဖူလုံရေးရုံးသို့ သွားရန်မလိုဘဲ မိမိတို့၏ အိမ် သို့မဟုတ် ရုံးမှနေ၍ သူတို့၏ SSN ကတ်ကို သက်သောင့်သက်သာ လဲလှယ်နိုင်သည်။ လုပ်ဆောင်ပုံလုပ်ဆောင်နည်း အချက်အလက်များကို သိရှိရန် <u>socialsecurity.gov</u> သို့ ဝင်ရောက်လေ့လာပါ။

### <u>နိုင်ငံခြားသားများ</u>

အကယ်၍ သင်သည် အလုပ်လုပ်ခွင့်မရသေးသော ယာယီနိုင်ငံခြားသားတစ်ဦးဖြစ်ပါက သင့်တွင် SSN မရှိကြောင်း သက်သေခံနိုင်သည့် လူမှုဖူလုံရေးစီမံခန့်ခွဲမှုဌာနထံမှ စာရွက်စာတမ်းကို တင်ပြရန် လိုသည်။ Vermont DMV က သင့် USCIS နံပါတ်ကို အတည်ပြုပါလိမ့်မည်။ သင့်တွင် ဥပဒေနှင့်အညီနေထိုင်ခွင့် လက်ကျန်ရက် 30 မပြည့်လျှင် Vermont DMV သည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ID ကို ထုတ်ပေးမည်မဟုတ်ပါ။ Vermont DMV သည် သင်၏အမည်၊ မွေးသက္ကရာဇ်နှင့် SSN တို့ကို လူမှုဖူလုံရေးစီမံခန့်ခွဲမှုဌာနနှင့် အီလက်ထရောနစ်နည်းလမ်းအသုံးပြု၍ တိုက်ဆိုင်စစ်ဆေးလိမ့်မည်။ နှောင့်နှေးကြန့်ကြာမှု မဖြစ်စေရန်အတွက် သင်၏ စာရွက်စာတမ်းများသည် အပ်ဒိတ်ဖြစ်ပြီး မှန်ကန်ကြောင်း သေချာအောင် လုပ်ပါ။

## Vermont တွင် နေထိုင်ခွင့်နှင့် လက်ရှိလိပ်စာ

Vermont ယာဉ်မောင်းလိုင်စင်၊ အဆင့်မြင့်ယာဉ်မောင်းလိုင်စင်၊ သင်မောင်းခွင့် ကတ်ပြား၊ ယာဉ်မောင်းမဟုတ်သော ID သို့မဟုတ် လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် အသစ်တစ်ခု ရရှိရန် လျှောက်ထားသူများသည် Vermont တွင် နေထိုင်ကြောင်း အထောက်အထား ပြသရမည်။ ထို့ပြင် လက်ရှိနေရပ်လိပ်စာသည် ပြည်နယ်ပြင်ပတွင် ဖြစ်နေသော လျှောက်ထားသူများအနေဖြင့် အထက်ဖော်ပြပါ စာရွက်စာတမ်းများအားလုံးကို သက်တမ်းတိုးသောအခါ Vermont တွင် နေထိုင်ကြောင်း သက်သေပြရန် လိုအပ်ပါမည်။

သင်ပေးသော *နေရပ်လိပ်စာမှာ* လမ်း သို့မဟုတ် အဝေးပြေးလမ်းမလိပ်စာဖြစ်ရမည်။ ၎င်းသည် စာတိုက်ပုံး မဖြစ်ရပါ။ နံပါတ်နှင့် လမ်းအမည်ကို မသတ်မှတ်ထားသည့်ဒေသများတွင် အမေရိကန်နိုင်ငံ စာပို့လုပ်ငန်းက အသုံးပြုသော လိပ်စာရေးနည်းအတိုင်းဖြစ်လျှင် လက်ခံနိုင်ပါသည်။ စာပို့လိပ်စာအဖြစ် စာတိုက်သေတ္တာကို အသုံးပြုနိုင်ပါသည်။

လမ်းလိပ်စာတွင် စာလက်ခံပါက-

- လက်ရှိအမည်နှင့် လမ်းလိပ်စာပါသော စာနှစ်စောင်။

လမ်းလိပ်စာဖြင့် စာလက်ခံခြင်းမဟုတ်ပါက လမ်းလိပ်စာကို ဖော်ပြသည့် အောက်ပါတို့ထဲမှ နှစ် (2) ခုကို ပေးပါ-

- အထွေထွေအသုံးစရိတ် ဝန်ဆောင်မှုအတွက် ပေးဆောင်ထားသော ပြေစာ (ဝန်ဆောင်မှုရယူသည့်လိပ်စာကို ဖော်ပြရမည်)။
- လက်ရှိတည်နေရာနှင့်အတူ အိမ်ခြံမြေခွန် ပြေစာ
- ငှားရမ်းထားကြောင်း သို့မဟုတ် ပိုင်ရှင်ဖြစ်ကြောင်း ထုတ်ပြန်ချက်။
- Vermont EBT (အီလက်ထရောနစ်နည်းဖြင့် အကျိုးခံစားခွင့်လွှဲပြောင်းခြင်း) ကတ် သို့မဟုတ် Vermont AIM (အဆင့်မြင့် အချက်အလက် စီမံခန့်ခွဲမှု) မှတ်ပုံတင်ကတ်။
- အိမ်ပိုင်ရှင်/အိမ်ငှား အာမခံ (အာမခံပေါ်လစီ/အာမခံလျော်ကြေးတောင်းဆိုမှု အထောက်အထား)။
- လျှောက်ထားသူသည် အခြားသူများနှင့်အတူနေပြီး သူတို့၏ လမ်းလိပ်စာတွင် စာကို လက်ခံ၍မရနိုင်ပါက-
- Vermont နေထိုင်ခွင့် လက်မှတ်ရရှိအောင် ဆောင်ရွက်ပြီး လျှောက်လွှာနှင့်အတူ တင်ပြပါ။

**<u>အမေရိကန်စစ်တပ်၊ အချိန်ပြည့်တာဝန်ထမ်းဆောင်ခြင်း</u>**

- Vermont တွင်နေထိုင်ပါက အထက်ဖော်ပြပါ အချက်များကို ကြည့်ပါ။
- ပြည်နယ်ပြင်ပတွင် နေထိုင်သည်ဆိုပါက ခွင့်နှင့် လစာရှင်းတမ်း သို့မဟုတ် အမိန့်များကဲ့သို့သော Vermont သည် သူတို့ နေထိုင်ရာနေရာဖြစ်ကြောင်း အတည်ပြုနိုင်သည့် စစ်တပ်တွင်း မှတ်တမ်းများနှင့် စစ်တပ် ID။

**<u>အရွယ်မရောက်သေးသူများ</u>**

- Vermont နေထိုင်ခွင့် လက်မှတ်နှင့် အထက်တွင် ဖော်ပြထားသည်များထဲမှ မိဘတစ် (1) ဦး၏ နေထိုင်ခွင့် စာရွက်စာတမ်း။
- လျှောက်ထားသူနှင့် မိဘ/အုပ်ထိန်းသူအကြား တော်စပ်ပုံ အထောက်အထား။

**<u>Vermont သင်မောင်းခွင့် ကတ်ပြားအတွက် နေထိုင်မှုဆိုင်ရာ လိုအပ်ချက်များ</u>**

Vermont တွင် နေထိုင်ကြောင်းသက်သေပြရန် လျှောက်ထားသူသည် အထက်တွင် ဖော်ပြထားသည့် စာရွက်စာတမ်းများထဲမှ တစ်ခုကို ဌာနအား ပေးအပ်ရမည်။ လျှောက်ထားသူသည် အရွယ်မရောက်သေးသူဖြစ်ပါက မိဘ/အုပ်ထိန်းသူသည် နေထိုင်ကြောင်း စာရွက်စာတမ်းများထဲမှ တစ်ခုကို ပေးရန် လိုအပ်ပါမည်။

လျှောက်ထားသူသည် Vermont တွင် နေထိုင်သူမဟုတ်ပါက ယာဉ်မောင်းပညာပေးနှင့် လေ့ကျင့်ရေးသင်တန်းကို တက်ရောက်ရန်အတွက်သာ Vermont သင်မောင်းခွင့် ကတ်ပြားကို ရရှိနိုင်ပါသည်။ လျှောက်ထားသူသည် အောက်ပါတို့ထဲမှ တစ်ခုအား ဌာနကို ပေးအပ်ရမည်-

- ကျောင်းသား/လျှောက်ထားသူကို ယာဉ်မောင်းပညာသင်သင်တန်းတွင် စာရင်းသွင်းမည်ဖြစ်ကြောင်း ဖော်ပြထားသည့် ကျောင်းလမ်းညွှန်အကြံပေးအရာရှိထံမှ စာတစ်စောင် သို့မဟုတ်

🚘 လျှောက်ထားသူ/ကျောင်းသားကို အတန်းတစ်ခုတွင် စာရင်းသွင်းထားကြောင်း ဖော်ပြထားသည့် ယာဉ်မောင်းပညာသင်ကျောင်းမှ စာတစ်စောင်။

## အမေရိကန်ပြည်ထောင်စုတွင် ဥပဒေနှင့်အညီ နေထိုင်ကြောင်း အခြေအနေ (စစ်မှန်သော ID နှင့် EDL အတွက်သာ လိုအပ်သည်)

အခြေအနေအများစုတွင် မည်သူဖြစ်ကြောင်း အထောက်အထားနှင့် မွေးသက္ကရာဇ်ကို သက်သေပြရန် လိုအပ်သည့် စာရွက်စာတမ်းများသည် အမေရိကန် ပြည်ထောင်စုအတွင်း ဥပဒေနှင့်အညီနေထိုင်မှု အခြေအနေကိုလည်း သက်သေထူပါလိမ့်မည်။ နိုင်ငံခြားသားများသည် စစ်ဆေးရန်နှင့် မိတ္တူကူးရန်အတွက် ပတ်စ်ပို့နှင့် ဗီဇာ၊ နိုင်ငံခြားသားမှတ်ပုံတင်ကတ် (အစိမ်းရောင်ကတ်) သို့မဟုတ် တရားဝင်တည်ရှိမှုဆိုင်ရာ အခြားအထောက်အထားများကို ပေးရမည်။

Vermont DMV သည် အမေရိကန်ပြည်ထောင်စု အမိမြေလုံခြုံရေးဌာန သို့မဟုတ် အမေရိကန်ပြည်ထောင်စု နိုင်ငံသားနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများဌာနက ထုတ်ပေးထားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရွက်စာတမ်းများကို အီလက်ထရွန်းနစ်နည်းလမ်းဖြင့် စစ်ဆေးရန်အတွက် နိုင်ငံခြားသားများ ခံစားပိုင်ခွင့်ရစေရေး စနစ်တကျ စစ်ဆေးအတည်ပြုခြင်း (SAVE) ဟုလူသိများသော အမေရိကန်ပြည်ထောင်စု အမိမြေလုံခြုံရေးဌာန၏ အစီအစဉ်ကို သုံးပါသည်။

🚘 အဆင့်မြှင့် လိုင်စင် (EDL) အတွက် လျှောက်ထားခြင်း ဖြစ်ပါက အမေရိကန်နိုင်ငံသား ဖြစ်ကြောင်း အထောက်အထား လိုပါသည်။
🚘 ဥပဒေနှင့်အညီနေထိုင်မှု အခြေအနေပြအထောက်အထားသည် *သက်တမ်း အနည်းဆုံး ရက် 30 ကျန်ရမည်*။

## ယာဉ်မောင်း အထူးအခွင့်အရေးကတ်

ယာဉ်မောင်း အထူးအခွင့်အရေးကတ်သည် စံနှုန်းနှင့်ကိုက်ညီသည့် ID အစစ်တစ်ခုမဟုတ်သည့် Vermont လိုင်စင် သို့မဟုတ် ခွင့်ပြုချက်တစ်ခု ဖြစ်ပါသည်။

Vermont တွင် နေထိုင်သူ မည်သူမဆို ယာဉ်မောင်း အထူးအခွင့်အရေးကတ်ကို ရရှိနိုင်ပါသည်။ DPC ကို ထုတ်ပေးရန်အတွက် တရားဝင်နေထိုင်ကြောင်း သို့မဟုတ် အမေရိကန်နိုင်ငံသား ဖြစ်ကြောင်း အထောက်အထား မလိုအပ်ပါ။

## ကိုယ်ပိုင်အမှတ်သညာများ

အောက်ပါတို့သည် Vermont ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မောင်းလိုင်စင်မဟုတ်သော မှတ်ပုံတင်ကတ်အတွက် ကိုယ်ပိုင်အမှတ်သညာများဖြစ်သည်။

🚘 အရပ်
🚘 ကိုယ်အလေးချိန်
🚘 မျက်လုံးအရောင်
🚘 ကျား/မ

လျှောက်ထားသူများသည် Vermont ဥပဒေ သို့မဟုတ် ဖက်ဒရယ် ဥပဒေအရ ဤစာရင်းများအတွက် ၎င်းတို့တင်သွင်းသည့် အချက်အလက်များအား အတည်ပြုသည့် စာရွက်စာတမ်းကို တင်ပြရန် မလိုအပ်ပါ။

# အခန်း 4 - အထွေထွေ လိုင်စင်ဆိုင်ရာအချက်အလက်

**လိုင်စင်များ**

သင်သည် Vermont တွင် နေပြီး Vermont ပြည်နယ်အတွင်း ယာဉ်မောင်းရန် အစီအစဉ်ရှိပါက Vermont ယာဉ်မောင်းလိုင်စင်ကို ရယူရမည် ဖြစ်သည်။ အခြားဒေသမှ ပြည်နယ်အတွင်းသို့ ပြောင်းရွှေ့လာသူတစ်ဦးအနေဖြင့် အဆိုပါ ပြည်နယ်မှ သက်တမ်းရှိသေးသောလိုင်စင်ရှိပါက ပြည်နယ်အတွင်း ပြောင်းလာပြီး ရက်ပေါင်း 60 အတွင်း Vermont လိုင်စင်ရယူရမည်။

ပြည်နယ်ဥပဒေနှင့် ပြည်ထောင်စုဥပဒေအရ အခြားပြည်နယ်မှ လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသော မည်သူမဆို Vermont တွင် နေထိုင်ခွင့် ရရှိပြီး ရက်ပေါင်း 30 အတွင်း သူတို့၏ လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင်ကို လွှဲပြောင်းမှုလုပ်ရမည်။

လိုင်စင်ပေးသည့်လုပ်ဆောင်ချက်သည် ယာဉ်မောင်းခြင်းအား အခွင့်ထူးတစ်ခုဖြစ်စေပြီး လိုင်စင်ကိုင်ဆောင်ထားခြင်းဖြင့် သင်သည် ဥပဒေဘောင်အတွင်း မောင်းနှင်ရန်နှင့် စက်ဘီးစီးသူများ၊ မော်တော်ဆိုင်ကယ်စီးသူများနှင့် လမ်းသွားလမ်းလာများအပါအဝင် အဝေးပြေးလမ်းမ အသုံးပြုသူအားလုံးကို ယဉ်ကျေးပြီး စာနာထောက်ထားမှုအပြည့်ဖြင့် ဆက်ဆံရန် လိုအပ်သည်။

သင်သည် မော်တော်ယာဉ်တစ်စီး၏ ယာဉ်မောင်းထိုင်ခုံပေါ်သို့ တက်ထိုင်လိုက်ချိန်တွင် အခြားသူများ၏ အသက်များသည် သင့်တာဝန်ဖြစ်လာသကဲ့သို့ ထိုအသက်များအပေါ်တွင် သင်၏ သက်ရောက်မှုသည် များစွာ တိုးလာပါသည်။ လိုင်စင်အတွက် စမ်းသပ်စစ်ဆေးမှုက သင်၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို စစ်ဆေးပါသည်။ ဘေးကင်းလုံခြုံစွာနှင့် တာဝန်သိစွာ မောင်းနှင်ရန်မှာ သင့်တာဝန်ဖြစ်သည်။

**လိုင်စင်အမျိုးအစားများ**

- သင်မောင်းခွင့် ကတ်ပြား
- ယာဉ်မောင်းလိုင်စင်
- အငယ်တန်း ယာဉ်မောင်းလိုင်စင်
- လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် (CDL)
- အဆင့်မြင့်ယာဉ်မောင်းလိုင်စင် (EDL)
- ယာဉ်မောင်း အထူးအခွင့်အရေးကတ်

## သင်မောင်းခွင့် ကတ်ပြားများနှင့် ပတ်သက်၍ အမေး၊ အဖြေများ

**သင်မောင်းခွင့် ကတ်ပြားများကို မည်သူတို့ လိုအပ်သနည်း။**

အကယ်၍ သင်သည် Vermont တွင် နေထိုင်သူ တစ်ဦးဖြစ်ပြီး Vermont ပြည်နယ်အတွင်း မော်တော်ယာဉ်မောင်းနှင်လိုပါက Vermont သင်မောင်းခွင့် ကတ်ပြား ရရှိရန် လိုအပ်ပါမည်။ စမ်းသပ်မှုခံယူရန် သင်သည် အနည်းဆုံး အသက် 15 နှစ်ရှိရပါမည်။ Vermont ယာဉ်မောင်း ပညာပေးနှင့် လေ့ကျင့်ရေး သင်တန်းတစ်ခုတွင် စာရင်းသွင်းထားသော အခြားပြည်နယ်တွင် နေထိုင်သူတစ်ဦးသည်လည်း Vermont သင်မောင်းခွင့် ကတ်ပြားကို ရရှိနိုင်ပါသည် (ကျောင်းမှ စာရင်းသွင်းထားကြောင်း အတည်ပြုပေးသော စာတစ်စောင် လိုအပ်ပါမည်)။

**သင်မောင်းခွင့် ကတ်ပြာရဖို့ ဘာလုပ်ဖို့လိုသလဲ။**

1. သင်သည် အသက် 15 နှစ်၊ 16 နှစ် သို့မဟုတ် 17 နှစ် ဖြစ်ပါက သင့်မိဘများ သို့မဟုတ် အုပ်ထိန်းသူ၏ ခွင့်ပြုချက်လိုပါသည် (သင်သည် ချုပ်ခြယ်မှုများမှ လွတ်မြောက်သော အရွယ်မရောက်သေးသူ မဟုတ်ပါက)။ သင် စစ်ဆေးမှုမခံယူမီ မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူတစ်ဦးက လျှောက်လွှာကို လက်မှတ်ထိုးရမည်။ သင်သည် ကျောင်းသားချင်းဖလှယ်ရေး အစီအစဉ်မှ နိုင်ငံခြားသားကျောင်းသားတစ်ဦးဖြစ်ပါက သင်သည် မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူ တစ်ဦး လက်မှတ်ရေးထိုးရမည့် ကျောင်းသားချင်းဖလှယ်သည့် နိုင်ငံခြားသားကျောင်းသားအတွက် မိဘ ခွင့်ပြုချက်ဖောင် (VL-036) ကို ရယူရနိုင်သည်။ လက်ခံထားသည့် အိမ်ရှင်မိဘတစ်ဦးက လက်မှတ်ထိုးပေး၍မရပါ။
2. အွန်လိုင်း ခွင့်ပြုချက်စာမေးပွဲ အောင်မြင်ပြီး၍ လိုအပ်သော အခကြေးငွေ ပေးသွင်းပြီးနောက်တွင် သင့်ကို ခွင့်ပြုကတ်ပြား ထုတ်ပေးပါမည်။

သင်မောင်းခွင့် ကတ်ပြားအတွက် လျှောက်ထားရန် အသက် 18 နှစ်အောက်ရှိသူတစ်ဦးသည် ပြီးခဲ့သည့် နှစ် (2) နှစ် ကာလအတွင်း 'ပြစ်ချက်မရှိသော' မောင်းနှင်မှုမှတ်တမ်းကို ထိန်းထားရမည်။ သင်သည် လိုင်စင်ပြန်သိမ်းခံရခြင်း၊ ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း ဖြစ်ပွားဖူးပါက နောက်ထပ် အချိန်စောင့်ရန် လိုအပ်နိုင်သောကြောင့် DMV ကိုဆက်သွယ်ပါ။

**ခွင့်ပြုကတ်ပြားဖြင့် မည်သည့်အချိန်နှင့် မည်သည့်နေရာတွင် ကျွန်ုပ် ကားမောင်းနိုင်မလဲ။**

လိုင်စင်ရရှိထားပြီး မသန်စွမ်းမဟုတ်သော မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦး သို့မဟုတ် လိုင်စင်ဖြစ်စေ၊ အသိအမှတ်ပြုလက်မှတ်ဖြစ်စေ ရရှိထားပြီး မသန်စွမ်းမဟုတ်သော ယာဉ်မောင်း ပညာပေး သင်တန်းနည်းပြတစ်ဦး သို့မဟုတ် လိုင်စင်ရရှိထားပြီး မသန်စွမ်းဟုတ်သော အသက် 25 နှစ်နှင့်အထက်ရှိသူတစ်ဦးသည် ကားရှေ့ခန်းရှိ ထိုင်ခုံတွင် လိုက်ပါစီးနင်းလာပါက သက်တမ်းရှိသော သင်မောင်းခွင့်ပြုချက်ဖြင့် Vermont ပြည်နယ်တွင်း နေရာတိုင်းသို့ မည်သည့်အချိန်တွင်မဆို မောင်းနှင်သွားလာနိုင်သည်။ အခြားပြည်နယ်များအတွင်း မမောင်းနှင်မီ Vermont သင်မောင်းခွင့် ကတ်ပြားဖြင့် အဆိုပါပြည်နယ်အတွင်း မောင်းနှင်ခြင်းသည် တရားဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ စစ်ဆေးရန်အတွက် ထိုပြည်နယ်၏ မော်တော်ယာဉ်ဌာန သို့မဟုတ် တရားဥပဒေ စိုးမိုးရေးအေဂျင်စီတို့နှင့် ဆက်သွယ်သင့်သည်။

## အငယ်တန်း ယာဉ်မောင်းလိုင်စင်များနှင့်ပတ်သက်၍ အမေး၊ အဖြေများ

**အငယ်တန်း ယာဉ်မောင်းလိုင်စင်ကို မည်သူတို့ ရရှိနိုင်သနည်း။**

ကာယကံရှင်သည် အငယ်တန်းယာဉ်မောင်းလိုင်စင် မရရှိမီ ခြောက် (6) လအတွင်း သင်မောင်းခွင့် ကတ်ပြား ပြန်အပ်ရခြင်း၊ ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း မရှိရဘဲ 'ပြစ်ချက်ကင်းသော' ယာဉ်မောင်းမှတ်တမ်းကို ထိန်းထားရမည်။

ကာယကံရှင်သည် အငယ်တန်း ယာဉ်မောင်းလိုင်စင်မရရှိမီ သင်မောင်းခွင့် ကတ်ပြားကို အနည်းဆုံး တစ် (1) နှစ် ပိုင်ဆိုင်ထားရမည်။

လိုအပ်သော စစ်ဆေးမှု အောင်မြင်သည့် အသက် 16 နှစ် သို့မဟုတ် 17 နှစ် အရွယ်ရှိသူများကို အငယ်တန်း ယာဉ်မောင်းလိုင်စင် ထုတ်ပေးပါသည်။ သင်၏ မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူက သင့်ကို စစ်ဆေးခွင့်ပေးကြောင်း သင့်လျှောက်လွှာပေါ်တွင် လက်မှတ်ထိုးရမည်၊

လိုင်စင်မရယူမီ အသက် 16 နှစ်နှင့် 17 နှစ် ရှိသူများအားလုံးသည် စာသင်ခန်းတွင်းလေ့လာခြင်း နာရီ 30၊ စတီယာရင်ကိုင်၍ လေ့ကျင့်မောင်းနှင်ခြင်း 6 နာရီနှင့် လေ့လာစောင့်ကြည့်ခြင်း 6 နာရီ ပါဝင်သော ပြည်နယ်အဆင့် အတည်ပြုထားသည့် ယာဉ်မောင်းပညာပေးနှင့် လေ့ကျင့်သင်ကြားရေး သင်တန်းကို ပြီးမြောက်ပြီး ဖြစ်ရမည်။ Vermont ပညာရေး အေဂျင်စီ၊ ယာဉ်မောင်းပညာပေးဌာနခွဲသည် အထက်တန်းကျောင်းများတွင် ယာဉ်မောင်းပညာပေးသင်တန်းများကို ကြီးကြပ်ပါသည်။ Vermont လုပ်ငန်းသုံး ယာဉ်မောင်းလေ့ကျင့်ရေးသင်တန်းများ က စီစဉ်ပေးသည့် ယာဉ်မောင်းလေ့ကျင့်ရေး သင်တန်းများလည်းရှိပါသည်။ အထက်တွင် ဖော်ပြထားသော နာရီများအပြင် ညဘက်မောင်းနှင်ချိန် အနည်းဆုံး 10 နာရီအပါအဝင် လေ့ကျင့်မောင်းနှင်ချိန် နာရီ 40 ပြီးမြောက်ပြီး ဖြစ်ရမည်။ ညဘက်မောင်းနှင်ခြင်းဆိုသည်မှာ နေဝင်ပြီးနောက် မိနစ် 30 မှ နေမထွက်မီ မိနစ် 30 အထိ အချိန်ကာလအတွင်း မောင်းနှင်ခြင်းကို ဆိုလိုပါသည်။

**အငယ်တန်း ယာဉ်မောင်းလိုင်စင်ရဖို့ ဘာတွေလိုအပ်သလဲ။**

1. သက်တမ်းမကုန်သေးသော Vermont သင်မောင်းခွင့် ကတ်ပြား။ လူတစ်ဦးသည် ၎င်း၏ သင်မောင်းခွင့် ကတ်ပြား သက်တမ်းကုန်ဆုံးပြီး 3 နှစ်ထက် မပိုသေးဘဲ စစ်ဆေးမှုမတိုင်မီ သက်တမ်းတိုးထားပါက လမ်းပေါ် လက်တွေ့မောင်းနှင်စစ်ဆေးခြင်းကို ခံယူနိုင်သည်။ သက်တမ်းကုန်ဆုံးသည်မှာ 3 နှစ်ကျော်လွန်သွားပြီဖြစ်ပါက လမ်းပေါ်တွင် လက်တွေ့မောင်းနှင်စစ်ဆေးခြင်းမပြုလုပ်မီ ရေးဖြေစာမေးပွဲ ဖြေရန်လိုအပ်ပါမည်။

2. Vermont ပညာရေး အေဂျင်စီ သို့မဟုတ် Vermont မော်တော်ယာဉ်ဌာနက အသိအမှတ်ပြုထားသော ယာဉ်မောင်း ပညာပေးသင်တန်းကို အောင်မြင်စွာ ပြီးမြောက်ထားရမည်။ ယာဉ်မောင်းစာမေးပွဲကို မဖြေဆိုမီ သင့်နည်းပြဆရာသည် သင်၏ ပြီးမြောက်မှုများကို ယာဉ်မောင်းပညာပေး အသိအမှတ်ပြုလက်မှတ်ဝန်ဆောင်မှု တွင် မှတ်တမ်းတင်ထားရမည်။ သင်တန်းအား အသိအမှတ်ပြုလက်မှတ်ရ နှင့်/သို့မဟုတ် လိုင်စင်ရ ယာဉ်မောင်းပညာ နည်းပြဆရာမှ သင်ကြားခြင်းဖြစ်ပြီး စာသင်ခန်းတွင်းနှင့် စတီယာရင်နောက် လေ့ကျင့်မောင်းနှင်ခြင်း နှစ်မျိုးစလုံးပါဝင်မှသာ ပြည်နယ်ပြင်ပ ယာဉ်မောင်းပညာရေးကို လက်ခံပါသည်။ ပြီးမြောက်ကြောင်းလက်မှတ်ကို ပြည်နယ်အေဂျင်စီက မထုတ်ပေးလျှင် လျှောက်ထားသူသည် သင့်လျော်သည့်အေဂျင်စီထံမှ ပြည်နယ်အမှတ်တံဆိပ်ပါသော စာရွက်စာတမ်းကို ပေးရမည်ဖြစ်ပြီး ၎င်းတွင် အသိအမှတ်ပြု ယာဉ်မောင်း ပညာသင်ကြားရေးအစီအစဉ်တစ်ခုက အဆိုပါလက်မှတ်ကို ထုတ်ပေးထားကြောင်းနှင့် အစီအစဉ်ပြီးမြောက်ရန်အတွက် အနိမ့်ဆုံးလိုအပ်ချက်များကို ဖော်ပြထားရပါမည်။

3. သင်၏ မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူက သင်သည် ညဘက်မောင်းနှင်ချိန် အနည်းဆုံး 10 နာရီအပါအဝင် စတီယာရင်ကိုင်၍ စမ်းသပ်မောင်းနှင်ချိန် နာရီ 40 ပြီးစီးကြောင်း အတည်ပြုပေးရမည်။ သင်၏ တိုးတက်မှုကို စောင့်ကြည့်မှတ်တမ်းတင်ရန်အတွက် လေ့ကျင့်မောင်းနှင်မှု မှတ်တမ်းဖယား (ဖောင် VN-219) သို့မဟုတ် RoadReady အက်ပ် ကို အသုံးပြုနိုင်သည်။ **မှတ်ချက်–** ယာဉ်မောင်းပညာရေးကို အောင်မြင်စွာ ပြီးမြောက်ရန်အတွက် စတီယာရင်ကိုင်၍ မောင်းနှင်ချိန် 6 နာရီအပြင် လေ့ကျင့်မောင်းနှင်ချိန် နာရီ 40 ရှိရမည်ဖြစ်ကြောင်း ဥပဒေက သတ်မှတ်ထားသည်။

4. သင်သည် သင့်မိဘ သို့မဟုတ် တရားဝင် အုပ်ထိန်းသူ၏ ခွင့်ပြုချက် လိုအပ်ပါသည် (သင်သည် ချုပ်ခြယ်မှုမှ လွတ်ကင်းသော အရွယ်မရောက်သေးသူ မဟုတ်ပါက)။ သင် စစ်ဆေးမှုမခံယူမီ မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူတစ်ဦးက လျှောက်လွှာကို လက်မှတ်ထိုးရမည်။ သင်သည် ကျောင်းသားချင်းဖလှယ်ရေး အစီအစဉ်မှ နိုင်ငံခြားသားကျောင်းသားတစ်ဦးဖြစ်ပါက မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူ တစ်ဦး လက်မှတ်ရေးထိုးရမည့် ကျောင်းသားချင်းဖလှယ်သည့် နိုင်ငံခြားသားကျောင်းသားအတွက် မိဘ ခွင့်ပြုချက်ဖောင် (VL-036) ကို ရယူထားရမည်။ လက်ခံထားသည့် အိမ်ရှင်မိဘတစ်ဦးက ဤဖောင်ပုံစံကို လက်မှတ်ထိုးပေး၍မရပါ။ ဤဖောင်ပုံစံကို မော်တော်ယာဉ် ရုံးများတွင် ရရှိနိုင်ပါသည်။

5. သင်သည် သင်၏ လူမှုဖူလုံရေးနံပါတ်ကို လျှောက်လွှာပေါ်တွင် ထည့်သွင်းဖော်ပြရမည် သို့မဟုတ် သင်သည် လူမှုဖူလုံရေး နံပါတ်ရရှိရန် အရည်အချင်းမပြည့်မီကြောင်း ဖော်ပြထားသည့် လူမှုဖူလုံရေးစီမံခန့်ခွဲမှုဌာနထံမှ စာတစ်စောင်ကို ပေးရမည်။

6. စာမေးပွဲဖြေရန် ရက်ချိန်းယူပါ။

7. သန့်ရှင်းသော၊ စက်ပစ္စည်းအခြေအနေ ကောင်းမွန်သော၊ တရားဝင်သော၊ သက်တမ်းရှိ စစ်ဆေးပြီးကြောင်း စတစ်ကာပါသော မော်တော်ယာဉ်တစ်စီး ရှိရမည်။ အရေးပေါ်/ပါကင်ဘရိတ်သည် ကောင်းစွာလုပ်ဆောင်နေကြောင်း သေချာစေရမည်။

8. **ပြင်ဆင်ထားပါ–** သင့်ရက်ချိန်းသို့ မလာရောက်မီ Vermont ဥပဒေအရ လိုအပ်သော သက်တမ်းရှိသေးသော အာမခံကတ်နှင့် မော်တော်ယာဉ်မှတ်ပုံတင်တို့ကို စစ်ဆေးပါ။ သက်တမ်းရှိသေးသော အာမခံကတ်နှင့် မှတ်ပုံတင်လက်မှတ်ကို ပြသရန် ပျက်ကွက်ခြင်းသည် စမ်းသပ်စစ်ဆေးမှုကို အဟန့်အတားဖြစ်စေလိမ့်မည်။ အာမခံကတ်တွင် အာမခံ ကုမ္ပဏီအမည်၊ အာမခံအကာအကွယ် စတင်သက်ရောက်သည့်ရက်နှင့် သက်တမ်းကုန်ဆုံးသည့်ရက်၊ အာမခံထားရှိသူ အမည်နှင့် မော်တော်ယာဉ်နံပါတ်အပါအဝင် မော်တော်ယာဉ်အကြောင်း ရှင်းလင်းဖော်ပြချက်တို့ ပါရှိရမည်။

9. လမ်းပေါ်မောင်းနှင်စမ်းသပ်ခြင်း အောင်မြင်ပြီး၍ လိုအပ်သော အခကြေးငွေများ ပေးသွင်းပြီး သင့်လျော်သော အထောက်အထား (အခန်း 3 ကိုကြည့်ပါ) များလည်း ပေးပြီးပါက သင်၏ လိုင်စင်ကို ထုတ်ပေးလိမ့်မည်။

**<u>ပြည်နယ်ပြင်ပမှ အငယ်တန်း ယာဉ်မောင်းလိုင်စင်ကို လွှဲပြောင်းခြင်း (အသက် 18 နှစ်အောက် လျှောက်ထားသူများ)</u>**

အောက်ဖော်ပြပါတို့ ဆောင်ရွက်ပြီး သင်၏ ပြည်နယ်ပြင်ပ အငယ်တန်း ယာဉ်မောင်းလိုင်စင်ကို ပြောင်း၍ Vermont အငယ်တန်း ယာဉ်မောင်းလိုင်စင်ကို ရယူနိုင်ပါသည်- (1) လိုအပ်သော စာမေးပွဲများကို အောင်မြင်ပြီးစီးခြင်း၊ (2) ပြည်နယ် အသိအမှတ်ပြု ယာဉ်မောင်း ပညာပေး အစီအစဉ်ကို အောင်မြင်စွာ ပြီးစီးကြောင်း အထောက်အထားပေးခြင်း (အထက်တွင် ဖော်ပြထားသော အငယ်တန်း ယာဉ်မောင်းလိုင်စင် ရရှိရန် မည်သည့်အရာများ လိုအပ်မည်နည်း၊ အခန်း 2 ကို ကြည့်ပါ)၊ (3) နောက်ထပ် နာရီ 40 ကားမောင်းပြီးကြောင်း အထောက်အထား ပေးခြင်း။

သင်သည် အခြားပြည်နယ်မှ အငယ်တန်း ယာဉ်မောင်းလိုင်စင်ရှိပြီး Vermont ၏ အငယ်တန်း ယာဉ်မောင်းလိုင်စင်ကို လျှောက်ထားခြင်း ဖြစ်ပါက အခြားပြည်နယ်တွင် ကိုင်ထားသည့် အငယ်တန်းယာဉ်မောင်းလိုင်စင်သည် အနည်းဆုံးခြောက်လမပြည့်သေးလျှင် Vermont ၏ လက်မှတ်ရလိုင်စင် ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်သည်။

**<u>အထက်တန်းကျောင်း ယာဉ်မောင်းလိုင်စင် စာမေးပွဲ</u>**

အချို့သော လိုင်စင်ရ DMV အထက်တန်းကျောင်း ယာဉ်မောင်းပညာပေး သင်တန်းနည်းပြများက ယာဉ်မောင်းလိုင်စင်အတွက် လမ်းပေါ်စမ်းသပ်မောင်းနှင်ခြင်းကို ဆောင်ရွက်ပါသည်။ စမ်းသပ်စစ်ဆေးမှု အစီအစဉ်တွင် စာရင်းပေးသွင်းထားသော ကျောင်းများ၌ မော်တော်ယာဉ်ဌာနက စစ်ဆေးသူများအဖြစ် အသိအမှတ်ပြုထားသော

သင်တန်းနည်းပြများကသာ ဤဝန်ဆောင်မှုကို ဆောင်ရွက်ပေးပါသည်။ အစီအစဉ်တွင်ပါဝင်သည့်ကျောင်းတွင် တက်ရောက်နေသော ကျောင်းသားများအတွက်သာ လမ်းပေါ်မောင်းနှင်စမ်းသပ်ခြင်းကို ဆောင်ရွက်ပေးပါသည်။

အထက်တန်းကျောင်း ယာဉ်မောင်းပညာရေး သင်တန်းနည်းပြမှ ဆောင်ရွက်သော လမ်းပေါ်စမ်းသပ်မောင်းနှင်ခြင်းကို အောင်မြင်သော ကျောင်းသားတစ်ဦးအား **ယာဉ်မောင်းပညာရေး စာမေးပွဲအောင်လက်မှတ် ထုတ်ပေးပါမည်။** လိုင်စင်ထုတ်ပေးနိုင်ရန်အတွက် ဤလက်မှတ်၊ သက်တမ်းရှိသေးသော Vermont သင်မောင်းခွင့် ကတ်ပြား၊ မိဘ သို့မဟုတ် တရားဝင်အုပ်ထိန်းသူက လက်မှတ်ရေးထိုးထားပြီး ပြည့်စုံစွာဖြည့်ထားသော လိုင်စင်လျှောက်လွှာ၊ လမ်းပေါ်မောင်းနှင်စမ်းသပ်ခြင်းအတွက် အခကြေးငွေနှင့် လိုင်စင်ကြေးနှင့် Vermont တွင် နေထိုင်ခွင့်တို့အားလုံးကို လိုအပ်ပါသည်။ ၎င်းတို့ကို မော်တော်ယာဉ်ဆိုင်ရာ အသုံးပြုသူ ဝန်ဆောင်မှုရုံးတစ်ခုခုသို့ လူကိုယ်တိုင် တင်ပြရမည်။ ပါဝင်ဆောင်ရွက်သော ကျောင်းများရှိ သင်တန်းနည်းပြများသည် ဤအစီအစဉ်နှင့် ပတ်သက်၍ အချက်အလက်အပြည့်အစုံကို ကျောင်းသားများအား ပေးပါလိမ့်မည်။

**<u>အငယ်တန်းယာဉ်မောင်းလိုင်စင်နှင့်ပတ်သက်၍ မည်သည့်ကန့်သတ်ချက်များ ရှိသနည်း။</u>**

အငယ်တန်းယာဉ်မောင်းလိုင်စင်ကို ယာယီလိုင်စင်အဖြစ် သတ်မှတ်ပါသည်။ သင်သည် ဘေးကင်းလုံခြုံမှုမရှိသော ယာဉ်မောင်းတစ်ဦးဖြစ်ကြောင်း သင့်လုပ်ရပ်များမှတစ်ဆင့် ပြသလျှင် မော်တော်ယာဉ်များဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်က သင့်လိုင်စင်ကို သိမ်းသွားနိုင်ပါသည်။ သင့်မိဘ သို့မဟုတ် အုပ်ထိန်းသူက သင့်အတွက် ကားမောင်းရန် ခွင့်ပြုချက်ကို ရုပ်သိမ်းလိုက်ပါကလည်း သင့်လိုင်စင်ကို ရုပ်သိမ်းနိုင်ပါသည်။

အငယ်တန်းယာဉ်မောင်းလိုင်စင်ကိုင်ထားစဉ် အငယ်တန်းယာဉ်မောင်းလိုင်စင် ရရှိပြီးနောက် တစ်နှစ် (1) နှစ်မပြည့်မချင်း သင်၏အလုပ်အကိုင်အတွက် မော်တော်ယာဉ်တစ်စီးကို **<u>မောင်းနှင်နိုင်မည်မဟုတ်ပါ</u>** ။ ဥပမာ လိုင်စင်ကိုင်ထားသူသည် အငယ်တန်း ယာဉ်မောင်းလိုင်စင်ရရှိပြီး တစ် (1) နှစ်မပြည့်မချင်း သို့မဟုတ် အသက် (18) နှစ်မပြည့်မချင်း (မည်သည့်အရာက အရင်ဖြစ်ပေါ်သည်ဖြစ်စေ) ပီဇာပို့ပေးသူ (ယာဉ်မောင်း) အဖြစ် အလုပ်လုပ်၍မရပါ။

အငယ်တန်းယာဉ်မောင်းလိုင်စင်ကိုင်ထားသူသည် အခကြေးငွေယူပြီး ခရီးသည်များကို တင်ဆောင်၍မရပါ။

အငယ်တန်းယာဉ်မောင်းလိုင်စင် ရရှိပြီး ပထမ သုံး (3) လအတွင်း တစ်ယောက်တည်းမောင်းနှင်ခွင့် မရှိပါ။ လိုင်စင်ရှိပြီး မသန်စွမ်းမဟုတ်သော မိဘ (သို့) အုပ်ထိန်းသူ သို့မဟုတ် လိုင်စင်ရ (သို့) အသိအမှတ်ပြုလက်မှတ်ရ မသန်စွမ်းမဟုတ်သော ယဉ်မောင်းပညာရေး သင်တန်းနည်းပြ (သို့) လိုင်စင်ရှိပြီး မသန်စွမ်းမဟုတ်သော အသက် 25 နှစ်နှင့်အထက်ရှိသူတစ်ဦးက ရှေ့ခန်းထိုင်ခုံတွင် လိုက်ပါစီးနင်းမှသာ ခရီးသည်များကို တင်ဆောင်ခွင့်ပြုပါသည်။ အဆိုပါပုဂ္ဂိုလ်များထဲမှ တစ် (1) ဦး ယာဉ်အတွင်းပါရှိပါက ခရီးသည်အရေအတွက်ကို ကန့်သတ်ထားခြင်း မရှိပါ။ သို့ရာတွင် ပါရှိသည့်လုံခြုံရေးခါးပတ် အရေအတွက်ထက်ပိုသော ခရီးသည်များကို တင်ဆောင်ရန် ယာဉ်မောင်းအား ခွင့်<u>မ</u>ပြုပါ။

အငယ်တန်း ယာဉ်မောင်းလိုင်စင် ရရှိပြီး သုံး (3) လအတွင်း <u>မိသားစုဝင်</u>များအား တင်ဆောင်ခြင်း စတင်ပြုလုပ်နိုင်သည်။

အငယ်တန်း ယာဉ်မောင်းလိုင်စင်ရရှိပြီး ခြောက် (6) လနောက်ပိုင်းတွင် မော်တော်ယာဉ်အတွင်း တင်ဆောင်နိုင်သော ခရီးသည်အရေအတွက်ကို ကန့်သတ်ထားခြင်း မရှိတော့ပါ။ သို့ရာတွင် ပါရှိသည့် လုံခြုံရေးခါးပတ်အရေအတွက်ထက်ပိုသော ခရီးသည်များကို တင်ဆောင်ရန် ယာဉ်မောင်းအား ခွင့်မပြုပါ။

လိုင်စင်ကိုင်ထားသူသည် မော်တော်ယာဉ်မောင်းနှင်နေစဉ် မည်သည့် အိတ်ဆောင် အီလက်ထရောနစ်ကိရိယာကိုမျှ အသုံးမပြုရပါ။ ဤနေရာတွင် စာဖတ်ခြင်း၊ အီလက်ထရောနစ် ဆက်သွယ်ရေးနည်းများဖြင့် ကိုယ်တိုင် စာရေးသားခြင်းနှင့် ပေးပို့ခြင်းများ ပါဝင်ပါသည် (စာသား မက်ဆေ့ချ်များ၊ ချက်ချင်းရောက် မက်ဆေ့ချ်များနှင့် အီးမေးလ်များ ပါဝင်သည်)။ အိတ်ဆောင် အီလက်ထရောနစ်ပစ္စည်းများတွင် ဆယ်လူလာ တယ်လီဖုန်းများ၊ တစ်ကိုယ်ရေသုံး ဒစ်ဂျစ်တယ် အထောက်အကူပြုပစ္စည်း (PDA)၊ တက်ဘလက်/iPad နှင့် လက်ပ်တော့ကွန်ပျူတာများ ပါဝင်ပြီး ထိုမျှလောက်မကပါ။

**ယာဉ်မောင်းလိုင်စင်များနှင့်ပတ်သက်၍ အမေး၊ အဖြေများ ယာဉ်မောင်းလိုင်စင်ကို ဘယ်သူတွေ ရနိုင်ပါသလဲ။**

လိုအပ်သော စာမေးပွဲစစ်ဆေးမှုများ အောင်မြင်သည့် အသက် 18 နှစ်နှင့်အထက် အရည်အချင်းပြည့်မီသူများအား ယာဉ်မောင်းလိုင်စင် ထုတ်ပေးပါသည်။ ဤလိုင်စင်သည် လူတစ်ဦးကို ကျောင်းဘတ်စ်ကား သို့မဟုတ် မော်တော်ဆိုင်ကယ်မှအပ လုပ်ငန်းသုံးယာဉ်မဟုတ်သော မော်တော်ယာဉ်များကို မောင်းနှင်ခွင့်ပြုသည်။ ကျောင်းဘတ်စ်ကား မောင်းရန် သို့မဟုတ် မော်တော်ဆိုင်ကယ်စီးရန်အတွက် နောက်ထပ် စာမေးပွဲများဖြေရမည်။

**ကျွန်ုပ်တွင် သက်တမ်းရှိသေးသော သင်မောင်းခွင့်ကတ်ပြားရှိပါက ယာဉ်မောင်းလိုင်စင် မည်သို့ ရရှိနိုင်မည်နည်း။**

1. စာမေးပွဲဖြေရန် ရက်ချိန်းယူပါ။

2. လိုင်စင်ရှိပြီး မသန်စွမ်းမဟုတ်သော မိဘ (သို့) အုပ်ထိန်းသူ သို့မဟုတ် လိုင်စင်ရ (သို့) အသိအမှတ်ပြုလက်မှတ်ရ မသန်စွမ်းမဟုတ်သော ယဉ်မောင်းပညာရေး သင်တန်းနည်းပြ (သို့) လိုင်စင်ရှိပြီး မသန်စွမ်းမဟုတ်သော အသက် 25 နှစ်နှင့်အထက်ရှိသူတစ်ဦးသည် သင်နှင့်အတူ လိုက်ပါရမည်။ အဖော်ပြုလိုက်ပါလာသော ယာဉ်မောင်းအားလုံး၏ လိုင်စင်သည် လျှောက်ထားချိန်တွင် သက်တမ်းကျန်ရှိရမည်။

3. သက်တမ်းရှိပြီး စစ်ဆေးပြီးကြောင်း စတစ်ကာပါရှိသည့် သန့်ရှင်းပြီး စက်ပိုင်းဆိုင်ရာ အခြေအနေကောင်းမွန်သော မော်တော်ယာဉ်တစ်စီး ရှိရမည်။ အရေးပေါ်/ပါကင်ဘရိတ်သည် ကောင်းစွာလုပ်ဆောင်နေကြောင်း သေချာစေရမည်။

4. Vermont ပြည်နယ်ဥပဒေအရ လိုအပ်သော သက်တမ်းရှိသေးသည့် မော်တော်ယာဉ်အာမခံ အထောက်အထား။ အထောက်အထားတွင် အာမခံ ကုမ္ပဏီအမည်၊ အာမခံအကာအကွယ် စတင်အကျိုးသက်ရောက်သည့်နေ့နှင့် သက်တမ်းကုန်ဆုံးမည့်နေ့၊ အာမခံထားသူအမည်၊ မော်တော်ယာဉ်နံပါတ်အပါအဝင် မော်တော်ယာဉ်အကြောင်း ဖော်ပြချက်များ ပါရှိရမည်။

5. <u>မော်တော်ယာဉ်အား တရားဝင်မှတ်ပုံတင်ထားကြောင်း အထောက်အထား လိုအပ်ပါသည်။</u>

6. လမ်းပေါ်စမ်းသပ်မောင်းနှင်မှု အောင်မြင်ပြီး အခကြေးငွေများ ပေးသွင်းပြီးနောက်ပိုင်းတွင် သင်၏လိုင်စင်ကို ထုတ်ပေးပါမည်။

**ကျွန်ုပ်တွင် အခြားပြည်နယ်မှ သက်တမ်းရှိသေးသော လိုင်စင်တစ်ခုရှိပါက ယာဉ်မောင်းလိုင်စင်ကို မည်သို့ ရရှိနိုင်မည်နည်း။**

**Vermont တွင် လာရောက်နေထိုင်သူ** အသစ်တစ်ဦးသည် Vermont ယာဉ်မောင်းလိုင်စင်အတွက် လျှောက်ထားပြီး သက်တမ်းရှိသော ပြည်နယ်ပြင်ပလိုင်စင်ရှိပါက သို့မဟုတ် ပြည်နယ်ပြင်ပလိုင်စင် သက်တမ်းကုန်ဆုံးခဲ့သည်မှာ သုံး (3) နှစ်နှင့်အောက် ဖြစ်ပါက မျက်စိစစ်ဆေးမှုခံယူရန် လိုအပ်ပါမည်။

1. သင်၏ မိခင်ပြည်နယ်မှ သက်တမ်းရှိသေးသော သို့မဟုတ် သက်တမ်းကုန်ဆုံးပြီး (3 နှစ်နှင့်အောက်) ဖြစ်သော လိုင်စင်၊ မည်သူဖြစ်ကြောင်း အထောက်အထား သက်သေ (အခန်း 3 တွင် ကြည့်ပါ) တို့ကို ယူလာပါ။ သင်၏ မိခင်ပြည်နယ်မှ လိုင်စင်သည် သက်တမ်းမရှိတော့ပါက မော်တော်ယာဉ်ဌာနသို့ သင့်အား မောင်းပို့ရန် သက်တမ်းရှိလိုင်စင်ကိုင်ထားသူတစ်ဦးကို ခေါ်လာပါ။ သင်၏ လိုင်စင် သက်တမ်းကုန်ဆုံးသည်မှာ သုံး (3) နှစ်ထက်ကျော်နေပါက သို့မဟုတ် သင့်တွင် ပြည်နယ်ပြင်ပလိုင်စင်မရှိပါက သင်သည် အမြင်အာရုံစစ်ဆေးမှု၊ ရေးဖြေနှင့် လမ်းပေါ်မောင်းနှင်စမ်းသပ်ခြင်းတို့ ခံယူရမည်။

**မည်သူ့ကို လိုင်စင်အသစ်တစ်ခု ထုတ်ပေး၍ မရပါသလဲ သို့မဟုတ် လက်ရှိ ရှိနေသော လိုင်စင်ကို သက်တမ်းတိုးမပေးနိုင်ပါသလဲ။**

မည်သည့်ပြည်နယ်တွင်မဆို မော်တော်ယာဉ်မောင်းနှင်ခွင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ငြင်းပယ်ခြင်းခံထားရသူကို အဆိုပါ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြီးဆုံးမီအချိန်အထိနှင့် အဆိုပါပုဂ္ဂိုလ်အား နဂိုလုပ်ပိုင်ခွင့်ပြန်ပေးထားကြောင်း စာဖြင့်တရားဝင် အကြောင်းမကြားမီအချိန်အထိ လိုင်စင် ထုတ်မပေးနိုင်ပါ။

လူတစ်ဦးသည် အဝေးပြေးလမ်းမ၏ အခြားအသုံးပြုသူများအား အန္တရာယ်မဖြစ်စေဘဲ မော်တော်ယာဉ်တစ်စီးအား မမောင်းနှင်နိုင်ကြောင်း သို့မဟုတ် မောင်းနှင်လိမ့်မည်မဟုတ်ကြောင်း မော်တော်ယာဉ်များဌာန ကော်မရှင်အဖွဲ့ဝင်တွင် သက်သေရှိပါက ထိုလူအား လိုင်စင်ထုတ်မပေးနိုင်ပါ။

Vermont တွင် မနေထိုင်သောသူ။

**ကျောင်းကားမောင်းရန် ထောက်ခံချက်**

ကျောင်းသားများအား ကျောင်းကားဖြင့် ကြို၊ ပို့လုပ်ပေးနေသော Vermont လိုင်စင်ရ ယာဉ်မောင်းအားလုံးတွင် ကျောင်းကားမောင်းရန် ထောက်ခံချက်ပါရှိသော ယာဉ်မောင်းလိုင်စင် ရှိရမည်။

- သင်သည် စုစုပေါင်း ယာဉ်အလေးချိန်သတ်မှတ်ချက် 26,001 ပေါင်နှင့်အထက်ရှိသော၊ ယာဉ်မောင်းအပါအဝင် ခရီးသည် 16 ဦးထက်ပို၍ သယ်ဆောင်ရန် ထုတ်လုပ်ထားသော ကျောင်းကားတစ်စီးကို မောင်းနှင်ပါက ကျောင်းကား မောင်းနှင်ရန်နှင့် ခရီးသည်တင်ရန် ထောက်ခံချက်ပါရှိသော လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် လိုအပ်ပါမည်။
- သင်သည် ခရီးသည် 16 ဦးအောက်သာ သယ်ဆောင်ရန် ထုတ်လုပ်သည့်ကုမ္ပဏီက သတ်မှတ်ထားသော ကျောင်းကားဖြင့် ကျောင်းသားများကို ကြိုပို့လုပ်ပါက သင်၏ ယာဉ်မောင်းလိုင်စင်ပေါ်တွင် ကျောင်းကားမောင်းရန် ထောက်ခံချက် အမျိုးအစား 2 (Type II) ရယူရန် လိုအပ်ပါမည်။
- သင်သည် ကျောင်းသားများကို အခြားယာဉ်များဖြင့် ကြိုပို့လုပ်ပေးနေပါက ကျောင်းကားမောင်းရန်ထောက်ခံချက် အမျိုးအစား 2 (Type II) ကို လိုအပ်နိုင်ပါသည်။
- သင်သည် ကျောင်းမှပိုင်ဆိုင်သော သို့မဟုတ် ငှားရမ်းထားသော ကျောင်းအတွက် ဘက်စုံသုံးဘတ်စ်ကားဖြင့် ကျောင်းသားများကို ကြိုပို့လုပ်ပေးနေပါက ကျောင်းကားမောင်းနှင်ရန် ထောက်ခံချက် လိုအပ်ပါမည်။
- သင်သည် အငှားယာဉ်ကဲ့သို့ အခကြေးငွေယူပြီး ကျောင်းသားများကို ကြိုပို့လုပ်ပေးနေပါက ကျောင်းကားမောင်းရန် ထောက်ခံချက် ရှိရပါမည်။
- သင်သည် သင်ပိုင်ဆိုင်သည့် သို့မဟုတ် ကျောင်းမှ ပိုင်ဆိုင်သည့် ကား သို့မဟုတ် ဗန်ကားများဖြင့် ကျောင်းသားများကို ကြိုပို့လုပ်ပေးနေပါက သင်၏ ယာဉ်မောင်းလိုင်စင်ပေါ်တွင် ကျောင်းကား မောင်းနှင်ရန် ခွင့်ပြုချက်ရရှိရန် လိုနိုင်ပါသည်။

ကျွန်ုပ်တို့၏ ရုံးတစ်ရုံးသို့ လာရောက်ပြီး ကျောင်းကား လက်စွဲစာအုပ်ကို ရယူနိုင်ပါသည်။

**မော်တော်ဆိုင်ကယ်စီးရန် ထောက်ခံချက်နှင့် မော်တော်ဆိုင်ကယ် သင်မောင်းခွင့် ကတ်ပြားများ**

လိုင်စင်ရှိသော အသက် 16 နှစ်နှင့်အထက် အရွယ်ရှိသူ မည်သူမဆိုသည် စစ်ဆေးမှုတစ်ခု အောင်မြင်ရုံဖြင့် မော်တော်ဆိုင်ကယ် စီးနင်းရန်ထောက်ခံချက် သို့မဟုတ် မော်တော်ဆိုင်ကယ် ခွင့်ပြုချက် ရရှိနိုင်ပါသည်။

စစ်ဆေးခြင်း မခံယူမီ **မော်တော်ဆိုင်ကယ် လိုင်စင်ထုတ်ပေးခြင်း လမ်းညွှန်နှင့် မောင်းနှင်သူလက်စွဲစာအုပ်**ကို ဖတ်သင့်သည်။ ကျွန်ုပ်တို့၏ ရုံးတစ်ရုံးသို့ လာရောက်ပြီး မော်တော်ဆိုင်ကယ် လက်စွဲစာအုပ် တစ်အုပ်ကို ရယူနိုင်ပါသည်။

**မော်တော်ဆိုင်ကယ်စီးသူ လေ့ကျင့်ရေးအစီအစဉ်**

Vermont မော်တော်ယာဉ်စီးနင်းသူ ပညာရေး အစီအစဉ် (VREP) သည် မော်တော်ဆိုင်ကယ်စီးရန် စိတ်ပါဝင်စားသော အသက်အရွယ်မရွေး လူအများအား ဤသင်တန်းကို တက်ရောက်ရန် အားပေးပါသည်။ လေ့ကျင့်ရေးအစီအစဉ်သည် နိုင်ငံတော်အဆင့် အသိအမှတ်ပြုထားသော ဘေးကင်းရေးနှင့် လေ့ကျင့်ရေးစံနှုန်းများကို လိုက်နာပြီး စာသင်ခန်းတွင်းနှင့် မော်တော်ဆိုင်ကယ်ဖြင့် လက်တွေ့လေ့ကျင့်ရေး နှစ်မျိုးလုံး ပါရှိပါသည်။ မော်တော်ဆိုင်ကယ်များ၊ ဖတ်စာအုပ်များနှင့် လုံခြုံရေးဦးထုပ်များကို အခြေခံ စီးနင်းသူ သင်ခန်းစာကို သင်ယူနေသော ကျောင်းသားများအား ပံ့ပိုးပေးပါသည်။ သင်တန်းကို အောင်မြင်စွာပြီးမြောက်သော ကျောင်းသားများသည် မော်တော်ဆိုင်ကယ်စီးနင်းခွင့် ထောက်ခံချက်ရရှိရန် လိုအပ်သည့် ရေးဖြေနှင့် ကျွမ်းကျင်မှုစာမေးပွဲများဖြေဆိုခြင်းမှ ကင်းလွတ်ပါမည်။ သင်တန်းအချက်အလက်များအတွက် Vermont DMV ဝက်ဘ်ဆိုက်တွင် ဝင်ရောက်လေ့လာပါ။

**ရက်ချိန်းယူဖို့ လိုပါသလား။**

လိုပါသည်။ ရက်ချိန်းရယူရန် mydmv.vermont.gov တွင် ဝင်ရောက် လေ့လာပါ။ ရက်ချိန်းယူထားသူများသာ DMV သို့ လာရောက်နိုင်ပါမည်။ ရက်ချိန်းအတိုင်း မလာရောက်နိုင်ပါက သင်၏ ရက်ချိန်းကို တတ်နိုင်သမျှ အမြန်ဆုံး ပယ်ဖျက်ပြီး ထပ်မံ ရက်ချိန်းယူပါ။ သို့မှသာ သတ်မှတ်ထားသော အချိန်ကို အခြားသူတစ်ဦးအတွက် ပေးနိုင်မည်ဖြစ်သည်။ DMV သို့ မရောက်မီ Vermont ဥပဒေအရလိုအပ်သော သက်တမ်းရှိသော အာမခံ အထောက်အထားနှင့် ယာဉ်မှတ်ပုံတင်ကို စစ်ဆေးပါ။

**မှတ်ချက်-** အကယ်၍ သင်သည် အကြားအာရုံချို့ယွင်းချက်ရှိပြီး စကားပြန်စီစဉ်ပေးရန် တောင်းဆိုပါက ချိန်းဆိုထားသည့်အချိန်တွင် စီစဉ်ပေးထားမည်။ ဆက်သွယ်ပြောဆိုရန် အခက်အခဲရှိသော မသန်စွမ်းသူများအတွက် Vermont ထပ်ဆင့်လိုင်းလွှဲဝန်ဆောင်မှု (TTY) ကို 711 သို့ ခေါ်ဆိုပြီး ရယူနိုင်ပါသည်။

**<u>ယာဉ်မောင်းနှင်ခြင်း စစ်ဆေးမှုများ လိုအပ်သည်ဟု ပြည်နယ်က ဘာကြောင့် သတ်မှတ်ထားတာလဲ။</u>**

အောက်ဖော်ပြပါတို့ကို အကဲဖြတ်ရာ၌ စစ်ဆေးမှုများကို အသုံးပြုပါသည်-

- လမ်းပေါ် ရှိ လမ်းအသုံးပြုသင်္ကေတများနှင့် အချက်ပြမီးများကို ဖတ်ရှု၊ နားလည်ပါသလား။
- ဤပြည်နယ်အတွင်း မော်တော်ယာဉ်မောင်းနှင်ခြင်းနှင့် ပတ်သက်သော ဥပဒေများကို သိပါသလား။
- ဘေးကင်းလုံခြုံစွာမောင်းနှင်နိုင်ရန် မျက်စိ ကောင်းပါသလား။
- ဘေးကင်းလုံခြုံပြီး သတိရှိသော ယာဉ်မောင်းတစ်ဦး ဖြစ်နိုင်စေရန် သင့်တွင် သင့်လျော်သော ယာဉ်မောင်းစွမ်းရည် ရှိပါသလား။
- သင့်ကားကို ဘေးကင်းစွာ မောင်းနှင်နိုင်စွမ်းကို ထိခိုက်စေနိုင်သည့် မသန်စွမ်းမှုတစ်ခုခု ရှိပါသလား။
- မောင်းရာတွင် ဘေးကင်းလုံခြုံစေရန် သင့်မော်တော်ယာဉ်ကို သင့်လျော်စွာ ပြုပြင်ထိန်းသိမ်းမှု လုပ်ပါသလား။
- ဘေးကင်းလုံခြုံပြီး သတိရှိသော ယာဉ်မောင်းတစ်ဦးဖြစ်စေရန် သင် ဆန္ဒရှိပါသလား၊ သင့်တွင် လုံလောက်သော အသိပညာရှိပါသလား။
- အခြားယာဉ်မောင်းများအပြင် စက်ဘီးစီးသူများ၊ မော်တော်ဆိုင်ကယ်စီးသူများနှင့် လမ်းသွားလမ်းလာများ၏ အခွင့်အရေးများကို လေးစားရန် သင်ကတိပြုပါသလား။

**<u>စစ်ဆေးမှုတွေက ဘာနဲ့တူပါသလဲ။</u>**

## 1. အမြင်အာရုံ စစ်ဆေးမှု

စစ်ဆေးသူသည် အမြင်အာရုံစစ်ဆေးရေးကိရိယာကို အသုံးပြု၍ သင်မည်မျှ ကောင်းကောင်းမြင်နိုင်သည်ကို စစ်ဆေးပါမည်။ သင့်အမြင်အာရုံသည် လိုအပ်သော စံနှုန်းဖြစ်သည့် 20/40 ကို ပြည့်မီခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက သင်ရွေးချယ်သည့် မျက်စိဆရာဝန်ထံ လွှဲပြောင်းပေးမည်ဖြစ်ပြီး နောက်ထပ်စမ်းသပ်မှုများအတွက် ကုန်ကျစရိတ်ကျခံရမည် ဖြစ်သည်။ မျက်စိဆရာဝန်က သင်၏ ကားမောင်းရန်အထူးအခွင့်အရေးအပေါ် ကန့်သတ်မှုများ ချမှတ်ရန် လို၊ မလို ဆုံးဖြတ်ရန်အတွက် ပြန်လည်သုံးသပ်မှုကို ပြီးစီးအောင် လုပ်ပါမည်။ မျက်စိဆရာဝန်သည် လိုင်စင်ရ မျက်စိစမ်းသပ်ကုသမှုပေးသူ သို့မဟုတ် မျက်စိအထူးကုဆရာဝန် ဖြစ်ရပါမည်။

## 2. အသိပညာစစ်ဆေးခြင်း

အသိပညာစစ်ဆေးခြင်းကို အွန်လိုင်းမှ ဆောင်ရွက်မည်ဖြစ်ပြီး မေးခွန်း 20 ရှိသည်။ မေးခွန်းတစ်ခုစီတွင် ရွေးချယ်ရမည့် အဖြေလေးခုရှိပြီး တစ်ခုတည်းသာ မှန်ပါသည်။ စစ်ဆေးမှုအောင်မြင်ရန် အနည်းဆုံး မေးခွန်း 16 ခုကို မှန်ကန်စွာဖြေဆိုရပါမည်။ စစ်ဆေးမှု မအောင်မြင်ပါက နောက်တစ်ကြိမ် ထပ်မံဖြေဆိုရန် အနည်းဆုံး တစ်ရက် စောင့်ရပါမည်။

## 3. လမ်းပေါ်လက်တွေ့မောင်းနှင်မှု စစ်ဆေးခြင်း

စစ်ဆေးမှု၏ အခြားအပိုင်းများအားလုံး မအောင်မြင်သေးပါက လမ်းပေါ်လက်တွေ့မောင်းနှင်မှုကို စစ်ဆေးမည်မဟုတ်ပါ။

မစစ်ဆေးမီ အတွေ့အကြုံရှိယာဉ်မောင်းတစ်ဦး သို့မဟုတ် ယာဉ်မောင်းနည်းပြတစ်ဦး၏ လမ်းညွှန်မှုဖြင့် အနည်းဆုံးနာရီ 40 အမှန်တကယ် မောင်းနှင်ဖူးသည့်အတွေ့အကြုံ ရှိရပါမည်။ ထိုအချိန်များအနက် အနည်းဆုံး ငါးနာရီသည် ယာဉ်များအကြား မောင်းနှင်သွားလာခြင်း ဖြစ်သင့်ပါသည်။ လက်တွေ့တွင် နည်းပြကောင်းတစ်ဦး၏ ကြီးကြပ်မှုအောက်တွင် လုံလောက်သော လေ့ကျင့်မှုနှင့် ပျမ်းမျှအရည်အချင်းရှိသော လူတိုင်းသည် ကားမောင်းရန် သင်ယူနိုင်ပါသည်။

လမ်းပေါ် လက်တွေ့မောင်းနှင်မှု စစ်ဆေးနေချိန်အတွင်း သင့်ကို ဥပဒေနှင့် ဆန့်ကျင်သော မည်သည့်အရာမျှ ပြုလုပ်ခိုင်းမည် မဟုတ်ပါ။ သင့်အပေါ် မည်သည့်လှည့်ကွက်မျှ အသုံးပြုမည်မဟုတ်ပါ။ သင်နှင့်အတူ စီးနင်းမည့် စစ်ဆေးသူ၏ လမ်းညွှန်ချက်များကို လိုက်နာရပါမည်။ သင့်ကားကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်ရန်၊ အခြေအနေများအရ သင့်လျော်သော အရှိန်နှုန်းများဖြင့် မောင်းနှင်နိုင်ရန်နှင့် လမ်း သင်္ကေတများနှင့် စည်းကမ်းများကို လိုက်နာနိုင်ရန် သင့်ကို မျှော်လင့်ထားသည်။

လမ်းပေါ် လက်တွေ့မောင်းနှင်မှုကို စစ်ဆေးချိန်အတွင်း မည်သည့် တိရစ္ဆာန်ကိုမှ မော်တော်ယာဉ်ပေါ်တွင် တင်လာခွင့်မပြုပါ။

မည်သည့်အကြောင်းပြချက်ကြောင့်မဆို လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်း မအောင်မြင်ပါက နောက်တစ်ကြိမ် ထပ်မံ စစ်ဆေးခံရန် အနည်းဆုံး တစ်ပတ်စောင့်ရမည်။ လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်း သုံးကြိမ် မအောင်မြင်ပါက အနည်းဆုံး တစ်လ ထပ်စောင့်ရမည်။

## <u>မောင်းနှင်မှုအတွက် စမ်းသပ်မှုခံယူရန် ကျွန်ုပ်သည် မော်တော်ယာဉ်တစ်စီး ပံ့ပိုးပေးဖို့ လိုပါသလား။</u>

**လိုပါသည်။** မော်တော်ယာဉ်သည် မှတ်ပုံတင်ပြီးနှင့် စစ်ဆေးပြီး ဖြစ်ရမည်။ ၎င်းကို မှတ်ပုံတင်ပြီး စစ်ဆေးခဲ့သည့် ပြည်နယ်က အရေးမကြီးပါ။ သင်အသုံးပြုသော မော်တော်ယာဉ်အတွက် အာမခံအထောက်အထားရှိရမည်။ <u>စစ်ဆေးမှုခံယူရန် မရောက်ရှိမီ မှတ်ပုံတင်ခြင်း၊ စစ်ဆေးရေး စတစ်ကာနှင့် အာမခံတို့ကို စစ်ဆေးပါ။</u>

လျှောက်ထားသူက ငှားရမ်းထားသော မော်တော်ယာဉ်ဖြင့် လမ်းပေါ် မောင်းနှင်မှု စစ်ဆေးခြင်း ခံယူပါက အပြည့်အဝတာဝန်ယူမည်ဖြစ်ကြောင်း ငှားရမ်းထားသည့်ကုမ္ပဏီက စာထုတ်မပေးလျှင် လမ်းပေါ် မောင်းနှင်မှု စစ်ဆေးခြင်းအတွက် ငှားရမ်းထားသော မော်တော်ယာဉ်များကို အသုံးပြု၍မရပါ။ သင်သည် အရောင်းအဝယ်ကုမ္ပဏီ၏ တိုက်ရိုက်မိသားစုဝင် မဟုတ်ပါက အရောင်း ကိုယ်စားလှယ် မှတ်ပုံတင်ပြနေသော မော်တော်ယာဉ်များအား လက်မခံနိုင်ပါ။ စိုက်ပျိုးရေးသုံး၊ ရှေးဟောင်း သို့မဟုတ် ပြပွဲနံပါတ်ပြားများ ပြနေသော မော်တော်ယာဉ်များသည် ဥပဒေအရ ထိုနံပါတ်ပြားများက ၎င်းတို့၏ အသုံးပြုမှုကို ကန့်သတ်ထားသောကြောင့် လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်းတွင် အသုံးမပြုနိုင်ပါ။

## <u>လမ်းပေါ် မောင်းနှင်မှု စစ်ဆေးရာတွင် အသုံးပြုသော ယာဉ်၏ အခြေအနေ</u>

သင်ပြင်ဆင်ထားသော မော်တော်ယာဉ်တွင် လိုအပ်သော ပစ္စည်းများ ပြည့်စုံစွာ တပ်ဆင်ထားခြင်း၊ စက်ပိုင်းဆိုင်ရာ အခြေအနေ ကောင်းမွန်ခြင်းနှင့် သင့်လျော်သော မှတ်ပုံတင်၊ အာမခံနှင့် စစ်ဆေးမှု ဆောင်ရွက်ထားခြင်းများ မရှိပါက လမ်းပေါ်မောင်းနှင်မှု စမ်းသပ်ခြင်းကို ခွင့်ပြုမည် မဟုတ်ပါ။ မော်တော်ယာဉ်၏ ဘေးကင်းလုံခြုံစွာ မောင်းနှင်နိုင်သော အနေအထားသည် ယာဉ်မောင်းသူ၏ တာဝန်ဖြစ်ပါသည်။ စက်ပိုင်းဆိုင်ရာ အခြေအနေ ကောင်းမွန်သည့် အနေအထားနှင့် သင့်လျော်သော ပစ္စည်းများတွင် အောက်ဖော်ပြပါတို့ ပါဝင်ပါသည်- ရှေ့မီးများ၊ ဟွန်း၊ လေကာမှန် ရေသုတ်တံများ၊ နောက်ကြည့်မှန်၊ နောက်မီးများ၊ တာယာများ၊ စတီယာရင် လုပ်ဆောင်မှု၊ လေကာမှန်၊ ဓာတ်ငွေ့ထုတ်လွှတ်မှု စနစ်၊ ဘရိတ်များ၊ ဖန်ဒါများ၊ ဘမ်ပါများနှင့် ဇန်နဝါရီလ 1ရက်၊ 1955 ခုနှစ်နောက်ပိုင်း ထုတ်လုပ်ပါက အချက်ပြမီးများ၊ 1964 ခုနှစ်နှင့် နောက်ပိုင်းထုတ် မော်ဒယ်လ်များအတွက် လုံခြုံရေး ခါးပတ်များနှင့် နှင်းပျော်စနစ်များ လိုအပ်ပါမည်။ လုံခြုံရေး ခါးပတ်များ မပါရှိသော မော်တော်ယာဉ်အား လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်းတွင် အသုံးမပြုနိုင်ပါ။ အရေးပေါ်/ပါကင်ဘရိတ်များသည် ၎င်းအားမောင်းနှင်နေသည့် မည်သည့်အခြေအနေတွင်မဆို၊ မော်တော်ယာဉ်သည် ကုန်းတက် သို့မဟုတ် ကုန်းဆင်းသို့ ဦးတည်ထားချိန် နှစ်ခုလုံးတွင် မော်တော်ယာဉ်ကို တည်ငြိမ်အောင် ထိန်းထားရန် လုံလောက်မှုရှိရပါမည်။ သင့်ကား၏ ရှေ့ပြတင်းပေါက်များကို တရားမဝင်အရောင်ခြယ်ခြင်းအား ခွင့်မပြုပါ။

# အခန်း 5 - လက်မှတ်ရ ယာဉ်မောင်းလိုင်စင် အစီအစဉ်

**<u>လက်မှတ်ရ ယာဉ်မောင်းလိုင်စင် အစီအစဉ်</u>**

သင်မောင်းခွင့်ပြုချက် သို့မဟုတ် အငယ်တန်း ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူများသည် ကျွန်ုပ်တို့၏ လက်မှတ်ရ ယာဉ်မောင်းလိုင်စင် ဥပဒေနှင့် ကိုက်ညီပါသည်။ ဤဥပဒေ၏ အဓိကပြဋ္ဌာန်းချက်များကို အောက်တွင်ဖော်ပြထားပါသည်–

1. အသက် (15) နှစ်နှင့်အထက်ရှိသူတစ်ဦးသည် သင်မောင်းခွင့် ကတ်ပြားကို ကိုင်ဆောင်ထားပြီး မော်တော်ယာဉ်အတွင်း အောက်တွင်ဖော်ပြထားသော ပုဂ္ဂိုလ်များထဲမှ တစ် (1) ဦးသည် ယာဉ်မောင်း၏ ဘေးတွင် စီးနင်းပြီး အဖော်ပြုလိုက်ပါလာပါက မော်တော်ယာဉ်တစ်စီးကို မောင်းနှင်နိုင်သည်-
    - လိုင်စင်ရရှိပြီး မသန်စွမ်းမဟုတ်သော မိဘ သို့မဟုတ် အုပ်ထိန်းသူ တစ်ဦး
    - လိုင်စင် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရရှိပြီး ချို့ယွင်းချက်မရှိသော ယာဉ်မောင်းပညာရေး သင်တန်းနည်းပြတစ်ဦး နှင့်/သို့မဟုတ်
    - လိုင်စင်ရပြီး ချို့ယွင်းချက် မရှိသော အနည်းဆုံး **<u>အသက်နှစ်ဆယ်ငါးနှစ် (25) နှစ်ရှိသူ တစ်ဦး</u>**။
2. သင်မောင်းခွင့် ကတ်ပြား လျှောက်ထားမည့်သူ တစ်ဦးသည် ပြီးခဲ့သည့် နှစ် (2) နှစ်အတွင်း ပြစ်မှုကင်းသော မောင်းနှင်မှု မှတ်တမ်းကို ထိန်းသိမ်းထားရမည်။
3. ကာယကံရှင်သည် အငယ်တန်း ယာဉ်မောင်းလိုင်စင်မရရှိမီ သင်မောင်းခွင့် ကတ်ပြားကို အနည်းဆုံး တစ် (1) နှစ် ပိုင်ဆိုင်ထားရမည်။
4. လူတစ်ဦးသည် အငယ်တန်း ယာဉ်မောင်းလိုင်စင် မရရှိမီ အထက်တွင်ဖော်ပြထားသော လူများထဲမှ တစ်ဦးက ယာဉ်မောင်းဘေးတွင် အဖော်ပြုလိုက်ပါစီးနင်းပြီး ညအချိန် မောင်းနှင်ခြင်း အနည်းဆုံး တစ်ဆယ် (10) နာရီ အပါအဝင် စတီယာရင်၏နောက်တွင် ထပ်တိုး နာရီ လေးဆယ် (40) ကို မောင်းနှင်ပြီးဖြစ်ရမည်။ နာရီ လေးဆယ် (40) လေ့ကျင့်မှုသည် ယာဉ်မောင်း လေ့ကျင့်ရေးသင်တန်း ပြီးစီးရန်အတွက် လိုအပ်သော စတီယာရင်ကိုင်၍ ခြောက်နာရီကြာ သင်ကြားပို့ချမှုတွင် ထပ်တိုးဆောင်ရွက်ရန် လိုအပ်ခြင်း ဖြစ်သည်။ ဤထပ်တိုး လေ့ကျင့်မှုကို အထက်တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များထဲမှ တစ်ဦးက အတည်ပြုပေးရမည်။ မှတ်ချက်- 'ညအချိန် မောင်းနှင်ခြင်း' ဆိုသည်မှာ နေဝင်ပြီးနောက် မိနစ် သုံးဆယ် (30) မှ နေမထွက်မီ မိနစ် သုံးဆယ် (30) အထိ အချိန်အတွင်းတွင် မောင်းနှင်ခြင်းဟု အဓိပ္ပာယ် သတ်မှတ်ပါသည်။
5. ကာယကံရှင်သည် အငယ်တန်းယာဉ်မောင်းလိုင်စင် မရရှိမီ ခြောက် (6) လအတွင်း သင်မောင်းခွင့် ကတ်ပြား ပြန်အပ်ရခြင်း၊ ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း မရှိရဘဲ 'ပြစ်ချက်ကင်းသော' ယာဉ်မောင်းမှတ်တမ်းကို ထိန်းထားရမည်။
6. အငယ်တန်း ယာဉ်မောင်းလိုင်စင်ကို ကိုင်ဆောင်ထားစဉ် လူတစ်ဦးသည် အငယ်တန်း ယာဉ်မောင်းလိုင်စင် ရရှိပြီး တစ် (1) နှစ်အတွင်း သူ၏ အလုပ်အတွက် ယာဉ်မောင်းနှင်ခြင်း မပြုလုပ်နိုင်ပါ။ ဥပမာ လူတစ်ဦးသည် အငယ်တန်း ယာဉ်မောင်းလိုင်စင် ရရှိပြီး တစ် (1) နှစ်၊ သို့မဟုတ် အသက် တစ်ဆယ့်ရှစ် (18) နှစ်ပြည့်သည့်အချိန်၊ အဆိုပါအချိန် နှစ်ခုအနက် အလျင်ကျသည့် နေ့မတိုင်မီအထိ ပီဇာပေးပို့သော ယာဉ်မောင်းအဖြစ် မဆောင်ရွက်နိုင်ပါ။
7. အငယ်တန်းယာဉ်မောင်းလိုင်စင်ကိုင်ထားသူသည် အခကြေးငွေယူပြီး ခရီးသည်များကို တင်ဆောင်၍မရပါ။
8. အငယ်တန်းယာဉ်မောင်းလိုင်စင် ရရှိပြီး ပထမ သုံး (3) လအတွင်း တစ်ယောက်တည်းမောင်းနှင်ခွင့် မရှိပါ။ လိုင်စင်ရှိပြီး မသန်စွမ်းမဟုတ်သော မိဘ (သို့) အုပ်ထိန်းသူ သို့မဟုတ် လိုင်စင်ရ (သို့) အသိအမှတ်ပြုလက်မှတ်ရ မသန်စွမ်းမဟုတ်သော ယဉ်မောင်းပညာရေး သင်တန်းနည်းပြ (သို့) လိုင်စင်ရှိပြီး မသန်စွမ်းမဟုတ်သော အသက် 25 နှစ်နှင့်အထက်ရှိသူတစ်ဦးက ရှေ့ခန်းထိုင်ခုံတွင် လိုက်ပါစီးနင်းမှသာ ခရီးသည်များကို တင်ဆောင်ခွင့်ပြုပါသည်။ ထိုသူတို့ထဲမှ တစ်ဦး (1) ယာဉ်ထဲတွင် ရှိနေပါက

ခရီးသည်အရေအတွက်အပေါ် ကန့်သတ်ချက်များ မရှိပါ။ သို့သော် ပါရှိသည့် လုံခြုံရေးခါးပတ်အရေအတွက်ထက်ပိုသော ခရီးသည်များကို တင်ဆောင်ရန် ယာဉ်မောင်းအား ခွင့်မပြုပါ။

9. အငယ်တန်းယာဉ်မောင်းလိုင်စင် ရရှိပြီး ဒုတိယ သုံး (3) လအတွင်း လူတစ်ဦးသည် မိသားစုဝင်အရင်းအချာများ (မောင်နှမများနှင့် မိဘများသာ) ကို စတင်သယ်ယူပို့ဆောင်နိုင်ပါသည်။

10. အငယ်တန်း ယာဉ်မောင်းလိုင်စင်ရရှိပြီး ခြောက် (6) လနောက်ပိုင်းတွင် မော်တော်ယာဉ်အတွင်း တင်ဆောင်နိုင်သော ခရီးသည်အရေအတွက်ကို ကန့်သတ်ထားခြင်း မရှိတော့ပါ။ သို့သော် ပါရှိသည့် လုံခြုံရေးခါးပတ်အရေအတွက်ထက်ပိုသော ခရီးသည်များကို တင်ဆောင်ရန် ယာဉ်မောင်းအား ခွင့်မပြုပါ။

11. Vermont အငယ်တန်း ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူ တစ်ဦးသည် ယာဉ်မောင်းလိုင်စင်ရရှိရေး အရည်အချင်း ပြည့်မီစေရန် အသက် တစ်ဆယ့်ရှစ် (18) နှစ် ဖြစ်ရမည်ဖြစ်ပြီး ပြီးခဲ့သည့် ခြောက် (6) လအတွင်း ပြန်အပ်ရခြင်းများ၊ ဆိုင်းငံ့ခံရခြင်းများ သို့မဟုတ် ရုပ်သိမ်းခံရခြင်းများ မရှိရပါ။ ဤ ခြောက်
(6) လ အချိန်ကာလသည် ၎င်းတို့အား နဂိုအခွင့်အရေး ပြန်လည်ပေးအပ်သည့်နေ့မှ စတင်ပါသည်။

12. အခြား ပြည်နယ်တစ်ခုမှ အငယ်တန်း ယာဉ်မောင်းလိုင်စင်ရရှိထားသူတစ်ဦးသည် Vermont အငယ်တန်း ယာဉ်မောင်းလိုင်စင်လျှောက်ထားချိန်တွင် သူ သို့မဟုတ် သူမသည် Vermont ၏ လိုအပ်ချက်များကို ပြည့်မီသော သို့မဟုတ် ယင်းထက်သာလွန်သော ပြည်နယ်မှ အတည်ပြုထားသော ယာဉ်မောင်း ပညာရေးသင်တန်းကို အောင်မြင်စွာပြီးစီးထားကြောင်း အထောက်အထား ပေးအပ်ရန် လိုအပ်သည်။ သူတို့သည် မျက်စိစစ်ဆေးခြင်း၊ ရေးဖြေစစ်ဆေးခြင်းနှင့် လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်းတို့ လိုအပ်ပါမည်။ သူတို့သည် အခြားပြည်နယ်၏ လိုင်စင်ကို အနည်းဆုံး ခြောက်လ ကိုင်ဆောင်ထားခြင်းမရှိပါက လက်မှတ်ရ လိုင်စင် ဥပဒေကိုလည်း လိုက်နာရပါမည်။

13. သင်မောင်းခွင့် ကတ်ပြား သို့မဟုတ် အငယ်တန်း ယာဉ်မောင်း လိုင်စင်တို့ကို ပြန်လည်အပ်နှံရမည့် 'ယာယီ လိုင်စင်' တစ်ခုအဖြစ် သတ်မှတ်ပါသည်။ အောက်ဖော်ပြပါ လုပ်ဆောင်ချက် တစ်ခုခုသည် သင်မောင်းခွင့် ကတ်ပြား သို့မဟုတ် အငယ်တန်း ယာဉ်မောင်း လိုင်စင်ကို ပြန်အပ်ရစေနိုင်ပါသည် **(အသေးစိတ်အချက်အလက်များအတွက် 23 VSA § 607a, § 614aကို ကြည့်ပါ)**-

- မိမိကားကို ငှားရမ်းသော ခရီးသည်များအား တင်ဆောင်ခြင်း၊ အငယ်တန်း ယာဉ်မောင်း စည်းကမ်းချိုးဖောက်မှု (CPH) = ရက်ပေါင်း 90 ပြန်အပ်ရခြင်း
- အလုပ်ရှင်/အလုပ်အကိုင်အတွက် မောင်းနှင်ခြင်း၊ အငယ်တန်း ယာဉ်မောင်း စည်းကမ်းချိုးဖောက်မှု (DFE) = ရက်ပေါင်း 90 ပြန်အပ်ရခြင်း
- လွှဲပြောင်းပေးရေး/ပြန်လည်ပြုပြင်ရေး ဘုတ်အဖွဲ့၏ ထောက်ခံချက်ဖြင့် ပြန်လည်အပ်နှံရခြင်း (DRB) = ရက်ပေါင်း 30 ပြန်အပ်ရခြင်း
- အငယ်တန်း ယာဉ်မောင်း စုဆောင်းအမှတ်များကြောင့် ပြန်လည် အပ်နှံရခြင်း (JRP) = ရက်ပေါင်း 90 ပြန်လည် အပ်နှံရခြင်း (အမြန်နှုန်းချိုးဖောက်မှုတစ်ခုတည်းအတွက် 3 မှတ် သို့မဟုတ် စုစုပေါင်းအတွက် 6 မှတ်)
- အငယ်တန်းယာဉ်မောင်း စာရိုက်ခြင်း (JRT) = ရက်ပေါင်း 30 ပြန်အပ်ရခြင်း (အနည်းဆုံး ဒဏ်ကြေး $100 နှင့် သင်၏ မောင်းနှင်မှုမှတ်တမ်းတွင် အနည်းဆုံး နှစ်မှတ် အပါအဝင်)
- ပြန်လည်အပ်နှံရခြင်း အကျိုးသက်ရောက်နေစဉ်အတွင်း လူတစ်ဦးသည် အငယ်တန်းယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်မောင်းလိုင်စင်အတွက် **လျှောက်ထား၍မရပါ** ။
- ပြန်လည်အပ်နှံရန် ထုတ်ပြန်ခံရသည့်အခါ လူတစ်ဦးသည် ကြားနာခြင်းဆောင်ရွက်ခွင့် ရှိပါသည်။
- သင်မောင်းခွင့် ကတ်ပြား သို့မဟုတ် အငယ်တန်းယာဉ်မောင်း လိုင်စင်ကို ပြန်အပ်ရသောအခါ လူတစ်ဦးသည် သတ်မှတ်ထားသော အချိန်ကာလ ကုန်ဆုံးချိန်နှင့် လိုအပ်ပါက ပြန်လည်စစ်ဆေးမှု အောင်မြင်ချိန်တွင် ၎င်းကို ပြန်လည် ရရှိနိုင်ပါသည်။
- သင်မောင်းခွင့် ကတ်ပြား/အငယ်တန်း ယာဉ်မောင်း လိုင်စင် ပြန်ရသည့်အခါ ထိုသို့ပြန်ယူမှုအတွက် အခကြေးငွေ မရှိပါ။

မော်တော်ယာဉ်တိုက်မှုသည် ဆယ်ကျော်သက်များ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှု၏ အဓိကအကြောင်းအရင်းဖြစ်သည်။ မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးအနေနှင့် သင်သည် သင့်ကလေး၏ ဘေးကင်းသော ယာဉ်မောင်းနှင်မှုအလေ့အထကို ထိန်းသိမ်းကိုင်တွယ်ပေးရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

ဤဥပဒေအရ အသက် 15 နှစ်မှ 18 နှစ်အရွယ် ဆယ်ကျော်သက်များသည် အဆင့်လိုက်မောင်းနှင်ခြင်းကို သင်ယူရန် လိုအပ်ပါသည်။ လူငယ်ယာဉ်မောင်းများအပေါ် ကန့်သတ်ချက်များသည် သိပ္ပံနည်းကျတွေ့ရှိချက်များနှင့် ဆယ်ကျော်သက်များအား အန္တရာယ်ရှိစေသည့် အဓိကအကြောင်းရင်းအချို့အပေါ် အခြေခံသည်– အသက်အရွယ်၊ ယာဉ်မောင်းသည့် အတွေ့အကြုံမရှိခြင်း၊ ခရီးသည်များနှင့် အခြားစိတ်ပျံ့လွင့်စရာများ။ GDL သည် ဆယ်ကျော်သက်များ၏ အသက်များကို ကယ်တင်ရန်နှင့် ထိခိုက်ဒဏ်ရာများကို လျှော့ချရန် ရှိနေခြင်းဖြစ်သည်။

သို့ရာတွင် GDL တစ်ခုတည်းဖြင့် ဆယ်ကျော်သက်အရွယ် ယာဉ်တိုက်မှုအားလုံးကို မတားဆီးနိုင်ပါ။

အမေရိကန် ဆယ်ကျော်သက်များသည် အရက်သောက်ခြင်းထက် ကားမောင်းစဉ် စာရိုက်ခြင်းကြောင့် ပို၍ သေဆုံးမှု များပါသည်။

D!STRACTION.GOV
စိတ်ပျံ့လွင့်စွာ မောင်းနှင်ခြင်းဆိုင်ရာ အမေရိကန်အစိုးရ တရားဝင်ဝက်ဘ်ဆိုဒ်

TURNOFFTEXTING.COM

*Tredegar ဘက်စုံဖွံ့ဖြိုးရေး ကျောင်းနှင့် Gwent ရဲတပ်ဖွဲ့ (Gwent သည် Wales၊ UK ၏ အရှေ့တောင်ပိုင်းတွင် ရှိသည်) မှ ကားမောင်းစဉ် စာရိုက်ခြင်း PSA ကိုကြည့်ရမည်*

## အခန်း 6 – လိုင်စင်ကြေး၊ သက်တမ်းတိုးခြင်းနှင့် လဲလှယ်ခြင်း

**<u>အခကြေးငွေ-</u>**

သင်မောင်းခွင့် ကတ်ပြားရရှိရန် ပေးဆောင်ရမည့် အခကြေးငွေများ

- စာမေးပွဲနှင့် သင်မောင်းခွင့်ကတ်ပြား ကြေး = $63.00 (အထွေထွေ ဗဟုသုတ စာမေးပွဲ $39.00 + ကတ်ပြားကြေး $24.00)

သင့်တွင် သက်တမ်းရှိသေးသော သင်မောင်းခွင့် ကတ်ပြားရှိပါက အငယ်တန်း ယာဉ်မောင်းလိုင်စင်အတွက် ပေးရမည့် အခကြေးငွေများ

- လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်းစာမေးပွဲနှင့် အငယ်တန်း ယာဉ်မောင်းလိုင်စင်= $62.00 (လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်း $23.00 + လိုင်စင် $39.00) (လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်းကို DMV မှ ဆောင်ရွက်ခြင်း မဟုတ်လျှင်ပင်)

သင့်တွင် သက်တမ်းရှိသေးသော သင်မောင်းခွင့်ကတ်ပြား ရှိပါက ယာဉ်မောင်းလိုင်စင်ရရှိရန် ပေးဆောင်ရမည့် အခကြေးငွေများ

- လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်းနှင့် 4 နှစ်သက်တမ်းရှိသော လိုင်စင် = $85.00 (လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်း $23.00 + လိုင်စင် $62.00)
- လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်းနှင့် 2 နှစ်သက်တမ်းရှိသော လိုင်စင်= $62.00 (လမ်းပေါ်မောင်းနှင်မှု စစ်ဆေးခြင်း $23.00 + လိုင်စင် $39.00)

အခြားပြည်နယ်မှ သက်တမ်းရှိသေးသော ယာဉ်မောင်းလိုင်စင်ရှိပါက ယာဉ်မောင်းလိုင်စင်အတွက် ပေးဆောင်ရမည့် အခကြေးငွေများ

- 4-နှစ်စာ လိုင်စင်ကြေး = $62.00
- 2-နှစ်စာ လိုင်စင်ကြေး = $39.00
- မော်တော်ဆိုင်ကယ်စီးနင်းရန် ထောက်ခံချက် ပါရှိမည်ဆိုပါက တစ်နှစ်လျှင် $4.00 စီ ထပ်တိုးပါမည်။

သက်တမ်းတိုးကြေး

- 4-နှစ်သက်တမ်းရှိသော လိုင်စင် = $62.00 (မော်တော်ဆိုင်ကယ်စီးရန် ထောက်ခံချက်ပါလျှင် = $78.00)
- 2-နှစ်သက်တမ်းရှိသော လိုင်စင် = $39.00 (မော်တော်ဆိုင်ကယ်စီးရန် ထောက်ခံချက်ပါလျှင် = $47.00)
- သင်မောင်းခွင့်ကတ်ပြား - $24.00

ပျောက်ဆုံးသွားခြင်း သို့မဟုတ် ပြင်ဆင်ခြင်းအတွက် သင်မောင်းခွင့်ကတ်ပြား သို့မဟုတ် လိုင်စင်အား လဲလှယ်ခြင်း (နာမည် သို့မဟုတ် လိပ်စာ ပြောင်းလဲခြင်း)

- $24.00

အဆင့်မြင့် ယာဉ်မောင်း လိုင်စင် (EDL)

- $36.00 (အခြားကုန်ကျစရိတ်များအပြင် ) – အဆင့်မြင့် ယာဉ်မောင်းလိုင်စင်ဆိုင်ရာ အသေးစိတ်အချက်အလက်များ ထပ်မံ သိရှိလိုပါက dmv.vermont.gov တွင် ဝင်ရောက်လေ့လာပါ

**အခကြေးငွေများသည် ဇန်နဝါရီလ 1 ရက်၊ 2024 ခုနှစ်မှစ၍ မှန်ကန်ပါသည်။ အခကြေးငွေအားလုံးသည် ပြောင်းလဲရန် ရှိပါသည်။**

အခကြေးငွေများအား အတည်ပြုရန် dmv.vermont.gov တွင် ဝင်ကြည့်ပါ။

## ခွင့်ပြုကတ်ပြား/လိုင်စင် သက်တမ်းတိုးခြင်း

- သင့်လိုင်စင် သို့မဟုတ် ခွင့်ပြုကတ်ပြား သက်တမ်းမကုန်ဆုံးမီ တစ်လခန့်အလိုတွင် သက်တမ်းတိုး လျှောက်လွှာကို ကျွန်ုပ်တို့၏ဖိုင်များတွင် စာရင်းပြုစုထားသည့် သင့်လိပ်စာသို့ စာပို့ပေးပါမည်။ ဖောင်ပေါ်ရှိ မေးခွန်းအားလုံးကို ဖြေဆိုပါ၊ ၎င်းကို လက်မှတ်ရေးထိုးပြီး သက်တမ်းတိုးဖောင်နှင့် အခကြေးငွေများကို မော်တော်ယာဉ်များဌာနသို့ ပြန်လည် ပေးပို့ပါ။ ထို့နောက် ဌာနက အသစ် ပြင်ဆင်ထားသော လိုင်စင် သို့မဟုတ် ခွင့်ပြုချက်တစ်ခုကို သင့်ထံသို့ ပို့ပေးပါမည်။ စာတိုက်မှတစ်ဆင့် သက်တမ်းတိုးဖောင် မရရှိပါက သက်တမ်းတိုး လျှောက်လွှာကို မော်တော်ယာဉ်များဌာန သို့မဟုတ် အွန်လိုင်းတွင် dmv.vermont.gov ၌ ရယူနိုင်ပါသည်။ ဖောင်ကို ဖြည့်ပြီး မှန်ကန်သော အခကြေးငွေနှင့်အတူ မော်တော်ယာဉ်ဌာန၊ 120 State Street ၊ Montpelier ၊ VT 05603-0001 သို့ စာတိုက်မှတစ်ဆင့်ပေးပို့ပါ၊ သို့မဟုတ် ကျွန်ုပ်တို့၏ ရုံးတစ်ရုံးသို့ ကိုယ်တိုင်လာရောက် ပေးပို့ပါ။ လိုင်စင်ဓာတ်ပုံတစ်ပုံသည် 8 နှစ် သက်တမ်း ရှိပါသည်။ လူကိုယ်တိုင် သက်တမ်းတိုးချိန်တိုင်းတွင် သင့်ဓာတ်ပုံကို အပ်ဒိတ်လုပ်ပါမည်။
- သက်တမ်းကုန်ဆုံးချိန် 14 ရက်ကျော်နေသော Vermont လိုင်စင်သည် တရားဝင်လိုင်စင် မဟုတ်တော့ပါ။ ထိုလိုင်စင်ဖြင့် သင် ကားမောင်း၍မရပါ။
- သင်၏ Vermont ယာဉ်မောင်းလိုင်စင်သည် သုံး (3) နှစ်ကျော် သက်တမ်းလွန်နေပါက လိုင်စင်အသစ်ရရှိရန် ပြန်လည်စစ်ဆေးခြင်း ခံယူရပါမည်။

  သင်၏ လိုင်စင်ကို mydmv.vermont.gov တွင် အွန်လိုင်းမှတစ်ဆင့် သက်တမ်းတိုးနိုင်ပါသည်။

## ပျောက်ဆုံးသွားသော ကျွန်ုပ်၏ လိုင်စင် သို့မဟုတ် သင်မောင်းခွင့်ကတ်ပြားကို မည်သို့ အစားထိုးလဲလှယ်နိုင်မည်နည်း။

လိုင်စင်ပျောက်သွားပါက မော်တော်ယာဉ်များဌာနမှ အစားထိုးလိုင်စင်တစ်ခု ရရှိနိုင်သည်။

သင့်လိုင်စင်ကို mydmv.vermont.gov တွင် အွန်လိုင်းမှတစ်ဆင့် အသစ်လဲနိုင်ပါသည်။

## ကျွန်ုပ်သည် နာမည် သို့မဟုတ် လိပ်စာ ပြောင်းခဲ့ပါသည်။ မည်သို့ လုပ်ရမည်နည်း။

သင်သည် သင့်နာမည် သို့မဟုတ် လိပ်စာကို ပြောင်းလဲလိုက်ပါက ရက်ပေါင်း 30 အတွင်း မော်တော်ယာဉ်များဌာနသို့ ပြောင်းလဲမှုအကြောင်း သတင်းပို့ရမည်။

သင့်လိပ်စာကို mydmv.vermont.gov တွင် အွန်လိုင်းမှတစ်ဆင့် ပြောင်းလဲနိုင်သည် (နာမည်ပြောင်းလဲမှုများအတွက် လူကိုယ်တိုင် လာရောက်ပြောင်းလဲရန် လိုသည်။)

## အခန်း 7 - ဘေးကင်းလုံခြုံစွာ မောင်းနှင်ခြင်းနှင့် သင်မောင်းခွင့် ကတ်ပြားအတွက် လေ့လာခြင်း

*ဤအခန်းရှိ အချက်အလက်များသည် သင့်အား ဘေးကင်းစွာမောင်းနှင်ရေး သင်ယူရန် ကူညီပေးမည်ဖြစ်ပြီး သင်မောင်းခွင့်ကတ်ပြား စာမေးပွဲအတွက် ပြင်ဆင်ရာတွင် အကူအညီပေးလိမ့်မည်။*

*သတိပြုပါ– ရေးဖြေစာမေးပွဲ မဖြေဆိုမီ ယာဉ်မောင်းလက်စွဲ စာအုပ်၏ ကျန်သောအပိုင်းများကို ဖတ်ထားရန် သေချာပါစေ။ လိုအပ်ချက်အားလုံး ပြည့်မီမှုမရှိသလို လိုအပ်သော စာရွက်စာတမ်းများအားလုံး မပေးရသေးပါက စစ်ဆေးမှု အောင်မြင်သော်လည်း ခွင့်ပြုကတ်ပြားကို ထုတ်ပေးလိမ့်မည် မဟုတ်ပါ။*

## မည်ကဲ့သို့ ဘေးကင်းလုံခြုံစွာ မောင်းနှင်မည်နည်း

မော်တော်ယာဉ်တိုက်မှုများသည် အများအားဖြင့် ယာဉ်မောင်း၏လုပ်ရပ်များ သို့မဟုတ် အမှားများကြောင့် ဖြစ်လေ့ရှိသည်။ သို့ရာတွင် မည်သည့်မော်တော်ယာဉ်မောင်းမဆိုသည် ဂရုစိုက်မှု၊ ယဉ်ကျေးမှုနှင့် သတိထားခြင်းတို့ကို ကိုင်စွဲပြီး သင့်လျော်သောအပြုအမူများကို နမူနာပြခြင်းဖြင့် ဘေးကင်းစွာ မောင်းနှင်နိုင်ပါသည်။

**<u>ဘယ်နေရာတွင် ကားစမောင်းသင့်သနည်း။</u>**

သင်မောင်းခွင့်ပြုချက် ရှိသူတစ်ဦးသည် ယာဉ်မရှိသော ကားပါကင် သို့မဟုတ် ယာဉ်အသွားအလာ များစွာမရှိသော လမ်းများပေါ်တွင် ဦးစွာ လေ့ကျင့်မောင်းနှင်သင့်သည်။ ကားရှုပ်သော နေရာများတွင် မမောင်းနှင်မီ အခြေခံ ကားထိန်းချုပ်မှုကို လေ့ကျင့်တည်ဆောက်ရန် အရေးကြီးသည်။ သင့်အရည်အချင်းများ တိုးတက်လာသည်နှင့်အမျှ ယာဉ်အသွားအလာပိုများသည့် လမ်းများပေါ်တွင် မောင်းနိုင်သည်။

သင်သည် အခြားယာဉ်မောင်းအများစုထက် ပို၍နှေးကွေးစွာ မောင်းနှင်နေနိုင်သောကြောင့် အန္တရာယ်တစ်ခုကို ဖန်တီးနေသကဲ့သို့ ဖြစ်နေနိုင်သည်။ အကယ်၍ သင့်နောက်တွင် ယာဉ်ကြောအသွားအလာ များလာပါက လမ်းဘေးဆင်းရပ်ရန် အဆင်ပြေသည့် အခြေအနေတွင် ဥပဒေအရ လမ်းဘေးသို့ ဆင်းရပ်ရန်နှင့် နောက်မှ လိုက်ပါလာသော ယာဉ်များကို သွားခွင့်ပေးရန် လိုအပ်သည်။ ဤသည်က သူတို့အတွက် ပိုမိုဘေးကင်းစွာ မောင်းနှင်နိုင်စေပြီး သင့်အတွက်ဆိုပါက—သင့်နောက်မှယာဉ်များ၏ ဖိအားပေးခြင်း မရှိသောကြောင့် ပို၍သက်သောင့်သက်သာ ဖြစ်စေပါမည်။

**<u>မည်သည့်အရာကို ဦးစွာလေ့ကျင့်သင့်သနည်း။</u>**

သင့်လက်နှစ်ဖက်ကို သင့်လျော်သောအနေအထားတွင် ထားပြီး ကားမောင်းခြင်းကို လေ့ကျင့်ပါ။ စတီယာရင်ကို နာရီဒိုင်ခွက်အနေနှင့် ကြည့်မည်ဆိုပါက 9 နှင့် 3 သို့မဟုတ် 8 နှင့် 4 အနေအထားကို သုံးရန် အကြံပြုလိုသည်။

ဘယ်ဘက်နဲ့ ညာဘက်အကွေ့များ၊ ညင်သာချောမွေ့သော ဘရိတ်နင်း ရပ်ခြင်းနှင့် ထိန်းချုပ်၍ စထွက်ခြင်းနှင့် ရပ်ခြင်းများကို လေ့ကျင့်ပါ။ ကွေ့ရန်အတွက် လက်တစ်ဖက်ပေါ်ကို အခြားလက်တစ်ဖက်တင်၍ စတီယာရင်ကို လွှဲပြောင်းထိန်းနည်းကို အသုံးပြုပါ။

**<u>ယာဉ်မောင်း အဆင်သင့်ဖြစ်ခြင်း</u>**

မမောင်းနှင်မီ သင်၏ မော်တော်ယာဉ်အတွက် အောက်ဖော်ပြပါတို့ ဆောင်ရွက်ရမည်-

1. ထိုင်ခုံကို သင့်လျော်စွာ ချိန်ညှိပါ။
2. မှန်အားလုံးကို ချိန်ညှိပါ။
3. ခြေထောက်နှင့် ကားရပ်/အရေးပေါ် ဘရိတ်များကို စမ်းကြည့်ပါ
4. လုံခြုံရေး ခါးပတ်ကို ချိန်ညှိပြီး တပ်ပါ။
5. တံခါးများကို လော့ခ်ချပါ။
6. ရှေ့မီးကြီးများကို ဖွင့်ပါ။

**<u>သင့်ယာဉ်ကို ရပ်တန့်ခြင်း</u>**

လမ်းနှင့် ယာဉ်အခြေအနေများသည် အကောင်းဆုံးဖြစ်ပြီး ယာဉ်မောင်းသည် လုံးဝသတိရှိနေသည့်တိုင် မော်တော်ယာဉ်ကို ရပ်တန့်ရန် ရှည်လျားသောအကွာအဝေးတစ်ခု လိုအပ်သည်။ သင့်ယာဉ်ကို ရပ်တန့်ရန် အောက်ပါအချက်လေးချက်ကို လုပ်ဆောင်ရမည်-

1. သင်သည် အန္တရာယ်ကို မြင်တွေ့သိရှိပြီး ရပ်တန့်ရန် လိုအပ်ကြောင်း နားလည်ရမည်။

2. ဘရိတ်ကိုနင်းရန် သင့်ဦးနှောက်က သင့်ခြေထောက်ကို ညွှန်ကြားရမည်။
3. ဘရိတ်ခြေနင်းဆီသို့ ခြေထောက်ရွှေ့ပြီး ဘရိတ်အုပ်ရမည်။
4. သင့်ဘရိတ်များသည် ကောင်းစွာအလုပ်လုပ်ရမည်။

အန္တရာယ်ကို တွေ့မြင်သည့် အခိုက်အတန့်မှ ဘရိတ်နင်းချိန်အထိ သင့်ယာဉ် ရွေ့လျားသည့် အကွာအဝေးကို တုံ့ပြန်မှု အကွာအဝေးဟုခေါ်သည်။ အန္တရာယ်ကို တွေ့မြင်ပြီးနောက် ပုံမှန်ယာဉ်မောင်းတစ်ဦးသည် ဘရိတ်များကိုနင်းရန် တစ်စက္ကန့်၏ 4 ပုံ 3 ပုံ အချိန်ကြာပါသည်။ မောင်းနှင်သည့် အရှိန်ပိုများလေ၊ ယာဉ်မောင်းက ဘရိတ်မအုပ်နိုင်ခင် ယာဉ်ရွေ့လျားသည့် အကွာအဝေး ပိုများလေဖြစ်သည်။ ဘရိတ်အုပ်သည့်အချိန်မှ ယာဉ်ရပ်တန့်သွားချိန်အထိ သင့်ယာဉ်ရွေ့လျားသည့် အကွာအဝေးကို ဘရိတ်အုပ်သည့် အကွာအဝေးဟုခေါ်သည်။ ဘရိတ်အုပ်သည့် အကွာအဝေးသည် လမ်းအခြေအနေပေါ်မူတည်၍ ကွဲပြားပါမည်။ စိုစွတ်သော၊ အေးခဲနေသော သို့မဟုတ် ကျောက်စရစ်ထူထပ်သော လမ်းများတွင် ဘရိတ်အုပ်သည့် အကွာအဝေး ပိုမိုရှည်လျားမည်ကို သိရှိထားရန် အရေးကြီးသည်။ အထူးသဖြင့် မိုးစရွာချိန် ဆီ၊ ရော်ဘာ၊ ဖုန်နှင့် ရေတို့ ပေါင်းစပ်မိသောအခါ လမ်းများကို ချော်စေပြီး သင်၏ ဘရိတ်အုပ်သည့် အကွာအဝေးကို ပိုရှည်စေသည်။



**အချက်ပြမှုများ**

ယာဉ်မောင်းတစ်ဦးသည် မကွေ့မီ သို့မဟုတ် လမ်းကြောမပြောင်းမီ ပေ 100 ထက်မနည်းသော အကွာအဝေးတွင် အကွေ့အချက်ပြမီးကို အသုံးပြုရမည်ဟု ဥပဒေအရ သတ်မှတ်ထားသည်။ ဤလုပ်ဆောင်ချက်တစ်ခုခုကို မပြုလုပ်မီ သုံးစက္ကန့်မှ ငါးစက္ကန့်အထိ ကြိုတင်အချက်ပြခြင်းဖြင့် ဤသတ်မှတ်ချက်ကို လိုက်နာရာရောက်ပါသည်။ သင့်ဘရိတ်များကို အသုံးပြုခြင်းသည် အရှိန်လျှော့ရန် သို့မဟုတ် ရပ်တန့်ရန် စီစဉ်နေကြောင်း သင့်နောက်မှ ယာဉ်များကို အချက်ပေးပါမည်။ သင့်ယာဉ်၏ အကွေ့အချက်ပြမီးများ သို့မဟုတ် ဘရိတ်မီးများ အလုပ်မလုပ်ပါက သင်သည် ရပ်တန့်ရန် သို့မဟုတ် ကွေ့ရန် စီစဉ်နေကြောင်း အခြားယာဉ်မောင်းများအား အသိပေးရန် လက်အချက်ပြမှုများကို အသုံးပြုရမည်။ အကွေ့အချက်ပြမီးများ သို့မဟုတ် ဘရိတ်မီးများ အလုပ်မလုပ်လျှင် ၎င်းတို့ကို ချက်ချင်းပြုပြင်ရမည်။

**ဘယ်ကွေ့ခြင်းများ**

ယာဉ်တိုက်မှုများစွာသည် မော်တော်ယာဉ်တစ်စီး ဘယ်ဘက်သို့ ကွေ့သည့်အခါ ဖြစ်ပွားသည်။ ယာဉ်မောင်းက မှန်ကန်စွာကွေ့ခဲ့လျှင် အဆိုပါ ယာဉ်တိုက်မှုအများစု ဖြစ်လာမည်မဟုတ်ပါ။

လမ်းဆုံတစ်ခုသို့ ချဉ်းကပ်လာပြီး သင်သည် ထိုနေရာတွင် ဘယ်ဘက်သို့ ကွေ့လိုသောအခါ သင်၏ ကွေ့မည့်ရည်ရွယ်ချက်ကို အခြားသူများအား သတိပေးရန် 3 စက္ကန့်မှ 5 စက္ကန့် ကြိုတင်၍ အချက်ပြပေးရမည်။ ထို့နောက် ဖြည်းဖြည်းချင်း အရှိန်လျှော့ရင်း သင့်နောက်ဘက်ရှိ ယာဉ်မောင်းသည် သင့်အချက်ပြမှုကို နားလည်ထားကြောင်း သိနိုင်ရန် နောက်ကြည့်မှန်ကို ကြည့်ပေးပါ။ သင့်အနောက်ဘက်မှ စက်ဘီးစီးသူ သို့မဟုတ် မော်တော်ယာဉ်သည် သင့်ဘယ်ဘက်မှ ကျော်တက်ရန် ကြိုးစားနေခြင်း မရှိကြောင်း သေချာပါစေ။ လမ်းကြောများသော လမ်းမကြီးပေါ်တွင် မကွေ့မီတွင် သင်သည် ဘယ်ဘက်လမ်းကြောတွင် ရှိနေကြောင်း အမြဲသေချာပါစေ။ ညာဘက်လမ်းကြောမှ ဘယ်ဘက်လမ်းကြောသို့ ဘယ်တော့မှ ရုတ်တရက် မပြောင်းရ။




သင်ကွေ့မည့်နေရာသို့ ရောက်သည့်အခါ မကွေ့မီတွင် သင့်ဘက်သို့ လာနေသောယာဉ်များ ရှင်းသွားသည်အထိ စောင့်ဆိုင်းပါ။ အန္တရာယ်ကင်းသည်ဆိုလျှင် သင့်ယာဉ်ကို အလယ်မျဉ်း၏ တစ်ပေအတွင်းတွင် နေရာယူထားပါ။ ကွေ့ရန် အဆင်သင့်မဖြစ်မချင်း ကားဘီးများကို တစ်ဖြောင့်တည်းထားပါ - ထိုနည်းဖြင့် သင့်ကို နောက်ဘက်မှ ဝင်တိုက်မိလျှင် လာနေသည့် ယာဉ်ကြောထဲသို့ ရောက်သွားမည်မဟုတ်ပါ။ လာနေသည့်ယာဉ် သို့မဟုတ် စက်ဘီးစီးသူကို ဦးစားပေးရမည်။ သင်ကွေ့မည့်ဘက်တွင် လမ်းကူးနေနိုင်သည့် လမ်းသွားလမ်းလာများရှိ၊ မရှိ အမြဲကြည့်ရှုစစ်ဆေးရန် မမေ့ပါနှင့်။ အကယ်၍ လမ်းသွားလမ်းလာများရှိလျှင် ၎င်းတို့ကို ဦးစားပေးရမည်။

လမ်းရှင်းသွားသည့်အခါ သင့်လျော်သည့် အရှိန်ဖြင့်ကွေ့ပြီး အလယ်မျဉ်း၏ ညာဘက်တွင် ရှိနေပါစေ။ ကွေ့ပြီးသွားသည့်နောက် နောက်ကြည့်မှန်ကို ကြည့်ပြီး လမ်းကြောထဲတွင် သင့်ယာဉ်ကို အလယ်တည့်တည့်၌ ရှိအောင်ထားပါ။

- မကွေ့မီကတည်းက နောက်မှလိုက်လာသည့် ယာဉ်များရှိ၊ မရှိ ကြည့်ပြီး အလယ်မျဉ်း၏ တစ်ပေအကွာတွင် ရှိနေကာ နေရာပေးရန် လိုအပ်ခြင်းရှိ၊ မရှိ ၎င်းတို့အား အချက်ပြပါ။

- မကွေ့မီနှင့် အရှိန်မလျှော့မီ 3 စက္ကန့်မှ 5 စက္ကန့် ကြိုတင်၍ အချက်ပြပါ။
- စမကွေ့မီတွင် လမ်းဆုံ၏ ညာဘက်၊ ရှေ့ဘက်နှင့် ဘယ်ဘက်တို့ကို ကြည့်ပါ။
- အလယ်မျဉ်း၏ ညာဘက်တွင်ကပ်ပြီး လမ်းထဲသို့ဝင်ပါ။
- ကွေ့ပြီးသွားသည့်နောက် နောက်ကြည့်မှန်ကို ကြည့်ပြီး သင့်လမ်းကြောထဲတွင် ယာဉ်ကို အလယ်တည့်တည့်၌ ရှိအောင်ထားပါ။

**<u>ညာကွေ့ခြင်းများ</u>**




ညာသို့ကွေ့ရန် ချဉ်းကပ်သည့်အခါ ယာဉ်သည် လမ်း၏ညာဘက်နှင့် သုံးပေခန့်အကွာတွင် ရှိနေသင့်သည်။ ညာဘက်သို့ မကွေ့မီတွင် သင့်ယာဉ်ကို ဘယ်ဘက်သို့ မယိမ်းပါနှင့်။ အခြားသူများအား သင်ကွေ့လိုကြောင်း သတိပေးရန် 3 စက္ကန့်မှ 5 စက္ကန့် ကြိုတင်၍ အချက်ပြပါ။ ထို့နောက် ဖြည်းဖြည်းချင်း အရှိန်လျှော့ရင်း သင့်အချက်ပြမှုကို နောက်ဘက်မှ ယာဉ်မောင်းသူ နားလည်ခြင်း ရှိ၊ မရှိ သိရှိရန် ကြည့်မှန်ကိုကြည့်ပါ။ စမကွေ့မီ လမ်းဆုံ၏ ဘက်ဘက်၊ ရှေ့ဘက်နှင့် ညာဘက်တို့ကို ကြည့်ပါ။

ကွေ့နေရင်း လမ်း၏ ညာဘက်တွင် စက်ဘီးစီးသူများ သို့မဟုတ် လမ်းဖြတ်ကူးသူများ ရှိ၊ မရှိကို သတိဖြင့် အမြဲကြည့်ပါ။ လမ်းဖြတ်ကူးသူ သို့မဟုတ် စက်ဘီးစီးသူကို ဦးစားပေးရမည်။

သင့်လမ်းကြော၏ ညာဘက်တွင် ကပ်ပြီး ကွေ့ပါ။ ကွေ့ပြီးသည့်အခါ နောက်ကြည့်မှန်ကိုကြည့်ပြီး သင့်ယာဉ်ကို ယာဉ်ကြောထဲတွင် ဗဟိုကျနေပါစေ။

- မကွေ့မီကတည်းက နောက်ကလိုက်လာသည့် ယာဉ်များကို ကြည့်ပြီး သင့်ယာဉ်ကြော၏ ညာဘက်သို့ကပ်ပြီး နေရာပေးပါ။
- မကွေ့မီနှင့် အရှိန်မလျှော့မီ 3 စက္ကန့်မှ 5 စက္ကန့် ကြိုတင်၍ အချက်ပြပါ။
- စမကွေ့မီတွင် လမ်းဆုံ၏ ဘက်ဘက်၊ ရှေ့ဘက်နှင့် ညာဘက်တို့ကို ကြည့်ပြီး ဘယ်ဘက်ကို အမြန်ထပ်ကြည့်ပါ။
- ကွေ့နေစဉ်တွင် ညာဘက်သို့ ကပ်ပေးပါ။ ကွေ့ပြီးသည့်အခါ ကြည့်မှန်ကိုကြည့်ပြီး ယာဉ်ကို သင့်လမ်းကြောတွင် အလယ်တည့်အောင်ထားပါ။

မှတ်ချက်- သင့်ဦးတည်ချက်အတိုင်းသွားသည့် လမ်းကြော တစ်ခုထက် ပိုများသော လမ်းတစ်ခုသို့ ကွေ့သည့်အခါ အနီးဆုံးလမ်းကြောသို့ ကွေ့ဝင်ပါ။

ထို့နောက် ယာဉ်ကြောများစွာပါသည့် လမ်းပေါ်တွင် မောင်းနှင်ရမည့် အခြေခံ စည်းမျဉ်းများကို လိုက်နာပါ- ကျော်တက်ခြင်း သို့မဟုတ် ကွေ့ဝင်ခြင်းမဟုတ်လျှင် ညာဘက်သို့ကပ်မောင်းပါ။

**<u>မျက်မြင် ရှာဖွေမှုပုံစံ</u>**

ယာဉ်မောင်းတစ်ဦးသည် လမ်းသွားလမ်းလာများ၊ စက်ဘီးစီးသူများနှင့် အခြားထိခိုက်လွယ်သော အသုံးပြုသူများအပါအဝင် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များကို အဆက်မပြတ် ကြည့်ရှုနေသင့်သည်။ မျက်မြင် ရှာဖွေမှုပုံစံသည် ဦးတည်ရာအားလုံးရှိ အန္တရာယ်များကို ရှာဖွေရန် စနစ်တကျပြုလုပ်သော နည်းလမ်းတစ်ခုဖြစ်သည်။ ထပ်ခါတလဲလဲ ရှာဖွေမှုပုံစံသည် ယာဉ်မောင်းအတွက် လမ်းအခြေအနေများ ပြောင်းလဲလာမှုအပြင် ဂရုစိုက်စွာထားသော ခရီးလမ်းကြောင်းနှင့် အနီးဝန်းကျင်ရှိ အပြောင်းအလဲများကို သတိပြုမိစေရန် ကူညီပေးနိုင်သည်။

**<u>လေးစက္ကန့် - နောက်မှကပ်လိုက်ရန် ဘေးကင်းသော အကွာအဝေး</u>**

သင့်ရှေ့မှယာဉ်နှင့် နီးကပ်လွန်းခြင်း ရှိ၊ မရှိကို သင်မည်သို့သိသနည်း။ 4 စက္ကန့်နည်းလမ်းကို အသုံးပြု၍ အမြန်ရပ်တန့်ရမည်ဆိုပါက သင့်ယာဉ်နှင့် သင့်ရှေ့ရှိယာဉ်ကြားတွင် နေရာအလုံအလောက် ရှိနေသင့်သည်။ သို့သော် အကယ်၍ သင်သည် ဆိုးရွားသော လမ်းအခြေအနေတွင် မောင်းနှင်နေပါက မြင်နိုင်စွမ်း နည်းပါးနေသည့်အခါ သို့မဟုတ် အရှိန်မြင့်စွာ မောင်းနှင်သည့်အခါ နောက်မှလိုက်သည့် အကွာအဝေးကို လေးစက္ကန့်စာထက်ပို၍ ခွာထားသင့်သည်။ သင့်ယာဉ်နှင့် သင့်ရှေ့ရှိယာဉ်ကြား အကွာအဝေးကို အမြန်နှုန်းနှင့် လက်ရှိအခြေအနေများဖြင့် ဆုံးဖြတ်သင့်သည်။

**<u>ဘေးကင်းစေမည့် လေးစက္ကန့်စာ အကွာအဝေးအတွက် ဤအဆင့်များကို လိုက်နာပါ</u>**

1. ရှေ့မှယာဉ်သည် ဆိုင်းဘုတ်၊ အိမ်အဝင်လမ်း၊ တိုင် သို့မဟုတ် ရပ်ထားသည့် ယာဉ်ကဲ့သို့သော အမှတ်အသား နေရာတစ်ခုကို ဖြတ်သန်းတော့မည်ဖြစ်သည်။
2. ထိုအမှတ်အသား နေရာကို ထိုယာဉ်၏ နောက်ဘက်အစွန်းက ကျော်သွားသည်နှင့် စက္ကန့်များကို စတင်ရေတွက်ပါ။
3. သင့်ယာဉ်က ထိုအမှတ်အသား နေရာကို ရောက်ရှိသည့်အခါ ရေတွက်ခြင်းကို ရပ်တန့်ပါ။ အကယ်၍ သင့်ယာဉ်သည် ထိုနေရာသို့ရောက်ရန် လေးစက္ကန့်ထက် ပိုစောပါက သင်သည် နောက်မှ အလွန်နီးကပ်စွာလိုက်နေပြီး နောက်မှကပ်လိုက်သည့် အကွာအဝေးကို တိုးမြှင့်ရမည်။ အကယ်၍ ထိုနေရာသို့ရောက်ရန် လေးစက္ကန့် သို့မဟုတ် ထို့ထက်ပိုကြာလျှင် သင်သည် နောက်မှ ဘေးကင်းစွာလိုက်နေသည်။

**မှတ်ချက်**- စက္ကန့်များကို ရေတွက်ရန် လွယ်ကူသော နည်းတစ်ခုမှာ "တစ်ထောင့်တစ်၊ တစ်ထောင့်နှစ်" ဟူ၍ ရေတွက်ရန်ဖြစ်သည်။

**<u>အမြန်နှုန်း ကန့်သတ်ချက်များနှင့် ဘေးကင်းစေသော အမြန်နှုန်းများ</u>**

Vermont လမ်းများအားလုံးရှိ မည်သည့်ယာဉ်အတွက်မဆို အများဆုံး အမြန်နှုန်းမှာ တစ်နာရီလျှင် မိုင် 50 သို့မဟုတ် ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။ Vermont ရှိ ပြည်နယ်ကူးလမ်းတစ်ခုပေါ်တွင် မည်သည့်ယာဉ်အတွက်မဆို အများဆုံး အမြန်နှုန်းမှာ တစ်နာရီလျှင် 65 မိုင် သို့မဟုတ် ဖော်ပြထားသည့်အတိုင်း ဖြစ်သည်။ မော်တော်ယာဉ်ကို အမြဲတမ်း ထိန်းချုပ်နိုင်သည့် အခြေအနေဖြင့် မောင်းနှင်ရမည်ဟု ဥပဒေတွင် ဖော်ပြထားသည်။ ယာဉ်တစ်စီးကို လမ်းပေါ်တွင်ရှိနိုင်သည့် အန္တရာယ်များအား ထည့်သွင်းစဉ်းစားလျက် ကျိုးကြောင်းဆီလျော်သော အရှိန်ဖြင့် မောင်းနှင်ရမည်။ လမ်းဆုံများ၊ လမ်းကွေ့များ၊ ယာဉ်ကြောထူထပ်သည့် နေရာများ၊ ဆောက်လုပ်ရေး ဇုန်များအတွင်း၊ ဆိုးရွားသော ရာသီဥတုအတွင်းနှင့် လမ်းသွားလမ်းလာများ သို့မဟုတ် စက်ဘီးစီးသူများ ရှိနေသောအခါတွင် မောင်းနှင်မှု အခြေအနေများအတွက် ဘေးကင်းသော အရှိန်ဖြင့် မောင်းနှင်ရမည်။ ယာဉ်တိုက်မှု အများအပြားသည် အခြေအနေအရ အရှိန်လွန်မောင်းနှင်ခြင်းကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် တစ်နာရီလျှင် 10 မိုင်သည်ပင်လျှင် အန္တရာယ်မကင်းသော အမြန်နှုန်းဖြစ်နိုင်သည်။

**<u>လမ်းဦးစားပေးခြင်း</u>**




1. မည်သည့်လမ်းတွင်မဆို ယာဉ်မောင်းတစ်ဦးသည် လမ်းသွားလမ်းလာများ၊ စက်ဘီးစီးသူများနှင့် လမ်းဆုံတွင်ရှိနေနိုင်သော အခြားယာဉ်အသွားအလာများကို ဦးစားပေးရမည်။
2. "လမ်းဦးစားပေးပါ" ဆိုင်းဘုတ်ဖြင့် အမှတ်အသားပြုထားသော လမ်းဆုံအနီးသို့ ရောက်သောအခါ လိုအပ်ပါက ရပ်တန့်နိုင်လောက်အောင် အရှိန်နှေးနှေးဖြင့် မောင်းနှင်ရန် လိုအပ်သည်။ လမ်းကြောရှင်းမှသာ ဝင်ပါ။
3. လေးလမ်းသွား ရပ်တန့်ရမည့်နေရာတွင် ပထမဆုံး ရောက်ရှိမည့်ယာဉ်ကို ဦးစားပေးသင့်သည်။
4. လေးလမ်းသွား လမ်းဆုံသို့ မတူညီသော ဦးတည်ရာတို့မှ ယာဉ်နှစ်စီးသည် ပြိုင်တူနီးပါး ရောက်ရှိလာလျှင် ဘယ်ဘက်မှ ယာဉ်မောင်းသူသည် ညာဘက်မှ ယာဉ်မောင်းသူကို ဦးစားပေးသင့်သည်။
5. အကယ်၍သင်သည် ဘယ်ဘက်သို့ကွေ့လျှင် လာနေသည့် ယာဉ်ကြောအားလုံးကို ဦးစားပေးရမည်။ မော်တော်ယာဉ်ဖြစ်စေ စက်ဘီးစီးသူဖြစ်စေ သင့်ထံသို့လာသည့် မည်သည့်ယာဉ်ကိုမဆို ဦးစားပေးရမည်။
6. အဝင်လမ်း၊ လမ်းသွယ်၊ ယာဉ်ရပ်နားရာနေရာ သို့မဟုတ် T-လမ်းဆုံမှ လမ်းမသို့ချဉ်းကပ်လာသော မောင်းနှင်သူတစ်ဦးသည် လမ်းမပေါ်ရှိ ယာဉ်ကြောအားလုံးကို ဦးစားပေးရမည်။
7. မည်သည့် လမ်းဆုံသို့မဆို မဝင်ရောက်မီ ဦးတည်ရာအားလုံးကို အမြဲကြည့်ရှုရမည်။ လမ်းဆုံသို့ မဝင်ရောက်မီ လမ်းကြောရှင်းကြောင်း သေချာပါစေ။

## သင်၏ကားကို ပါကင်ထိုးခြင်း

ကားမောင်းသည့် ပတ်ဝန်းကျင်တွင် ယာဉ်ရပ်နားရန်အတွက် ရွေးချယ်စရာများစွာရှိသည်။ ၎င်းတို့တွင် အပြိုင်ထိုးရသည့် ယာဉ်ရပ်နားမှု၊ ထောင့်တစ်ခုဖြင့် ထိုးရသည့် ယာဉ်ရပ်နားမှု (ဘယ် သို့မဟုတ် ညာ) နှင့် ထောင့်မှန် ယာဉ်ရပ်နားမှု (ဘယ် သို့မဟုတ် ညာ – ရှေ့တိုး သို့မဟုတ် နောက်ဆုတ်) ပါဝင်သည်။ ယာဉ်ရပ်နားရန် ဗဟိုမျဉ်းကို မကျော်ရ။ အပြိုင်ထိုးရသည့် ယာဉ်ရပ်နားမှုဆိုင်ရာ နောက်ထပ် အချက်အလက်များအတွက် ဤလေ့လာမှု လမ်းညွှန်၏ "လမ်းပေါ်တွင် မောင်းနှင်စစ်ဆေးခြင်း" ကဏ္ဍကို ကြည့်ပါ။

2 လမ်းသွား လမ်းပေါ်တွင် ရပ်ထားသောယာဉ်၏ ညာဘက်ဘီးများသည် လမ်း၏ညာဘက်ခြမ်း သို့မဟုတ် ကပ်တုံးမှ 12 လက်မအတွင်း ရှိရမည်။ တစ်လမ်းမောင်းတွင် ယာဉ်သည် လမ်း၏ဘေးဘက် 12 လက်မအတွင်း ရှိနေရမည်။ သင့်ယာဉ်သည် ယာဉ်ကြောသွားသည့်အတိုင်း တူညီသော ဦးတည်ရာဖြင့် ရပ်နားထားရမည်။

ကျေးလက်ဒေသရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် ကားရပ်ရမည်ဆိုပါက ဘီးများအားလုံးသည် ယာဉ်အသွားအလာပြုလုပ်သည့် လမ်းပိုင်းနှင့် ကင်းလွတ်နေရမည်။ တောင်ကုန်း၊ အကွေ့ သို့မဟုတ် သင့်ယာဉ်ကို မည်သည့်ဦးတည်ရာမှမဆို အနည်းဆုံး ပေ 150 အကွာမှ မမြင်နိုင်သည့်နေရာ သို့မဟုတ် ယာဉ်မရပ်ရန် ဖော်ပြထားသော မည်သည့်နေရာ၌မဆို ရပ်နားခြင်းမပြုရန် သတိထားပါ။

### <u>တောင်ကုန်းများပေါ်တွင် ယာဉ်ရပ်နားခြင်း</u>

တောင်ကုန်းပေါ်တွင် ယာဉ်ရပ်နားသည့်အခါတွင် သင့်ယာဉ်သည် ယာဉ်ကြောအတွင်းသို့ လိမ့်ဝင်မည်မဟုတ်ကြောင်း သေချာစေရမည်။ ယာဉ်ကြောအတွင်းသို့ လိမ့်ဝင်မသွားစေရန် ရှေ့ဘီးများကို အမြဲကွေ့ထားပြီး ပါကင်ဘရိတ်ကို ဖမ်းထားပါ။ (ဤနေရာတွင် ဓာတ်ပုံဖြင့် ဖော်ပြထားသော တောင်တက်နှင့် တောင်ဆင်း ယာဉ်ရပ်နားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် လမ်း သို့မဟုတ် ယာဉ်ကြော၏ ညာဘက်ခြမ်းတွင် ယာဉ်ရပ်နားခြင်းနှင့် သက်ဆိုင်သည်)။




### <u>သင် ယာဉ်မရပ်နားနိုင်သော နေရာ</u>

- အဝေးပြေးလမ်းမ၏ ယာဉ်သွားလာသည့် လမ်းပိုင်းပေါ်တွင်
- လမ်းဘေးတွင် ရပ်ထား သို့မဟုတ် ရပ်နားထားသော ယာဉ်တစ်စီး၏ ဘေးတွင်
- လူသွားစင်္ကြံပေါ်တွင်
- လမ်းဆုံတစ်ခုအတွင်း
- လူကူးမျဉ်းကြားပေါ်တွင်
- သင်က ယာဉ်အသွားအလာကို သင်က ပိတ်ဆို့စေသော လမ်းလုပ်ငန်း၏ ဘေးတွင်
- တံတားပေါ် သို့မဟုတ် ဥမင်ထဲတွင်
- မည်သည့် ရထားသံလမ်းပေါ်မဆို သို့မဟုတ် အနီးဆုံး ရထားသံလမ်းကူးနှင့် ပေ 50 အကွာအတွင်း
- ဝင်/ထွက်လမ်း၏ ထိပ်တွင်
- မီးသတ်ရေပိုက်ခေါင်းနှင့် 6 အကွာအတွင်း
- လမ်းဆုံရှိ လူကူးမျဉ်းကြားနှင့် ပေ 20 အကွာအတွင်း
- အနီ သို့မဟုတ် အဝါရောင် မှိတ်တုတ်မီး၊ ရပ်ဆိုင်းဘုတ် သို့မဟုတ် မီးပွိုင့်နှင့် ပေ 30 အကွာအတွင်း
- မီးသတ်ရုံးမှ အထွက်လမ်းနှင့် ပေ 20 အကွာအတွင်း သို့မဟုတ် ဆိုင်းဘုတ်များရှိသည့်အခါ အထွက်လမ်းနှင့် 75 ပေအကွာအတွင်း တစ်ဖက်လမ်းတွင်
- ယာဉ်မရပ်နားရ ဟူသော တရားဝင်ဆိုင်းဘုတ် တပ်ထားသည့် မည်သည့်နေရာမဆို
- အမှတ်အသားပြုထားသော စက်ဘီးစီးလမ်းပေါ်တွင်
- အမှတ်အသားပြုထားသော မသန်စွမ်းသူ ယာဉ်ရပ်နားရန် နေရာအတွင်းတွင်

### <u>အဝိုင်းပတ်များ</u>

အဝိုင်းပတ်ဆိုသည်မှာ ညာဘက်သို့ ကွေ့ခြင်းဖြင့်သာ ဝင်နိုင်ထွက်နိုင်ပြီး နာရီလက်တံ ပြောင်းပြန်အတိုင်းသွားသည့် လမ်းဆုံထိန်းချုပ်မှု အင်္ဂါရပ်တစ်ခုဖြစ်သည်။ အဝိုင်းပတ်များသည် ယာဉ်အသွားအလာနှောင့်နှေးမှု၊ ယာဉ်တိုက်မှုများ၊ လောင်စာဆီသုံးစွဲမှုနှင့် လေထုညစ်ညမ်းမှုကို လျှော့ချပေးသည်။ အခြေအနေအများစုတွင်

အဝိုင်းပတ်များသည် မော်တော်ယာဉ်များ၊ လမ်းသွားလမ်းလာများနှင့် စက်ဘီးစီးသူများကို ရပ်ဆိုင်းဘုတ်များ သို့မဟုတ် ယာဉ်ကြော အချက်ပြမှုများထက် ပိုမိုဘေးကင်းစွာ ကိုင်တွယ်နိုင်သည်။ အဝိုင်းပတ်သို့ ချဉ်းကပ်စဉ်၊ အဝိုင်းပတ် အတွင်းနှင့် အဝိုင်းပတ်မှ ထွက်သည့် ယာဉ်၏ အမြန်နှုန်းများမှာ နှေးကွေးသင့်သည်။

ယာဉ်မောင်းများသည် အဝိုင်းပတ်အတွင်းမှ ယာဉ်ကြောကို ဦးစားပေးရမည်။ ယာဉ်ကြောအတွင်း ဘေးကင်းသည့် နေရာလွတ်ရှိမှသာ အဝိုင်းပတ်အတွင်းသို့ ဝင်ရောက်ပါ။ လမ်းဆုံများ အားလုံးအဝိုင်းပင် သင်သည် အဝိုင်းသို့ ဝင်သည့်အခါ သို့မဟုတ် အဝိုင်းပတ်မှ ထွက်သည့်အခါ လမ်းသွားလမ်းလာများနှင့် စက်ဘီးစီးသူများကို ဦးစားပေးရမည်။ အဝိုင်းပတ်မှ သင်ထွက်လိုကြောင်း ပြသရန် အမြဲတမ်း အချက်ပြပါ။

အဝိုင်းပတ်အချို့တွင် ယာဉ်အသွားအလာအတွက် လမ်းကြောတစ်ခုထက် ပိုရှိတတ်သည်။ ထိုအခါတွင် အသုံးပြုသူသည် သင့်လျော်သော လမ်းကြောကို ရွေးချယ်ရန် အဝိုင်းပတ်အတွင်းသို့ မဝင်မီ ယာဉ်ကြောသတ်မှတ်မှု ဆိုင်းဘုတ်များကို အထူးဂရုပြုရန်လိုသည်။ လမ်းကြောများစွာပါသော အဝိုင်းပတ်တစ်ခုကို အဝင်အထွက်ပြုလုပ်သည့်အခါ အထူးဂရုပြု မောင်းနှင်ရန် လိုအပ်သည်။ အဝိုင်းပတ်အတွင်းသို့ ဝင်ရောက်မိသည်နှင့် မောင်းနှင်သူများသည်




လမ်းကြောပြောင်း၍မရပါ။ ယာဉ်မောင်းများသည် အတွင်းလမ်းကြောမှ မထွက်မီ သင့်လျော်သော ကြည့်မှန်နှင့် မျက်ကွယ် စစ်ဆေးမှုများကို အသုံးပြုရမည်။

ဆိုင်းဘုတ်များ သို့မဟုတ် မြားပြထားခြင်းများ မရှိသည့် နှစ်လမ်းသွား အဝိုင်းပတ်သို့ ဝင်ရောက်သောအခါ ညာဘက်လမ်းကြောကို ညာကွေ့ရန် သို့မဟုတ် ရှေ့ဆက်သွားရန် ခွင့်ပြုထားပြီး ဘယ်ဘက်လမ်းကြောကို ဘယ်ကွေ့ရန် သို့မဟုတ် ရှေ့ဆက်သွားရန် ခွင့်ပြုထားသည်။

**<u>အဝိုင်းပတ်ရှိ အရေးပေါ်ယာဉ်များ</u>** အရေးပေါ်ယာဉ်များကို အမြဲဦးစားပေးပါ။ သင်သည် အဝိုင်းပတ်ထဲသို့ မဝင်ရသေးလျှင် လမ်းဘေးသို့ ချပေးပြီး အရေးပေါ်ယာဉ်များကို ဖြတ်ကျော်ခွင့်ပြုပါ။ သင်သည် အဝိုင်းပတ်ထဲသို့ ရောက်ပြီးဖြစ်လျှင် အဝိုင်းပတ်ထဲမှ ဘေးကင်းစွာ ထွက်ပြီးသည့်အခါ လမ်းဘေးချရပ်ပါ။

**<u>ယာဉ်ထိန်းရဲက ကားကိုတားခြင်း</u>**

- ယာဉ်မောင်းများကို ရပ်တန့်ရန် ကြိုးပမ်းသည့် ရဲတပ်ဖွဲ့ ယာဉ်များသည် မှိတ်တုတ်မှိတ်တုတ် မီးများဖွင့်ခြင်းဖြင့် သို့မဟုတ် မှိတ်တုတ်မှိတ်တုတ် မီးများနှင့် ဥသြသံများဖြင့် ရပ်တန့်ခိုင်းပါမည်။
- လမ်း၏ ညာဘက်ခြမ်းသို့ ဘေးကင်းစွာ ကပ်နိုင်သမျှ ကပ်မောင်းပါ။ လမ်းဆုံတွင် ရပ်တန့်ခြင်း သို့မဟုတ် အသွားအပြန် ခွဲထားသော အဝေးပြေးလမ်းမ၏ လမ်းလယ်ကြောသို့ ဝင်ရောက်ခြင်း မပြုရ။
- အရာရှိက သင်ခါးပတ်ပတ်ထားကြောင်း မြင်တွေ့သည်အထိ ဘေးကင်းရေးခါးပတ်ကို ပတ်ထားပါ။
- သင်နှင့် ခရီးသည်များ၏ လှုပ်ရှားမှုများကို ကန့်သတ်ပါ။
- အသက်ဝဝရှူပြီး မကြောက်ပါနှင့်။ အရာရှိက သင့်အား ရပ်တန့်ခိုင်းရသည့် အကြောင်းရင်းကို ရှင်းပြနေစဉ်တွင် တည်တည်ငြိမ်ငြိမ်နေပါ။
- အရာရှိက တောင်းဆိုသည့်အခါ သင့်ယာဉ်မောင်းလိုင်စင်၊ ယာဉ်မှတ်ပုံတင်နှင့် အာမခံသက်သေတို့ကို ပြသပါ။
- သင့်ယာဉ်အတွင်းတွင် နေပါ။ မတောင်းဆိုဘဲ အပြင်မထွက်ရ။ ၎င်းသည် သင်နှင့် အရာရှိတို့၏ ဘေးကင်းရေးအတွက်ဖြစ်သည်။
- အလင်းရောင် အားနည်းသည့်နေရာတွင် ယာဉ်ကိုရပ်တန့်ပြီးနောက် အရာရှိရောက်မလာမီ၌ ယာဉ်၏ အတွင်းမီးများကို ဖွင့်ထားပါ။
- လမ်းဘေးဆိုသည်မှာ ယာဉ်စည်းကမ်း ဖောက်ဖျက်မှုများနှင့် ပတ်သက်၍ ငြင်းခုံရန်နေရာမဟုတ်ပါ။ တရားရုံးတွင် ကျူးလွန်မှုအတွက် ဖြေရှင်းရန် အချိန်ရှိပါသည်။

**<u>အရေးပေါ်ယာဉ် သို့မဟုတ် တာဝန်ရှိယာဉ်တန်းများနှင့် တွေ့ဆုံသည့်အခါ လမ်းဘေးချမောင်းနှင်ခြင်း</u>**




မည်သည့်ဦးတည်ရာမှမဆို မှိတ်တုတ်မှိတ်တုတ် အပြာရောင်နှင့် အနီရောင် အချက်ပြမီးများ ဖွင့်ထားသော နှင့်/သို့မဟုတ် ဥသြဆွဲနေသော ယာဉ်လာနေကြောင်း မြင်လျှင် သို့မဟုတ် ကြားလျှင် ဥပဒေအရ သင်သည် လမ်း၏ ညာဘက်ခြမ်းသို့ ချပေးပြီး ရပ်တန့်ပေးရမည်။ အရေးပေါ် သို့မဟုတ် ရဲတပ်ဖွဲ့ယာဉ် ဖြတ်ကျော်သွားသည်အထိ ရပ်တန့်ထားရမည်။

မှိတ်တုတ်မှိတ်တုတ် အပြာရောင်အချက်ပြမီးများ ဖွင့်ထားသော ရဲတပ်ဖွဲ့ယာဉ် သို့မဟုတ် အနီရောင်အချက်ပြမီးများ ဖွင့်ထားသော အရေးပေါ်ယာဉ် ရပ်ထားသည်ကို တွေ့လျှင် အမြဲတမ်းသတိထား (အရှိန်လျှော့) ရမည်။ သင်သည် ပြည်နယ်ကူးလမ်းကဲ့သို့ လေးလမ်းသွား အဝေးပြေး လမ်းမကြီးပေါ်တွင်ရှိလျှင် အန္တရာယ်ကင်းသည့်အခါ လမ်းကြောပြောင်းပေးရန်လည်း ဥပဒေအရ သတ်မှတ်ထားသည်။

ဥပဒေအရ အဝေးပြေး လမ်းမကြီးပေါ်တွင် အလုပ်လုပ်နေသော ပြည်နယ်၊ မြို့ သို့မဟုတ် မြို့နယ်ထိန်းသိမ်းပြုပြင်ရေး ယာဉ်ကိုလည်း ဦးစားပေးရန် လိုအပ်သည်။ ဥပမာအားဖြင့် မှိတ်တုတ်မှိတ်တုတ် မီးများဖြင့် ဆီးနှင်းရှင်းနေသော ယာဉ်ဆီသို့ ချဉ်းကပ်လာသော ယာဉ်မောင်းသည် သတိထားပြီး ၎င်းကို ဦးစားပေးရမည်။

**မှတ်ချက်-** ဆွဲယာဉ်များနှင့် ပြုပြင်ရေးယာဉ်များတွင် အများအားဖြင့် ပယင်းရောင် မှိတ်တုတ်မှိတ်တုတ် မီးများတပ်ထားကြသည်။ ထိုသို့ ရပ်ထားသော ယာဉ်များအနီးသို့ ချဉ်းကပ်သောအခါ အထက်တွင် ဖော်ပြသည့်အတိုင်း အလားတူသတိထားပြီး ပြုလုပ်ရမည်။

## မီးပွိုင့်များ၊ လမ်းသင်္ကေတများနှင့် အဝေးပြေးလမ်းမ အမှတ်အသားများ

**<u>မီးပွိုင့်များ</u>**

မီးပွိုင့်များသည် ဦးစားပေးမှုကို ထိန်းချုပ်ပေးသလို ယာဉ်အသွားအလာကို ချောမွေ့ပြီး အစီအစဉ်တကျ ဖြစ်စေသည်။ မီးပျက်ခြင်းကဲ့သို့ အချက်ပြမီးမလင်းလျှင် ဦးတည်ရာအားလုံးတွင် ရပ်တန့်ရန် ဆိုင်းဘုတ်များ ထောင်ထားသကဲ့သို့ ရပ်တန့်ထားရမည်။ မီးပွိုင့်ပျက်နေပြီး အဝါရောင်နှင့် အနီရောင် မှိတ်လိုက်လင်းလိုက် ဖြစ်နေလျှင် သင်သည် ထိုအချက်ပြအတိုင်း လိုက်နာရမည်။

**မီးနီ-** ရပ်မျဉ်း သို့မဟုတ် လူကူးမျဉ်းကြား၊ မည်သည်ကို ဦးစွာရောက်သည်ဖြစ်စေ မရောက်မီရပ်တန့်ပြီး မီးစိမ်းပြသည်အထိ စောင့်ဆိုင်းပါ (မီးနီပြနေစဉ်တွင် မြားအစိမ်းရောင် ပြနိုင်ပြီး ထိုမြားအစိမ်းပြသည့် ဦးတည်ရာသို့ သင်ဆက်သွားနိုင်သည်)။



အဝိုင်းပုံ မီးနီများတွင် ပုံမှန်အားဖြင့် ညာကွေ့ရန် ခွင့်ပြုထားသော်လည်း ယာဉ်မောင်းသူက လုံးဝရပ်တန့်ထားပြီး လမ်းဆုံကို ကြည့်ရှုလျက် လမ်းသွားလမ်းလာများနှင့် အခြားယာဉ်များကို ဦးစားပေးပြီးမှသာ ထိုသို့ပြုလုပ်နိုင်သည်။ အချို့သော လမ်းဆုံများတွင် မီးနီလျှင် ညာမကွေ့ရကြောင်း ဖော်ပြထားသည့် ဆိုင်းဘုတ်များ သို့မဟုတ် သင်္ကေတများရှိသည်။

ရဲအရာရှိက မီးနီဖြတ်မောင်းရန် ခိုင်းစေနိုင်သည်။ သင်သည် ရဲအရာရှိ၏ ညွှန်ကြားချက်များကို သတိပြု၍ လိုက်နာသင့်သည်။

**မီးဝါ-** မီးနီတော့မည်ဖြစ်ကြောင်း ဤမီးက ယာဉ်မောင်းသူများကို သတိပေးသည်။ လမ်းဆုံနှင့် နီးကပ်လွန်းနေပြီး ဘေးကင်းစွာ မရပ်တန့်နိုင်လျှင် လမ်းဆုံကိုဖြတ်သည့်အခါ သတိထားပါ။



**မီးစိမ်း-** ဘေးကင်းမည်ဆိုလျှင် မီးစိမ်းနေစဉ် ဆက်သွားနိုင်သည်။ သို့သော် ဘယ်ဘက်သို့ကွေ့သည့်အခါ လာနေသည့်ယာဉ်များကို ဦးစားပေးရမည်။ အထူးအလေးပေးရမည့် လမ်းဆုံအချို့တွင် "မီးစိမ်းလျှင် ဘယ်ကွေ့ပါ" ဟူသော ဆိုင်းဘုတ်ကို အချက်ပြဆိုင်းဘုတ်အနီးရှိ အပေါ်မှဝါယာကြိုးတွင် ချိတ်ထားပါမည်။



**မှိတ်တုတ် မီးနီ-** အဝိုင်းပုံ မှိတ်တုတ်မီးနီသည် ရပ်တန့်ရမည့် သင်္ကေတနှင့် အလားတူသည်။ ရပ်တန့်ပြီး လမ်းသွားလမ်းလာများ၊ စက်ဘီးစီးသူများနှင့် ယာဉ်များကို ဦးစားပေးပြီးနောက် ဆက်သွားပါ။

**မှိတ်တုတ် မီးဝါ-** အရှိန်လျှော့ပါ၊ လမ်းဆုံကို ကြည့်ပါ၊ ဘယ်ဘက်သို့ မကွေ့မီ လာနေသည့် ယာဉ်များကို ဦးစားပေးပြီး သတိနှင့် ဆက်သွားပါ။

**မြားများ**
**အနီရောင်မြား-** ဘယ်သို့ကွေ့လိုသည့် ယာဉ်မောင်းများသည် ရပ်တန့်ပြီး စောင့်ဆိုင်းရမည်။ အနီရောင်မြား တောက်လျှောက်လင်းနေသောအခါ ကွေ့ရန်အတွက် လမ်းဆုံထဲသို့ မဝင်ရ။



**အဝါရောင်မြား-** ဘယ်ဘက်သို့ကွေ့ရန် အချက်ပြသည် အနီရောင်သို့ ပြောင်းတော့မည်ဖြစ်ပြီး ယာဉ်မောင်းများသည် ရပ်တန့်ရန် ပြင်ဆင်ရမည် သို့မဟုတ် လမ်းဆုံထဲသို့ တရားဝင် ရောက်ရှိနေပြီး ပဋိပက္ခဖြစ်နေသည့် ယာဉ်အသွားအလာမရှိလျှင် ကွေ့ခြင်းကိုအပြီးသတ်ရန် ပြင်ဆင်ရမည်။

**မှိတ်တုတ်မှိတ်တုတ် အဝါရောင်မြား-** လာနေသည့် ယာဉ်များနှင့် လူကြားမျဉ်းကြားပေါ်မှ လမ်းဖြတ်ကူးသူများ အားလုံးကို ဦးစားပေးပြီးနောက် ဘယ်ဘက်သို့ကွေ့ရန် ယာဉ်မောင်းများကို ခွင့်ပြုထားသည်။ လာနေသည့် ယာဉ်ကြောတွင် မီးစိမ်းနေသည်။ ယာဉ်မောင်းသူများသည် မကွေ့မီတွင် လာနေသည့် ယာဉ်ကြောတွင် ဘေးကင်းသော နေရာလွတ်ရှိရန် စောင့်ဆိုင်းရမည်။

**တောက်လျှောက်လင်းနေသော အစိမ်းရောင်မြား-** ဘယ်သို့ ကွေ့သူများကို ဦးစားပေးရမည်။ လာနေသည့် ယာဉ်ကြောတွင် မီးနီနေသည်။

## လမ်းသင်္ကေတများ

သင်သည် လမ်းသင်္ကေတများကို ပုံသဏ္ဍာန်၊ အရောင်နှင့် စာလုံးများအရ အဓိပ္ပာယ်သိရှိနိုင်သည်။ ဆိုင်းဘုတ်သည် ဖုန်မှုန့်၊ ဆီးနှင်း သို့မဟုတ် အခြားအရာများနှင့် ကွယ်နေလျှင် ဆိုင်းဘုတ်၏ ယေဘုယျအဓိပ္ပာယ် (စည်းကမ်းသတ်မှတ်၊ သတိပေး၊ အသိပေး) အား ပုံသဏ္ဍာန်ကိုကြည့်ပြီး သင်သိသင့်သည်။




ရပ်ဆိုင်းဘုတ်တွင် အနား 8 ဘက်ပါသည်။ ၎င်းက သင့်အနေဖြင့် ရပ်တန့်ပြီး လမ်းဆုံကို ကြည့်ရှု၊ ဦးစားပေးရမည့်သူကို ဦးစားပေးပြီး ဆက်သွားရမည်ဟု ဆိုလိုသည်။

သတိရပါ- သင်သည် ရပ်တန့်ရန်မျဉ်း၊ (မျဉ်းကြားဆွဲထားသော သို့မဟုတ် ဆွဲမထားသော) လူကူးမျဉ်းကြား သို့မဟုတ် လမ်းဆုံ၊ မည်သည့်အရာက အရင်လာသည်ဖြစ်စေ ၎င်းသို့မရောက်မီတွင် ရပ်တန့်ရန်လိုအပ်သည်။




ဦးစားပေးရန် ဆိုင်းဘုတ်များသည် တြိဂံဇောက်ထိုးပုံဖြစ်ပြီး ၎င်းတို့က အရှိန်လျှော့၊ ကြည့်ရှုပြီး လမ်းကြောတွင် လမ်းသွားလမ်းလာများ၊ စက်ဘီးစီးသူများနှင့် ယာဉ်များရှင်းနေမှသာ ဝင်ရောက်ရန်ဟု ဆိုလိုသည်။




X ပုံအကြီးနှင့် RR ဟု စာရေးထားသော အဝိုင်းပုံဆိုင်းဘုတ်သည် ရှေ့တွင် ရထားသံလမ်းကူးရှိကြောင်း ဖော်ပြသည်။




ရထားသံလမ်းကူး အားလုံးတွင် ကြက်ခြေခတ်ပုံ ဆိုင်းဘုတ်များရှိသည်။ ၎င်းတို့က ရထားသံလမ်းရှိသည့်နေရာကို ဖော်ပြသည်။ အရှိန်လျှော့၊ ဘယ်ညာ နှစ်ဘက်စလုံးကြည့်ပြီး မဖြတ်ကူးမီ ရထားသံကို နားစွင့်ပါ။ ကြက်ခြေခတ် ဆိုင်းဘုတ်အောက်ရှိ သေးငယ်သော သင်္ကေတများသည် ရထားသံလမ်းကူးတွင် ရထားသံလမ်း မည်မျှရှိကြောင်းကို ဖော်ပြသည်။ ရထားသံလမ်း 2 ခု သို့မဟုတ် ထို့ထက်ပိုများလျှင် ရထားတစ်စင်း ဖြတ်နေလျှင် အခြားဘက်မှ ကျန်ရထားကို ကွယ်နေနိုင်သည်။ ဂိတ်တံခါးများ နှင့်/သို့မဟုတ် မိတ်လိုက်ဖွင့်လိုက် မီးများလည်း ရှိနေနိုင်သည်။



အနားများကို ဖြတ်ထားသော တြိဂံပုံ ဆိုင်းဘုတ်ကို အနှေးယာဉ်များတွင် ပြသထားသည်။ ဥပမာအားဖြင့် လယ်ယာသုံးယာဉ်များတွင် ထိုဆိုင်းဘုတ်ကို မကြာခဏ တွေ့မြင်နိုင်သည်။

**<u>သတိပေး ဆိုင်းဘုတ်များ</u>**

အချိန်တိုင်း အန္တရာယ်ရှိနေသော နေရာများတွင် သတိပေး ဆိုင်းဘုတ်များထားရှိပြီး ယာဉ်မောင်းသည် အရှိန်လျှော့ပေးရန် လိုအပ်သည်။ ၎င်းတို့သည် အများအားဖြင့် စိန်တုံးပုံရှိပြီး အဝါရောင် သို့မဟုတ် အစိမ်းရောင်ဖြစ်သည်။ ၎င်းတို့သည် အကွေ့ကြီးများ၊ ဘေးမကင်းသော လမ်းဆုံများ သို့မဟုတ် လမ်းပေါ် ရှိ နိမ့်လျှောများအတွက် သတိပေးနိုင်သည်။ ယာဉ်မောင်းများသည် အရှိန်လျှော့သင့်သည်။ သတိပေး ဆိုင်းဘုတ်အချို့တွင် ဘေးကင်းစေသော အမြန်နှုန်းများ သို့မဟုတ် “သမင်လမ်းဖြတ်ကူးခြင်း၊ နောက် 3 မိုင်” အက္ခရာအဝေး ကဲ့သို့သော အပိုဆောင်း အချက်အလက်များကို ဖော်ပြထားသည်။ ကျောင်း သို့မဟုတ် လမ်းသွားလမ်းလာ ဆိုင်းဘုတ်အောက်ရှိ အောက်သို့ပြထားသော မြားသည် လူကူးမျဉ်းကြား သို့မဟုတ် လမ်းဖြတ်ကူးရန်နေရာကို ဖော်ပြသည်။

| | | | |
|---|---|---|---|
|  ကျောင်း |  အသွားအပြန် ခွဲထားသော အဝေးပြေးလမ်းမကြီး |  အသွားအပြန် ခွဲထားသော အဝေးပြေးလမ်းမကြီး အဆုံး |  ယာဉ်ကြောမျဉ်း အဆုံးသတ် |

| | | |
|---|---|---|
|  စိုစွတ်လျှင် ဘီးချော်တတ်သည် |  တောင်ကုန်း |  လူကူးမျဉ်းကြား |
|  သမင်ဖြတ်ကူးခြင်း |  လမ်းဆုံ |  ညာဘက်တွင် မျက်ကွယ် လမ်းခွဲရှိသည် |

**စည်းကမ်းသတ်မှတ်ချက်ပြ ဆိုင်းဘုတ်များ**




အဖြူရောင် နောက်ခံနှင့် ထောင့်မှန်စတုဂံပုံ ဆိုင်းဘုတ်များသည် ယာဉ်မောင်းများ လိုက်နာရမည်နှင့် ရှောင်ကြဉ်ရမည်တို့ကို ဖော်ပြသည်။ ထိုဆိုင်းဘုတ်များသည် အမြန်နှုန်း ကန့်သတ်ချက်များ၊ အကွေ့နှင့် ကျော်တက်မှု ဥပဒေများနှင့် အခြား ညွှန်ကြားချက်များကို ပြသသည်။

**အဝေးပြေးလမ်းမ အမှတ်အသားများ**

အဝေးပြေးလမ်းမ အမှတ်အသားများသည် ယာဉ်မောင်းများအတွက် အရေးကြီးသော အချက်အလက်များကို ဖော်ပြပေးထားသည်။ ၎င်းတို့သည် ယာဉ်မောင်းအား ၎င်းတို့၏ယာဉ်ကို မှန်ကန်စွာနေရာချရန်၊ အခြေအနေအမျိုးမျိုးအတွက် ညွှန်ကြားရန် ကူညီပေးပြီး ကျော်တက်ရန် ခွင့်ပြုထားသည့် အချိန်ကို သိစေသလို ဖြစ်လာမည့် အခြေအနေများကို သတိပေးသည်။ အဓိက အဝေးပြေးလမ်းမများကို အဝါရောင် အလယ်မျဉ်းများဖြင့် အမှတ်အသားပြုထားပြီး ၎င်းတို့တွင် ရည်ရွယ်ချက်နှစ်ခုရှိသည်-




အလယ်မျဉ်းများသည် အဝေးပြေးလမ်းမတစ်ခုကို မောင်းနှင်လမ်းကြောများအဖြစ် ခွဲခြားပေးသည်။ အလယ်မျဉ်းမပါသည့် ယာဉ်ကြောများစွာရှိသော အဝေးပြေးလမ်းများတွင် ဆန့်ကျင်ဘက်ယာဉ်ကြောနှစ်ခုရှိကြောင်းကို ပြသရန် တစ်ဆက်တည်းမျဉ်းနှစ်ကြောင်း ဆွဲပေးထားသည်။ ဦးတည်ရာတစ်ခုသို့ ယာဉ်ကြောနှစ်ခု သို့မဟုတ် ထို့ထက်ပို၍ ခွင့်ပြုထားလျှင် လမ်းမကြီး၏ တစ်ဖက်တစ်ချက်ကို ဦးတည်ရာတစ်ခုတည်းသို့ သွားနေသည့် ယာဉ်များအတွက် ယာဉ်ကြောများ ခွဲခြားပေးရန် အဖြူရောင်မျဉ်းပြတ်ကို သုံးထားသည်။

သင်ဖြတ်သန်းသွားနိုင်ခြင်း ရှိ၊ မရှိ မျဉ်းကြောင်းများဖြင့် ပြထားသည်။ တစ်ဆက်တည်းမျဉ်းကြောင်း တစ်ကြောင်း သို့မဟုတ် နှစ်ကြောင်းရှိပါက ဖြတ်သန်းမသွားရန် အကြံပြုပါသည်။ သင့်လမ်းကြောတွင် တစ်ဆက်တည်းမျဉ်းကြောင်း တစ်ကြောင်းရှိသော်လည်း မျဉ်းပြတ်တစ်ကြောင်းလည်း ရှိလျှင် ရှေ့တွင် လမ်းကြောရှင်းနေပါက ဖြတ်သန်းနိုင်သည်။ သင့်လမ်းကြောတွင် အဆက်မပြတ်မျဉ်းကြောင်း တစ်ကြောင်းရှိသော်လည်း အခြားလမ်းကြောတွင် မျဉ်းပြတ်တစ်ကြောင်းရှိပါက သင့်အနေဖြင့် ဖြတ်သန်းမသွားသင့်ပါ၊ သို့သော် အခြားလမ်းကြောရှိ မော်တော်ယာဉ်ကမူ ဖြတ်သန်းသွားနိုင်သည်။




ဆက်တိုက် နှစ်လမ်းသွား ဘယ်ကွေ့လမ်းကြောများကို ဦးတည်ရာနှစ်ဖက်စလုံးမှ သွားလာနေသော ယာဉ်များက ဘယ်ဘက်သို့ ကွေ့ရန် အသုံးပြုနိုင်သည့်အတွက်ကြောင့် ထိုလမ်းကြောကို မောင်းနှင်လမ်းကြောများအဖြစ် အသုံးပြုရန် သတ်မှတ်မထားပါ။ သင် ဘယ်ဘက်သို့ မကွေ့မီ အကွာအဝေးအနည်းငယ်အလိုတွင် အချက်ပြပြီး ကွေ့မည့်လမ်းကြောထဲသို့ ဂရုတစိုက် ရွှေ့ပြောင်းသင့်သည်။ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရန် သင့်ယာဉ်တစ်စီးလုံးက ကွေ့မည့်လမ်းကြောထဲတွင် ရှိနေရမည်။ လမ်းရှင်းသည့်အခါ သင့်အကွေ့လမ်းကြောအတိုင်း ဆက်သွားပါ။

တစ်ခါတစ်ရံ အဝေးပြေးလမ်းမ အမှတ်အသားများက ယာဉ်မောင်းများ သိရှိစေရန် နောက်ထပ်အချက်အလက်များကို ဖော်ပြပေးထားသည်။ ဥပမာအားဖြင့် လမ်းဦးစားပေးရမည့် လမ်းဆုံတစ်ခုတွင် အဝေးပြေးလမ်းမဘေး၌ လမ်းဦးစားပေးရန် ဆိုင်းဘုတ်တစ်ခု ရှိနိုင်ပြီး အဝေးပြေးလမ်းမပေါ်တွင်လည်း လမ်းဦးစားပေးရန် မျဉ်းကြောင်းတစ်ကြောင်း ရေးဆွဲထားနိုင်သည်။ ချဉ်းကပ်လာသည့် ကားများဆီသို့ ညွှန်ပြထားသော ဤအဖြူရောင် တြိဂံအတွဲလိုက်သင်္ကေတသည် ယာဉ်မောင်းများအနေဖြင့် လမ်းသွားလမ်းလာများ သို့မဟုတ် အခြားယာဉ်များကို လမ်းဦးစားပေးရန် လိုအပ်ပါက ၎င်းတို့ ရပ်သင့်သည့် နေရာကို ပြသပေးသည်။

ကွေ့သည့်အခါ မှန်ကန်သော လမ်းကြောသို့ ယာဉ်မောင်းများအား ညွှန်ပြရန် လမ်းကြောအသုံးပြုမှု ထိန်းချုပ်ရေး ဆိုင်းဘုတ်များ သို့မဟုတ် လမ်းမျက်နှာပြင် အမှတ်အသားများကို အသုံးပြုနိုင်သည်။ လမ်းမတစ်ခုမှ လမ်းကြောများစွာရှိသော လမ်းမပေါ်သို့ မောင်းနှင်သည့်အခါ



လမ်းကြောရွေးချယ်ရာတွင် ညာကွေ့မည့် ယာဉ်မောင်းများက ညာဘက်လမ်းကြောထဲသို့ ကွေ့ရပါမည်။ ဘယ်ကွေ့မည့် ယာဉ်မောင်းများက ဘယ်ဘက်လမ်းကြောထဲသို့ အရင်ဆုံးကွေ့ရပါမည်။ ဦးတည်ရာတစ်ဖက်တည်းသို့ ကွေ့သွားသည့် လမ်းကြောနှစ်ခု ရှိသည့်အခါ ကွေ့ရမည့် လမ်းကြောတစ်ခုစီသည် ကွေ့နေစဉ်တစ်လျှောက်လုံး သက်ဆိုင်ရာ အကွေ့လမ်းကြောင်းတွင် ရှိနေရမည်။ လမ်းကြောအသုံးပြုမှု ထိန်းချုပ်ရေး ဆိုင်းဘုတ်များ သို့မဟုတ် လမ်းမျက်နှာပြင် အမှတ်အသားများက ခွင့်ပြုထားသည့်အခါ လမ်းကြောများစွာက တစ်ချိန်တည်းတွင် ဦးတည်ရာတစ်ဖက်တည်းသို့ ကွေ့နိုင်သည်။ ကွေ့ပြီးသည်အထိ သတ်မှတ်ထားသော လမ်းကြောတွင် ဆက်ရှိနေပါ။ ကွေ့ပြီးသည့်နောက်တွင်

လမ်းကြောပြောင်းခြင်းများ ပြုလုပ်နိုင်သည်။ ကွေ့နေစဉ် လမ်းကြောပြောင်းခြင်းကို ရှောင်ကြဉ်ပါ။ ဤသည်မှာ ဥပဒေနှင့်မညီသော မောင်းနှင်မှုဖြစ်ပြီး ယာဉ်တိုက်မှုများ ဖြစ်နိုင်သည်။ ယာဉ်မောင်းများသည် ၎င်းတို့ရှိနေသည့် လမ်းကြောတွင် ညွှန်ပြထားသည့် လမ်းညွှန်ချက်များကို အမြဲလိုက်နာရပါမည်။




ဥပမာ- ယာဉ်မောင်းတစ်ဦးက တစ်ဖြောင့်တည်း လမ်းညွှန်မြားပြထားသည့် လမ်းကြောတွင် မောင်းနှင်နေပါက လမ်းဆုံကို ရောက်သည်နှင့် ညာဘက် သို့မဟုတ် ဘယ်ဘက်သို့ ကွေ့ရန် ကြိုးပမ်းခြင်းက ဥပဒေနှင့်မညီဘဲ အန္တရာယ်ရှိသည်။ ရုတ်တရက် လမ်းကြောပြောင်းခြင်းက ယာဉ်တိုက်မိနိုင်ခြေ ပိုများသည်။ ဘလောက်တုံးကို ပတ်မောင်းပြီး သွားလိုသည့်နေရာအတွက် အခြားလမ်းကြောင်းကို ရှာခြင်းက ပို၍အန္တရာယ်ကင်းပါသည်။

## <u>အလုပ်ဇုန် ဘေးကင်းရေး</u>

အလုပ်ဇုန်ဆိုသည်မှာ အဝေးပြေးလမ်းမကြီး တစ်လျှောက်ရှိ ဆောက်လုပ်ရေး၊ ပြုပြင်ထိန်းသိမ်းမှု သို့မဟုတ် ရေ၊ လျှပ်စစ် ဓာတ်အားစသည့် ဝန်ဆောင်မှုလုပ်ငန်း လုပ်ဆောင်နေသည့် နေရာဖြစ်သည်။ အလုပ်ဇုန်သည် တစ်နေရာတည်းတွင်ရပ်၍ လုပ်ငန်းဆောင်ရွက်မှု ဖြစ်နိုင်သည် သို့မဟုတ် ၎င်းက မျဉ်းကြောင်းရေးဆွဲခြင်း၊ မြက်ရိတ်ခြင်းနှင့် နှင်းဖယ်ရှားခြင်းတို့ကဲ့သို့ လမ်းမပေါ်တွင် ဖြည်းဖြည်းချင်း လှုပ်ရှားသည့် ရွေ့လျားလုပ်ငန်းဆောင်ရွက်မှု ဖြစ်နိုင်သည်။

သင်၏ ဘေးကင်းရေးနှင့် အလုပ်သမားများ၏ ဘေးကင်းရေးအတွက် ယာဉ်မောင်းများအနေဖြင့် အလုပ်ဇုန်အတွင်း ချဉ်းကပ်မောင်းနှင်လာသည့်အခါ အရှိန်လျှော့ပြီး အထူးဂရုပြုရန် အရေးကြီးသည်။

ယာဉ်မောင်းများ အရှိန်လျှော့ရသည့် နှင့်/သို့မဟုတ် လမ်းကြောပေါင်းစည်းရသည့် တကယ့်လုပ်ငန်းခွင်နေရာသို့ မရောက်မီပင် ယာဉ်တိုက်မှုအများအပြား ဖြစ်ပွားလေ့ရှိသည်။ အထူးဂရုပြုပြီး ဘေးကင်းသည်နှင့်တစ်ပြိုင်နက် သင့်လျော်သည့် လမ်းကြောထဲသို့ ပေါင်းစည်းပါ။

အလုပ်ဇုန်များရှိ ယာဉ်တိုက်မှုအများစုသည် ကားနောက်ပိုင်းတိုက်ခံရမှုများ ဖြစ်တတ်ပြီး ယင်းတို့သည် သတ်မှတ်မြန်နှုန်းထက် အရှိန်လွန်၍ မောင်းနှင်ခြင်းနှင့် နောက်မှလိုက်ရန် ဘေးကင်းသော အကွာအဝေးအတိုင်း မမောင်းနှင်ခြင်းကြောင့် ဖြစ်သည်။ လမ်းကွေ့တစ်ဝိုက်တွင် သို့မဟုတ် တောင်ကုန်းနားတွင် ရပ်ထားသောယာဉ်မှာ ကွယ်နေနိုင်ကြောင်း သတိပြုပါ။

Vermont အလုပ်ဇုန်များတွင် ဘေးကင်းစွာ မောင်းနှင်ခြင်းအတွက် အကြံပြုချက်များ

- နေ့အချိန်များတွင်သာမက 24 နာရီ 7 ရက်ပတ်လုံး စည်းကမ်းများကို လိုက်နာရမည်။
- ရာသီဥတု အခြေအနေများအပေါ် မူတည်ပြီး သတ်မှတ်အမြန်နှုန်း ကန့်သတ်ချက်သို့ လျှော့ချပြီး ချိန်ညှိပါ။ ယာဉ်မောင်းများနှင့် အလုပ်သမားများကို ကာကွယ်ရန် အမြန်နှုန်းများကို လျှော့ချထားသည်။
- အာရုံပျံ့လွင့်မှုကို လျှော့ချပါ - လမ်းမပေါ်နှင့် ကားမောင်းခြင်းအပေါ် အပြည့်အဝ အာရုံစိုက်ပါ
- မထင်မှတ်ထားသော အရာများကို ကြိုတင်မျှော်မှန်းထားပါ - အလုပ်ဇုန်အတွင်း လမ်းသွားလမ်းလာများနှင့် စက်ဘီးစီးသူများ အပါအဝင် သွားလာမှုအမျိုးမျိုးကို ကြုံတွေ့ရနိုင်သည်။
- ဆိုင်းဘုတ်များအတိုင်း လိုက်နာပါ -၎င်းတို့သည် အလုပ်ဇုန်အတွင်း သင်ဘေးကင်းစွာ သွားလာနိုင်စေရန် လမ်းညွှန်ပေးပါလိမ့်မည်။
- အထူးဂရုပြုပါ- အလုပ်ဇုန်အတွင်း လမ်းကြောများ မပြောင်းပါနှင့်၊ ရှေ့ကားနောက်မြီးနှင့် ကပ်မလိုက်ပါနှင့် သို့မဟုတ် အခြား ရန်လိုသည့် အပြုအမူများကို မလုပ်ဆောင်ပါနှင့်။
- အလုပ်ဇုန်အတွင်း ဘေးကင်းသည်နှင့်တစ်ပြိုင်နက် သို့မဟုတ် ယာဉ်လမ်းကြော အခြေအနေများအပေါ် မူတည်ပြီး ညွှန်ကြားထားသည့်အတိုင်း လမ်းကြောပေါင်းစည်းပါ။
- လမ်းလုပ်သားများ သို့မဟုတ် ၎င်းတို့၏ စက်ပစ္စည်းများကို ပြည့်ကျပ်မနေပါစေနှင့် - ၎င်းတို့ကို တတ်နိုင်သလောက် နေရာများများ ပေးပါ။
- 4 စက္ကန့် နောက်လိုက်အကွာအဝေးကို ထိန်းထားပါ။ ခြောက်သွေ့သော လမ်းမျက်နှာပြင်ပေါ်တွင် တစ်နာရီ မိုင် 60 နှုန်းဖြင့် မောင်းနှင်နေသော ခရီးသည်တင်ကားတစ်စီးသည် လုံးဝရပ်တန့်ရန်အတွက် ပေ 240 အကွာအဝေး လိုအပ်ပြီး တစ်နာရီ မိုင် 30 နှုန်းဖြင့် မောင်းနှင်နေသော အလားတူကားတစ်စီးသည် ရပ်တန့်ရန် 75 ပေ အကွာအဝေး လိုအပ်သည်။
- စိတ်ရှည်ပါ၊ နှောင့်နှေးမှုများကို မျှော်လင့်ထားပါ သို့မဟုတ် အခြား လမ်းကြောင်းကို ရှာဖွေပါ။ သင့်ဘေးကင်းရေးအတွက် လမ်းလုပ်သားများက ကျွန်ုပ်တို့၏ အဝေးပြေးလမ်းမများကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်နေကြောင်း မှတ်သားထားပါ။

**အလုပ်ဇုန်အတွင်း သတ်မှတ်နှုန်းကို ကျော်လွန်၍မောင်းနှင်ခြင်းအတွက် ဒဏ်ကြေးမှာ နှစ်ဆဖြစ်သည်**

**အလုပ်ဇုန် ဆိုင်းဘုတ်များ**




အလုပ်ဇုန် ဆိုင်းဘုတ်များသည် လိမ္မော်ရောင်ဖြစ်ပြီး စိန်ပုံသဏ္ဌာန် သို့မဟုတ် ထောင့်မှန်စတုဂံ ပုံသဏ္ဌာန်ရှိသည်။ ဤဆိုင်းဘုတ်များသည် အလုပ်ဇုန်အတွင်း ယာဉ်မောင်းများ ဘေးကင်းစွာ မောင်းနှင်နိုင်စေရန် အရေးကြီးသော အချက်အလက်များကို ဖော်ပြပေးထားသည်။ ဤဆိုင်းဘုတ်များသည် ပိတ်ထားသော လမ်းကြောများ၊ လမ်းလွှဲများ၊ ကြမ်းတမ်းသော လမ်းမျက်နှာပြင် သို့မဟုတ် အလံကိုင်များကဲ့သို့ ရှေ့ရှိ အန္တရာယ်များကို ယာဉ်မောင်းအား သတိပေးသည်။

**အလံကိုင်များ**

အလုပ်ဇုန်အတွင်း ဆောက်လုပ်ရေး ပစ္စည်းများကို ရွှေ့ပြောင်းခွင့်ပြုရန်အတွက် သို့မဟုတ် ဦးတည်ရာနှစ်ဖက်စလုံးမှ သွားလာနေသော ယာဉ်များအတွက် လမ်းကြောတစ်ခုတည်းကိုသာ ဖွင့်ထားသည့်အတွက် ယာဉ်အသွားအလာကို မကြာခဏ ရပ်တန့်ရန် လိုအပ်ပါသည်။ အလံကိုင်များက အလုပ်ဇုန်အတွင်း ဘေးကင်းစွာ ယာဉ်သွားလာရေးအတွက် လမ်းညွှန်ရန်အလို့ငှာ ရပ်တန့်/အရှိန်လျှော့ရန် လက်ကိုင် ဆိုင်းဘုတ်များ သို့မဟုတ် တစ်ခါတစ်ရံတွင် လိမ္မော်ရောင် အလံများကို အသုံးပြုသည်။ အလံကိုင်တွင် ယာဉ်အသွားအလာကို ထိန်းချုပ်ရန် တရားဝင် လုပ်ပိုင်ခွင့်ရှိ၍ သူညွှန်ကြားသည်ကို လိုက်နာရပါမည်။




**လမ်းကြောထိန်းချုပ်ရေး ကိရိယာများ**

အန္တရာယ်ရှိသော လမ်းပြုပြင်ရေးနေရာများအတွင်း ယာဉ်သွားလာမှု မရှိစေရန်နှင့် အလုပ်ဇုန်အတွင်း ဘေးကင်းစွာ ယာဉ်သွားလာရေးအတွက် လမ်းညွှန်ပေးရန် လမ်းတား ပလတ်စတစ် ကတော့များ၊ စည်ပိုင်းများနှင့် လမ်းပိတ်ဆို့သည့် အတားအဆီးများကို အသုံးပြုလေ့ရှိသည်။




| အတားအဆီးချထားသည် | အတားအဆီးချထားသည် | အရန်လမ်းဆိုင်းဘုတ် | လမ်းတားအတုံး | ပြွန်ပုံစံလမ်းတားအတုံး | ဒရမ်တုံး |
| --- | --- | --- | --- | --- | --- |

**မီးရောင်ဖြင့် အချက်ပြသည့် မြားဘုတ်ပြားများ**

ယာဉ်မောင်းများအား မှန်ကန်သော လမ်းကြောသို့ လမ်းညွှန်ပေးရန် မီးရောင်ဖြင့် အချက်ပြသည့် မြားဘုတ်ပြားများကိုလည်း အသုံးပြုနိုင်သည်။ မြားများကို အသုံးမပြုသည့်အခါ ဘုတ်ပြားများကို ဆက်တိုက် မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော အချက်ပြမီးများ သို့မဟုတ် ဆိုင်းဘုတ်ထောင့် 4 ထောင့်တွင် မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော အချက်ပြမီးများဖြင့် "သတိ" စနစ်တွင် ထားရှိထားသည်။ ယာဉ်မောင်းများသည် "သတိ" စနစ်တွင် ထားရှိသည့် ဘုတ်ပြားများကို တွေ့သည့်အခါ အရှိန်လျှော့သင့်သည်။



အလုပ်ဇုန်များတွင် ယာယီ လမ်းမျက်နှာပြင် အမှတ်အသားများ ရှိနိုင်သည်။ အဖြူရောင် အမှတ်အသားများ သို့မဟုတ် မျဉ်းကြောင်းများက ဦးတည်ရာတစ်ဖက်တည်းသို့ သွားနေသည့် လမ်းကြောများကို သီးခြားခွဲပေးသည်။ အဝါရောင် အမှတ်အသားများ သို့မဟုတ် မျဉ်းကြောင်းများက ဆန့်ကျင်ဘက်ဦးတည်ရာသို့ သွားနေသည့် လမ်းကြောများကို သီးခြားခွဲပေးသည်။ အဝါရောင် အမှတ်အသားများက သင့်လက်ဝဲဘက်တွင် ရှိပါမည်-- ထိုသို့မဟုတ်ပါက မှားယွင်းသော လမ်းကြောသို့ သင်ရောက်နေခြင်းဖြစ်သည်။

**နိမ့်သော လမ်းပခုံးများ**

အထူးသဖြင့် ဆောက်လုပ်ရေးဇုန်များတွင် လမ်းအနေအထားက လမ်းပခုံးထက် တစ်ခါတစ်ရံ ပိုမြင့်နေနိုင်သည်။ သင့်ဘီးများက လမ်းမျက်နှာပြင်မှ နိမ့်သော လမ်းပခုံးပေါ်သို့ ကျသွားပါက ဘရိတ်မအုပ်ဘဲ အရှိန်လျှော့ပါ၊ ထို့နောက် အရှိန်နှေးနှေးဖြင့် လမ်းမျက်နှာပြင်ပေါ်သို့ ဂရုတစိုက် ပြန်တက်ပါ။

**ရထားလမ်းကူးများတွင် လိုက်နာရမည့် လမ်းစည်းကမ်းများ**

ပိတ်ထားသော ရထားသံလမ်းဂိတ်ကို ဖြတ်၍ ယာဉ်မောင်းနှင်ခြင်း၊ ၎င်းကို ကွေ့ဝိုက်၍ မောင်းနှင်ခြင်း သို့မဟုတ် ယင်းအောက်မှ ဖြတ်၍မောင်းနှင်ခြင်းသည် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။ ရထားလမ်းကူးတွင် အခြားယာဉ်ကို ကျော်တက်ခြင်းကလည်း ဥပဒေကို ချိုးဖောက်ရာရောက်သည်။

မည်သည့်ယာဉ်ကိုမဆို မောင်းနှင်သူတိုင်းအနေဖြင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ရထားလမ်း၏ သတ်မှတ်ထားသော ဖြတ်ကူးရာနေရာသို့ နီးကပ်လာသည့်အခါနှင့် ယင်းကို ဖြတ်ကူးသည့်အခါ ဘေးကင်းအောင် အရှိန်လျှော့မောင်းနှင်ရမည်။

အောက်ပါတို့ ဖြစ်ပေါ်သည့်အခါ ယာဉ်မောင်းများသည် အနီးဆုံး မီးရထားသံလမ်းမှ 15 ပေထက်မနည်းသော အကွာအဝေးတွင် ရပ်တန့်ရမည်ဟု ဥပဒေအရ သတ်မှတ်ထားသည်-

1. အချက်ပြမီးများ မှိတ်တုတ်မှိတ်တုတ်လင်းလာသည့်အခါ၊ ဂိတ်တံခါးများ အောက်သို့ကျလာသည့်အခါ သို့မဟုတ် အလံကိုင်က ရထားသံလမ်းတွင် ရထားနီးကပ်လာကြောင်း သို့မဟုတ် ရထားဖြတ်သန်းကြောင်း အချက်ပြသည့်အခါ။
2. သင် ရထားတစ်စီးကို တွေ့မြင်သည့်အခါ သို့မဟုတ် ဥသြဆွဲသံကို
3. ဖြတ်ကူးသည့်နေရာတွင် ရပ်ဆိုင်းဘုတ်ရှိသည့်အခါ။




အထက်ပါအခြေအနေများတွင် လိုအပ်သည့်အခါ ယာဉ်ကို လုံးဝရပ်ပြီးနောက် ဘေးကင်းသည့်အချိန်တွင် ရထားသံလမ်းများကို ဖြတ်သန်း၍ မော်တော်ယာဉ်မောင်းနှင်နိုင်ပါသည်။ မှတ်ချက်- လမ်းသွားလမ်းလာများ၊ စက်ဘီးစီးသူများနှင့် မော်တော်ဆိုင်ကယ်စီးသူများသည်လည်း ရထားလမ်း သတိပေးအချက်ပြမှုများကို ဂရုပြုရမည်ဖြစ်ပြီး ဘေးမကင်းမချင်း ရထားသံလမ်းများကို ဖြတ်သန်းခြင်းမပြုရပါ။

မီးရထားလမ်းကူးတွင် အန္တရာယ်ရှိသော အခြေအနေတစ်ခု ရှိပါက အရေးပေါ် ဆိုင်းဘုတ်တွင် ဖော်ပြထားသော နံပါတ်ကို ဖုန်းခေါ်ဆိုပါ။ ဤသို့ဆက်သွယ်ခြင်းဖြင့် အန္တရာယ်ရှိသောအရာကို ဖယ်ရှား၍မပြီးမချင်း ချဉ်းကပ်လာသည့် ရထားအသွားအလာကို သက်ဆိုင်ရာ ရထားကုမ္ပဏီမှ ရပ်တန့်ပေးနိုင် သို့မဟုတ် လမ်းကြောင်းပြောင်းပေးနိုင်ပါမည်။ ဆိုင်းဘုတ်ပါ ရထားလမ်းကူးနံပါတ်ကို သေချာပြောပြပေးပါ၊ သို့မှသာ အန္တရာယ်ကို မှန်မှန်ကန်ကန် ရှာဖွေဖော်ထုတ်နိုင်ပါမည်။






# လမ်းကို မျှဝေသုံးစွဲခြင်း

**လမ်းသွားလမ်းလာများနှင့်အတူ လမ်းမျှဝေသုံးစွဲခြင်း**

ယာဉ်မောင်းများသည် လမ်းသွားလမ်းလာများ ရှိ၊ မရှိ ဂရုတစိုက် စောင့်ကြည့်ရမည်။ လူငယ်၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူ သို့မဟုတ် အရက်မူးနေသော လမ်းသွားလမ်းလာများကို အထူးသတိထားပါ။ ၎င်းတို့က မော်တော်ယာဉ်/လမ်းသွားလမ်းလာ ယာဉ်တိုက်မှုများတွင် အများဆုံးထိခိုက်သူများ ဖြစ်သည်။

ယာဉ်တိုက်မှုအများစုသည် လမ်းသွားလမ်းလာများက သတိမမူမိခြင်း သို့မဟုတ် ယာဉ်ကြောထဲသို့ အမှုမဲ့အမှတ်မဲ့ ဝင်ရောက်လာခြင်းကြောင့်ဖြစ်ပြီး အခြားသော ယာဉ်တိုက်မှုများမှာမူ ယာဉ်မောင်းများက လမ်းသွားလမ်းလာများ ဖြတ်သန်းနိုင်ရန် လမ်းဦးစားမပေးခြင်း သို့မဟုတ် လမ်းသွားလမ်းလာများ ရှိနေချိန်တွင် သတိမထားမိခြင်းကြောင့် ဖြစ်သည်။

**ယာဉ်မောင်း၏ တာဝန်များ**




- လမ်းသွားလမ်းလာများ ရှိနေသည့် နေရာများတွင် ဖြည်းဖြည်းမောင်းပြီး သတိရှိပါ။
- သင့်ရှေ့ရှိ ယာဉ်က လမ်းသွားလမ်းလာတစ်ဦး ဖြတ်သန်းရန်အတွက် ရပ်တန့်ပေးသည့်အခါ လမ်းကြောနှစ်ခု ရှိနေလျှင်ပင် ရပ်ထားသော ယာဉ်ကို ကျော်မတက်ပါနှင့်။ ယင်းသို့ကျော်တက်ခြင်းက လမ်းသွားလမ်းလာများ အသေအပျောက်အများဆုံး အကြောင်းရင်းဖြစ်သည်။
- မီးနီနေချိန်တွင် လမ်းဖြတ်ကူးသည့် လမ်းသွားလမ်းလာများ၊ ရပ်ထားသည့် ယာဉ်များကြားမှ ယာဉ်ကြောထဲသို့ လျှောက်ဝင်လာသည့် လမ်းသွားလမ်းလာများနှင့် အမှတ်အသားပြုထားသော လူကူးမျဉ်းကြားမရှိသည့် နေရာများမှ ဖြတ်ကူးသည့် လမ်းသွားလမ်းလာများကို သတိထားပါ။ လမ်းသွားလမ်းလာများက သတိမမူဘဲ လမ်းဖြတ်ကူးလျှင်ပင် ယာဉ်မောင်းက လမ်းဦးစားပေးရမည်။
- ရပ်ထားချိန် သို့မဟုတ် ကွေ့ရန် စောင့်ဆိုင်းနေချိန်တွင် လူကူးမျဉ်းကြားကို ပိတ်ဆို့မထားပါနှင့်။ သင့်ယာဉ်တစ်စီးလုံးဖြင့်ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းအားဖြင့်ဖြစ်စေ လူကူးမျဉ်းကြားကို ပိတ်ဆို့ထားလျှင် လမ်းသွားလမ်းလာများက သင့်ယာဉ်ကို ကွေ့ပတ်သွားရသဖြင့် ၎င်းတို့အတွက် အန္တရာယ်ဖြစ်နိုင်သော အခြေအနေတွင် ရှိနေစေသည်။
- လမ်းကြိုလမ်းကြား၊ ခြံတွင်းလမ်း သို့မဟုတ် သီးသန့်လမ်းထဲသို့ ဝင်ရောက်ခြင်း သို့မဟုတ် ယင်းမှ ထွက်ခြင်းကဲ့သို့ လမ်းဘေးလူသွားလမ်း သို့မဟုတ် လမ်းပခုံးကို သင်ဖြတ်ကူးသည့်အခါတိုင်း လမ်းသွားလမ်းလာများကို သတိထားပါ။
- လမ်းထဲတွင် သို့မဟုတ် လမ်းအနီးအနားတွင် ကလေးများ ကစားနေသည့်အခါ သတိထားပါ။ ကလေးများသည် လျင်မြန်စွာ လှုပ်ရှားလေ့ရှိပြီး ယာဉ်အသွားအလာကို မစစ်ဆေးကြပါ။
- သက်ကြီးရွယ်အို လမ်းလျှောက်သူများ ရှိနေပါက သတိထားပါ။ သူတို့သည် ယာဉ်အသွားအလာအခြေအနေများ၏ အန္တရာယ်များအပေါ် သတိမရှိနိုင်ပါ။
- ပြည်နယ်ကူးလမ်းများပေါ်တွင် သို့မဟုတ် လျှောစောင်းလမ်းများတွင် လမ်းကြုံလိုက်သူများကို တင်ဆောင်ရန် မရပ်ပါနှင့်။
- မျက်မမြင် လမ်းလျှောက်သူတစ်ဦး ချဉ်းကပ်လာသောအခါ ပိုမိုသတိထားပါ။ တုတ်ကောက် အဖြူရောင်ရှိသော သို့မဟုတ် လမ်းပြခွေးတစ်ကောင်က ဦးဆောင်နေသော လမ်းလျှောက်သူတစ်ဦးက သင်ဦးတည်နေသော လမ်းကို ဖြတ်ကူးနေစဉ် သို့မဟုတ် လမ်းကူးရန် စောင့်ဆိုင်းနေစဉ် သင်က ကားကိုရပ်ပြီး လမ်းပေးရမည်။
- မော်တော်ယာဉ်အား ကွေ့နေစဉ် လမ်းသွယ်များကို ဖြတ်ကူးနေသော လမ်းလျှောက်သူများကို သတိထားကြည့်ရှုပြီး ဦးစားပေးရမည်။

သင်္ကေတများရှိသည့် လမ်းဆုံများတွင် လမ်းလျှောက်သူများ ဖြတ်သန်းရန် အချိန်တွင် မီးလင်းလာမည့် "No Turn On Red" ဆိုင်းဘုတ်များရှိသည်။ ဆိုင်းဘုတ်များ မီးလင်းနေသည့်အချိန်တွင် မီးနီနေစဉ် ညာဘက်သို့မကွေ့ပါနှင့်။ သတိရရန်-အနီရောင်မြားပေါ်တွင် ညာဘက်သို့ မကွေ့ပါနှင့်။

အမှတ်အသားလုပ်ထားသော လူကူးမျဉ်းကြားများတွင် လူကူးမျဉ်းကြားများအတွင်း လမ်းလျှောက်သွားလာသူများကို ဦးစားပေးရန်လိုအပ်ကြောင်း ယာဉ်မောင်းများအား သတိပေးရန် လမ်းပေါ်တွင် လမ်းလျှောက်သူ သင်္ကေတကို ပြုလုပ်ထားနိုင်သည်။

**ကျောင်းဇုန်များ**

ကျောင်းဇုန်တွင် ကလေးများနှင့် လမ်းသွားလာသူများအား အချိန်မရွေး အထူးအားဖြင့် သတိထားပါ။ ရောက်ရှိလာနိုင်သော၊ ထွက်ခွာသွားနိုင်သော ကျောင်းကားများကိုလည်း ဂရုစိုက်ကြည့်ပါ။ သင်သည် ကျောင်းတစ်ကျောင်း သို့မဟုတ် ကျောင်းလူကူးမျဉ်းကြားသို့ ချဉ်းကပ်လာကြောင်း ဆိုင်းဘုတ်များ သို့မဟုတ် တောက်ပသောမီးများက သတိပေးသည်။ ကျောင်းဇုန်များစွာတွင် အမြန်နှုန်းကန့်သတ်ချက် ပိုနည်းပြီး အမြန်နှုန်းကန့်သတ်ချက် ဆိုင်းဘုတ်များတွင် မည်သည့်အချိန်၌ အမြန်နှုန်းကန့်သတ်ချက်များ အကျိုးသက်ရောက်မည်ကို သင်သိနိုင်စေရန် "မီးလင်းနေစဉ်" သို့မဟုတ် "ကလေးများရှိနေစဉ်" စာလုံးများပါရှိပါမည်။ ကျောင်းများတွင် ကလေးများသည် ပုံမှန်ကျောင်းချိန်များတွင်သာ ရှိနေမည်မဟုတ်ကြောင်း သတိပြုပါ။ ကျောင်းများတွင် ကျောင်းချိန်နောက်ပိုင်းနှင့် စနေ၊ တနင်္ဂနွေ ပိတ်ရက်အတွင်း လှုပ်ရှားမှုများ မကြာခဏ ပြုလုပ်လေ့ရှိသည်။

**ကစားနေသော ကလေးများ**

ယာဉ်မောင်းတစ်ဦးအနေနှင့် လူနေရပ်ကွက်များနှင့် ကလေးများရှိနိုင်ခြေရှိသော အချိန်များနှင့် နေရာများတွင် အထူးဂရုစိုက်ပါ။ လမ်းလျှောက်သွားလာသူများ၏ အခွင့်အရေးများနှင့် တာဝန်များကို သင့်ကလေးများအား

ငယ်ရွယ်စဉ်ကပင် သင်ကြားပေးပါ။ မော်တော်ယာဉ်အား နောက်ဆုတ်ချိန်နှင့် ယာဉ်ကြောတစ်ခုမှ ထွက်ချိန်တို့တွင် အမြဲအထူးဂရုစိုက်ပါ။ ကလေးများသည် နောက်မှ ပြေးသွားခြင်း သို့မဟုတ် သင့်ကား၏ နောက်မှာ ကစားနေခြင်းများ ဖြစ်နိုင်ပါသည်။

**လမ်းလျှောက် သွားလာသူများ၏ တာဝန်များ**

ယာဉ်မောင်းများသည် လမ်းလျှောက်သွားလာသူများအား ဦးစားပေးရမည်ဖြစ်သော်လည်း အလွန်နီးကပ်ပါက ချက်ချင်းအန္တရာယ်ဖြစ်စေနိုင်သည့်အတွက် လမ်းလျှောက်သွားလာသူများအနေဖြင့် အရံအတား သို့မဟုတ် အခြား ဘေးကင်းစွာ စောင့်ဆိုင်းနေသော နေရာမှ ရုတ်တရက်ထွက်လာပြီး ယာဉ်လမ်းကြောင်းထဲသို့ လျှောက်ဝင်လာခြင်း မပြုလုပ်ရပါ။ မော်တော်ယာဉ်များသည် ချက်ချင်း ရပ်၍မရပါ။ လမ်းလျှောက်သွားလာသူများသည် အောက်ပါလုံခြုံရေးစည်းမျဉ်းများနှင့် အကြံပြုချက်များကို သတိပြုသင့်သည်–

မည်သည့်လမ်းကိုမဆို မဖြတ်သန်းခင် လမ်းနှစ်ဖက်စလုံးကို ကြည့်ပါ။ "လျှောက်ပါ" သို့မဟုတ် "မလျှောက်ပါနှင့်" ဆိုသည့် အမှတ်အသားများကို အမြဲလိုက်နာပါ။ လမ်းလျှောက်သွားလာသူများအတွက် အချက်ပြဆိုင်းဘုတ်တွင် "မလျှောက်ပါနှင့်" မီးလင်းနေချိန်တွင် လမ်းကို စမဖြတ်ပါနှင့်။ "လျှောက်ပါ" သင်္ကေတပြနေချိန်အတွင်း လမ်းဖြတ်ကူးရန် စတင်နေပြီးဖြစ်ပါက "မလျှောက်ပါနှင့်" မီးလင်းလာသည့်အချိန်တွင် လုံခြုံစွာ လမ်းဖြတ်ကူးပြီးဖြစ်နေစေရန် သင့်တွင် အချိန်ရှိပါမည်။

အဝါရောင် သို့မဟုတ် အနီရောင် မီးကို တွေ့နေရချိန်တွင် "လျှောက်ပါ" အမှတ်အသား မပြထားပါက မဖြတ်ပါနှင့်။ လမ်းလျှောက်သွားလာသူများအတွက် အချက်ပြသင်္ကေတများ မရှိပါက ဦးတည်ရာတူညီသော ယာဉ်များအတွက် မီးစိမ်းချိန်တွင် ဖြတ်ကူးပါ။ ကွေ့လာမည့် ယာဉ်များကို ဂရုပြုပါ။

လူသွားလမ်းများရှိပါက လမ်းလျှောက်သွားလာသူများအနေဖြင့် အဝေးပြေးလမ်းမပေါ် သို့မဟုတ် လမ်းမတစ်လျှောက် လမ်းမလျှောက်သင့်ပါ။ လူသွားလမ်းမရှိပါက ယာဉ်ကြောကို မျက်နှာမူ၍ လမ်း၏ဘယ်ဘက် တတ်နိုင်သမျှ အစွန်ဆုံးနေရာမှ လျှောက်ရပါမည်။

လူကူးမျဉ်းကြားများကို အသုံးပြုပါ။ လူကူးမျဉ်းကြားများ၏ ရည်ရွယ်ချက်မှာ လမ်းလျှောက်သွားလာသူများ လမ်းဖြတ်ကူးသည့်အခါ ဘေးကင်းသော သတ်မှတ်ထားသည့် နေရာများမှသာ ဖြတ်ကူးရေး အားပေးရန်အတွက် ဖြစ်ပါသည်။

နေဝင်ချိန် သို့မဟုတ် ညအချိန်များတွင် လမ်းလျှောက်သည့်အခါ အရောင်ဖျော့သော သို့မဟုတ် ရောင်ပြန်ဟပ်သောအဝတ်အစားများ ဝတ်ဆင်ပြီး အလင်းရောင်ပေးသော အရာတစ်ခုကို သယ်ဆောင်သွားပါ။

အထူးသဖြင့် ယာဉ်ရှုပ်သော နေရာများတွင် နားကြပ်မတပ်ပါနှင့်။ ချဉ်းကပ်လာသော ယာဉ်၏အသံကို ကြားနိုင်ခြင်းသည် သင်၏လုံခြုံမှုကို တိုးမြင့်စေပါသည်။





လူသွားလမ်းများမရှိသော လမ်းများ သို့မဟုတ် အဝေးပြေးလမ်းများတစ်လျှောက် လမ်း၏ ညာဘက်မှ ယာဉ်ကြောကို ကျောခိုင်းအနေအထားနှင့် မည်သည့်အခါမှ မလျှောက်ပါနှင့်။ ယာဉ်ကြောကို မျက်နှာမူပြီး ဘယ်ဘက်ခြမ်းမှ လမ်းလျှောက်ပါ။ အာရုံတက်ချိန်၊ နေဝင်ချိန် သို့မဟုတ် မှောင်ပြီးနောက်ပိုင်း လမ်းလျှောက်ပါက အရောင်နုသော အဝတ်အစားများကို ဝတ်ဆင်ပါ။ ဓာတ်မီးကို ကိုင်ဆောင်ပြီး ရောင်ပြန်ဟပ်နိုင်သော အဝတ်များကို ဝတ်ဆင်ပါ။

<u>**လမ်းကို ကျောင်းကားများနှင့် မျှဝေသုံးစွဲခြင်း**</u>

**ကျောင်းကား မှတ်တိုင်များ**

<u>**ရပ်တန့်နေပြီး သတိပေးချက် မီးနီများ ဖွင့်ထားသော ကျောင်းကားတစ်စီးအား ကျော်မောင်းခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ပါသည်။ မီးနီများ ဖွင့်ထားချိန်တွင် မည်သည့်ဘက်ကမှ မကျော်ပါနှင့်။**</u>

ကျောင်းကားသည် အဝေးပြေးလမ်းပေါ်တွင် ရှိနေပြီး ကျောင်းသားများကို တင်ရန် သို့မဟုတ် ချရန် ပြုလုပ်တော့မည့်အချိန်ဖြစ်ပါက ကျောင်းကား ယာဉ်မောင်းသည် မှိတ်လိုက် လင်းလိုက်ဖြစ်နေသော အဝါရောင်မီးများကို ဖွင့်ပြီး အချိန်စတင်လျှော့ချပါမည်။ သင်သည် ရပ်တန့်ရန်ပြင်ဆင်သင့်သည်။ ကျောင်းကားရပ်သွားပြီးနောက် ယာဉ်မောင်းသည်

မိုတ်လိုက် လင်းလိုက်ဖြစ်နေသော သတိပေး မီးနီများကို ဖွင့်ပါမည်။ အနီရောင်သတိပေးမီးများကို ဖွင့်လိုက်သည်နှင့် သင်သည် သင့်မော်တော်ယာဉ်ကို ရပ်တန့်ရမည်။

ကျောင်းဝန်းထဲမှာ ဆိုလျှင်ပင် မိုတ်လိုက်လင်းလိုက်ဖြစ်နေသည့် မီးနီများကို ဖွင့်ထားသော ရပ်ထားသည့် ကျောင်းကားတစ်စီးကို ဖြတ်မမောင်းရန် သတိရပါ။

ရပ်ရန်မလိုသော ချွင်းချက်နေရာ အနည်းငယ် ရှိပါသည်။ ဦးတည်ရာ နှစ်ဘက်အား သီးခြားစီ ပိုင်းခြားထားသော အဝေးပြေးလမ်းပေါ်တွင် ကျောင်းကားက ဆန့်ကျင်ဘက်ဦးတည်ရာသို့ သွားနေပါက ရပ်ရန်မလိုပါ။ ဘတ်စ်ကားနှင့် ယာဉ်အသွားအလာများကို ပိုင်းခြားရန် ကွန်ကရစ် အတားအဆီးကို အသုံးပြုနိုင်ပြီး သင့်အနေဖြင့် ရပ်ရန်မလိုပါ။

သင်သည် Vermont အတွင်း သတိပေးမီးဖွင့်လျက် ရပ်ထားသည့် ကျောင်းကားတစ်စီးကို ဖြတ်သွားမိသော ပြစ်မှုကို ကျူးလွန်ကြောင်း တွေ့ရှိရပါက ဒဏ်ကြေးအမြောက်အများ ပေးဆောင်ရမည့်အပြင် သင်၏ ယာဉ်မောင်းလိုင်စင်ပေါ်တွင် ငါးမှတ် အလျှော့ခံရမည်။

## <u>စက်ဘီးစီးသူများနှင့် လမ်းကို မျှဝေသုံးစွဲခြင်း</u>

လေ့ကျင့်ခန်းလုပ်ရန်နှင့် သယ်ယူပို့ဆောင်ရေးအနေဖြင့် အသုံးပြုရန်အတွက် လမ်းများနှင့် အဝေးပြေးလမ်းမများပေါ်တွင် စက်ဘီးစီးသူအရေအတွက်သည် နေ့စဉ် တိုးပွားလာနေပါသည်။ ပြည်နယ်ကူးလမ်းကဲ့သို့သော ဝင်ရောက်အသုံးပြုခွင့် ကန့်သတ်ထားသော အဝေးပြေးလမ်းမများတွင် အထူးသဖြင့် ကန့်သတ်မထားပါက ပြည်နယ်ဥပဒေအရ စက်ဘီးစီးသူများသည် လမ်းများအားလုံးပေါ်တွင် စီးနင်းခွင့်ရှိသည်။

စက်ဘီးစီးသူများအတွက် မော်တော်ယာဉ် ယာဉ်မောင်းများနှင့် တူညီသော ယာဉ်စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ထားပါသည်။ သို့ရာတွင် စက်ဘီးများသည် အခြားမော်တော်ယာဉ်များထက် ပိုမိုဆိတ်ငြိမ်ပြီး အထူးသဖြင့် ညအချိန်တွင် မြင်သာမှု နည်းပါသည်။ အသေးငယ်ဆုံးသော အမှားက ပြင်းထန်သော ထိခိုက်ဒဏ်ရာ သို့မဟုတ် သေဆုံးမှုကို ဖြစ်ပေါ်စေနိုင်သည့်အတွက် မော်တော်ယာဉ်မောင်းသူတစ်ဦးအနေဖြင့် စက်ဘီးစီးသူတစ်ဦးဝန်းကျင်တွင် ကာကွယ်မှုအပြည့်ဖြင့် မောင်းနှင်သင့်ပါသည်။ စက်ဘီးစီးသူတစ်ဦးအနား ချဉ်းကပ်လာသောအခါ သတိနှင့် အရှိန်ကိုလျှော့ပါ။ ဖြတ်သွားချိန်တွင် သူတို့အတွက် နေရာများများပေးပြီး ရုတ်တရက် ရပ်နိုင်ရန် ပြင်ထားပါ။ သူတို့အား သတိပေးရန် အကြောင်းပြချက်ကောင်းမရှိပါက စက်ဘီးစီးသူကို ဟွန်းမတီးပါနှင့်။ ကျယ်လောင်သောအသံက စက်ဘီးစီးသူကို လန့်သွားစေနိုင်ပြီး မထိန်းချုပ်နိုင်ဘဲ ဖြစ်သွားစေနိုင်ပါသည်။ စက်ဘီးစီးသူများသည် မော်တော်ယာဉ်မောင်းများနှင့် တူညီသော အခွင့်အရေးများနှင့် တာဝန်များရှိကြောင်း သတိရရန် အရေးကြီးပါသည်။ အငြင်းပွားမှုမဖြစ်စေရန် မော်တော်ယာဉ်မောင်းများသည် စည်းမျဉ်းများကိုသိရန် လိုပါသည်–

### ယာဉ်မောင်း၏ တာဝန်များ

- လမ်းကို စက်ဘီးစီးသူများနှင့် မျှဝေအသုံးပြုပါ၊ သူတို့သည် လမ်းပေါ်တွင် စီးနင်းခွင့် ရှိပါသည်။ ယာဉ်မောင်းများသည် အချိန်အနည်းငယ် ပိုကြာစေလျှင်ပင် ယဉ်ကျေးပြီး သတိရှိရပါမည်။
- လုံခြုံရေးအတွက် လိုအပ်ပါက စက်ဘီးစီးသူများကို လိုအပ်သည့်အတိုင်း ဘယ်ဘက်အစွန်ဆုံးအထိ စီးခွင့်ပြုထားကြောင်း သတိပြုပါ။
- အချို့အခြေအနေများတွင် စက်ဘီးစီးသူတစ်ဦးသည် လမ်းလယ်သို့ စီးနင်းခြင်းဖြင့် "လမ်းကြောယူခြင်း" သည် အန္တရာယ်အကင်းဆုံးဖြစ်သည်။ ကားသမားများ မမြင်နိုင်သော လမ်းကြောင်းအန္တရာယ်များ သို့မဟုတ် သင့်လျော်သော လမ်းကြောင်းပေါ်တွင် သူတို့ကိုယ်သူတို့ မှန်ကန်စွာ နေရာချထားရန်ကဲ့သို့သော စက်ဘီးစီးသူများအတွက် ခရီးသွားလမ်းကြောင်းပေါ်တွင် စီးနင်းရသည့် အကြောင်းပြချက်များ ရှိနိုင်သည်။
- လမ်းပေါက်များ၊ ရေမြောင်းဖုံးများ၊ ရထားသံလမ်းများနှင့် ကျဉ်းမြောင်းသော တံတားများ သို့မဟုတ် လမ်းကြောင်းများ ကဲ့သို့သော စက်ဘီးစီးသူများအတွက် အန္တရာယ်ရှိနိုင်သည့် အခြေအနေများနှင့် အတားအဆီးများကို အသိအမှတ်ပြုရန် သင်ယူပါ။ သူတို့အနေဖြင့် လိုအပ်သလို ထိန်းသိမ်းစီးနင်းနိုင်ရန် လုံလောက်သော နေရာပေးပါ။
- စက်ဘီးစီးသူသည် ဘယ်ဘက်ကွေ့သည့်အခါ အချက်ပြပြီး လမ်း၏ဘယ်ဘက်သို့ သို့မဟုတ် ကွေ့ကြောသို့ ရွှေ့ရန် သတိထားပါ။ ၎င်းသည် မှန်ကန်သော အလေ့အကျင့်ဖြစ်ပြီး စက်ဘီးစီးသူအား မော်တော်ယဉ်ဖြင့် မကျော်မီ အကွေ့ကို ဘေးကင်းစွာ ကွေ့ပြီးရန် ခွင့်ပြုသင့်သည်။
- စက်ဘီးစီးသူနှင့် သင့်မော်တော်ယာဉ်၏ ညာဘက်ဘေးကြားတွင် ဖြတ်သန်းရန်နေရာ အနည်းဆုံး လေးပေ ချန်ထားပါ။ မော်တော်ယာဉ်နှင့် စက်ဘီး ဘေးချင်းယှဉ်၍ ဘေးကင်းစွာ မောင်းနှင်ရန် လမ်းသည် ကျဉ်းလွန်းပါက သူတို့အား လမ်း၏ဘေးသို့ဆင်းရန် ဖိအားမပေးဘဲ စက်ဘီးစီးသူအား ဘေးကင်းစွာ ဖြတ်ကျော်နိုင်သည်အထိ စောင့်ပါ။

- စက်ဘီးစီးသူနှစ်ဦး ဘေးချင်းယှဉ်စီးခြင်းသည် ဥပဒေနှင့်ညီညွတ်ကြောင်း သတိပြုပါ။ ကျော်တက်ရန် ဘေးကင်းသည်အထိ အရှိန်လျှော့ပါ၊ သို့မဟုတ် သူတို့၏ အနေအထားကို ပြင်ရန် သူတို့ကို အချိန်ပေးပါ။ ထိုသို့ဆိုလျှင်ပင် ဘေးကင်းလုံခြုံသည်အထိ စက်ဘီးစီးသူများကို မကျော်တက်ပါနှင့်။

- လမ်းဆုံနေရာတစ်ခုတွင် ဘယ်ဘက်သို့ ကွေ့သောအခါ လာနေသော ယာဉ်မောင်းများကို ဦးစားပေးသကဲ့သို့ လာနေသော စက်ဘီးစီးသူများကိုလည်း ဦးစားပေးပါ။ စက်ဘီးစီးသူများသည် သင်ထင်သည်ထက် ပို၍မြန်ဆန်စွာ စီးနင်းနေနိုင်သောကြောင့် သူတို့ကို လုံလောက်သောနေရာပေးပါ။

**အဖြစ်များသည့် မော်တော်ယာဉ်ကြောင့်ဖြစ်သော စက်ဘီးနှင့် တိုက်မိခြင်းများ**

အောက်ဖော်ပြပါ အဖြစ်များသော အမှားလေးခုကြောင့် သင်သည် စက်ဘီးစီးသူနှင့် တိုက်မိနိုင်ပါသည်-

1. လာနေသော စက်ဘီးစီးသူကို သတိမထားမိဘဲ/ဦးစားမပေးဘဲ ဘယ်ဘက်သို့ ကွေ့ခြင်း။
2. လမ်းဆုံတစ်ခု သို့မဟုတ် ယာဉ်ကြောတစ်ခု၏ ညာဘက်တွင် ရှေ့တည့်တည့်သို့ စီးနင်းလာသော သို့မဟုတ် လမ်းဘေးလျှောက်လမ်းမှ ဆင်းလာသော စက်ဘီးစီးသူကို မစစ်ဆေးဘဲ ညာဘက်သို့ ကွေ့ခြင်း။
3. လမ်းပေါ် သို့မဟုတ် လမ်းဘေးလျှောက်လမ်းပေါ် ရှိ စက်ဘီးစီးသူအား စစ်ဆေးခြင်းမရှိဘဲ လမ်းအတွင်းသို့ဝင်ခြင်း သို့မဟုတ် လမ်းကို ဖြတ်ခြင်း။
4. စက်ဘီးစီးသူတစ်ဦး၏ လမ်းကြောင်းအတွင်းသို့ ကားတံခါးဖွင့်ခြင်း။

**စက်ဘီးစီးသူများ၏ တာဝန်များ**

စက်ဘီးစီးသူများသည် တရားဝင်လမ်းအသုံးပြုသူများဖြစ်ပြီး အခြားယာဉ်မောင်းများနှင့် အလားတူ အခွင့်အရေးများနှင့် တာဝန်များအားလုံးရှိပါသည်။ စက်ဘီးစီးရန် လိုင်စင်ရှိဖို့ မလိုသော်လည်း စက်ဘီးစီးသူများသည် လမ်းစည်းကမ်းအားလုံးကို လိုက်နာရပါမည်။ သင့်လျော်သော ပုံမှန် ယာဉ်အသွားအလာကို အနှောင့်အယှက် မဖြစ်စေသရွေ့ စက်ဘီးစီးသူများအား စက်ဘီးနှစ်စီးကို ရင်ဘောင်တန်းစီးရန် ခွင့်ပြုသည်။ ဘေးကင်းပြီး တရားဥပဒေနှင့်ညီသော စက်ဘီးစီး အတွေ့အကြုံအတွက် အောက်ဖော်ပြပါ စည်းမျဉ်းများကို လိုက်နာပါ-

- ယာဉ်သင်္ကေတများနှင့် အမှတ်အသားများအားလုံးကို လိုက်နာပါ။ သင်သည် ယာဉ်ဥပဒေများကို ချိုးဖောက်ပါက လက်မှတ်ဖြတ်ခံရမည်ဖြစ်ပြီး ဒဏ်ငွေ ပေးဆောင်ရမည်။

- ယာဉ်များနှင့်အတူ စီးနင်းပါ။ ဖြတ်သွားသော မော်တော်ယာဉ်များနှင့်အတူ လမ်း၏ညာဘက်မှ အမြဲစီးပါ။ သင်သည် ညာဘက်ကွေ့မည့် လမ်းကြောသို့ ချဉ်းကပ်နေပြီး တိုက်ရိုက်သွားရန် ရည်ရွယ်ထားပါက ညာဘက်ကွေ့လမ်းကြောထဲသို့ မဝင်ပါနှင့်။

- ကြိုတင်ခန့်မှန်းနိုင်သော အပြုအမူဖြင့် စီးနင်းပါ။ အမြဲတမ်း တည့်တည့်စီးပါ၊ ရပ်ထားသော ကားများကြား ဝင်လိုက်ထွက်လိုက် မလုပ်ပါနှင့်။ လမ်းသည် စက်ဘီးတစ်စီးနှင့် ကားတစ်စီး ဘေးချင်းယှဉ်သွားရန် ကျဉ်းလွန်းပါက ညာဘက်သို့ ပြန်သွားရန် ဘေးကင်းသည့်အချိန်အထိ စက်ဘီးစီးသူက လမ်းကို ယူရမည်။ သင်၏ လမ်းကြောအနေအထားကို မပြောင်းမီ ပုခုံးပေါ်မှ ကျော်ကြည့်၍ စစ်ဆေးပြီး ရပ်ထားသော ယာဉ်များအကြား ဝင်လိုက်ထွက်လိုက် မလုပ်ပါနှင့်။

- ကွေ့ရန် အချက်ပြခြင်း။ ကွေ့ရန် ရည်ရွယ်ပါက သင့်လျော်မှန်ကန်သော လက်အချက်ပြများကို အသုံးပြုပြီး အမြဲအချက်ပြရမည်။ လမ်းကြောမပြောင်းမီ သို့မဟုတ် မကွေ့မီ လမ်းကြောများတွင် ယာဉ်အသွားအလာများ ရှင်းလင်းနေကြောင်း သေချာစေရန် ကြည့်ပါ။

**စက်ဘီး လက်ဖြင့် အချက်ပြခြင်း**



**စကိတ်ဘုတ်များ၊ စကူတာများ စသည်တို့နှင့် လမ်းကို မျှဝေသုံးစွဲခြင်း။**

မကြာသေးမီက အထူးစိုးရိမ်ရသည့်အချက်မှာ စကိတ်ဘုတ်သမားများ၊ ရိုလာဘလက်ဒါများ၊ စက်မပါသော စကူတာများ၊ လျှပ်စစ်ဘီးတပ်ကုလားထိုင်များ စသည်ဖြင့် တစ်ကိုယ်ရေသုံး ဘီးတပ်သယ်ယူပို့ဆောင်ရေးယာဉ် အသုံးပြုသူများဖြစ်ပါသည်။ ဤကိရိယာအမျိုးအစားများဖြင့် လမ်းကိုအသုံးပြုသူများသည် တစ်ခါတစ်ရံ သိသာသော အမြန်နှုန်းဖြင့် ခရီးသွားနိုင်ကြသည်။ အသုံးပြုသူများသည် ရုတ်တရက် ရွေ့လျားလိုက်နိုင်ပြီး သင်သွားနေသည့် လမ်းကြောင်းအတွင်းသို့ မမျှော်လင့်ဘဲ ဦးတည်ရာ ပြောင်းလဲလာနိုင်သည်။ ဤအမျိုးအစား လမ်းအသုံးပြုသူများအနီးတွင် အထူးသဖြင့် နိုးနိုးကြားကြားနှင့် သတိထားပါ။

**မော်တော်ဆိုင်ကယ်များနှင့် လမ်းကို မျှဝေသုံးစွဲခြင်း**

ယနေ့ခေတ် မော်တော်ဆိုင်ကယ်စီးသူများသည် သူငယ်ချင်းများ၊ ဆွေမျိုးများနှင့် အိမ်နီးချင်းများဖြစ်ကြသည်။ ဆိုင်ကယ်စီးသူသည် အခြားယာဉ်မောင်းများကဲ့သို့ အဝေးပြေးလမ်းမပေါ်တွင် တူညီသော အခွင့်အရေးများနှင့် တာဝန်များရှိသည်။ ယာဉ်မောင်းများသည် ဤအချက်ကို အသိအမှတ်ပြုပြီး မော်တော်ဆိုင်ကယ်များကို အများကြီးစုဝေးစီးရန် သို့မဟုတ် စက်ဘီးစီးသူများထံမှ လမ်းအသုံးပြုခွင့်ကို ယူရန် အားမထုတ်သင့်ပါ။ အခြားတစ်ဖက်တွင်လည်း မော်တော်ဆိုင်ကယ်စီးသူများသည် တာဝန်ယူမှုရှိသော လမ်းအသုံးပြုသူများကဲ့သို့ စီးနင်းရမည်ဖြစ်ပြီး ဆိုင်ကယ်၏ ကျဉ်းမြောင်းသော နေရာယူမှုအနေအထားနှင့် အလွယ်တကူ တိမ်းညွှတ်နိုင်မှုတို့ဖြင့် အခွင့်ကောင်းယူရန် မကြိုးစားသင့်ပါ။

မော်တော်ဆိုင်ကယ် စီးသူများသည် ဂီယာကြီးသို့ ပြောင်းခြင်းအားဖြင့် သို့မဟုတ် လီဗာအား လိုမ့်ရုံမျှဖြင့် မကြာခဏအရှိန်လျှော့တတ်ကြသောကြောင့် ဘရိတ်မီး မလင်းပါ။ နောက်မှ လိုက်ပါမှု အကွာအဝေး 4 စက္ကန့်ကျော်အောင် ထားပါ။ လမ်းဆုံများတွင် မော်တော်ဆိုင်ကယ်စီးသူတစ်ဦးသည် အမြင်အားဖြင့် သိသာသော သတိပေးချက်မရှိဘဲ အရှိန်လျှော့နိုင်သည်ကို တွက်ဆထားပါ။

မော်တော်ဆိုင်ကယ်တွင် အကွေ့အချက်ပြမီးများသည် အလိုအလျောက်ပြန်မပိတ်ပါ၊ ထို့ကြောင့် အချို့ ဆိုင်ကယ်စီးသူများသည် (အထူးသဖြင့် စတင်စီးနင်းသူများ) တစ်ခါတစ်ရံ ကွေ့ပြီး သို့မဟုတ် လမ်းကြောင်းပြောင်းပြီးနောက် ပြန်ပိတ်ရန် မေ့တတ်ကြပါသည်။ မော်တော်ဆိုင်ကယ်၏ အချက်ပြမှုသည် အမှန်တကယ်ပြခြင်းဖြစ်ကြောင်း သေချာအောင် လုပ်ပါ။

မော်တော်ဆိုင်ကယ်စီးသူများသည် ပိုမိုလွယ်ကူစွာ မြင်နိုင်စေရန်နှင့် လေ၊ လမ်းအပျက်အစီးများနှင့် ဖြတ်သွားသော ယာဉ်များ၏ သက်ရောက်မှုကို အနည်းဆုံးသို့လျှော့ချရန် လမ်းကြောအတွင်း နေရာကို မကြာခဏ ချိန်ညှိတတ်ကြပါသည်။ မော်တော်ဆိုင်ကယ်စီးသူက လမ်းကြောအနေအထား ချိန်ညှိခြင်းသည် မဆင်မခြင်မောင်းနှင်ခြင်း သို့မဟုတ် ကြွားဝါပြလိုခြင်းကြောင့် မဟုတ်ဘဲ ရည်ရွယ်ချက်တစ်ခုအတွက်ဖြစ်ကြောင်း နားလည်ပါ။

၎င်း၏ သေးငယ်သော အရွယ်အစားကြောင့် မော်တော်ဆိုင်ကယ်သည် အမှန်တကယ်ထက် ပို၍မြန်ဆန်စွာ ရွေ့လျားနေပုံရသည်။ မော်တော်ဆိုင်ကယ်စီးသူများကို အမြန်နှုန်း နတ်ဆိုးများဟု မထင်ပါနှင့်။

၎င်း၏ သေးငယ်သော အရွယ်အစားကြောင့် မော်တော်ဆိုင်ကယ်တစ်စီးသည် အမှန်တကယ်သူရှိနေသည်ထက် ပို၍ဝေးသည်ဟု ထင်ရနိုင်ပါသည်။ လမ်းဆုံတစ်ခုတွင် ကွေ့ရန် ယာဉ်အသွားအလာများကို စစ်ဆေးကြည့်သည့်အခါ မော်တော်ဆိုင်ကယ်သည် ထင်ရသည်ထက်ပို၍နီးကြောင်း တွက်ဆထားပါ။

၎င်း၏ သေးငယ်သော အရွယ်အစားကြောင့် မော်တော်ဆိုင်ကယ်တစ်စီးကို ကားအတွင်း သို့မဟုတ် အပြင်ဘက်ရှိ အရာဝတ္ထုများက အလွယ်တကူ ဖုံးကွယ်ထားနိုင်ပါသည်။ (တံခါးတိုင်၊ မှန်များ၊ ခရီးသည်များ၊ ချုံပုတ်များ၊ သစ်ပင်များ၊ ရပ်ထားသည့် ကားများ၊ ခြံစည်းရိုးများ၊ တံတားများ၊ မျက်ကွယ်နေရာ စသည်ဖြင့်)။ သင်သည် လမ်းကြောင်းပြောင်းနေသည်ဖြစ်စေ၊ လမ်းဆုံတွင် ကွေ့နေသည်ဖြစ်စေ ယာဉ်အသွားအလာကို စေ့စေ့စပ်စပ် စစ်ဆေးဖို့ အချိန်ပိုယူပါ။

မော်တော်ဆိုင်ကယ်များအတွက် ရပ်ရန် အကွာအဝေးမှာ ကားများနှင့် အတူလောက်နီးပါးဖြစ်သော်လည်း ချောနေသော လမ်းပေါ်တွင် မြန်မြန်ရပ်ရန်မှာ ခက်ခဲပါသည်။ ၎င်းသည် အမြဲတမ်းချက်ချင်း မရပ်နိုင်သောကြောင့်မော်တော်ဆိုင်ကယ်၏နောက်တွင် လိုက်နိုင်သည့် အကွာအဝေးကို ပိုမိုထားရှိပါ။

အထူးသဖြင့် အရှိန်နှေးနှေးနှင့် မောင်းနေချိန်နှင့် လမ်းကောင်းချိန်တွင် အလျင်အမြန် နေရာပြောင်းလဲနိုင်မှုသည် မော်တော်ဆိုင်ကယ်၏ ပိုမိုကောင်းမွန်သော သွင်ပြင်လက္ခဏာများထဲမှ တစ်ခုဖြစ်သည်။ သို့သော် မော်တော်ဆိုင်ကယ်သမားတစ်ယောက်သည် လမ်းကြောင်း၏ အပြင်သို့ အမြဲတမ်း ရှောင်တိမ်းနိုင်နေမည်ဟု မမျှော်လင့်ပါနှင့်။

ခရီးသည်တစ်ဦးကို တင်ဆောင်လာပါက မော်တော်ဆိုင်ကယ်စီးသူ၏ တာဝန်ကို ပိုမိုရှုပ်ထွေးစေပါသည်။ ဟန်ချက်ထိန်းသိမ်းရန် ပိုမိုခက်ခဲလာပါသည်။ ရပ်တန့်ရန် လိုအပ်သည့် အကွာအဝေးကို တိုးစေသည်။ အလျင်အမြန်နေရာပြောင်းလဲနိုင်မှုသည် လျော့ကျသွားသည်။ အထူးသဖြင့် လမ်းဆုံများအနီးတွင် မော်တော်ဆိုင်ကယ်ပေါ်တွင် နှစ်ဦးတွေ့ရပါက ပြဿနာများပိုလာနိုင်သည်ကို တွက်ဆထားပါ။

မော်တော်ဆိုင်ကယ်ပေါ်တွင် ပါရှိသော မှန်များသည် ပို၍သေးငယ်ပြီး များသောအားဖြင့် မှန်ခုံးဖြစ်ပါသည်။ ထို့အတွက်ကြောင့် မော်တော်ဆိုင်ကယ်စီးသူအနေဖြင့် သင်၏ရုပ်ပုံကို ပိုမိုသေးငယ်စွာမြင်ရစေပြီး သင့်အား သင်အမှန်တကယ်ရှိနေသည်ထက် ပို၍ဝေးပုံရစေပါသည်။ မော်တော်ဆိုင်ကယ်စီးသူနောက်မှ လိုက်သည့်အခါ အနည်းဆုံး လေးစက္ကန့်စာ အကွာအဝေးကို ထိန်းထားပါ။

လမ်းပေါ်တွင် မော်တော်ဆိုင်ကယ်များထက် ကားများနှင့် ထရပ်ကားများက များစွာပိုများပြီး ယာဉ်မောင်းအချို့သည် မော်တော်ဆိုင်ကယ်တစ်စီးကို အသိအမှတ်မပြုဘဲ လျစ်လျူရှုတတ်ကြပါသည် (များသောအားဖြင့် မရည်ရွယ်ဘဲ)။ အထူးသဖြင့် လမ်းဆုံတွင် ယာဉ်အသွားအလာစစ်ဆေးသည့်အခါ မော်တော်ဆိုင်ကယ်များကို ဂရုစိုက်ကြည့်ရှုပါ။

ညအချိန်တွင် မော်တော်ဆိုင်ကယ်ပေါ်ရှိ တစ်လုံးစီသာရှိသော ရှေ့မီးလုံးနှင့် နောက်မီးလုံးရောင်များသည် အခြားယာဉ်များ၏ မီးရောင်များနှင့် ရောနှောသွားနိုင်သည်။ ထို "ထူးဆန်းသော" မီးရောင်များသည် မော်တော်ဆိုင်ကယ်မီး ဖြစ်နိုင်ပါသည်။

မော်တော်ဆိုင်ကယ်များသည် လမ်းကြောတစ်ခု အပြည့်ယူခွင့်ရှိပါသည်။ မော်တော်ဆိုင်ကယ်တစ်စီးကို ကျော်တက်သည့်အခါ လမ်းကြောကို အပြည့်အဝပြောင်းပါ။ မော်တော်ဆိုင်ကယ်တစ်စီးကို ကျော်ပြီးသည့်နောက် လမ်းကြောအတွင်းသို့ ဘယ်တော့မှ နီးနီးကပ်ကပ် ပြန်ဖြတ်မဝင်ပါနှင့်။ သင်၏ ကျော်တက်ရန်၊ လမ်းကြောပြောင်းရန် သို့မဟုတ် ကွေ့ရန် ရည်ရွယ်ချက်ကို ဆိုင်ကယ်စီးသူအား သတိပေးနိုင်ရန်အတွက် သင်၏ အကွေ့အချက်ပြသင်္ကေတများကို အသုံးပြုရန် သေချာပါစေ။ ကျော်တက်သွားသည့် မော်တော်ဆိုင်ကယ်စီးသူအား နေရာများစွာပေးပြီး သင့်ကိုကျော်တက်သွားသည့် မော်တော်ဆိုင်ကယ်၏ရှေ့တွင် နေနိုင်ရန် မည်သည့်အခါမှ အရှိန်မြှင့်ရန် မကြိုးစားပါနှင့်။

ရွေ့လျားနေသော မော်တော်ဆိုင်ကယ်အား မော်တော်ဆိုင်ကယ်အဖြစ် မစဉ်းစားပါနှင့်၊ လူတစ်ဦးအနေနှင့် စဉ်းစားပါ။

**မှတ်ချက်-** မော်တော်ဆိုင်ကယ် ဥပဒေများနှင့် စည်းမျဉ်းများအကြောင်းနှင့် မော်တော်ဆိုင်ကယ်စီးနင်းရန် ခွင့်ပြုချက် သို့မဟုတ် ထောက်ခံချက်ရရှိနိုင်ပုံ အချက်အလက်များကို ပိုမိုသိရှိလိုပါက Vermont မော်တော်ဆိုင်ကယ်လက်စွဲစာအုပ်တွင် ရှာဖွေကြည့်ရှုနိုင်ပါသည်။

## <u>ကုန်တင်ကားကြီးများနှင့် လမ်းကို မျှဝေသုံးစွဲခြင်း</u>

နှစ်စဉ် ခရီးသည်တင်ကားများနှင့် ထရပ်ကားကြီးများပါဝင်သည့် ယာဉ်တိုက်မှုပေါင်း 250,000 ကျော်ရှိပါသည်။ မော်တော်ကားများနှင့် ထရပ်ကားများပါဝင်သော သေစေနိုင်လောက်သည့် ယာဉ်တိုက်မှု၏ 70% ကျော်တွင် ယာဉ်တိုက်မှုကို ဖြစ်စေသော အကြောင်းရင်းမှာ ထရပ်ကားမောင်းသူကြောင့်မဟုတ်ဘဲ အခြားယာဉ်မောင်းကြောင့် ဖြစ်ပါသည်။ မော်တော်ယာဉ်များနှင့် ထရပ်ကားများပါဝင်သော ယာဉ်တိုက်မှုအများစုသည် ကောင်းမွန်သော ရာသီဥတု အခြေအနေအောက်တွင် အလင်းရောင်ရှိသော နေ့အချိန်၊ လမ်းဖြောင့်ပေါ်နှင့် ခြောက်သွေ့သော လမ်းပေါ်တွင် ဖြစ်ပွားပါသည်။ ထရပ်ကားများသည် တခြားယာဉ်များထက် ပိုကြီးပြီး ပိုလေးပါသည်။ ထရပ်ကားများ ပါဝင်သော သေစေနိုင်သော ယာဉ်တိုက်မှု ငါးခုအနက် လေးခုတွင် အခြားယာဉ်၏ ယာဉ်မောင်း သေဆုံးပါသည်။ ယာဉ်မောင်းများသည် ထရပ်ကား၏ ကန့်သတ်ချက်များနှင့် ကုန်တင်ကားများပါဝင်သည့် ဘေးမကင်းသည့် အခြေအနေများကို မည်သို့ရှောင်ရှားရမည်လဲ သိထားမည်ဆိုလျှင် ထိုယာဉ်တိုက်မှုများစွာကို ရှောင်ရှားနိုင်ပါသည်။




**ထရပ်ကားများအား တခြားယာဉ်များကဲ့သို့ မမောင်းရကြောင်း သတိရပါ။ ယေဘုယျအားဖြင့် ထရပ်ကားသည် ပိုကြီးပါက-**

- ယာဉ်မောင်း၏ မျက်ကွယ်နေရာများသည်လည်း ပိုကြီးပါသည်။
- အနေအထားပြောင်းရန်အတွက် နေရာပိုလိုပါသည်။
- ထရပ်ကားအား ရပ်ရန် အချိန်ပိုလိုပါသည်။
- ၎င်းကို ကျော်တက်ရန် အချိန်ပိုလိုပါသည်။

### <u>မျက်ကွယ်နေရာများ - "မြင်ကွင်းမရှိသောနေရာ" များကို ကြည့်ခြင်း-</u>

ထရပ်ကားကြီးများ၌ ရှေ့ဘက်၊ အနောက်ဘက်နှင့် ဘေးနှစ်ဘက်တို့တွင် မျက်ကွယ်နေရာများ သို့မဟုတ် မြင်ကွင်းမရှိသောနေရာများရှိပါသည်။ ဤမြင်ကွင်းမရှိသည့်နေရာများက ယာဉ်မောင်းအား မြင်ရန် ခက်ခဲစေသည့်အတွက် ထရပ်ကားတစ်စီးသည် သင့်ဘက်သို့ကွေ့လိုက်နိုင်ပါသည်။ မြင်ကွင်းမရှိသောနေရာများတွင် မနေပါနှင့်။ ထရပ်ကားများ၏ နောက်(ဘေး)မှန်များကို သင်မမြင်ရပါက ထရပ်ကား ယာဉ်မောင်းသည် သင့်ကို မမြင်ရကြောင်း သတိရပါ။

### <u>ကျော်တက်ခြင်း</u>

ကြီးမားသော ထရပ်ကားတစ်စီးကို ကျော်တက်ရန် အချိန်ပိုကြာပါသည်။ ကျော်တက်သည့်အခါ အရှိန်ကို တစ်သမတ်တည်းဖြစ်အောင် ထိန်းထားရမည်။ ညာဘက်လမ်းကြောင်းသို့ ပြန်မယူမီ နောက်ကြည့်မှန်ထဲတွင် ထရပ်ကား၏ ခေါင်းခန်းကို မြင်ရကြောင်း သေချာအောင်လုပ်ပါ။ ယာဉ်များသည် ထရပ်ကားရှေ့သို့ ရုတ်တရက် ဆွဲဝင်လာပါက ထရပ်ကားယာဉ်မောင်းသည် ယာဉ်တိုက်မှုကို ရှောင်ရှားရန် လျင်မြန်စွာ ဆောင်ရွက်ရမည်ဖြစ်သည်။

### <u>နောက်ဆုတ်ခြင်း</u>

ထရပ်ကားယာဉ်မောင်းတစ်ဦး နောက်ဆုတ်နေပါက သူသည် တစ်ခါတစ်ရံ သူ၏နောက်တွဲယာဉ်ကို နေရာပြောင်းရန် လမ်းကို ယာယီပိတ်ဆို့ထားရသည်။ နောက်ဆုတ်ဖို့ပြင်ဆင်နေသော သို့မဟုတ် နောက်ဆုတ်နေသော ထရပ်ကားတစ်စီး၏အနီးသို့ ဘယ်တော့မှ မသွားပါနှင့်။ နောက်တွဲယာဉ်အများစုသည် သူတို့နှင့် ကုန်တင်သောနေရာအကြား

ရုတ်တရက်ရောက်ရှိလာသော အရာဝတ္ထုများကို အလုံးစုံကွယ်ထားနိုင်ပါသည်။ ထရပ်ကားကို ကွေ့ပတ်သွားရန် ကြိုးစားပါက သင်သည် မျက်ကွယ်နေရာသို့ ဝင်ရောက်သွားနိုင်ပြီး ထရပ်ကား ယာဉ်မောင်းက သင့်ကို မမြင်နိုင်ပါ။

## နောက်ဘက်ရှိ မျက်ကွယ်နေရာများ

အခြား မော်တော်ယာဉ်များနှင့်မတူဘဲ ထရပ်ကားများတွင် သူတို့၏နောက်တည့်တည့်၌ ရှည်လျားသော မျက်ကွယ်နေရာများ ရှိပါသည်။ ဤအနေအထားတွင် ထရပ်ကား ယာဉ်မောင်းသည် သင့်ကိုမမြင်နိုင်ပါ၊ ထို့ပြင် ယာဉ်သွားယာဉ်လာအပေါ် သင့်မြင်နိုင်စွမ်းမှာလည်း များစွာလျော့နည်းပါသည်။ နောက်မှ နီးကပ်လွန်းစွာလိုက်ခြင်းသည် ထရပ်ကားနောက်မြီးပိုင်းနှင့် တိုက်မိနိုင်ခြေ များစွာမြင့်တက်စေပါသည်။ ထရပ်ကား၏ ဘေးဘက်နောက်ကြည့်မှန်များကို သင်မမြင်ရပါက ထရပ်ကားယာဉ်မောင်းသည် သင့်ကို မမြင်ရပါ။

## ဘေးဘက် မျက်ကွယ်နေရာများ

ထရပ်ကားများသည် ဘေးနှစ်ဘက်လုံးတွင် ခရီးသည်တင်ကားများထက် ပို၍ကြီးမားသော မျက်ကွယ်နေရာများရှိပါသည်။ ဤမျက်ကွယ်နေရာများတွင် အချိန်မည်မျှကြာအောင် မောင်းနှင်သည်ဖြစ်စေ ထရပ်ကားယာဉ်မောင်းက သင့်ကို မမြင်နိုင်ပါ။ ထရပ်ကားယာဉ်မောင်းသည် အကြောင်းပြချက် တစ်ခုခုကြောင့် လျင်မြန်စွာ လမ်းကြောင်းပြောင်းရန် လိုအပ်ပြီး သင့်မော်တော်ယာဉ်သည် ထရပ်ကား ယာဉ်မောင်း၏ မျက်ကွယ်နေရာတွင် ရောက်ရှိနေပါက ပြင်းထန်သော ယာဉ်တိုက်မှု ဖြစ်နိုင်ပါသည်။




## နေရာယူ ကွေ့ခြင်း

ထရပ်ကား၏ အကွေ့အချက်ပြများကို အမြဲကြည့်နေပါ။ ထရပ်ကားယာဉ်မောင်းများသည် ညာဘက်သို့ ကွေ့နိုင်ရန်အတွက် ဘယ်ဘက်သို့ အကျယ်ကြီးနေရာယူ ယိမ်းရန် မကြာခဏ လိုအပ်ပါသည်။ သူတို့၏ နောက်တည့်တည့် သို့မဟုတ် ဘေးဘက်တည့်တည့်ကို သူတို့ မမြင်နိုင်ပါ။ ထရပ်ကားကိုယ်ထည်နှင့် ခေါင်းပိုင်းကြား ဖြတ်မဝင်ပါနှင့်၊ သို့မဟုတ် ညာဘက်သို့ ယှဉ်မမောင်းပါနှင့်၊ ၎င်းသည် ယာဉ်တိုက်မှုဖြစ်နိုင်ခြေကို တိုးစေပါသည်။

## အနှေးယာဉ်များနှင့် လမ်းကို မျှဝေသုံးစွဲခြင်း

ထွန်စက် သို့မဟုတ် စိုက်ပျိုးရေးသုံး စက်ကိရိယာကြီးများကဲ့သို့သော အနှေးယာဉ်များသည် အမြန်လမ်းအရှိန်ဖြင့် မမောင်းနှင်နိုင်ပါ။ ယင်းကို ယာဉ်၏ နောက်ဘက်တွင် တပ်ဆင်ထားသော လိမ္မော်ရောင်နှင့် အနီရောင် တြိဂံပုံ ဆိုင်းဘုတ်ဖြင့် ဖော်ပြထားသည်။ အဆိုပါ အမှတ်အသားများသည် မော်တော်ကား ယာဉ်မောင်းများအား
ရှေ့မှယာဉ်ကို ပိုမိုလျင်မြန်စွာ သတိပြုမိစေရန် ကူညီပေးပါသည်။ အနှေးယာဉ်အား မြန်မြန် ခွဲခြားသိရှိနိုင်လေလေ အရှိန်လျှော့ပြီး တုံ့ပြန်ဖို့ အချိန်ပိုရလေလေ ဖြစ်ပါသည်။ အနှေးယာဉ်များသည် လမ်း၏ ညာဘက် သို့မဟုတ် ဘယ်ဘက်ရှိ အမှတ်အသားပြုမထားသည့် ဝင်ပေါက်များတွင် နေရာယူကွေ့ခြင်းများ ပြုလုပ်နိုင်ပါသည်။ အချို့သော စိုက်ပျိုးရေးသုံး ယာဉ်များသည် လမ်းထက်ပိုကျယ်ပါသည်။



တချို့သောလှည်းများ သို့ဟုတ် စက်ပစ္စည်းကိရိယာများသည် လမ်းပေါ်တွင် ရမ်းခါသွားနိုင်ပြီး သင့်အနေဖြင့် ယာဉ်မောင်းကို မမြင်ရခြင်းမျိုး ဖြစ်နိုင်ပါသည်။



ယာဉ်ကြော နှောင့်နှေးမှု ဖြစ်စေနိုင်သည့် အနှေးယာဉ်များ မောင်းနှင်နေစဉ်တွင် အခြားသူများ ဘေးကင်းလုံခြုံစွာ သွားနိုင်စေရန် ယာဉ်ကို လမ်းဘေးသို့ ဆွဲချ၍ ရပ်နိုင်ပါသည် (ထိုသို့လုပ်၍ရပြီး ဘေးကင်းလျှင်)။ စိုက်ပျိုးရေးသုံး ယာဉ်မောင်းများသည် လမ်းပေါ်တွင် သူတို့၏ယာဉ်များကို မောင်းနှင်ပိုင်ခွင့်ရှိပါသည်။ ဖြစ်နိုင်ပါက အနှေးယာဉ်၏ နောက်မှလိုက်ရာတွင် ဘေးကင်းသော အကွာအဝေးကို ထိန်းထားပါ၊ သို့မှသာ ယာဉ်မောင်းသည် သင့်ကို မြင်နိုင်မည်၊ သို့မဟုတ် သင်က သူ့ကို မြင်နိုင်မည်။ နောက်မှလိုက်ရာတွင် လေးစက္ကန့်စာအကွာအဝေးထက် ပိုမို၍ ထိန်းထားရန် လိုအပ်နိုင်ပါသည်။ ကျဉ်းမြောင်းသောလမ်းများပေါ်တွင် ကျယ်ပြန့်သော စက်ကိရိယာများကို ဦးစားပေးပါ။ အခြေအနေများက အန္တရာယ်ကင်းပြီး လာနေသော ယာဉ်မရှိသော အချိန်တွင်သာ အနှေးယာဉ်များကို သတိရှိစွာ ကျော်တက်ပါ။ ကွေ့လာနိုင်သော ယာဉ်များနှင့် ပတ်သက်၍ စိတ်ရှည်ပြီး သတိရှိပါ။ ကြီးမားပြီးနှေးသော ယာဉ်များနှင့် လမ်းကို ဘေးကင်းစွာ မျှဝေအသုံးပြုခြင်း။ "Vermont အတွင်း ကျေးလက်လမ်းများကို အန္တရာယ်ကင်းအောင် ထိန်းသိမ်းခြင်း"ကို ကြည့်ပါ။

**ရန်လိုသော ယာဉ်မောင်းများ**

ရန်လိုသောယာဉ်မောင်းများသည် လျင်မြန်စွာမောင်းနှင်သည့်အခါနှင့် အန္တရာယ်မကင်းချိန်တွင် ကျော်တက်သည့်အခါ မိမိတို့လုပ်ရပ်များ၏ အကျိုးဆက်များကို စဉ်းစားနေမည် မဟုတ်ပါ။ သူတို့သည် လမ်းကြောအပြောင်းအလဲများအတွက် အချက်ပြမှု ပြုလုပ်ရန် ပျက်ကွက်ကြမည်ဖြစ်ပြီး ယာဉ်များအကြား ဝင်လိုက်ထွက်လိုက်ပြုလုပ်ခြင်း၊ နီးကပ်လွန်းစွာ ကပ်လိုက်ခြင်းနှင့် ရှေ့သို့ရောက်ရန် ကားများရှေ့ဖြတ်ဝင်ခြင်းများ ပြုလုပ်နိုင်သည်။ ဤလုပ်ရပ်အားလုံးသည် ဥပဒေနှင့်မညီသည့်အပြင် ယာဉ်စည်းကမ်းထိန်းသိမ်းရေး လက်မှတ်များအဖြတ်ခံရခြင်း သို့မဟုတ် ပို၍ဆိုးရွားသည့် အရာများ ဖြစ်စေနိုင်သည်။ ရန်လိုသောယာဉ်မောင်းများသည် အခြားယာဉ်မောင်းများအား အော်ဟစ်ခြင်း၊ ဟွန်းတီးခြင်းနှင့် မီးတောက်ခြင်းများကိုလည်း ပြုလုပ်နိုင်ပါသည်။

ရန်လိုသော ယာဉ်မောင်းတစ်ဦးက သင့်ကားရှေ့သို့ ဖြတ်ဝင်ခြင်း သို့မဟုတ် အန္တရာယ်မကင်းသော ကိစ္စရပ်များကို ပြုလုပ်ပါက တရားမျှတမှုရှာဖို့ မကြိုးစားပါနှင့်။ တည်ငြိမ်စွာ နေပါ။ ယာဉ်မောင်း၏ လမ်းကြောင်းမှ ထွက်လိုက်ပါ။ သူတို့ကို မစိန်ခေါ်ပါနှင့်။ ရန်လိုတတ်သော ယာဉ်မောင်းနှင့် တရားမျှတမှုရရှိရန် ကြိုးစားခြင်းသည် မှန်ကန်သော စိတ်ကူးမဟုတ်ပါ။

**အိမ်မွေးတိရစ္ဆာန်များနှင့် လမ်းကို မျှဝေသုံးစွဲခြင်း**

အများသုံး အဝေးပြေးလမ်းပေါ်တွင် တိရစ္ဆာန်တစ်ကောင်ကို စီးလာသော သို့မဟုတ် တိရစ္ဆာန်ဆွဲယာဉ်ကို မောင်းနှင်လာသော လူတစ်ယောက်အား မော်တော်ကားယာဉ်မောင်းတစ်ဦး၏ အခွင့်အရေးများအားလုံး ပေးထားပါသည်။ တိရစ္ဆာန်/တိရစ္ဆာန်များကို ခြောက်လှန့်ခြင်းမျိုး မဖြစ်စေရန်အတွက် ကျိုးကြောင်းဆီလျော်သော ကြိုတင်ဆင်ခြင်မှု ပြုလုပ်ရန်၊



စီးနှင်းသူ/မောင်းနှင်သူ၏ ဘေးကင်းရေးနှင့် အကာအကွယ်ရရှိရေးကို သေချာစေရန်အတွက် ဤအခြေအနေနှင့် ကြုံတွေ့သည့်အခါ မော်တော်ယာဉ်မောင်းနှင်သူအနေဖြင့် အရှိန်ကိုလျှော့ချရန်နှင့် ဖြစ်နိုင်ပါက ရပ်တန့်ပစ်ရန်ပင် လိုအပ်ပါမည်။ တိရစ္ဆာန်/တိရစ္ဆာန်များ လန့်မသွားစေရန်အတွက် အဆိုပါ တိရစ္ဆာန်များနှင့် တွေ့သည့်အခါ၊ နောက်မှလိုက်သည့်အခါ သို့မဟုတ် ကျော်တက်သည့်အခါ မော်တော်ယာဉ်မောင်းသူသည် အထူးသဖြင့် မော်တော်ဆိုင်ကယ်စီးနေစဉ် ဟွန်းတီးခြင်း သို့မဟုတ် လီဗာတင်၍ အင်ဂျင်သံပေးခြင်းများ မပြုလုပ်ရပါ။ တိရစ္ဆာန်ကို ကျော်တက်ရန် လမ်းကြောတစ်ခုကို အပြည့်အဝအသုံးပြုပြီး သင့်လမ်းကြောအတွင်းသို့ မည်သည့်အခါမှ လျင်လျင်မြန်မြန် ပြန်မဝင်ပါနှင့်။ မြင်းစီးသူပါသော မြင်းတစ်ကောင်၊ မြင်းနှင့်လှည်း သို့မဟုတ် အုပ်လိုက်ဖြစ်သော တိရစ္ဆာန်များနောက်မှ လိုက်သောအခါ နောက်မှလိုက်သည့် အကွာအဝေးကို အနည်းဆုံး 4 စက္ကန့်စာ ချန်ထားပါ။ မော်တော်ကားမောင်းသူတစ်ဦးသည် ထိုသို့သောတိရစ္ဆာန်များအနီးတွင် မော်တော်ကားတစ်စီးကို ပေါ့ဆစွာ မောင်းနှင်ခြင်းအတွက် ဒဏ်ငွေ သို့မဟုတ် အကျဉ်းချခံရနိုင်ပါသည်။

**ဆတ်များနှင့် သမင်များ ဘေးကင်းလုံခြုံရေး**

ဆတ် သို့မဟုတ် သမင်တစ်ကောင်နှင့် တိုက်မိခြင်းသည် တိရစ္ဆာန်အတွက်သာမက ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါလာသည့် ခရီးသည်များအတွက်ပါ သေစေနိုင်ပါသည်။ အဝေးပြေးလမ်းမကြီးပေါ် ရှိ သမင်နှင့် ဆတ်များ ဖြတ်သွားသည့် သင်္ကေတများ မှတ်သားထားသည့် အဆိုပါနေရာများတွင် သတိရှိစွာမောင်းနှင်ခြင်းက အသက်များကို ကယ်တင်နိုင်ပြီး ထိခိုက်ဒဏ်ရာ ရရှိမှုများမှ ဟန့်တားကာကွယ်ပေးနိုင်ပါသည်။ အဝေးပြေးလမ်းမများပေါ်တွင် ဆတ်နှင့်သမင်များရှိနေခြင်းသည် ညနေစောင်းပိုင်း၊ ညအချိန်နှင့် နံနက်စောစောအချိန်များတွင် ဖြစ်နိုင်ဖွယ်ရှိပါသည်။ သမင်နှင့် ဆတ်များ လှည့်လည်သွားလာသည့် သို့မဟုတ် အစာစားသည့် ထိုအချိန်များအတွင်း ကားမောင်းသည့်အခါ သတိထားပါ။



မော်တော်ယာဉ်ရှေ့မီးများမှ အလင်းရောင်သည် သမင်တစ်ကောင်ကို ခေတ္တမလှုပ်မရှားနိုင်ဖြစ်သွားစေပြီး ယာဉ်လမ်းကြောင်းမှ မထွက်နိုင် ဖြစ်သွားစေနိုင်ပါသည်၊ သို့မဟုတ် သူတို့နေထိုင်ရာနေရာသို့ တစ်နာရီလျှင် မိုင် 40 အထိ နှုန်းဖြင့် အရှိန်မြင့်ပြေးသွားစေနိုင်ပါသည်။ ယင်းက သမင်တစ်ကောင်သည် ၎င်း၏နေထိုင်ရာနေရာမှ လမ်း၏အခြားတစ်ဖက်တွင်ရှိနေမည်ဆိုလျှင် ၎င်းသည် ပြန်လှည့်လာပြီး ယာဉ်ရှေ့သို့ တည့်မတ်စွာ ပြေးလာနိုင်ပါသည်။ တိရစ္ဆာန်များသည် အစုလိုက် သွားလာလေ့ရှိကြသောကြောင့် သင်ပထမတစ်ကောင်ကို မြင်လိုက်သည်နှင့် ဒုတိယတစ်ကောင်ကို တွေ့ရနိုင်၍ ပြင်ဆင်ထားပါ။

ဆတ်နှင့် တိုက်မိခြင်းများသည် မော်တော်ယာဉ်မောင်းများကို အသက်အန္တရာယ် ပိုပေးနိုင်ပါသည်။ ဆတ်သည် သမင်ထက်ပို၍ လေးပြီး ကိုယ်အလေးချိန် ပေါင် တစ်ထောင်ထက်ပိုပါသည်။ ထို့အပြင် သူတို့သည် သမင်များထက် ပိုမြင့်ကြပြီး တိုက်မိပါက ယာဉ်ပေါ်နှင့် စီးနင်းလိုက်ပါလာသူများပေါ်သို့ တိုက်သည့်အားနှင့်အတူ ဖိမိနိုင်ပါသည်။ သမင်မျက်လုံးများသည် ရှေ့မီးရောင်များကို ရောင်ပြန်စေပါသည်။ ဆတ်များသည် ပို၍မြင့်ကြသဖြင့် သူတို့၏ မျက်လုံးများသည် မော်တော်ယာဉ်၏ ရှေ့မီးရောင်ကို အရောင်မပြန်နိုင်ပါ။ ထို့အပြင် ဆတ်များသည် သမင်များထက် အရောင်ပိုရင့်ပါသည်။ ဤသွင်ပြင်လက္ခဏာများကြောင့် ညနေချိန်များတွင် ဆတ်များကို မြင်ရန် အထူးသဖြင့် ခက်ခဲစေပါသည်။

# အန္တရာယ်ရှိသော ယာဉ်မောင်းနှင်မှုအခြေအနေများ

**<u>ရေလွှမ်းမိုးခြင်းနှင့် မုန်တိုင်းများ</u>**

တစ်နိုင်ငံလုံးတွင် လျှပ်တစ်ပြက်ရေလွှမ်းမိုးမှုများသည် အခြားရာသီဥတုဆိုင်ရာ ဖြစ်ရပ်များထက် လူသေဆုံးမှုပိုများစေပါသည်။ ဤသေဆုံးမှု၏ ထက်ဝက်နီးပါးမှာ ယာဉ်နှင့်ဆက်နွှယ်ပါသည်။ မုန်တိုင်းများ၊ နှင်းမုန်တိုင်းများနှင့် အခြားပြင်းထန်သော ရာသီဥတုစနစ်များသည် လေပြင်းတိုက်ခတ်ခြင်း၊ မြင်ကွင်း ကန့်သတ်ခြင်း၊ ချောနေသောလမ်းများနှင့် အခြားမမျှော်မှန်းနိုင်သော အန္တရာယ်များကဲ့သို့သော အန္တရာယ်ရှိသော ယာဉ်မောင်းနှင်မှုအခြေအနေများကို ဖြစ်ပွားစေပါသည်။ အန္တရာယ်ရှိသော ယာဉ်မောင်းနှင်မှုအခြေအနေများကို ကြိုတင်ခန့်မှန်းမိချိန်တွင် အိမ်တွင်နေခြင်းနှင့် မလိုအပ်ဘဲ ခရီးသွားခြင်းကို ရှောင်ရှားခြင်းသည် အကောင်းဆုံး ဖြစ်သည်။ သို့ရာတွင် သင်သည် မုန်တိုင်းထဲတွင် ပိတ်မိနေပါက သို့မဟုတ် အန္တရာယ်ရှိသော အခြေအနေကို တွေ့ကြုံနေရပါက

အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည်-



- သင့်အမြန်နှုန်းကို လျှော့ချပါ။ ကားရှိန်နှုန်းထိန်းကိရိယာကို မသုံးပါနှင့်။ သတိနှင့် နေပါ။
- သင်နှင့် သင့်ရှေ့ရှိ မော်တော်ယာဉ်ကြား လေးစက္ကန့်စာထက် ပို၍ခွာထားပါ။
- ညအချိန် သို့မဟုတ် အကွေ့မ်းတဝင်မရှိသော လမ်းများတွင် မောင်းနှင်သောအခါ အထူးအားဖြင့် သတိထားပါ။
- တံတားများ၊ မြေအောက်ရေမြောင်းများနှင့် လမ်းကြမ်းပြင်များသည် ရေအားဖြင့် မျောပါသွားခြင်း သို့မဟုတ် ပျက်စီးသွားခြင်းများ ဖြစ်နိုင်သည်ကို သတိပြုပါ။ ယာဉ်တားများ သို့မဟုတ် "လမ်းပိတ်ထားသည်" ဆိုင်းဘုတ်များကို ကွေ့ရှောင်ပြီး မမောင်းပါနှင့်။ လမ်းလွှဲဆိုင်းဘုတ်အားလုံးကို လိုက်နာပါ။
- ရေကျော်နေသော လမ်းများပေါ်တွင် မမောင်းပါနှင့်။ ရေအတိမ်အနက်သည် အမြဲတမ်း သိသာခြင်းမရှိဘဲ မြောင်းပေါက်ကဲ့သို့သော အန္တရာယ်များကို ဖုံးကွယ်ထားနိုင်ပါသည်။ ရေအတိမ်အနက်သည် အမြဲတမ်း သိသာခြင်းမရှိဘဲ မြောင်းပေါက်ကဲ့သို့သော အန္တရာယ်များကို ရေက ဖုံးကွယ်ထားနိုင်ပါသည်။
- သင့်မော်တော်ယာဉ်သည် ရေလွှမ်းနေသော နေရာတွင် စက်ရပ်သွားပါက တတ်နိုင်သမျှ မြန်မြန် ၎င်းကို စွန့်ပစ်ခဲ့ပါ။ ရေကြီးရေလျှံမှုများသည် လျင်မြန်စွာမြင့်တက်လာနိုင်ပြီး ကားတစ်စီးနှင့် ၎င်းတွင် စီးနင်းလိုက်ပါသူများကို မျောပါသွားစေနိုင်သည်။ စက်ရပ်နေသော ယာဉ်များကို ရွှေ့လျားအောင်ကြိုးစားမှုကြောင့် သေဆုံးမှုများစွာ ဖြစ်ပွားခဲ့သည်။ ရေလွှမ်းမိုးနေသောနေရာတစ်ခုတွင် သင့်ကားကို စွန့်ပစ်ရန် ရွေးချယ်ပါက ရေစီးအားကို ဂရုပြုပါ။ 4 လက်မခန့်သာနက်သော ရေအနည်းငယ်က လမ်းလျှောက်ရ ခက်ခဲစေပြီး အန္တရာယ်များကို မြင်ကွင်းမှ ဖုံးကွယ်ထားနိုင်ပါသည်။
- လေသည် ယာဉ်မောင်းအားလုံးအတွက် ပြဿနာတစ်ခု ဖြစ်နိုင်ပါသည်။ အထူးသဖြင့် မော်တော်ယာဉ်ကြီးများနှင့် နောက်တွဲယာဉ်များကို ဆွဲလာသော ယာဉ်မောင်းများအတွက် အန္တရာယ်ရှိပါသည်။ အရှိန်လျှော့၍ မောင်းနှင်ခြင်းသည် အကောင်းဆုံး မောင်းနှင်မှု ပုံစံဖြစ်ပါသည်။
- လေပြင်းများနှင့် သိပ်သည်းစွာကျနေသော နှင်း သို့မဟုတ် ရေခဲများကြောင့် သစ်ပင်များနှင့် ဝါယာကြိုးများမှာ လမ်းမပေါ်သို့ ကျရောက်လာနိုင်ကြောင်း သတိပြုပါ။ ပြုတ်ကျနေသော ဝါယာများအနီးသို့သွားခြင်း သို့မဟုတ် ဖြတ်သွားခြင်းများ မည်သည့်အခါမျှ မပြုလုပ်ပါနှင့်။
- မိုးလေဝသဌာနမှ ထုတ်ပြန်ထားသော မိုးလေဝသနှင့် ရုတ်တရက်ရေကြီးမှုသတိပေးချက်များအပြင် အန္တရာယ်ရှိသော ယာဉ်မောင်းနှင်မှုအခြေအနေများနှင့်ပတ်သက်သော သတိပေးချက်များအားလုံးကို စစ်ဆေးပါ။
- မြူများ ဆိုင်းနေခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း သို့မဟုတ် နှင်းများထူထပ်ခြင်းကဲ့သို့သော မြင်ကွင်းမကောင်းသောအခါ အောက်ရှေ့မီးကြီးကို အသုံးပြုပါ။ အကယ်၍ သင်သည် ရှေ့ ပေ 500 ရှိ လူများ သို့မဟုတ် ယာဉ်များကို ရှင်းရှင်းလင်းလင်း မမြင်ရပါက ဥပဒေအရ ယာဉ်မောင်းများသည် ရှေ့မီးဖွင့်မောင်းရန် လိုအပ်ပါသည်။

**<u>ဆောင်းရာသီတွင် မောင်းနှင်ခြင်း</u>**

ဆောင်းရာသီသည် ယာဉ်မောင်းရန် အခက်ခဲဆုံးသော ရာသီဖြစ်သည့်အတွက် ပိုမိုသတိထားပါ။ နှင်းများနှင့် ရေခဲများကို ကိုင်တွယ်ဖြေရှင်းရသည့်အပြင် နေ့အလင်းရောင် ရရှိသည့် နာရီအရေအတွက်မှာလည်း ပိုမိုနည်းပါးပါသည်။

- သင်၏ ဘရိတ်များ၊ လေကာ ရေသုတ်တံများ၊ နှင်းဖျော်စနစ်၊ အပူပေးနှင့် ဓာတ်ငွေ့ထုတ်စနစ်များ အကောင်းဆုံးအခြေအနေဖြစ်နေကြောင်း သေချာပါစေ။
- သင်၏ ရေမခဲဆေးရည်ကို စစ်ဆေးပြီး ပိုမိုအေးသော အပူချိန်အတွက် အသင့်ပြင်ပါ။ လေကာဆေးရည်ကန်တွင် ဆောင်းတွင်းအသုံးပြုရန် ပြုလုပ်ထားသော အရည်ဖြင့် ဖြည့်ထားကြောင်း သေချာစေပါ။
- ဘီးလေးဘီးစလုံးကို နှင်းပေါ်တွင် မောင်းနှင်ရန်ပြုလုပ်ထားသော တာယာကောင်းများရှိကြောင်း သေချာစေပြီး စောစောစီးစီးတပ်ထားပါ။ ပထမဦးဆုံး နှင်းကျချိန်တွင် အဆိုပါတာယာများမပါဘဲ မမောင်းနှင်မိစေရန် ကြိုးစားပါ။ မော်တော်ယာဉ် တစ်စီးတည်းတွင် အမျိုးအစား မတူညီသော တာယာများ

မည်သည့်အခါမျှ ရောမသုံးပါနှင့်။ ပြည်နယ်များစွာတွင် ဆောင်းရာသီတွင်သာ သတ္တုမှိုများပါသော တာယာများအသုံးပြုရန် ခွင့်ပြုထားသည်။ တာယာများတွင် သင့်လျော်သော ပမာဏဖြင့် လေအပြည့်ဖြည့်ထားကြောင်း အမြဲသေချာအောင်လုပ်ပါ။

- ရေခဲ သို့မဟုတ် နှင်းမုန်တိုင်းများထဲတွင် အထူးသဖြင့် ခရီးသွားများအတွက် အကြံပေးချက်ထုတ်ပြန်ထားချိန်တွင် မလိုအပ်ဘဲ ကားမမောင်းပါနှင့်။ မောင်းရမည်ဆိုပါက သင်၏မော်တော်ယာဉ်တစ်စီးလုံးမှ ရေခဲနှင့် နှင်းများကို အလုံးစုံသန့်ရှင်းရေး ပြုလုပ်ထားကြောင်းနှင့် သင်၏ ရေသုတ်တံတွင် ရေခဲအစုအပုံများမရှိကြောင်း သေချာအောင်လုပ်ပါ။ သင်၏ပြတင်းပေါက်အတွင်းပိုင်းသည်လည်း ရေငွေ့များကင်းမဲ့နေရမည်။
- နှင်းမိုး၊ အေးခဲနေသော မိုး သို့မဟုတ် နှင်းများ စတင်ကျဆင်းလာချိန်တွင် အမည်းရောင်ရေခဲများ လျင်မြန်စွာ ဖြစ်ပေါ်လာပြီး သင်မြင်နိုင်တော့မည် မဟုတ်ပါ။ တံတားများ၊ ချဉ်းကပ်လမ်းများနှင့် ဂုံးကျော်တံတားများသည် ဦးစွာ အေးခဲသွားဖွယ်ရှိသည်။ လမ်းလုပ်သားများက အဝေးပြေးလမ်းများကို သန့်ရှင်းရေးလုပ်ပြီးနောက် ချောနိုင်သော နေရာများ ဆက်လက်ကျန်ရှိနေမည်ဖြစ်သည်။
- သင်သည် ပို၍နှေးကွေးစွာမောင်းနှင်ရန် လိုမည်ဖြစ်သောကြောင့် သင်သွားလိုသည့်နေရာသို့ ရောက်ရန် အချိန်ပိုပေးပါ။ အခြားယာဉ်တစ်စီးနောက်မှ လိုက်ရန်အကွာအဝေးကို 4 စက္ကန့်စာထက် ပို၍တိုးပါ။ ဘီးလေးဘီးယက်သော သို့မဟုတ် ဘီးအားလုံး ယက်သော ယာဉ်များပင်လျှင် ရေခဲပေါ်တွင် ဘီးကုတ်အားကောင်းခြင်းမရှိပါ။ မော်တော်ယာဉ်အားလုံးသည် ဆောင်းရာသီ လမ်းများပေါ်တွင် ရပ်ခြင်း၊ အကွေ့များတွင် မောင်းနှင်ခြင်းနှင့် လမ်းကြောင်းပြောင်းခြင်းတို့ ပြုလုပ်ရန် အခက်အခဲရှိပါသည်။
- ဆီးနှင်းရှင်းယာဉ်များအနီးတွင် အထူးသတိထားပါ—၎င်းတို့မှုတ်ထုတ်နေသော နှင်းများကြောင့် ၎င်းတို့ကို မြင်ရန်ခက်ခဲသည်။ ယင်းတို့သည် အခြားယာဉ်များထက် ပို၍ကျယ်ပြီး ပို၍နှေးကွေးစွာ ရွေ့လျားလေ့ရှိသည်။
- နေ့အချိန်တွင် ခရီးသွားပါ။ တစ်ယောက်တည်း ခရီးမသွားပါနှင့်။ အခြားသူများအား သင်၏ လမ်းကြောင်းနှင့် အချိန်ဇယားကို အသိပေးထားပါ။ လမ်းမကြီးများပေါ်တွင်နေပါ—အနောက်ဖြတ်လမ်းများကို ရှောင်ပါ။
- ပြင်ဆင်ထားပါ။ သင်၏ မော်တော်ယာဉ်ထဲတွင် သိမ်းထားသင့်သည့် ပစ္စည်းများတွင် အောက်ဖော်ပြပါတို့ ပါဝင်ပါသည်- လေကာမှန်ခြစ်နှင့် ဘရပ်ရှ်၊ ဂေါ်ပြားအသေး၊ ကြောင်မစင်စွန့်ရန် ပြုလုပ်ထားသည့် ပစ္စည်း သို့မဟုတ် သဲ၊ အပိုအဝတ်အစားများ၊ အစားအစာနှင့် ရေ၊ ဆဲလ်ဖုန်း၊ အပိုလေကာမှန်ဆေးရည်၊ အခြေခံ ရှေးဦးသူနာပြု ဆေးသေတ္တာနှင့် ဓာတ်မီး။ သင့်ကားထဲတွင် ဓာတ်ဆီ အနည်းဆုံး တိုင်ကီတစ်ဝက် အမြဲရှိပါစေ။

**<u>အကယ်၍ သင်သည် နှင်းမုန်တိုင်းအတွင်း ကျရောက်နေပါက သို့မဟုတ် ပိတ်မိနေပါက</u>**

- အဝေးပြေးလမ်းမပေါ်မှ ဘေးသို့ချ၍ ရပ်ပါ။ အန္တရာယ်အချက်ပြမီးများကိုဖွင့်ပြီး တံခါးလက်ကိုင်၊ အင်တာနာ သို့မဟုတ် ပြတင်းပေါက်တွင် ဘေးအန္တရာယ်ကျရောက်နေကြောင်း အလံကို ချိတ်ဆွဲပါ။
- ကယ်ဆယ်သူများ သင့်ကိုရှာတွေ့နိုင်ခြေအကောင်းဆုံးနေရာဖြစ်သော သင့်မော်တော်ယာဉ်ထဲတွင် ဆက်နေပါ။ အနီးအနားတွင် သင ခိုလှုံ၍ ရနိုင်သည်ဟု သိသော အဆောက်အဦးတစ်ခုကို မတွေ့ရပါက ခြေလျင်မလျှောက်ပါနှင့်။ သတိပြုပါ– နှင်းများကျဆင်းနေသောကြောင့် အကွာအဝေးကို အထင်မှားတတ်ပါသည်။ အဆောက်အအုံတစ်ခုသည် နီးပုံရသော်လည်း အမှန်မှာ ထူထပ်သော နှင်းများထဲတွင် လမ်းလျှောက်ရန် အလွန်ဝေးပါသည်။
- အနွေးဓာတ်ကို ထိန်းထားရန် အင်ဂျင်နှင့် အပူပေးစက်ကို တစ်နာရီလျှင် 10 မိနစ်ခန့် မောင်းနှင်ပါ။ အင်ဂျင်လည်ပတ်နေချိန်မှာ လေဝင်လေထွက် ကောင်းမွန်စေရန် ပြတင်းပေါက်မှန်ကို အနည်းငယ်ချထားပါ။ ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်ခြင်းမှ ကာကွယ်ရန် ဓာတ်ငွေ့ထုတ်ပိုက်မှ နှင်းများကို ရှင်းလင်းပေးပါ။
- ခန္ဓာကိုယ်အပူချိန်ကို ထိန်းထားရန် လေ့ကျင့်ခန်းလုပ်ပါ၊ သို့ရာတွင် အလွန်အကျွံလုပ်ခြင်းကို ရှောင်ကြဉ်ပါ။ အလွန်အမင်းအေးသော အခြေအနေတွင် လမ်းမြေပုံများ၊ ထိုင်ခုံအဖုံးများနှင့် ခြေနင်းဖျာများကို အအေးကာအဖြစ် အသုံးပြုပါ။ ခရီးသည်များနှင့် ပူးကပ်နေပြီး သင်၏ ကုတ်အင်္ကျီကို စောင်အဖြစ် အသုံးပြုပါ။
- အလှည့်ကျ အိပ်ပါ။ ကယ်ဆယ်ရေးဝန်ထမ်းများကို ရှာဖွေရန် အချိန်တိုင်း လူတစ်ဦး နိုးနေသင့်သည်။
- ရေဓာတ်ခန်းခြင်းကို ရှောင်ရှားရန် အရည်များသောက်ပါ။ သို့ရာတွင် အရက်မသောက်ပါနှင့်။
- ဘက်ထရီစွမ်းအင်ကို မဖြုန်းဖို့ သတိထားပါ။ လျှပ်စစ်စွမ်းအင်လိုအပ်ချက်—အလင်းရောင်များ၊ အပူနှင့် ရေဒီယိုအသုံးပြုမှု—တို့ကို ရရှိနိုင်မှုနှင့် ချိန်ညှိပါ။
- ညအချိန်တွင် အတွင်းမီးကိုဖွင့်ထားပါ၊ သို့မှသာ အလုပ်သမား သို့မဟုတ် ကယ်ဆယ်ရေးသမားများက သင့်ကို မြင်နိုင်ပါမည်။
- လူသူမနီးသော နေရာတစ်ခုတွင် ပိတ်မိနေပါက ကျယ်ပြန့်သော ဟင်းလင်းပြင်တွင် HELP သို့မဟုတ် SOS စာသားကို စာလုံးကြီးများဖြင့် ခြေထောက်နှင့်နင်းပြီး ပုံဖော်ပါ၊ ထို့နောက် ထိုစာလုံးများကို ကျောက်တုံးများ သို့မဟုတ် သစ်ကိုင်းများဖြင့် အနားသတ်ပြုလုပ်ပြီး ရဟတ်ယာဉ်ဖြင့် ရှာနေနိုင်သော ကယ်ဆယ်ရေးဝန်ထမ်းများ သတိပြုမိစေရန် ပြုလုပ်ပါ။

## လမ်းချော်ခြင်း

လမ်းချော်ခြင်းအများစုမှာ မော်တော်ယာဉ်၏ အရှိန်ကို လမ်းနှင့် ယာဉ်ကြောအခြေအနေများနှင့် ချိန်ညှိရန်အတွက် အချိန်မီ တုံ့ပြန်ရန် ယာဉ်မောင်း၏ ပျက်ကွက်မှုကြောင့်ဖြစ်သည်။ ဤအခြေအနေများတွင် ဆီးနှင်း၊ ရေခဲ၊ မိုးရေ၊ ဖုန်မှုန့်/ကျောက်စရစ်ခဲများနှင့် သစ်ရွက်စိုများ ပါဝင်နိုင်သည်။ ဤအခြေအနေများတွင် ကားရှိန်နှုန်းထိန်းကိရိယာကို မသုံးပါနှင့်။ နောက်ဘီးယက်ယာဉ်တွင် များသောအားဖြင့် ဘီးကုတ်အားကျခြင်း သို့မဟုတ် လမ်းချော်ခြင်း၏အစကို ခံစားရနိုင်သည်။ သို့ရာတွင် ရှေ့ဘီးယက်ယာဉ်များတွင် ထိုသို့ သတိပေးချက်မျိုး မဖြစ်ပေါ်နိုင်ပါ။ ရှေ့ဘီးယက်ယာဉ်များသည် ဆီးနှင်းများပေါ်တွင် ပို၍ထိန်းမောင်းနိုင်သော်လည်း လမ်းမျက်နှာပြင်ပေါ်၌ ချို့ယွင်းချက်မရှိ ကုပ်တွယ်နိုင်စွမ်း မရှိသောကြောင့် မထင်မှတ်ဘဲ လမ်းချော်ခြင်း ဖြစ်နိုင်သည်။ ရှေ့ဘီးယက်ယာဉ်များသည် ဆီးနှင်းများပေါ်တွင် ပို၍ထိန်းမောင်းနိုင်သော်လည်း လမ်းမျက်နှာပြင်ပေါ်၌ ချို့ယွင်းချက်မရှိ ကုပ်တွယ်နိုင်ခြင်း မဟုတ်သောကြောင့် မထင်မှတ်ဘဲ လမ်းချော်ခြင်း ဖြစ်နိုင်သည်။

## လမ်းချော်ခြင်းကို ဘယ်လိုရှောင်ရှားနိုင်မလဲ

ချောနိုင်သည့် လမ်းများပေါ်တွင် အရှိန်လျှော့၍ မောင်းသင့်သည်။ အမြန်နှုန်း သို့မဟုတ် ဦးတည်ရာကို ရုတ်တရက်ပြောင်းလဲမှု မလုပ်ပါနှင့်။ ချောနေသောလမ်းပေါ်တွင် မော်တော်ယာဉ်ကို နှေးသွားစေရန်အတွက် အရှိန်လျှော့ရန် လီဗာပေါ်ရှိ သင့်ခြေထောက်ကို ဖယ်ရမည်ဖြစ်ပြီး သင့်မော်တော်ယာဉ်အား ထိန်းချုပ်မှုအောက်တွင် ရှိစေရန် ကူညီရမည်။ ပိုပြီးနှေးဖို့လိုပါက သင့်ဘရိတ်ကို နှေးကွေးပြီး တည်ငြိမ်သော ဖိအားဖြင့် ငြင်သာစွာ ဖိနင်းပါ။ ဘီးများအား ဆက်လိမ့်နေခွင့်ပြုပါ။ ဘီးများ စတင်၍လော့ခ်ကျလာပါက ဘရိတ်နင်းခြင်းကို ဖြေလျှော့ပါ။ နှေးကွေးသွားသည်နှင့်အမျှ ဂီယာကြီးတစ်ခုသို့ ပြောင်းပေးခြင်းသည်လည်း အကူအညီဖြစ်စေနိုင်ပါသည်။ သင့်ကားတွင် လော့ခ်မကျသော ဘရိတ်များ တပ်ဆင်ထားပါက တည်ငြိမ်သော ဘရိတ်ဖိအားကို အသုံးပြုပါ၊ ဘရိတ်ကို နင်းလိုက် လွှတ်လိုက် မလုပ်ပါနှင့်။ သင့်ပိုင်ရှင်လက်စွဲစာအုပ်ထဲမှ ညွှန်ကြားချက်များအား လိုက်နာပါ။

## လမ်းချော်နေစဉ် မော်တော်ယာဉ်အား ထိန်းချုပ်ပုံ

လမ်းချော်မှုမှ ပြန်လည်ထိန်းချုပ်နိုင်ရန် အကောင်းဆုံး ချဉ်းကပ်မှုမှာ ရှေ့နှင့် နောက်ဘီးယက်ယာဉ် နှစ်မျိုးစလုံးတွင် အတူတူပင်ဖြစ်သည်။

- ဘရိတ်များကို မနင်းပါနှင့်၊ ၎င်းသည် လမ်းချော်မှုကို ပိုဆိုးရုံသာ ဖြစ်စေမည်။
- ယာဉ်ကို သင်သွားစေလိုသည့် ဦးတည်ရာသို့ ထိန်းကျောင်းပေးပါ။
- သင်၏ မော်တော်ယာဉ်အား အပြည့်အဝထိန်းချုပ်နိုင်စေရန်အတွက် စတီယာရင်ကို ဘယ်ဘက်နှင့် ညာဘက်သို့ အကြိမ်အနည်းငယ် လှည့်ပေးရန် လိုပါသည်။



**မှတ်ချက်-** တည်ငြိမ်မှုထိန်းချုပ်ခြင်းကဲ့သို့သော ယာဉ်တိုးတက်မှုများက သင့်ကားကို ထိန်းကျောင်းရာတွင်လည်း အထောက်အကူပြုနိုင်သော်လည်း ယင်းတို့သည် ယာဉ်မောင်း၏ သတိထားမောင်းနှင်မှုကို အစားမထိုးနိုင်ပါ။ လေးဘီးယက်နှင့် ဘီးလုံးယက်ယာဉ်များသည် နှင်းပေါ်တွင် ဘီးကုတ်အား ပိုကောင်းသော်လည်း ရေခဲပေါ်တွင် မကောင်းပါ။ ဤကားများကို အသုံးပြုပြီး ယုံကြည်စိတ်ချမှု မလွန်ကဲစေရန် သတိပြုပါ။

မည်သည့်မော်တော်ယာဉ်အမျိုးအစားကို သင်ပိုင်ဆိုင်သည်ဖြစ်စေ လွတ်နေသော ကားပါကင်နေရာသို့သွားပြီး သင့်မော်တော်ယာဉ်အား အေးခဲနေသော သို့မဟုတ် နှင်းများထူထပ်နေသော မျက်နှာပြင်များပေါ်တွင် မည်သို့ထိန်းကျောင်းရမည်ကို လေ့လာခြင်းသည် အကြံကောင်းတစ်ခုဖြစ်သည်။

## ဘီးလော့ခ်မကျစေရန် ကာကွယ်သည့် ဘရိတ်စနစ်များ

ဘီးလော့ခ်မကျစေရန် ကာကွယ်သည့် ဘရိတ်စနစ်များသည် ဘေးကင်းရေးအတွက် အရေးကြီးသော တီထွင်မှုတစ်ခုဖြစ်သည်။ ၎င်းတို့သည် သင့်အား ဘရိတ်နင်းခြင်းနှင့် ယာဉ်ထိန်းကျောင်းခြင်းကို တစ်ပြိုင်နက်တည်း ပြုလုပ်နိုင်ရန် ခွင့်ပြုပေးသည်။ ဘရိတ်ခြေနင်းစဉ် ဆူညံသံနဲ့ တုန်ခါမှုကို မျှော်လင့်ပါ။ ဘီးလော့ခ်မကျစေရန် ကာကွယ်သည့် ဘရိတ်စနစ်ကို

အဆက်အသွယ်ပြတ်တောက်မှု ဖြစ်စေနိုင်သည့်အတွက် ဘရိတ်ကို နင်းလိုက်လွှတ်လိုက် မလုပ်ပါနှင့် သို့မဟုတ် ဘရိတ်ခြေနင်းပေါ်မှ သင့်ခြေထောက်ကို မဖယ်ပါနှင့်။

သင့်ကားတွင် ABS ပါ၊ မပါကို ကားပိုင်ရှင်လက်စွဲစာအုပ်တွင် ကြည့်ရှုနိုင်ပါသည်။ ထို့အပြင် သင့်မော်တော်ယာဉ်ကို စတင်မောင်းနှင်သောအခါ ABS သတိပေးချက်မီးသည် သင့်မော်တော်ယာဉ်၏ အချက်ပြမျက်နှာပြင်ပေါ်တွင် ခေတ္တမျှ ပေါ်လာမည် ဖြစ်သည်။

**မှတ်ချက်-** အကယ်၍ သင် စတင်မောင်းနှင်ပြီးနောက် ABS သတိပေးမီး ဆက်လက်လင်းနေပါက သင့် ABS စနစ်သည် အလုပ်မလုပ်ပါ။ သို့ရာတွင် မော်တော်ယာဉ်တွင် ဘရိတ်များ ဆက်ရှိနေပါသည်။

<u>**လျော့ကျနေသော မြင်နိုင်စွမ်း**</u>

### <u>နေ့အချိန် ယာဉ်မောင်းခြင်း</u>

လေ့လာချက်များအရ နေ့အချိန်အတွင်း အောက်ရှေ့မီးကြီး ဖွင့်မောင်းနှင်ခြင်းသည် ယာဉ်နှစ်စီး ခေါင်းခြင်းဆိုင်တိုက်မိခြင်းအန္တရာယ်ကို 20% အထက် လျော့နည်းစေနိုင်ကြောင်း ပြသသည်။ မော်တော်ယာဉ်ထုတ်လုပ်သူများသည် မော်တော်ယာဉ်များစွာတွင် နေ့အချိန်ဖွင့်မောင်းနိုင်သော မီးများ တပ်ဆင်ထားပါသည်။ ဤမီးများသည် အလိုအလျောက်ပွင့်ပြီး သင်၏ရှေ့မီးလုံးများနှင့် မရောထွေးသင့်ပါ။ နေ့အချိန် ပွင့်နေသောမီးလုံးများနှင့် ရှေ့မီးများက အခြားယာဉ်မောင်းများအား နေ့အချိန်အတွင်း သင့်ကားကိုတွေ့မြင်စေနိုင်သည်။ ဆီးနှင်း၊ မိုးနှင့် မြူခိုးများက မြင်ကွင်းကို အကန့်အသတ်ဖြစ်စေသောအခါ သင်၏ရှေ့မီးလုံးများကို ဖွင့်ရန် သတိရပါ။ အကောင်းဆုံးအလေ့အကျင့်မှာ နေ့အချိန်၌ပင် အနည်းဆုံး သင်၏ အောက်ရှေ့မီးကြီးများကို အမြဲဖွင့်၍ မောင်းနှင်ခြင်းဖြစ်သည်။

## မှတ်ချက်– ကားရပ်ထားသောအချိန်တွင်သာ ကားရပ်မီးများကို အသုံးပြုရပါမည်။

### <u>ညဘက် မောင်းနှင်ခြင်း</u>

ညအချိန်တွင် ရှေ့သို့ အများကြီးကြိုမမြင်နိုင်သည့်အတွက် ညဘက်ကားမောင်းခြင်းသည် နေ့အချိန်ကားမောင်းခြင်းထက်ပို၍ အန္တရာယ်များပါသည်။ ဥပဒေအရ နေဝင်ပြီး နာရီဝက်အကြာမှ နေမထွက်မီ နာရီဝက်အလို အချိန်အထိ မော်တော်ယာဉ်များပေါ် ရှိ ရှေ့မီးများဖွင့်၍ မောင်းနှင်ရန် လိုသည်။ သင်၏ ရှေ့မီးများဖွင့်ထားကြောင်း သေချာပါစေ- သင်၏ နေ့အချိန်ပွင့်နေသော မီးလုံးများက ရှေ့မီးများကို ဖွင့်ထားသည်ဟု အထင်မှားစေနိုင်ပါသည်။

သင့်အနေဖြင့် အမြဲတမ်း ရှေ့သို့ 4 စက္ကန့်အကွာအဝေး ကြိုမြင်နိုင်ရန် လိုပါသည်။ ညဘက်တွင် အောက်ရှေ့မီးကြီးဖြင့် တစ်နာရီ မိုင် 40 နှုန်း မောင်းနှင်သောအခါ သင်သည် သင့်ရှေ့မီးကို ကျော်၍ မောင်းနှင်ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ သင်သည် သင်မြင်နိုင်သော အကွာအဝေးအတွင်း ရပ်တန့်ရန် ရှေ့သို့ လုံလောက်အောင် ကြိုမမြင်နိုင်ဘဲ တိုက်မိခြင်းကို ရှောင်ရှားရန် ဖြစ်နိုင်မည်မဟုတ်ပါ။

### <u>အထက်နှင့်အောက် ရှေ့မီးကြီးများကို သင့်လျော်မှန်ကန်စွာ အသုံးပြုပါ</u>

အခြားကားအနည်းငယ်သာရှိသော ပြန့်ပြူးသည့် ကျေးလက်ဒေသများတွင် အထက်မီးကြီးကို အသုံးပြုပါ။ အထက်မီးကြီးဖွင့်မောင်းလျှင်တောင် အမြန်နှုန်းသည် နေ့အချိန်ထက်ပိုနည်းသင့်ပါသည်။

အခြားယာဉ်များ သို့မဟုတ် လမ်းပေါ်သွားလာနေသူများအနီးရောက်ပါက ယာဉ်မောင်းများနှင့် လမ်းသွားလမ်းလာများ မျက်စိမစူးသွားစေရန်အတွက် အောက်ရှေ့မီးကြီးကို အမြဲအသုံးပြုပါ။ ထို့ပြင် လမ်းမီးများ သို့မဟုတ် မြူခိုးများရှိသော နေရာများတွင် မောင်းချိန်နှင့် အခြားမော်တော်ယာဉ်နောက်မှ မောင်းနှင်ချိန်တို့တွင်လည်း အောက်ရှေ့မီးကြီးကို အသုံးပြုပါ။

### <u>ယဉ်ကျေးသော ယာဉ်မောင်းများသည် သူတို့၏ ရှေ့မီးများကို မှိန်ပေးကြသည်</u>

ညအချိန်တွင် မော်တော်ယာဉ်မောင်းချိန်တွင် အခြားယာဉ်တစ်စီးနှင့် တွေ့သောအခါ သို့မဟုတ် အခြားယာဉ်တစ်စီးနောက်မှ မောင်းနှင်သောအခါ သင်၏ ရှေ့မီးများကို ချက်ချင်းမှိန်ပေးသင့်ပါသည်။

### <u>ချဉ်းကပ်လာသော ရှေ့မီးများ</u>

လာနေသည့် ကားမီးများကို တိုက်ရိုက်ကြည့်လိုက်ပါက သင်သည် စက္ကန့်အတော်ကြာ မျက်စိများ ပြာသွားနိုင်ပါသည်။ ယာယီမျက်စိမမြင်ရခြင်းကို ရှောင်ရှားရန်အတွက် တောက်ပသော မီးရောင်များ ကျော်သွားသည်အထိနှင့် သင်၏ အမြင်အာရုံ ပုံမှန်ပြန်ဖြစ်သည့်အထိ

ရှေ့ရှိ အဝေးပြေးလမ်းမ၏ ညာဘက်အစွန်ကို ကြည့်သင့်သည်။ ဤအလေ့အကျင့်သည် လမ်းအစွန်အနားတွင်ရှိနေနိုင်သော စက်ဘီးစီးသူများ သို့မဟုတ် လမ်းသွားလမ်းလာများကိုလည်း သတိပြုမိစေရန် ကူညီပေးပါလိမ့်မည်။

## ပြည်နယ်ကူးလမ်းပေါ်တွင် မောင်းနှင်ခြင်း

ပြည်နယ်ကူးလမ်းများသည် အရှိန်မြင့်မောင်းနှင်ရန် ဒီဇိုင်းပြုလုပ်ထားသော၊ လမ်းကြောများစွာပါရှိပြီး ဦးတည်ရာနှစ်ဘက်အား ပိုင်းခြားထားသော လမ်းများဖြစ်ပါသည်။ နယ်ပယ်အမျိုးမျိုးတွင် ၎င်းတို့ကို အမြန်လမ်းများ၊ ဖြတ်သန်းသွားသောလမ်းများ၊ အခွန်ကောက်သောလမ်းများ၊ လမ်းအသုံးပြုခကောက်ခံသောလမ်းများ၊ အသုံးပြုခွင့်ကန့်သတ်ထားသော အဝေးပြေးလမ်းများ သို့မဟုတ် အဝေးပြေးလမ်းမကြီးများဟု လူသိများသည်။ အချို့မှာ အခမဲ့ဖြစ်ပြီး အချို့မှာ လမ်းအသုံးပြုခ ပေးရန် လိုပါသည်။

၎င်းတို့အားလုံးတွင် အရေးကြီးသော အားသာချက်များစွာ ရှိပါသည်။ ၎င်းတို့တွင် လမ်းကြောများစွာပါရှိပြီး အသုံးပြုခွင့်ကို ထိန်းချုပ်ထားသော လမ်းများဖြစ်သဖြင့် အလွန်ဝေးကွာသော အကွာအဝေးကို အနှောင့်အယှက်မရှိဘဲ သင်မောင်းနှင်နိုင်ပါသည်။ ဤလမ်းများအား ပိုမိုလျင်မြန်ပြီး ပိုမိုဘေးကင်းစွာ ခရီးသွားနိုင်ရေးအတွက် ဒီဇိုင်းထုတ်ထားခြင်း ဖြစ်ပါသည်။ ဤလမ်းများအား သင့်လျော်မှန်ကန်စွာ အသုံးပြုတတ်ဖို့ သင်ယူရန် အရေးကြီးပါသည်။

**<u>အရှိန်ပြောင်း လမ်းကြောများ (အရှိန်မြှင့်ခြင်းနှင့် အရှိန်လျှော့ခြင်း)</u>**

ပြည်နယ်ကူးလမ်းများနှင့်ကပ်လျက်တွင် အကွာအဝေးတိုသော လမ်းကြောများလည်းရှိပြီး ၎င်းတို့သည် ပြည်နယ်ကူးလမ်းများပေါ်သို့ အဝင် သို့မဟုတ် အထွက်ခုံးများ (လမ်းများ) ဖြင့် ဆက်သွယ်ထားပါသည်။ ဤအရာများသည် မော်တော်ယာဉ်များအား ယာဉ်လမ်းကြောများသို့ ဝင်ရာနှင့် ထွက်ရာတွင် အရှိန်မြှင့်တင်ရန် သို့မဟုတ် အရှိန်လျှော့ချရန်အတွက် ပြုလုပ်ထားခြင်းဖြစ်ပါသည်။




**<u>အဝင်ခုံး</u>**

၎င်းသည် ပြည်နယ်ချင်းဆက်လမ်းများပေါ်သို့ ဦးတည်သည့် တစ်လမ်းသွား လမ်းတိုလေး ဖြစ်ပါသည်။ လျင်မြန်စွာ မောင်းနှင်နေသော ယာဉ်များအတွင်းသို့ ဝင်ရန်အတွက် သင်သည် ဂရုစိုက်၍ ကြည့်ရှုရန် လိုအပ်ပါသည်။ အဝင်ခုံးသည် ပြည်နယ်ကူးလမ်းများ၏ အရှိန်များအတိုင်း မော်တော်ယာဉ်များ လျင်မြန်စွာ ရွေ့လျားနေသည့် အရှိန်မြှင့်လမ်းကြောဆီသို့ သင့်ကို ခေါ်ဆောင်သွားပါမည်။ ညာဘက်မှာနေပါ၊ ဘယ်ဘက်ကို အချက်ပြပါ၊ အရှိန်မြှင့်ပါ၊ မျက်ကွယ်နေရာများကို ဘယ်ဘက်ပုခုံးအပေါ်မှ ကျော်ကြည့်ပါ၊ ခရီးသွားလမ်းကြောတွင် ဘေးကင်းပါက လမ်းကြောပြောင်းပါ။ ဝင်ရောက်မည့် ယာဉ်မောင်းသည် ပြည်နယ်ကူးလမ်းပေါ်တွင် ရှိပြီးဖြစ်သော ယာဉ်မောင်းများကို ဦးစားပေးရမည်။

**<u>အထွက်ခုံး</u>**

ဤသည်မှာ ပြည်နယ်ကူးလမ်းကို အခြားလမ်းတစ်ခုနှင့် ဆက်ပေးသော တစ်လမ်းသွား လမ်းတိုတစ်ခုဖြစ်ပြီး သင့်အား ဘေးကင်းသော အမြန်နှုန်းဖြင့် ထွက်သွားနိုင်ရန် ခွင့်ပြုသည်။ ပြည်နယ်ကူးလမ်းများပေါ်မှ ထွက်ခွာချိန်တွင် လမ်းကြောပြောင်းရန်အတွက် အချက်ပြပြီး ထွက်ပေါက်နှင့်နီးသော အရှိန်လျှော့လမ်းကြောပေါ်သို့ ပြောင်းပါ၊ ထို့နောက် ပြထားသည့် အထွက်အရှိန်နှုန်း ရောက်သည်အထိ အရှိန်ကို လျှော့ချပါ။




**<u>ပြည်နယ်ကူးလမ်းပေါ်တွင် ဘေးကင်းစွာမောင်းနှင်ခြင်း</u>**

1. သင့်ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည်များကို သိရှိနိုင်ရန် သင့်မျက်လုံးကို လှုပ်ရှားနေစေပြီး သင်၏ မှန်များကို မကြာခဏ စစ်ဆေးပါ။
2. ရှေ့ကားနောက်မှ ကပ်မလိုက်ပါနှင့်။ သင့်ရှေ့တွင်ရှိသော မော်တော်ယာဉ်နှင့် ဘေးကင်းသော အကွာအဝေးတွင် ရှိ၊ မရှိ ပြောရန် အလွယ်ကူဆုံးနည်းမှာ 4 စက္ကန့် အကွာအဝေး စည်းမျဉ်းကို အသုံးပြုရန် ဖြစ်သည်။ လမ်းသည် စိုနေပါက သို့မဟုတ် ချောနေပါက အကွာအဝေး ပိုလိုမည်ဖြစ်သည်။
3. သင် တစ်စုံတစ်ခုကို မလုပ်မီ သင်ဘာလုပ်မည်ဆိုတာကို အခြားယာဉ်မောင်းများ သိအောင်လုပ်ပါ။ မည်သည့်အခါမျှ ရုတ်တရက် အရှိန်လျှော့ခြင်း သို့မဟုတ် လမ်းကြောပြောင်းခြင်း မလုပ်ပါနှင့်။ မကြာခဏ လမ်းကြောပြောင်းလဲခြင်းသည် ဘေးကင်းလုံခြုံမှု မရှိပါ။
4. လမ်းကြောပြောင်းခြင်း သို့မဟုတ် ကျော်တက်ခြင်း မပြုလုပ်မီ သင့်မှန်များကို စစ်ဆေးပါ၊ အချက်ပြပါ၊ ထို့နောက် သင်ရွှေ့ရန် ရည်ရွယ်သော ဦးတည်ရာရှိ မျက်ကွယ်နေရာများကို စစ်ဆေးပါ။

5. ယာဉ်ကြောအတွင်း မည်သည့်အခါမျှ မရပ်ပါနှင့်။ အရေးပေါ်အခြေအနေ မဟုတ်ပါက ပြည်နယ်ကူးလမ်းပေါ်တွင် ရပ်တန့်ခြင်းသည် ဥပဒေနှင့် မညီပါ။ သင်သည် အရေးပေါ်အခြေအနေအတွက် ရပ်တန့်ရမည်ဆိုပါက ဘေးဘက်ရှိ အရေးပေါ်ရပ်တန့်နိုင်သော လမ်းကြောသို့ ဝင်ပြီး ညာဘက်သို့ တတ်နိုင်သမျှ ဝေးဝေးရွှေ့ပါ။ အကူအညီလိုအပ်ပါက ကားအင်ဂျင်အဖုံးကို ဖွင့်ထားပြီး အဖြူရောင် အဝတ်စကို ကားတွင်ချည်ထားပါ၊ ထို့နောက် ကားထဲတွင် နေပါ။

6. သင်က အခြားယာဉ်ကို ကျော်တက်ခြင်း သို့မဟုတ် ဆိုင်းဘုတ်တွင် အခြားအရာကို ညွှန်ပြထားခြင်း မဟုတ်လျှင် ညာဘက်လမ်းကြောတွင် မောင်းနှင်သင့်သည်။

7. ပင်ပန်းနေချိန်တွင် ကားမမောင်းပါနှင့်။ ပင်ပန်းနေချိန်တွင် ကားမောင်းခြင်းက ပြည်နယ်ကူးလမ်းများပေါ်တွင် ယာဉ်တိုက်မှုများ ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းဖြစ်သည်။ သင်ပင်ပန်းလာသည့်အခါ ဘေးကင်းသော နေရာတွင် တတ်နိုင်သမျှ အမြန်ဆုံး ရပ်တန့်ပြီး အနားယူရန် အရေးကြီးသည်။

8. ရေခဲနှင့် ဆီးနှင်းများ ဖုံးလွှမ်းနေသော ပြည်နယ်ကူးလမ်းများနှင့် ၎င်းတို့၏ ဆင်ခြေလျှောလမ်းများသည် အလွန်အန္တရာယ်များနိုင်သည်။ အရှိန်လျှော့ပြီး ဂရုတစိုက် မောင်းနှင်ရန် မမေ့ပါနှင့်။ တံတားများနှင့် ခုံးကျော်တံတားများကလည်း အဓိက လမ်းမကြီးထက် ပို၍ လမ်းချော်စေနိုင်သည်။

9. အထွက်ဆင်ခြေလျှောလမ်းကို လွဲသွားပါက ဘယ်တော့မှ ရပ်ပြီး နောက်မဆုတ်ပါနှင့်။ အရေးပေါ် ဦးတည်ဘက်ပြောင်းသည့် တစ်ပတ်ဝိုက်ကွေ့လမ်းကို ဘယ်တော့မှ အသုံးမပြုပါနှင့်။ ထိုခုံးတံတားများသည် အရေးပေါ်နှင့် ပြုပြင်ထိန်းသိမ်းရေး ယာဉ်များအတွက်သာ ဖြစ်သည်။ နောက်ထွက်ပေါက်သို့ ဆက်သွားပါ။

10. မိုးရွာခြင်း၊ မြူဆိုင်းခြင်း၊ ဆီးနှင်းကျခြင်း၊ ရေခဲခြင်း စသည်တို့ကဲ့သို့ အခြေအနေများတွင် ယာဉ်မောင်းနှင်စဉ် ကားရှိန်နှုန်းထိန်းကိရိယာကို ဘယ်တော့မှ မသုံးပါနှင့်။

11. လမ်းဘေးတစ်ဖက်တွင် မိုတ်တုတ်မိုတ်တုတ်မီးလင်းနေသော ရဲကား၊ အရေးပေါ်ယာဉ် သို့မဟုတ် ပြုပြင်ရေးယာဉ်အနီးသို့ သင်ချဉ်းကပ်လာသည့်အခါ အရှိန်လျှော့ပါ။ သင့်အနေဖြင့် သတိထား၍ ဆက်သွားပြီး အန္တရာယ်ကင်းသည်နှင့်တစ်ပြိုင်နက် အရေးပေါ်ယာဉ်နှင့် ဝေးရာသို့ လမ်းကြောပြောင်းရမည်ဟု ဥပဒေတွင် သတ်မှတ်ထားသည်။ သင် လမ်းကြောမပြောင်းနိုင်ပါက ရပ်ထားသော ယာဉ်များကို ဖြတ်သန်းသွားရန်အတွက် ကန့်သတ်အရှိန်နှုန်းအောက် တစ်နာရီ မိုင် 20 အထိ အရှိန်လျှော့၍ မောင်းရမည်။

ပိုင်းခြားထားသော အဝေးပြေးလမ်းမတွင် ကားမောင်းနေစဉ် သင့်ညာဘက်ရှိ အဝေးပြေးလမ်းမ အစွန်းကို အဝါရောင် ခြယ်ထားပါက ဘာကို ဆိုလိုသနည်း။ သင်သည် ပိုင်းခြားထားသော အဝေးပြေးလမ်းမပေါ်တွင် သို့မဟုတ် ပြည်နယ်ကူးလမ်းပေါ်တွင် လမ်းမှား၍ မောင်းနေသည်။ ပိုင်းခြားထားသော အဝေးပြေးလမ်းမတွင် သင့်ညာဘက်ရှိ မျဉ်းကြောင်းက အဖြူရောင် ဖြစ်သင့်သည်။




**<u>ကျော်တက်ခြင်း</u>**

အခြားယာဉ် သို့မဟုတ် စက်ဘီးကို နောက်မှနေ၍ ချဉ်းကပ်လာပြီး သင်ကျော်တက်လိုသည့်အခါ ဘေးကင်းစွာ ကျော်တက်ရန် လုံလောက်သော အကွာအဝေးရှိကြောင်း သေချာပါစေ။ သင်ကျော်တက်တော့မည်ကို အခြားယာဉ်မောင်းများအား အသိပေးရန် ဘယ်ဘက်သို့ အချက်ပြပါ၊ သင့်ယာဉ်ကို ဖြတ်ကျော်သွားခြင်းရှိ၊ မရှိ သိရှိရန် အနောက်ကို ကြည့်ပါ (မျက်ကွယ်နေရာကို စစ်ဆေးကြည့်ရှုရန် နောက်ကြည့်မှန်များနှင့် သင့်ဘယ်ဘက် ပခုံးကို ကျော်ကြည့်ပါ)၊ လမ်းကြောပြောင်းပြီး ဘယ်ဘက်မှ ကျော်တက်ပါ။ ညအချိန်တွင် သင်ကျော်တက်လိုကြောင်း သင့်ရှေ့ရှိ ယာဉ်မောင်းကို သတိပေးရန် သင့်မီးကြီးများကို နိမ့်ရာမှ မြင့်ရာ၊ မြင့်ရာမှ နိမ့်ရာသို့ မှိန်ချည်လင်းချည်လုပ်ရန် လိုအပ်နိုင်သည်။

သင်က နောက်တွဲယာဉ် တစ်စီးကို ဆွဲနေစဉ် ကျော်တက်ပါက ၎င်း၏ ယာဉ်လမ်းကြောထဲ ပြန်မဝင်မီ သင်ကျော်တက်မည့် မော်တော်ယာဉ် သို့မဟုတ် စက်ဘီးကို သင်ကောင်းစွာ ကျော်ဖြတ်ခဲ့ခြင်းရှိ၊ မရှိ အထူးသတိပြုပါ။

ကြီးမားသောဝန်ကို ဆွဲနေသည့်အခါ သို့မဟုတ် ပုံမှန်ထက် ပိုကျယ်သည့် မော်တော်ယာဉ်တစ်စီးကို မောင်းနှင်နေသည့်အခါ အခြားယာဉ်မောင်းသူ သို့မဟုတ် စက်ဘီးစီးသူကို ကျော်ဖြတ်သွားမည်ဆိုပါက အထူးသတိပြုပါ။

ဘယ်ဘက်ရှိ ယာဉ်များနှင့် စက်ဘီးများကို ကျော်တက်ပါ။ သင့်ယာဉ်နှင့် သင်ကျော်တက်မည့် ယာဉ် သို့မဟုတ် စက်ဘီးကြားတွင် အကြားအလပ် နေရာလွတ် အနည်းဆုံး လေးပေ ချန်ထားပါ။ သင်ကျော်တက်မည့် မော်တော်ယာဉ် သို့မဟုတ် စက်ဘီးကို ကျော်လွန်၍ လုံလောက်သော အကွာအဝေးအထိ သွားသင့်သည်။ သို့မှသာ သင့်ကားအတွင်းရှိ နောက်ကြည့်မှန်မှတစ်ဆင့် မော်တော်ယာဉ်၏ ရှေ့ပိုင်းတစ်ခုလုံး သို့မဟုတ် စက်ဘီးစီးသူကို သင်တွေ့မြင်နိုင်ပါမည်။ သင်၏ ညာအချက်ပြမီးကို အသုံးပြုပါ၊ ပခုံးပေါ်ကျော်၍ ညာဘက် မျက်ကွယ်ကို စစ်ဆေးကြည့်ပြီး လမ်းညာဘက်ခြမ်းသို့ ပြန်သွားပါ။ သင့်အား အခြားယာဉ်က ဖြတ်ကျော်သွားသည့်အခါ သင် အရှိန်အနည်းငယ် လျှော့သင့်ပြီး ညာဘက်မှ ဆက်သွားသင့်သည်။ ဤနည်းအားဖြင့် အခြားယာဉ်မောင်းက ပိုမိုဘေးကင်းစွာ ကျော်ဖြတ်သွားနိုင်ပါမည်။

ယာဉ်မောင်းတစ်ဦးက လမ်းကြောများစွာရှိသော လမ်းမကြီးတွင် အခြားယာဉ်၏ ညာဘက်မှနေ၍ ဖြတ်ကျော်နိုင်သည်။ လမ်းကြောများစွာမရှိသည့် လမ်းမကြီးတွင် ဘေးကင်းစွာ ဖြတ်သန်းသွားရန် နေရာရှိပါက ယာဉ်မောင်းသည် ဘယ်ဘက်သို့ ကွေ့နေသည့် သို့မဟုတ် ဘယ်ဘက်သို့ ကွေ့ရန် ပြင်ဆင်နေသည့် ယာဉ် သို့မဟုတ် စက်ဘီး၏ ညာဘက်မှ ဖြတ်ကျော်နိုင်သည်။ မည်သည့်အခြေအနေတွင်မဆို လူသွားလမ်းပေါ်တက်၍ မောင်းနှင်ခြင်း သို့မဟုတ် လမ်း၏ အဓိက သွားလာနိုင်သောနေရာမှ ဆင်း၍ မောင်းနှင်ခြင်းဖြင့် မော်တော်ယာဉ်ကို ကျော်တက်၍ မရပါ။




## ဤနေရာများတွင် ကျော်တက်ခြင်းမပြုရ

- တောင်ကုန်းများ
- အကွေ့များ
- မီးရထားလမ်းများ
- လမ်းဆုံများ
- "ရှေ့ရှိ လမ်းကြောင်းကို ပြောင်းထားသည်" ကို သင်မြင်ရပါက

## အရက်မူးနေစဉ် သို့မဟုတ် မူးယစ်ဆေးသုံးစွဲထားစဉ် မောင်းနှင်ခြင်း

ယာဉ်မောင်း အများစုက မူးယစ်နေသည်ဟူသော စကားလုံးကို ကြားသည့်အခါ အရက်ကိုသာ တွေးထင်ကြသော်လည်း အရက်သောက်ခြင်းသည် ယာဉ်မောင်းအား မူးယစ်စေနိုင်သည့် တစ်ခုတည်းသော နည်းလမ်း မဟုတ်ပါ။ မူးယစ်ဆေးဝါးများ၊ ဆရာဝန်ညွှန်သည့်ဆေးနှင့် ဆေးစာမလိုသော ဆေးဝါးများပင်လျှင် သင်၏ ဘေးကင်းစွာ မောင်းနှင်နိုင်စွမ်းကို အပြင်းအထန် ထိခိုက်စေနိုင်သည်။ ငိုက်မျဉ်းနေစဉ် ကားမောင်းခြင်းကလည်း သင်၏ မောင်းနှင်နိုင်စွမ်းကို ထိခိုက်စေနိုင်ပြီး အလွန်အန္တရာယ်များနိုင်သည်။

**<u>အရက်သေစာနှင့် အခြားဆေးဝါးများ</u>**

အရက်သောက်ထားသည့် ယာဉ်မောင်းက သေစေနိုင်သော ယာဉ်တိုက်မှုများကို ဖြစ်စေသည့် နံပါတ်တစ် အကြောင်းရင်းဖြစ်သည်။ ပျမ်းမျှအားဖြင့် အရက်မူးနေသော ယာဉ်မောင်းများကြောင့် မိနစ် 40 လျှင် လူတစ်ဦး သေဆုံးနေရသည်။

အရက်မူးနေစဉ် သို့မဟုတ် အခြားမူးယစ်ဆေး သုံးစွဲထားစဉ် ယာဉ်မောင်းနှင်ခြင်းသည် ဥပဒေကို ချိုးဖောက်ရာရောက်သည်။ အရက်သောက်ထားသည့် သို့မဟုတ် အခြားမူးယစ်ဆေးများကို အသုံးပြုထားသည့် ယာဉ်မောင်းများသည် ၎င်းတို့ကိုယ်ကိုဖြစ်စေ သို့မဟုတ် ယာဉ်ကိုဖြစ်စေ ကောင်းစွာ ထိန်းချုပ်နိုင်ခြင်း မရှိသည့်အပြင် ၎င်းတို့ရော အခြားသူများအတွက်ပါ အသက်အန္တရာယ်ရှိစေနိုင်သည်။ Vermont ပြည်နယ်ဥပဒေတွင် လူတစ်ယောက်၏ သွေးတွင်းအရက်ပမာဏ (BAC) က .08 နှင့်အထက် ဖြစ်သည့်အခါ သူ/သူမသည် "အရက်သေစာ၊ မူးယစ်ဆေး သုံးစွဲထားသည်" သို့မဟုတ် "မူးယစ်နေသည်" ဟု ဖော်ပြထားသည်။ လူတစ်ဦးသည် သွေးတွင်းအရက်ပမာဏ .08 အောက် အဆင့်များတွင် ရှိနေလည်း မူးယစ်နေနိုင်ကြောင်း သတိပြုရန် အရေးကြီးသည်။ အရက်တစ်ခွက်တည်း သောက်မိလျှင်ပင် သင့်ဆုံးဖြတ်ချက်ကို မှားယွင်းစေနိုင်သည်။

အသက် 21 နှစ်အောက် ယာဉ်မောင်းနှင်သူများတွင် သွေးတွင်းအရက်ပါဝင်မှု .02 နှင့်အထက် ရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် တရားမ ယာဉ်စည်းကမ်း ချိုးဖောက်မှုအတွက် အရေးယူခံရနိုင်သည်။ ယာဉ်မောင်းလိုင်စင်ကို ဆိုင်းငံ့ထားမည်ဖြစ်ပြီး ယာဉ်မောင်းသည် အရက်သေစာသောက်စားမှုနှင့် ယာဉ်မောင်းနှင်မှုဆိုင်ရာ ပညာပေး ပရိုဂရမ်ကို မိမိစရိတ်ဖြင့် ပြီးမြောက်အောင် တက်ရောက်ရမည်။

**အရက်သေစာသောက်စားမှုက သင်၏ ယာဉ်မောင်းနိုင်စွမ်းအပေါ် မည်သို့သက်ရောက်မှုရှိသနည်း။**

အရက်က မူးယစ်စေသည့်အရာဖြစ်၍ သင့်ယာဉ်မောင်းနိုင်စွမ်းကို ထိခိုက်စေနိုင်သလို မှုချထိခိုက်စေမည်လည်း ဖြစ်သည်။ အရက်သောက်ပြီးချိန်တွင် သင်ချမှတ်သော ဆုံးဖြတ်ချက်များက အတော်လေး မှားယွင်းနေနိုင်သည်။ အရက်က သင့်အား တက်ကြွစေနိုင်သည့်ပုံပေါ်သော်လည်း ထိုသို့မဟုတ်ပါ။ ယင်းက သင်၏ တွေးခေါ်မှု လုပ်ငန်းစဉ်ကို ထိခိုက်စေသည်။ အမှန်အားဖြင့် အရက်သည် အာရုံကြောနှင့် အခြေခံလှုပ်ရှားဆောင်ရွက်နိုင်စွမ်းကို အားနည်းယုတ်လျော့စေသည့် မူးယစ်ဆေးတစ်မျိုးဖြစ်ပြီး သင့်ကို အောက်ပါနည်းလမ်းများဖြင့် ထိခိုက်စေနိုင်သည်-

- **ဝေဖန်ပိုင်းခြားနိုင်စွမ်း**- သင်က မောင်းနှင်မှုနှင့်ပတ်သက်ပြီး ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်တော့မည် မဟုတ်ပါ။ အဆင်ပြေသည်ဟု သင်ထင်နိုင်သော်လည်း သင်လုပ်မိနေနိုင်သည့် အန္တရာယ်များကို သတိပြုမိမည် မဟုတ်ပါ။
- **အမြင်အာရုံ** - သင်၏ အလုံးစုံ အမြင်အာရုံက အလွန်အမင်း အားနည်းသွားနိုင်သည်။
- **အာရုံစူးစိုက်မှု** - သင့်စိတ်က ပျံ့လွင့်နေပြီး အာရုံစူးစိုက်၍ မရနိုင်ပါ။
- **သိမြင်နားလည်မှု** - သင့်ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အရာများနှင့်ပတ်သက်ပြီး သင်၏ နားလည်သဘောပေါက်နိုင်စွမ်းကို ထိခိုက်စေပါမည်။ သင်လုပ်ဆောင်နေသည့်အရာကို နားလည်သဘောပေါက်နိုင်ခြင်း မရှိပါ။
- **ခံစားချက်များ (အာရုံခံစားမှုများ)** - သင့်ခံစားချက်များ ကွယ်ပျောက်နေပြီး သင်က အရှိန်မြင့်နေနိုင်ကြောင်းကို မသိရှိသည့်အတွက်ကြောင့် အရှိန်မြန်သည်ဟု မခံစားရပါ။
- **တုံ့ပြန်ချိန်** - တုံ့ပြန်ရန်နှင့် လီဗာမှ ဘရိတ်ဆီသို့ ခြေထောက်ရွှေ့ရန် အချိန်ပိုကြာပါမည်။ ဤတုံ့ပြန်ချိန် ကြန့်ကြာနှောင့်နှေးခြင်းသည် ဘေးကင်းစွာ ရောက်ရှိခြင်း သို့မဟုတ် လုံးဝမရောက်ရှိခြင်းအကြား ကွာခြားချက်ဖြစ်နိုင်သည်။

အချိန်သည် အရက်မူးယစ်ခြင်းကို လျှော့ချရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ ကော်ဖီသောက်ခြင်း၊ ရေအေးချိုးခြင်း သို့မဟုတ် လှုပ်ရှားကိုယ်လက်လှုပ်ရှားခြင်းက လူကို အမူးပြေစေမည် မဟုတ်ပါ။ အရက်တစ်ခွက်သောက်ပြီးတိုင်း ၎င်း၏အာနိသင်များကို သင့်ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်ရန် အနည်းဆုံး တစ်နာရီကြာမြင့်သည်။ ဆိုလိုသည်မှာ သင်ဘေးကင်းစွာ မောင်းနှင်နိုင်ရန်အတွက် အရက်မူးယစ်မှုကို လျှော့ချရန် နာရီပေါင်းများစွာ စောင့်ရနိုင်သည်။

**အခြားဆေးဝါးများ**

အခြားဆေးဝါးများ သို့မဟုတ် မူးယစ်ဆေးဝါးများ (ဆရာဝန်ညွှန်သည့်ဆေးနှင့် ဆေးစာမလိုသော ဆေးဝါးများ) ကို သောက်သုံးပြီးနောက် မောင်းနှင်ခြင်းက အရက်သောက်၍ မောင်းနှင်ခြင်းကဲ့သို့ လူအချို့အတွက် အသက်သေဆုံးနိုင်ခြေ အန္တရာယ် ပိုမိုရှိနိုင်သည်။ ဆေးဝါးများက သင့်အား အိပ်ငိုက်လာစေပြီး မှန်ကန်စွာ စဉ်းစားတွေးခေါ် နိုင်စွမ်း သို့မဟုတ် လုပ်ဆောင်နိုင်စွမ်းကို နှောင့်ယှက်နိုင်သည်။ ယာဉ်မောင်းနှင်နေစဉ် ဤကဲ့သို့ ခံစားရခြင်းက အဝေးပြေးလမ်းမပေါ်တွင် သင်အသက်သေဆုံးသည်အထိ အန္တရာယ်ရှိနိုင်သည်။ ထို့အတူ အချိန်သည် ဆေးဝါးအာနိသင်များကို လျှော့ချရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

သင်က DUI ကြောင့်ဖြစ်စေ၊ ဆေးဝါးများသောက်သုံးပြီးနောက် မောင်းနှင်ခြင်းကြောင့်ဖြစ်စေ ပြစ်ဒဏ်ချမှတ်ခံရပါက သင့်လိုင်စင်ကို ဆိုင်းငံ့ထားနိုင်သည်။ ဒဏ်ကြေးပမာဏအများအပြားနှင့် ရှေ့နေခများကို သင် ပေးဆောင်ရမည်၊ အရက်သေစာနှင့်ပတ်သက်သော ပညာပေးအတန်းအတွက် အခကြေးငွေ ပေးရမည့်အပြင် ထောင်ကျနိုင်ပြီး သင့်အာမခံ ပေးသွင်းရငွေ တိုးလာပါမည်။

Vermont ပြည်နယ်တွင် "သွယ်ဝိုက်သဘောတူညီချက်" ဥပဒေတစ်ခုရှိသည် - ဆိုလိုသည်မှာ လူတစ်ယောက် လိုင်စင်ရသည့်အခါ လူ့ခန္ဓာကိုယ်အတွင်း အရက်သေစာသုံးစွဲမှုပမာဏ သို့မဟုတ် အခြား ဆေးဝါးများ သုံးစွဲမှုပမာဏ မည်မျှရှိသည်ကို သိရှိရန်အတွက် စမ်းသပ်မှုတစ်ခု ပြုလုပ်ခိုင်းလျှင် ထိုလူက "လုပ်မည်" ဟု ပြောရန် သဘောတူသည်။ ရဲအရာရှိတစ်ဦးက ယာဉ်မောင်းအား အရက်သေစာသောက်သုံးမှု သို့မဟုတ် အခြားဆေးဝါးများသုံးစွဲမှုကြောင့် မူးယစ်နေသည်ဟု ထင်ပါက စမ်းသပ်ခံရန် ယာဉ်မောင်းကို တောင်းဆိုနိုင်သည်။ ယာဉ်မောင်းက ငြင်းဆိုလျှင် ၎င်း၏ ယာဉ်မောင်းလိုင်စင်ကို အနည်းဆုံး ခြောက် (6) လကြာ ဆုံးရှုံးပါမည်။

**မှတ်ချက်-** Vermont ပြည်နယ်တွင် အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဆိုင်းငံ့ရေး လုပ်ငန်းစဉ်တစ်ခုရှိပြီး ရာဇဝတ်မှုဆိုင်ရာ DUI ပြစ်ဒဏ်မကျမီ တရားမ လုပ်ငန်းစဉ်မှတစ်ဆင့် သင့်လိုင်စင်ကို ဆုံးရှုံးနိုင်သည်ဟု ဆိုလိုသည်။

## အရက်မသောက်မီ စဉ်းစားပါ။

သင်အရက်သောက်မည်ဆိုပါက မစတင်မီ အစီအစဉ်ဆွဲပါ

- သတ်မှတ်ထားသော ယာဉ်မောင်းကို အသုံးပြုပြီး ယာဉ်မောင်းက အရက်မသောက်ထားကြောင်း သေချာပါစေ။ သတ်မှတ်ထားသော ယာဉ်မောင်းက အရက်သောက်သုံးခြင်း သို့မဟုတ် အခြားဆေးဝါးများသုံးစွဲခြင်း မပြုရန် သဘောတူပြီး အခြားသူများ အိမ်သို့ ဘေးကင်းစွာ ရောက်ရှိစေရေးအတွက် တာဝန်ရှိသည်။
- ကားစီး၍ အိမ်သို့ ဘေးကင်းစွာ ပြန်နိုင်အောင် စီစဉ်ရန် မိဘ သို့မဟုတ် အခြား တာဝန်ယူနိုင်သောသူကို ဖုန်းခေါ်ပါ။

- အန္တရာယ်ကင်းသည်ဆိုလျှင် သင်ရောက်ရှိနေသည့် နေရာတွင် ညလုံးပေါက်နေရန် စီစဉ်ပါ။
- သင့်မိတ်ဆွေများ၏ စကားကို နားထောင်ပါ။ ၎င်းတို့က သင့်အား ကားမမောင်းရန် သတိပေးပါက ၎င်းတို့၏ စိုးရိမ်ပူပန်မှုကို အလေးအနက်ထားပါ။
- သင်အရက်စမသောက်မီ သင့်ကားသော့ကို အရက်မသောက်သည့်မိတ်ဆွေ၊ အရက်မူးနေချိန် သင့်အား ကားမောင်းခွင့်မပြုမည့်မိတ်ဆွေကို ပေးထားပါ။

အချိန်သည် အရက်မူးယစ်ခြင်းကို လျှော့ချရန် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ အရက်တစ်ခွက်သောက်ပြီးတိုင်း ၎င်း၏မူးယစ်စေသည့် အာနိသင်များကို သင့်ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်ရန် အနည်းဆုံး တစ်နာရီကြာမြင့်သည်။ ဆိုလိုသည်မှာ သင်ဘေးကင်းစွာ မောင်းနှင်နိုင်ရန်အတွက် အရက်မူးယစ်မှုကို လျှော့ချရန် နာရီပေါင်းများစွာ စောင့်ရနိုင်သည်။ ကော်ဖီသောက်ခြင်း၊ ရေချိုးခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း စသည်တို့က သင့် BAC သို့မဟုတ် အရက်အာနိသင်များကို လျှော့ချ၍ မရနိုင်ပါ။




Vermont အရေးပေါ် သူနာပြု အဖွဲ့အစည်း (ENCARE) က အရက်ကြောင့် သေစေနိုင်သော ယာဉ်တိုက်မှုများဖြစ်ပွားသည့် နေရာတွင် ဆိုင်းဘုတ်များ တပ်ဆင်ခြင်းကို ကမကထပြု ဆောင်ရွက်ပေ ဆိုင်းဘုတ်များအနက်မှ တစ်ခုကို သင်တွေ့ရှိပါက အရက်မူးနေသည့် ယာဉ်မောင်းကြောင့် ထိုနေရာတွင် တစ်ယောက်ယောက် သေဆုံးခဲ့သည်ဟု ဆိုလိုပါသည်။

သင်၏ အရက်သေစာသောက်သုံးမှုအပေါ် သင်စိုးရိမ်ပူပန်နေပါက VT Helplink ကို ဆက်သွယ်ပါ။ VT Helplink သည် Vermont ကျန်းမာရေးဌာနက ပံ့ပိုးပေးထားသော အရက်နှင့် ဆေးစွဲရောဂါ ပံ့ပိုးကူညီရေးနှင့် လွှဲပြောင်းရေးဆိုင်ရာ အခမဲ့နှင့် လျှို့ဝှက်သီးသန့် ဝန်ဆောင်မှုတစ်ခုဖြစ်သည်။ ဂရုစိုက်တတ်သော၊ လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်သူက သင့်ကိုဖြစ်စေ၊ သင်ချစ်ရသူကိုဖြစ်စေ ပြန်လည်ကောင်းမွန်လာစေရန်အတွက် ကူညီပေးပါမည်။

VTHelplink.org သို့ ဝင်ကြည့်ပါ သို့မဟုတ် 802-565-LINK (သို့မဟုတ် ခေါ်ဆိုခ အခမဲ့ 833-565-LINK) ကို ခေါ်ဆိုပါ

**ငိုက်မျဉ်းနေစဉ် ယာဉ်မောင်းနှင်မှု**

ယာဉ်မောင်းက ကားမောင်းနေစဉ် အိပ်ပျော်သွားသောကြောင့် နှစ်စဉ် ယာဉ်တိုက်မှုများစွာ ဖြစ်ပွားသည်။ အကျိုးဆက်အဖြစ် အခြားယာဉ်၊ သစ်ပင် သို့မဟုတ် လမ်းဘေးရှိ အခြားအရာဝတ္ထုကို ကားခေါင်းဖြင့် ဝင်တိုက်မိနိုင်သည်။ ငိုက်မျဉ်းနေသည့် ယာဉ်မောင်းက အလွန်ဆိုးဝါးစွာ မောင်းနှင်နိုင်ပြီး အရက်မူးနေသည့်ပုံပေါ် နိုင်သည်။

ငိုက်မျဉ်းနေစဉ် ယာဉ်မောင်းနှင်မှု လက္ခဏာ အချို့မှာ-

- အာရုံစူးစိုက်ရန် သို့မဟုတ် သင့်မျက်လုံးများကို ဖွင့်ထားရန် ပြဿနာများရှိခြင်း
- ထပ်ခါတလဲလဲ သမ်းဝေခြင်း
- သင်မောင်းနှင်ခဲ့သည့် နောက်ဆုံး မိုင်အချို့ကို မမှတ်မိခြင်း
- ယာဉ်လမ်းကြောအပြင်သို့ အလိုလိုရောက်သွားခြင်း
- ယာဉ်အသွားအလာ ဆိုင်းဘုတ်များကို လွတ်သွားခြင်း

ငိုက်မျဉ်းပြီး မောင်းနှင်နိုင်ခြေ အများဆုံးသူများမှာ အိပ်ရေးဝဝ မအိပ်ဘဲ မောင်းနှင်သည့်သူများ ဖြစ်သည်။ ယင်းတွင် လူငယ်များ၊ အဆိုင်းချအလုပ်သမားများနှင့် နာရီပေါင်းများစွာ အလုပ်လုပ်သည့်သူများ ပါဝင်လေ့ရှိသည်။ မိမိတွင် အိပ်စက်မှုဆိုင်ရာ မူမမှန်သည့် ရောဂါရှိကြောင်း သိရှိထားနိုင်သူများ သို့မဟုတ် မသိရှိထားသူများလည်း ပါဝင်နိုင်သည်။ ယာဉ်မောင်းများမှာ ပင်ပန်းနေမှန်း သိကြသော်လည်း မိမိအနေဖြင့် နိုးနိုးကြားကြား ရှိနေနိုင်သည်ဟု ထင်တတ်ကြသည်။ ကံမကောင်းစွာဖြင့် နိုးနိုးကြားကြား ရှိရမည့်အစား ၎င်းတို့ အိပ်ပျော်သွားပြီး ယာဉ်တိုက်မှုများ ဖြစ်ပွားရပေသည်။

ငိုက်မျဉ်းနေသည့်အချိန်တွင် ကားမမောင်းပါနှင့်။ သင်လမ်းမပေါ် ရှိနေစဉ် ငိုက်မျဉ်းလာပါက လမ်းဘေးကပ်ပြီး ရပ်တန့်ရန် ဘေးကင်းသည့် နေရာတစ်နေရာကို ရှာဖွေပါ။ သင့်ကားပြတင်းပေါက်ကို ဖွင့်ထားခြင်းနှင့် သင့်ရေဒီယိုကို ဖွင့်ထားခြင်းက သင့်အား နိုးကြားနေစေမည် မဟုတ်ပါ။ အမှန်အားဖြင့် နိုးနိုးကြားကြား ရှိနေစေရန် နည်းလမ်းတစ်ခုကို သင်စတင်၍ ရှာဖွေနေပြီဆိုလျှင် သေချာပေါက် ရပ်တန့်၍ အနားယူရန် လိုအပ်သည့် လက္ခဏာတစ်ခုပင် ဖြစ်သည်။

## စိတ်ပျံ့လွင့်နေစဉ် မောင်းနှင်ခြင်း

ကားမောင်းရာတွင် အာရုံမစိုက်နိုင်ဖြစ်စေသည့် မည်သည့်အရာမဆိုသည် ယာဉ်တိုက်မှုကို ဖြစ်စေနိုင်ကြောင်း လေ့လာမှုများအရ တွေ့ရပါသည်။

မည်သို့ပင် အာရုံထွေပြားနေပါစေ၊ စိတ်ပျံ့လွင့်နေသည့် ယာဉ်မောင်းများက တူညီသော အခြေခံ အပြုအမူမျိုးကို ပြသပါသည်။ စိတ်ပျံ့လွင့်နေသည်ဆိုလျှင် ယာဉ်ကို ဘယ်ဘက်ကွေ့ရန် ရပ်တန့်ခြင်း သို့မဟုတ် လမ်းသွယ်မှ ယာဉ်ထွက်လာခြင်းကဲ့သို့ ယာဉ်ကြော အခြေအနေများ သို့မဟုတ် ဖြစ်ရပ်များကို ယာဉ်မောင်းများအနေဖြင့် တုံ့ပြန်ရာတွင် ပိုမိုနှေးကွေးစေနိုင်သည်။

စိတ်ပျံ့လွင့်နေသည့် ယာဉ်မောင်းများက လမ်းသွားလမ်းလာများ၊ စက်ဘီးစီးသူများ သို့မဟုတ် လမ်းပေါ်ရှိ အပျက်အစီးများကဲ့သို့ အန္တရာယ်ဖြစ်နိုင်ခြေရှိသည့် အရာများကို မတွေ့မြင်နိုင်တော့ပါ။ စိတ်ပျံ့လွင့်နေသည့် ယာဉ်မောင်းများသည် ၎င်းတို့၏ "ဘေးကင်းရေးအတွက် ကြိုတင်ကာကွယ်နိုင်မှု" ကိုလည်း လျော့နည်းစေပြီး ဝင်လာသည့် ယာဉ်ကြောရှေ့တွင် ဘယ်ဘက်သို့ ကွေ့ခြင်းကဲ့သို့ ပုံမှန်အခြေအနေတွင် ၎င်းတို့ မလုပ်နိုင်သည့် အန္တရာယ်များကို လုပ်ဆောင်မိစေနိုင်သည်။ အာရုံစူးစိုက်မှု မရှိခြင်းနှင့် လမ်းဦးစားပေးရန် ပျက်ကွက်ခြင်းတို့သည် Vermont တွင် ယာဉ်မောင်းများက လမ်းသွားလမ်းလာများနှင့် စက်ဘီးများကို ကားနှင့် တိုက်မိသည့် အဖြစ်အများဆုံး အကြောင်းရင်းဖြစ်သည်။

## စိတ်ပျံ့လွင့်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း

- သင့်အကြိုက်ဆုံး ရေဒီယို အသံလွှင့်လိုင်းများသို့ လွယ်ကူစွာ ဝင်ရောက်နိုင်ရန် ကြိုတင်၍ ပရိုဂရမ်သွင်းထားပြီး ဥဩဆွဲသံ၊ ဟွန်းမြည်သံ သို့မဟုတ် ရထားအချက်ပြ ဝီစီသံကဲ့သို့ သင့်ယာဉ် အပြင်ဘက်ရှိ အသံများကို ကြားနိုင်လောက်အောင် သင့်ကက်ဆက်ကို အသံတိုးထားပါ။
- မြေပုံများ သို့မဟုတ် လမ်းညွှန်စနစ်များနှင့် စမ်းတဝါးဝါးလုပ်မည့်အစား ရှေ့ထိုင်ခုံရှိ ခရီးသည်ကို "တွဲဖက်လမ်းညွှန်" အဖြစ် ဆောင်ရွက်စေပါ။ သင်တစ်ယောက်တည်း မောင်းနှင်ပါက သွားမည့်နေရာများကို ကြိုတင်၍ မြေပုံထုတ်ထားပါ။
- ကားမောင်းနေစဉ် စားသောက်ခြင်းကို ရှောင်ကြဉ်ပါ။ စားစရာအားလုံးကို နေရာတကျထားပြီး သောက်စရာများကို ခွက်ထည့်သည့် နေရာများတွင် သေချာထည့်ထားပါ။
- ကားထဲရှိ ကလေးများက မည်မျှစိတ်အနှောင့်အယှက်ပေးနိုင်သည်ကို လျှော့မတွက်ပါနှင့်။ ကားထဲတွင် ရှိနေစဉ် ယဉ်ကျေးလိမ္မာစွာ ပြုမူနေထိုင်ပုံ၏ အရေးပါမှုကို ကလေးများအား သင်ပြပေးပါ။
- ကားမောင်းနေစဉ် "အတွေးထဲနစ်မြောနေသည်" ဟု သင့်ကိုယ်သင် ထင်ပါက အနားယူပါ။
- ကားမောင်းခြင်းကို အာရုံစိုက်ရန်နှင့် သင့်ယာဉ်အတွင်းနှင့် အပြင်ရှိ လူများ သို့မဟုတ် အရာဝတ္ထုများကြောင့် အာရုံပျံ့လွင့်မှုကို သတိပြုပါ။
- တစ်ကိုယ်ရေ ဖြီးလိမ်းပြင်ဆင်ခြင်းကို ကားထဲတွင် မဟုတ်ဘဲ အိမ်တွင် လုပ်ဆောင်ပါ။
- အိမ်မွေးတိရစ္ဆာန်များက အာရုံထွေပြားစေနိုင်၍ သင့်ပေါင်ပေါ်တွင် မထားဘဲ သို့မဟုတ် လွတ်လပ်စွာ သွားလာမနေဘဲ လှည်းထဲတွင် ထည့်ထားသင့်သည်။
- ဆေးလိပ်သောက်ခြင်းက အာရုံထွေပြားစေသည့် အရာတစ်ခုဖြစ်သည်။ ကားမောင်းနေစဉ် ဆေးလိပ်မသောက်ပါနှင့်။

## စိတ်ခံစားချက်များကို ကိုင်တွယ်ဖြေရှင်းခြင်း

စိတ်ခံစားချက်များသည် ဘေးကင်းစွာ မောင်းနှင်ခြင်းကို ထိခိုက်စေသည်။ သင်က အလွန်အမင်း စိုးရိမ်၊ စိတ်လှုပ်ရှား၊ ကြောက်ရွံ့၊ စိတ်ဆိုး သို့မဟုတ် စိတ်ဓာတ်ကျနေပါက ကောင်းကောင်း မောင်းနှင်၍ မရနိုင်ပါ။

သင့်ကိုယ်သင် စိတ်အေးသွားစေရန်နှင့် စိတ်ငြိမ်သွားစေရန် အချိန်ပေးပါ။ လမ်းလျှောက်ခြင်းက ထိုသို့လုပ်ဆောင်ရန် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။

ကြိုတင်စီစဉ်ပါ။ သင်၏ မောင်းနှင်မှု ခရီးစဉ်အတွက် သင့်ကိုယ်သင် အချိန်ပိုပေးပါ။ မိနစ် အနည်းငယ် စောထွက်ပါ။ သင့်တွင် အချိန်ပိုရှိလျှင် အရှိန်တင်မိနိုင်ခြေ သို့မဟုတ် ဥပဒေများကို ချိုးဖောက်နိုင်ခြေ သို့မဟုတ် ယာဉ်တိုက်မိနိုင်ခြေ ပိုနည်းသည်။

## လက်ကိုင်ဖုန်းများနှင့် အခြားအီလက်ထရောနစ် စက်ကိရိယာများ

- ယာဉ်မောင်းများအနေဖြင့် ကားမောင်းနေစဉ် မက်ဆေ့ချ်များ ဖတ်ခြင်း သို့မဟုတ် ပေးပို့ခြင်းက ဥပဒေကို ချိုးဖောက်ရာရောက်သည်။
- ယာဉ်မောင်းများအနေဖြင့် Vermont ရှိ အများသုံး အဝေးပြေးလမ်းမပေါ်တွင် ယာဉ်ကို ရပ်တန့်ထားစဉ် အပါအဝင် မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် အိတ်ဆောင် အီလက်ထရောနစ် စက်ကိရိယာတစ်ခုကို အသုံးပြုခြင်းက ဥပဒေချိုးဖောက်မှုဖြစ်သည်။
- ဤဥပဒေကို ချိုးဖောက်သည့်သူတစ်ယောက်က ပထမအကြိမ် ချိုးဖောက်မှုအတွက် $100.00 ထက် မနည်းသော၊ $200.00 ထက် မများသော ဒဏ်ငွေနှင့် ဒုတိယအကြိမ် သို့မဟုတ် နောက်ဆက်တွဲ ချိုးဖောက်မှုအတွက် $250.00 ထက် မနည်းသော၊ $500.00 ထက် မများသော ဒဏ်ငွေကို ပေးဆောင်ရမည်။
- ဆောက်လုပ်ရေး၊ ပြုပြင်ထိန်းသိမ်းရေး သို့မဟုတ် ရေ၊ မီးဝန်ဆောင်မှုလုပ်ငန်း ဝန်ထမ်းများရှိနေသည့် သင့်လျော်မှန်ကန်စွာ သတ်မှတ်ထားသော အလုပ်ဇုန်အတွင်း ကားမောင်းနေစဉ် ဤပုဒ်မကို ချိုးဖောက်ခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခံရသူတစ်ဦးသည် ပထမအကြိမ် ပြစ်ဒဏ်အတွက် သူ သို့မဟုတ် သူ၏ ယာဉ်မောင်းနှင်မှု မှတ်တမ်းတွင် ပွိုင့်နှစ်ပွိုင့် ရရှိမည်ဖြစ်ပြီး ဒုတိယအကြိမ် သို့မဟုတ် နောက်ဆက်တွဲ ပြစ်ဒဏ်အတွက် ပွိုင့်ငါးပွိုင့် ရရှိပါမည်။
- ကားမောင်းရာတွင် သင်၏ အာရုံစူးစိုက်မှု အပြည့်အဝ လိုအပ်ကြောင်း သိရှိနားလည်ထားပါ။
- ဖုန်းခေါ်ဆိုရန် လိုအပ်ပါက သင့်အတွက် ဖုန်းခေါ်ပေးရန် ကားထဲရှိ ခရီးသည်ကို တောင်းဆိုပါ သို့မဟုတ် ဖုန်းမခေါ်မီ ဘေးကင်းသောနေရာတွင် ရပ်တန့်ပါ။

- ဖုန်းအဝင်ကောလ်ကို ပြန်လည်မဖြေကြားပါနှင့်။ ဖုန်းခေါ်သူအား မက်ဆေ့ချ် ချန်ထားခိုင်းပြီး ဘေးကင်းသော နေရာတွင် ရပ်တန့်ထားသည့်အခါ ဖုန်းပြန်ခေါ်ပါ။
- ဖုန်းအသုံးပြုခြင်းက ယာဉ်တိုက်မှုကို တွန်းအားပေးသည့်အရာတစ်ခု ဖြစ်မလာစေရန် ယာဉ်ထဲတွင် သင့်ဖုန်းကို လုံခြုံစွာထားရှိပါ။

## လမ်းမပေါ် (ကျွမ်းကျင်မှု) လက်တွေ့စမ်းသပ်မောင်းနှင်ခြင်း

လိုင်စင်ထုတ်ပေးသည့် လမ်းမပေါ် လက်တွေ့စမ်းသပ်မောင်းနှင်မှုကို ဖြေဆိုသည့်အခါ မော်တော်ယာဉ်ကို သင် ဘေးကင်းစွာ၊ ယဉ်ကျေးစွာနှင့် မှန်ကန်စွာ မောင်းနှင်နိုင်ခြင်း ရှိ၊ မရှိ သိရှိရန် စစ်ဆေးသူက စောင့်ကြည့်ပါမည်။ လမ်းစည်းကမ်းကို သင်သိရှိနားလည်ပြီး ၎င်းတို့ကို လိုက်နာနိုင်ကြောင်းကိုလည်း လက်တွေ့ပြသရမည်။

**တောင်ကုန်းပေါ်တွင် ရပ်တန့်ခြင်းနှင့် ကားစထွက်ခြင်း**

သင် လမ်းမပေါ် လက်တွေ့စမ်းသပ်မောင်းနှင်မှုကို ဖြေဆိုသည့်အခါ စစ်ဆေးသူက သင့်အား တောင်ကုန်းပေါ်တွင် ရပ်တန့်ခိုင်းပြီး ပြန်စထွက်ခိုင်းပါမည်။ သင့်အား လမ်းညာဘက်ခြမ်းသို့ မောင်းနှင်ရန်၊ ရပ်တန့်ရန်နှင့် ဟန်းဘရိတ်/အရေးပေါ်ဘရိတ်နင်းပြီး ဂီယာကို မူလအတိုင်း ပြန်ထားရန် ညွှန်ကြားပါမည်။ သင်လုပ်ဆောင်နေသည့်အရာကို အခြားသူများအား ပြောပြရန် ညာဘက်ကို အချက်ပြကြောင်း သေချာပါစေ။ ဟန်းဘရိတ်/အရေးပေါ်ဘရိတ်က ယာဉ်နောက်သို့ ပြန်လိမ့်ခြင်းကို ထိန်းထားရမည်။

တောင်ကုန်းပေါ် မောင်းမတက်ခင် ယာဉ်ကို ဂီယာထိုးပါ။ ဘယ်ဘက်ကို အချက်ပြပါ။ ယာဉ်ကြော ရှင်းလင်းကြောင်း သေချာစေရန် သင့်မှန်များနှင့် ဘယ်ဘက် မျက်ကွယ်နေရာကို စစ်ဆေးကြည့်ပါ။ ယာဉ်က သူ့အရှိန်နှင့်သူ သွားချင်လာသည်ဟု ခံစားရသည်အထိ ဖြည်းဖြည်းချင်း အရှိန်မြှင့်ပြီး နောက်ပြန်လိမ့်ခြင်းကို တားဆီးရန် ဟန်းဘရိတ်ကို လွှတ်ပါ။ ထို့နောက် မောင်းမထွက်မီ သင့်ဘယ်ဘက်ပခုံးပေါ်မှ ကျော်၍ တစ်ကြိမ်ထပ်စစ်ဆေးကြည့်ပါ။ နောက်ပြန်မလိမ့်ဘဲ တောင်ကုန်းပေါ် မောင်းတက်နိုင်သင့်သည်။

**မှတ်ချက်-** ရပ်ဆိုင်းဘုတ်၊ မီးပွိုင့် သို့မဟုတ် လမ်းမကြီးပေါ်သို့ ချွေး ပြေးတက်လာခြင်းကဲ့သို့ အရေးပေါ် အခြေအနေတစ်ခုအတွက် သင် ရပ်တန့်ရန် လိုအပ်နိုင်သည်။ တောင်ကုန်းပေါ် ကားစမောင်းသည့်အခါ နောက်ပြန်လိမ့်ခြင်း မဖြစ်စေရန်အတွက် ယာဉ်မောင်းက အောက်ပါ နည်းလမ်းများအနက်မှ တစ်ခုခုကို အသုံးပြုနိုင်သည်-

- သင့်ခြေထောက်ကို ဘရိတ်မှ လီဗာသို့ အမြန်ပြောင်းပါ။
- သင်၏ ဟန်းဘရိတ်/အရေးပေါ်ဘရိတ်ကို နင်းပါ။ သင့်ညာခြေထောက်ကို လီဗာဆီ ပြောင်းပါ။ ကုန်းပေါ်ဆက်တက်ရန် လီဗာကို ညင်သာစွာနင်းပြီး ပါကင်ဘရိတ်/အရေးပေါ်ဘရိတ်ကို ဂရုတစိုက် လွှတ်လိုက်ပါ။

**မှတ်ချက်-** တောင်ဆင်းတွင် မောင်းသည့်အခါ ခြေနင်းကလပ်ကို ကြမ်းပြင်ရောက်သည်အထိ နင်းပြီး သို့မဟုတ် ဂီယာကို မူလအနေအထား၌ ထားပြီး အရှိန်ဖြင့် လိမ့်မဆင်းသင့်ပါ။

**တစ်ပတ်ကွေ့ခြင်း**

ယာဉ်မောင်းစစ်ဆေးမှု ဖြေဆိုသည့်အခါ လမ်းသွယ်အသုံးပြုပြီး တစ်ပတ်ကွေ့ခြင်းအတွက် အောက်ပါလုပ်ထုံးလုပ်နည်းကို လက်တွေ့ပြသရန် လိုအပ်မည်။

1. သင့်ညာဘက်ရှိ လမ်းသွယ်နှင့် နီးကပ်လာသည့်အခါ စစ်ဆေးသူက ညွှန်ကြားထားသည့်အတိုင်း အရှိန်လျှော့ပြီး ဦးတည်ရာအားလုံးရှိ ယာဉ်အသွားအလာကို စစ်ဆေးပါ။ သင်၏ အကွေ့အချက်ပြမီးကို ဖွင့်ပါ၊ သို့မှသာ အခြားယာဉ်မောင်းများက သင်ဘာလုပ်မည်ကို သိပါမည်။ လမ်းကို ဖြတ်ပြီး မောင်းကာ လမ်းဘေးပလက်ဖောင်းဘောင် သို့မဟုတ် လမ်းအစွန်းမှ 18 လက်မခန့်အကွာတွင် ရပ်ပါ။ နောက်ပြန်ဆုတ်ဂီယာသို့ ပြောင်းပါ။ နောက်မဆုတ်မီ ဦးတည်ရာအားလုံးရှိ ယာဉ်အသွားအလာကို စစ်ဆေးပါ။ သင့်မျက်ကွယ်နေရာများကို သေချာစစ်ဆေးပါ။




2. လမ်းသွယ်ရှင်းသွားသည့်အခါ ၎င်းထဲသို့ ဖြည်းဖြည်းချင်းဆုတ်ပါ။ သင်နေရာယူထားသည့် လမ်းဘက်ခြမ်းတွင် ဆက်ရှိနေရန် ဂရုပြုပါ။ နောက်ဆုတ်စဉ် အနောက်ပြတင်းပေါက်ကို အဓိကကြည့်ပါ။ သင့်ယာဉ်က လူကူးမျဉ်းကြား သို့မဟုတ် ရပ်မျဉ်းတစ်ခုခုကို ကျော်လွန်၍ လမ်းသွယ်ထဲ တစ်စီးလုံး ရောက်သွားသည့်အခါ နောက်ဆုတ်ခြင်းကို ရပ်ပါ။

3. လမ်းပေါ်ပြန်မတက်မီ ဘယ်ဘက်သို့ အချက်ပြပြီး မောင်းနှင်ဂီယာသို့ ပြောင်းပါ။ လာနေသည့်ယာဉ်များ မရှိသည့်အခါ တစ်ပတ်ကွေ့ခြင်းကို အပြီးသတ်ရန် ဘယ်ကွေ့ကို နည်းလမ်းမှန်ကန်စွာကွေ့ပါ။

အမြဲတမ်း သင်၏ နောက်ဘက်ကို ကြည့်ပြီး ယာဉ်ကို ဖြည်းဖြည်းချင်း နောက်ဆုတ်ပါ။ လမ်းဆုံကို ဖြတ်ပြီး ဘယ်တော့မှ နောက်မဆုတ်ပါနှင့်။ သင့်ယာဉ်ကို နောက်ဆုတ်နေချိန်တွင် ဦးတည်ရာတိုင်းမှ ယာဉ်အသွားအလာကို ကြည့်ရှုစစ်ဆေးရန် သင့်တွင် တာဝန်ရှိကြောင်း မမေ့ပါနှင့်။

**မှတ်ချက်-** သင့်ယာဉ်ကို တစ်ပတ်ကွေ့ခြင်းအတွက် အခြားနည်းလမ်းများစွာ ရှိပါသည်။ သင်ရွေးချယ်လိုက်သည့် နည်းလမ်းသည် ယာဉ်အသွားအလာ အခြေအနေများနှင့် ဥပဒေနှင့်ညီညွတ်မှုရှိ၊ မရှိအပေါ် မူတည်သည်။ ဘလောက်တုံးကို ပတ်သွားခြင်း သို့မဟုတ် ကားရပ်နားရာနေရာကို အသုံးပြုခြင်းသည် ဘေးအကင်းဆုံး ရွေးချယ်စရာနည်းလမ်း ဖြစ်သည်။

<u>**မျဉ်းပြိုင်ကျ ကားပါကင်ထိုးခြင်း**</u>

လမ်းမပေါ် စမ်းသပ်မောင်းနှင်စဉ်အတွင်း မျဉ်းပြိုင်ကျ ကားပါကင်ထိုးရန်လည်း လိုအပ်ပါမည်။

<u>**ကားရပ်နားရာနေရာသို့ ဝင်ရောက်ခြင်း**</u>

ကားရပ်နားနေရာနှင့် နီးကပ်လာသည့်အခါ သင်၏ နောက်ကြည့်မှန်ကို စစ်ဆေးပြီး ညာဘက်သို့အချက်ပြပါ။ ရှေ့ယာဉ်နှင့် ဘေးချင်းကပ်လျက် နှစ်ပေမှ သုံးပေခွာပြီး ရပ်ပါ။ နောက်ပြန်ဆုတ်ဂီယာသို့ ပြောင်းပါ။ နောက်မဆုတ်မီ ဦးတည်ရာအားလုံးမှ ယာဉ်အသွားအလာနှင့် လမ်းသွားလမ်းလာများကို စစ်ဆေးပါ။ မျက်ကွယ်ကို စစ်ဆေးရန် သင့်ဘယ်ဘက်ပခုံးပေါ်မှကျော်ကြည့်ပါ။

အောက်ပါပုံများကို လမ်းညွှန်အဖြစ်သုံးပြီး သင့်ယာဉ်ကို နေရာလွတ်ထဲသို့ မောင်းပါ။ အောက်ပါပုံများကို လမ်းညွှန်အဖြစ်သုံးပြီး သင့်ယာဉ်ကို နေရာလွတ်ထဲသို့ ထိန်းသိမ်းမောင်းဝင်ပါ။ နည်းလမ်းတိုင်းအတွက် ညာဘက်မှ ဘယ်ဘက်သို့ စတီယာရင်ဘီးကို လှည့်ပြီး နောက်သို့ ဖြည်းဖြည်းချင်းဆုတ်နေစဉ် နောက်ပြတင်းပေါက်မှ ကြည့်ရန် လိုအပ်ပါသည်။ ယာဉ်ကို နေရာလွတ် အလယ်တွင်ထားရန် ရှေ့သို့ ဖြည်းဖြည်းချင်း ဆွဲပါ။




<u>**ကားရပ်နားရာနေရာမှ ထွက်ခွာခြင်း**</u>

လိုအပ်ပါက ရွေ့လျားမှုတစ်ကြိမ်တည်းဖြင့် ယာဉ်ကြောထဲသို့ ပြန်ဝင်နိုင်သည့်အနေအထားတစ်ခုသို့ ယာဉ်ကို နောက်ဆုတ်ထားပါ။ ဘယ်ဘက်ကို အချက်ပြပါ၊ ယာဉ်များ၊ စက်ဘီးစီးသူများနှင့် လမ်းသွားလမ်းလာများရှိ၊ မရှိ ပတ်ပတ်လည် ကြည့်ရှုပါ (နောက်ကြည့်မှန်နှင့် ဘေးကြည့်မှန်များကို စစ်ပါ၊ သင့်ဘယ်ဘက်ပခုံးကို ကျော်ပြီး မျက်ကွယ်ကို ကြည့်ရှုစစ်ဆေးပါ)။ ရှင်းသည့်အခါ ဂရုတစိုက် မောင်းထွက်ပါ။ သင်နေရာယူထားသည့် လမ်းဘက်ခြမ်းတွင် ဂရုတစိုက် ဆက်ရှိနေပြီး ယာဉ်လမ်းကြောထဲသို့ ဖြည်းဖြည်းချင်းဝင်ပါ။

**မှတ်ချက်-** လမ်းမပေါ် စမ်းသပ်မောင်းနှင်ရာတွင် သင်သည် သတ်မှတ်ထားသော ရှေ့ယာဉ်တစ်စီးတည်းနှင့်သာ မျဉ်းပြိုင်ကျ ကားပါကင်ထိုးရန် လိုအပ်နိုင်သည်။ တူညီသောလုပ်ထုံးလုပ်နည်းများကို ဆက်လက်လိုက်နာကြောင်း သေချာပါစေ။

**<u>ယာဉ်တိုက်မှုများ</u>**

ယာဉ်မောင်းများ၏ ဆုံးဖြတ်ချက်မှားခြင်းက ယာဉ်တိုက်မှုအများစုကို ဖြစ်စေသည်။ ဥပမာအချို့မှာ-

1. လမ်းအခြေအနေများနှင့်စာလျှင် အလွန်မြန်မြန်မောင်းနှင်ခြင်း။
2. ကားမောင်းခြင်းကို အာရုံမစိုက်ခြင်း။
3. ၎င်းတို့အရှေ့ရှိ မော်တော်ယာဉ်နှင့် အလွန်နီးကပ်စွာ မောင်းနှင်ခြင်း။
4. အလယ်မျဉ်းပေါ်တွင် မောင်းနှင်ခြင်း။
5. လမ်းမှန်ကို ဦးစားမပေးခြင်း။
6. အရက်သောက်ပြီးနောက် သို့မဟုတ် အခြားမူးယစ်ဆေးဝါးများ သုံးစွဲပြီးနောက် မောင်းနှင်ခြင်း။
7. အန္တရာယ်မကင်းသောအချိန်တွင် ကျော်တက်ခြင်း။
8. မှန်များနှင့် မျက်ကွယ်များကို မစစ်ဆေးခြင်း။

**<u>ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ဘာလုပ်ရမလဲ</u>**

ယာဉ်တိုက်မှုတစ်ခုတွင် ပါဝင်ပတ်သက်ခဲ့သော ယာဉ်မောင်းတစ်ဦးသည် ကားရပ်ပြီး ကျိုးကြောင်းသင့်စွာ လိုအပ်သည့် မည်သည့်အကူအညီကိုမဆို ပေးရမည်ဟု ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသည်။ ယာဉ်တိုက်မှုဖြစ်ပွားရာနေရာများတွင် ပါဝင်ပတ်သက်သူများသည် စိတ်ရှုပ်ထွေးပြီး စိတ်တိုဒေါသထွက်နေတတ်ကြသောကြောင့် ယာဉ်တိုက်မှုအခြေအနေများအတွက် ကြိုတင်ပြင်ဆင်ထားပါ။ ယာဉ်တိုက်မှုဖြစ်ပွားရာနေရာတစ်ခုတွင် လုပ်ဆောင်သင့်သည့်အဆင့်များကို ပြန်လည်သုံးသပ်ခြင်းက အထောက်အကူပြုပါသည်။

1. ဖြစ်နိုင်ပါက ယာဉ်တိုက်မှုတွင် ပါဝင်ပတ်သက်သော ယာဉ်များကို သွားနေသည့်လမ်းကြောများမှ လမ်းပခုံးပေါ်သို့ ရွှေ့ပါ။ ဤနည်းအားဖြင့် ယာဉ်တိုက်မှုတွင် ပါဝင်ပတ်သက်သော ယာဉ်များကို အခြားသူတစ်ဦးဦး ထပ်တိုက်မိနိုင်ခြေနှင့် နောက်ထပ်ပျက်စီးမှုနှင့် ထိခိုက်ဒဏ်ရာ ရနိုင်ခြေကို လျော့နည်းစေပါမည်။
2. တစ်ယောက်ယောက် ထိခိုက်ဒဏ်ရာရပါက 911 ကို ဖုန်းဆက်ပါ။ ထိခိုက်ဒဏ်ရာရသူကို သူရှိနေသည့်နေရာတွင်ပင် ဆက်လက်ထားရှိပေးပါ။ ထိုသူကို မှားယွင်းသောနည်းလမ်းဖြင့် ရွှေ့မိလျှင် သူ့ကို ပို၍ ထိခိုက်ဒဏ်ရာရစေနိုင်သည်။ ထိခိုက်ဒဏ်ရာရသူကို နွေးနွေးထွေးထွေးနှင့် စိတ်ငြိမ်အောင်ထားပါ။
3. ရဲအရာရှိတစ်ဦးသည် 911 ခေါ်ဆိုမှုကို တုံ့ပြန်မည်ဖြစ်ပြီး ယာဉ်တိုက်မှုဖြစ်ပွားရာနေရာကို ကြည့်ရှုပါမည်။ ရဲအရာရှိသည် ဖြစ်ပျက်ခဲ့သည့်အရာများအကြောင်း အချက်အလက်များကို ရယူနိုင်သည်။ ရဲအရာရှိသည် ယာဉ်မောင်းဘက် သို့မဟုတ် အခြားတစ်ဖက်ကို ဘက်လိုက်ခြင်း ရှိမည်မဟုတ်ပါ။ သင့်လိုင်စင်၊ တရားဝင်မှတ်ပုံတင် အထောက်အထားနှင့် အာမခံကို ရဲအရာရှိအား ပြရပါမည်။ ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် ပိုင်ဆိုင်မှု ပျက်စီးသွားသည့်သူထံလည်း သင့်လိုင်စင်ကို ပြရမည်။




4. အကယ်၍ သင်က ရပ်ထားသောယာဉ်တစ်စီးကို တိုက်မိ၍ ပျက်စီးမှုဖြစ်စေပြီး ပိုင်ရှင်ကို ရှာမတွေ့လျှင် သင့်အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ရေးပြီး ၎င်းကို ယာဉ်ထဲတွင် သို့မဟုတ် ယာဉ်ပေါ်တွင် ချန်ထားပေးရမည်။ ထိုသို့လုပ်ခြင်းဖြင့် ပိုင်ရှင်က မည်သူ့ထံ ဆက်သွယ်ရမည်ကို သိရှိနိုင်ပါမည်။
5. လူတစ်ဦးဦး ထိခိုက်ဒဏ်ရာရလျှင်ဖြစ်စေ၊ $3,000 အထက် ပျက်စီးဆုံးရှုံးလျှင်ဖြစ်စေ သင်သည် 72 နာရီအတွင်း မော်တော်ယာဉ်ဌာနသို့ စာဖြင့်ရေးသား၍ သတင်းပို့ရမည်။ ယာဉ်တိုက်မှု သတင်းပို့ချက်များသည် ယာဉ်လမ်းကြောများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန် ပြည်နယ်ကို ကူညီပေးသည်။

**<u>ယာဉ်တိုက်မှု သတင်းပို့ချက်များ</u>**

သင်သည် Vermont ရဲဌာနတွင်ဖြစ်စေ၊ Department of Motor Vehicles၊ 120 State Street၊ Montpelier၊ VT 05603 သို့ ဆက်သွယ်၍ဖြစ်စေ၊ 802.828.2000 သို့ ဖုန်းဆက်၍ဖြစ်စေ၊ အွန်လိုင်းတွင်ဖြစ်စေ၊ DMV ရုံးတွင်ဖြစ်စေ Vermont ပြည်နယ် ယာဉ်တိုက်မှု သတင်းပို့ချက်ကို ရရှိနိုင်ပါသည်။ အောက်ပါတို့သည် ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားပါက ဂရုတစိုက် မှတ်သားထားသင့်သည့် အချက်အချို့ဖြစ်သည်။

1. ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့် နေရာအတိအကျ။

2. မြို့တစ်မြို့ရှိ လမ်းဆုံတွင် ယာဉ်တိုက်မှုဖြစ်ခဲ့ပါက လမ်းများ၏ အမည်များ သို့မဟုတ် ယာဉ်တိုက်မှုဖြစ်ပွားသည့်နေရာနှင့် အနီးဆုံးအိမ်နံပါတ်ကို မှတ်ထားပါ။

3. မြို့အပြင်ဘက်တွင် တည်နေရာများကို ခွဲခြားနိုင်ရန် ပိုမိုခက်ခဲသော်လည်း တည်နေရာအတိအကျကို သိရှိရန် အလားတူပင် အရေးကြီးပါသည်။

4. အနီးဆုံးမြို့ သင်ရှိနေသည့်လမ်း၏ လမ်းကြောင်းနံပါတ် သို့မဟုတ် လမ်း၏အမည်၊ အနီးဆုံးလမ်းဆုံ၏ အမည်နှင့် ၎င်းနှင့် မည်မျှဝေးသည်တို့ကို သိရှိအောင်လုပ်ပါ။ တယ်လီဖုန်းတာဝါတိုင် (၎င်းတွင် နံပါတ်တစ်ခု ရှိလျှင်)၊ တံတားအဆုံး၊ ယာတောအိမ်၊ ရထားလမ်းကူး သို့မဟုတ် ပြည်နယ်ကူးလမ်း၏ အနီးဆုံးနံပါတ်ကဲ့သို့ အရာတစ်ခုခုနှင့် မည်မျှဝေးသည်ကို မှတ်ထားပါ။

5. ယာဉ်တိုက်မှုဖြစ်ပွားရာနေရာတစ်ခု၏ တည်နေရာအတိအကျကို သိရှိရန် မိုင်တိုင်အမှတ်အသားများကို အသုံးပြုနိုင်သည်။ ယာဉ်တိုက်မှုတစ်ခုကို သတင်းပို့သည့်အခါ ရဲအရာရှိကို ကူညီရန် ဤအချက်အလက်များကို သုံးပါ။

6. ယာဉ်တိုက်မှုဖြစ်ပွားချိန်။

7. မည်သည့်ပျက်စီးမှုဖြစ်ပွားခဲ့သည်ကို ရှင်းပြပါ။

8. ယာဉ်တိုက်မှုတွင် မည်သည့်ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ကို ရှင်းပြပါ။

9. တစ်ဖက်ယာဉ်မောင်း၏ အမည်၊ လိပ်စာ၊ လိုင်စင်နံပါတ်နှင့် မှတ်ပုံတင်နံပါတ်ကို မေးပါ။ တစ်ဖက်မော်တော်ယာဉ်တွင် စီးနင်းလိုက်ပါလာသူများနှင့် ယာဉ်တိုက်မှုကို မြင်တွေ့ခဲ့သူများ အားလုံး၏ အမည်များနှင့် လိပ်စာများကိုလည်း ရယူထားသင့်သည်။

အကယ်၍ သင်သည် အခြားယာဉ်တစ်စီးနှင့် ယာဉ်တိုက်မှုဖြစ်ပါက တစ်ဖက်ယာဉ်မောင်းတွင် သင့်လိုင်စင်၊ မှတ်ပုံတင်နှင့် အာမခံအချက်အလက်တို့ကို ကြည့်ရှုပိုင်ခွင့်ရှိသည်။

**သတိပြုချက်- Vermont ယာဉ်မောင်းတစ်ဦးက အခြားပြည်နယ်တွင် ယာဉ်တိုက်မှုဖြစ်ပါက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့် ပြည်နယ်တွင် သတင်းပို့ရမည်။**

**<u>သင့်ယာဉ်များကို သေချာဂရုတစိုက် ထိန်းသိမ်းရမည်</u>**

**<u>စစ်ဆေးမှု</u>**

သင့်ယာဉ်ကို တစ်နှစ်တစ်ကြိမ် စစ်ဆေးရမည်။ ထိုသို့စစ်ဆေးခြင်းသည် သင့်ယာဉ်ကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် စစ်ထားကြောင်း သေချာစေပါသည်။ သို့ရာတွင် သင့်ဘက်ကလည်း သင်မောင်းနှင်သည့်ယာဉ်ကို အမြဲတမ်း မှန်မှန်လည်ပတ်နေရမည်။ သင့်ယာဉ်သည် ကောင်းစွာ မလည်ပတ်ပါက ယာဉ်တိုက်မှုဖြစ်ပွားချိန်တွင် သင့်အမှားဟု တွေ့ရှိနိုင်သည်။

စစ်ဆေးမှုစတစ်ကာသည် သင့်ယာဉ်ကို နောက်တစ်ကြိမ်စစ်ဆေးမှု ပြုလုပ်ရမည့်အချိန်ကို ဖော်ပြပေးသည်။ တရားဝင် Vermont စစ်ဆေးမှုစတစ်ကာ မရှိလျှင် မော်တော်ယာဉ်အားလုံးကို မှတ်ပုံတင်ပြီး 15 ရက်အတွင်း စစ်ဆေးရမည်။

## အောက်ပါပစ္စည်းကိရိယာများသည် ဘေးကင်းပြီး စီစဉ်တကျ ကောင်းစွာအလုပ်လုပ်ကာ ၎င်းတို့ကို သင့်တင့်လျောက်ပတ်စွာ ချိန်ညှိထားသင့်သည်-

**<u>ဘရိတ်များ</u>**

အချိန်တစ်ခုကြာပြီးနောက် ဘရိတ်များ ယိုယွင်းလာသဖြင့် လိုင်နင်အသစ်များကို တပ်ပေးရမည်။ ဆီ သို့မဟုတ် ချောဆီသည် ဘရိတ်များထဲသို့ ယိုစိမ့်နိုင်ပြီး အရှိန်ထိန်းမရခြင်း ဖြစ်စေနိုင်သည်။ စိုစွတ်သောရာသီဥတုတွင် မောင်းနှင်ခြင်းကြောင့် ဘရိတ်များထဲသို့ ရေဝင်သွားလျှင် ယာဉ်ကို ကောင်းစွာ ရပ်တန့်နိုင်မည်မဟုတ်ပါ။ ဖုန်ထူသောလမ်းများမှ ဖုန်မှုန့်များသည် ဘရိတ်များထဲဝင်ပြီး ၎င်းတို့ကို ယိုယွင်းစေနိုင်သည်။ တောင်ထူထပ်သောနိုင်ငံတွင် ခရီးရှည်မောင်းနှင်စဉ် ဘရိတ်များကို မကြာခဏအသုံးပြုခြင်းသည် ၎င်းတို့ကို အပူလွန်ကဲစေမည်ဖြစ်ပြီး ယင်းနောက်တွင် ဘရိတ်များ ကောင်းစွာအလုပ်လုပ်မည်မဟုတ်ပါ။ ဘရိတ်များကို ပုံမှန်ကာလအပိုင်းအခြားများတွင် စစ်ဆေးရမည်။

ဘရိတ်ချွတ်ယွင်းချက်များဖြစ်စေသည့် အဓိကအကြောင်းရင်းမှာ ဘရိတ်တစ်ခုနှင့်တစ်ခု အတူတကွ ကောင်းမွန်စွာ အလုပ်မလုပ်ခြင်းကြောင့်ဖြစ်သည်။ ရုတ်တရက် ဘရိတ်အုပ်သည့်အခါ ဘရိတ်တစ်ခုသည် အခြားတစ်ခုထက်စော၍ ရပ်သွားသဖြင့် သင့်ယာဉ်ကို ရုတ်တရက်ကွေ့သွားစေသည်။ အခြားယာဉ်များရှင်းနေသော လမ်းမပေါ်တွင် အရှိန်နှေးနှေးဖြင့် သွားပြီး သင်က စတီယာရင်ဘီးကို ညင်သာစွာ ကိုင်လျက် ယာဉ်ရုတ်တရက်ကွေ့ခြင်း ရှိ၊ မရှိ သတိထားကြည့်ခြင်းဖြင့် ၎င်းကို သင့်ဘာသာ စစ်ဆေးနိုင်သည်။

ဘရိတ်စနစ်တွင် ဆီအလုံအလောက်ရှိကြောင်း သေချာကြည့်ရှုစစ်ဆေးပါ။ ဘရိတ်ခြေနင်းကို နင်းလိုက်လျှင် အလွန်နိမ့်ဝင်သွားသည်ကို သတိထားမိပါက စနစ်တွင် ယိုစိမ့်မှု ရှိနိုင်သောကြောင့် ဘရိတ်ဆီကို ချက်ချင်း စစ်ဆေးခိုင်းပါ။

## တာယာများ

တာယာများတွင် အနည်းဆုံး တာယာပန်းအနက် 2/32 လက်မ ရှိရမည်။ တာယာပွန်းစားသွားပြီးနောက် သို့မဟုတ် တာယာပွန်းစားမှုပြ အမှတ်အသားနေရာများအထိ ရောက်ရှိလာပြီးနောက် တာယာများကို ဆက်သုံးခြင်းသည် အန္တရာယ်မကင်းပါ သို့မဟုတ် ဥပဒေနှင့်မညီပါ။

*အေဗရာဟမ်လင်ကွန်းပုံပါသော အကြွေစေ့တစ်စေ့ကို သင့်လက်မနှင့် လက်ညှိုးကြား ကိုင်ထားပါ။ အနက်ဆုံးဟု ထင်ရသည့် တာယာအမြောင်းထဲသို့ လင်ကွန်းအကြွေစေ့ခေါင်းမှစ၍ ထည့်ပါ။ သူ့ခေါင်းကို အကုန်မြင်ရပါသလား။ အကုန်မြင်ရပါက သင့်တာယာများ အလွန်ပွန်းစားနေသည်- ၎င်းတို့ဖြင့် မမောင်းပါနှင့်၊ ၎င်းတို့ကို အသစ်လဲထားကြောင်း သေချာပါစေ။*

သင့်တာယာများတွင် သင့်လျော်သော လေပမာဏရှိကြောင်း သေချာပါစေ။ လေများလွန်းသော တာယာနှင့် လေနည်းလွန်းသော တာယာနှစ်မျိုးလုံးသည် လမ်းမျက်နှာပြင်၌ ကုပ်တွယ်အားကို လျော့နည်းစေပြီး တာယာပွန်းစားမှုကို ပိုမိုမြန်ဆန်စေကာ စတီယာရင်ကို ထိခိုက်စေသည်။ သင့်ကား တစ်ဖက်သို့ကပ်သွားပါက သို့မဟုတ် စတီယာရင်ဘီးကို လှည့်ရခက်ပါက တာယာများကို ကြည့်ရှုပြီး ဘီးများကို စစ်ဆေးခိုင်းပါ။ ရှေ့ဘီးတာယာများပေါ် ရှိ လိုင်းတွန့်အမှတ်အသားများသည် ဘီးများ တန်းမညီဟု ဆိုလိုနိုင်သည်။ သင့်လျော်သော တာယာပန်းအထူရှိသည့် ကောင်းမွန်သော တာယာအားလုံးကို တပ်ထားလျှင် အန္တရာယ်ကင်းပါသည်။

## စတီယာရင်

သင့်ယာဉ်ကို စတီယာရင်ထိန်းရ ခက်ခဲလာပါက သို့မဟုတ် စတီယာရင်ဘီးကို လှည့်ရာတွင် လျော့တိလျော့ရဲဖြစ်နေပါက အရည်အချင်းပြည့်မီသော စက်ပြင်ဆရာတစ်ဦးကို စစ်ဆေးခိုင်းသင့်ပါသည်။ သင့်စတီယာရင်ဘီးနှင့် "ရှေ့ဘက်ခြမ်း" ဟု စက်ပြင်ဆရာများခေါ်သည့် အရာကို တစ်နှစ်လျှင်နှစ်ကြိမ် စစ်ဆေးခြင်းမှာ အကောင်းဆုံးဖြစ်သည်။

## မီးများ

ရှေ့မီးကြီးများကို ကောင်းစွာလင်းထိန်အောင် ထားရှိရမည်။ မီးကြီးများ ကောင်းစွာလင်းထိန်ပြီး ၎င်းတို့ကို မှန်မှန်ကန်ကန် အသုံးပြုခြင်းသည် ယာဉ်မောင်းအနေဖြင့် တခြားယာဉ်မောင်းများ၏ ဘေးကင်းရေးကို စဉ်းစားပေးကြောင်း ပြသသည်။ သင့်မီးကြီးများ မှိန်နေပါက၊ အောက်စိုက်လွန်းပါက သို့မဟုတ် ညစ်ပတ်နေပါက သင်သည် ရှေ့ကို မြင်သင့်သလောက် ဝေးဝေးမြင်နိုင်မည်မဟုတ်ပါ။ မီးများ အပေါ်ရောက်လွန်းနေလျှင်ဖြစ်စေ၊ ယာဉ်တစ်စီး သင့်ဆီလာနေချိန်တွင် အောက်မီးမပြောင်းနိုင်လျှင်ဖြစ်စေ သင့်မီးကြီးများသည် တစ်ဖက်ယာဉ်မောင်းကို မျက်စိပြာသွားစေနိုင်သည်။

နောက်မီးများ၊ ရပ်မီးများ၊ အကွေ့အချက်ပြမီးများနှင့် ကားရပ်နားမှု အချက်ပြမီးများသည် အမြဲတမ်း မှန်မှန်ကန်ကန် အလုပ်လုပ်နေရမည်။ ယာဉ်၏နောက်ကျောမှ အနည်းဆုံးပေ 50 အကွာတွင် နောက်ဘက်လိုင်စင်နံပါတ်ပြားကို မြင်နိုင်၊ ဖတ်ရှုနိုင်စေရန် မီးထွန်းထားရမည်။ မီးလုံးများ ကျွမ်းသွားသည့်အခါ ၎င်းတို့ကို ထုတ်လုပ်သောကုမ္ပဏီ၏ အကြံပြုထားသော အစားထိုးပစ္စည်းများဖြင့် ချက်ချင်းအသစ်လဲသင့်သည်။

## လေကာဝိုက်ပါများ

သင့်တွင် ကောင်းစွာအလုပ်လုပ်သည့် လေကာဝိုက်ပါများ ရှိရမည်။ သင့်လေကာမှန်သည် နေ့ဘက်နှင့် ညဘက် မောင်းနှင်ခြင်းနှစ်မျိုးလုံးအတွက် သင့်မြင်ကွင်းကို ပိုမိုရှင်းလင်းစေသောကြောင့် ၎င်းကို သန့်ရှင်းအောင်ထားပါ။

## ပြတင်းပေါက်များနှင့် ရေခဲရှင်းစနစ်များ

အရှေ့နှင့် အနောက် ရေခဲရှင်းစနစ်အားလုံးသည် ကောင်းမွန်မှန်ကန်စွာ စီစဉ်တကျ အလုပ်လုပ်ရမည်။ ပြတင်းပေါက်အတွင်းပိုင်းများတွင် အစိုဓာတ်ကင်းခြင်း၊ ပြတင်းပေါက်အပြင်ဘက်တွင် ရေခဲနှင့် နှင်းများ ရှင်းလင်းနေခြင်း မရှိပါက မည်သည့်ယာဉ်ကိုမျှ မောင်းရန် မကြိုးစားပါနှင့်။ ထို့အပြင် ပြတင်းပေါက်အားလုံး၏ အတွင်းပိုင်းများကိုလည်း သန့်ရှင်းရေးလုပ်ပါ။

## အိပ်ဇောစနစ်

အိပ်ဇောစနစ်သည် မယိုစိမ့်ရပါ။ အိပ်ဇောများ ယိုစိမ့်လျှင် ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့ကို ယာဉ်၏ ခရီးသည်နေရာသို့ ဝင်ရောက်စေသဖြင့် ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်ခြင်း သို့မဟုတ် သေဆုံးမှုကို ဖြစ်ပေါ်စေလေ့ရှိသည်။ သင်သည် ကာဗွန်မိုနောက်ဆိုဒ် ဓာတ်ငွေ့ကို အနံ့မရပါ။ အကယ်၍ သင် ငိုက်မျဉ်းလာပါက သို့မဟုတ် မအီမသာဖြစ်လာပါက ၎င်းသည် ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်ခြင်း၏ လက္ခဏာဖြစ်နိုင်သည်။

## ကားမြန်နှုန်းတိုင်း ကိရိယာနှင့် ခရီးမိုင်တိုင်း ကိရိယာ

သင့်ကားထဲရှိ ကားမြန်နှုန်းတိုင်း ကိရိယာနှင့် ခရီးမိုင်တိုင်း ကိရိယာသည် မှန်ကန်စွာ အလုပ်လုပ်ရမည်ဖြစ်ပြီး ၎င်းတို့ကို ယာဉ်မောင်းမြင်နိုင်သည့်နေရာတွင် ထားရှိရမည်။ ခရီးမိုင်တိုင်း ကိရိယာပေါ်ရှိ နံပါတ်များကို မပြင်ရဘဲ ယာဉ်ကို ရောင်းချသည့်အခါ ရောင်းသူနှင့် ဝယ်သူသည် ခရီးမိုင်တိုင်း ကိရိယာ ထုတ်ပြန်ချက်တစ်ခုကို လက်မှတ်ရေးထိုးရမည်ဟု ဖက်ဒရယ်ဥပဒေအရ ပြဋ္ဌာန်းထားသည်။

## သတိပြုရမည့် အခြားအချက်များ

ယာဉ်မောင်းတစ်ဦးသည် ယာဉ်၏ အရှေ့နှင့် ဘေးနှစ်ဖက်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်ရမည်ဖြစ်ပြီး မည်သည့်အဟန့်အတားမျှ မရှိသင့်ပါ။ ယာဉ်တွင်သယ်ဆောင်သော အရာဝတ္ထုများ၊ ခရီးသည်များ သို့မဟုတ် အိမ်မွေးတိရစ္ဆာန်များသည် ယာဉ်မောင်းနေစဉ် ယာဉ်မောင်းကို အနှောင့်အယှက်မဖြစ်စေသင့်ပါ။ သင့်တွင် နောက်ကြည့်မှန်တစ်ခုနှင့် ဟွန်းတစ်ခု ရှိရမည်။ နောက်ကြည့်မှန် သို့မဟုတ် နေကာများတွင် ဘာကိုမျှ ချိတ်ဆွဲမထားရဟု ဥပဒေတွင် ပြဋ္ဌာန်းထားသည်။

## ဓာတ်ငွေ့ထုတ်လွှတ်မှု ထိန်းချုပ်စနစ်

မော်တော်ယာဉ်များသည် Vermont ပြည်နယ်တွင် လေထုညစ်ညမ်းမှု ဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ခု ဖြစ်သည်။ Vermont ပြည်နယ်အတွင်းရှိ လေဆိုးလေညစ်များ၏ စုစုပေါင်း 50% ကျော်ကို မော်တော်ယာဉ်များမှ ထုတ်လွှတ်ခြင်းဖြစ်သည်။ ယာဉ်အသစ်များသည် (ကောင်းမွန်စွာ ပြုပြင်ထိန်းသိမ်းထားလျှင်) ယာဉ်မော်ဒယ်အဟောင်းများထက် ပို၍သန့်ရှင်းသော်လည်း ၎င်းတို့သည် လေထုထဲသို့ ညစ်ညမ်းစေသောအရာများစွာကို ထုတ်လွှတ်နေဆဲ ဖြစ်သည်။ သင့်ယာဉ်၏ ဓာတ်ငွေ့ထုတ်လွှတ်မှု ထိန်းချုပ်စနစ်သည် ကောင်းမွန်စွာလုပ်ဆောင်နေကြောင်း သေချာစေရန် နှစ်စဉ်စစ်ဆေးမှု လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၎င်းကို စစ်ဆေးရပါသည်။

နှစ်စဉ်စစ်ဆေးမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် သင့်ယာဉ်တွင် အိပ်ဇောဓာတ်ငွေ့ သန့်စင်စက်ရှိကြောင်း သေချာအောင် စစ်ဆေးသည်။ သင့်ယာဉ်တွင် အိပ်ဇောဓာတ်ငွေ့ သန့်စင်စက် ရှိသင့်လျက်နှင့် မရှိပါက သို့မဟုတ် အိပ်ဇောဓာတ်ငွေ့ သန့်စင်စက် ချွတ်ယွင်းနေပါက ၎င်းကို အသစ်လဲရမည်။ သင့်ယာဉ်၏ အိပ်ဇောဓာတ်ငွေ့ သန့်စင်စက်ကို ဖြုတ်ခြင်း သို့မဟုတ် စက်ပြင်ဆရာတစ်ဦးကို ဖြုတ်ခိုင်းခြင်း သို့မဟုတ် ၎င်းကို လက်ဆော့ခြင်းသည် ဖက်ဒရယ်နှင့် ပြည်နယ်ဥပဒေကို ချိုးဖောက်ရာရောက်သည်။

ယာဉ်များက လေထုညစ်ညမ်းမှုကို ဖြစ်စေသည့် နောက်တစ်နည်းမှာ ဓာတ်ငွေ့အငွေ့ပြန်ခြင်းကြောင့် ဖြစ်သည်။ နှစ်စဉ်စစ်ဆေးမှုအတွင်း သင့်ယာဉ်၏ ဆီတိုင်ကီအဖုံးမှာ ကောင်းမွန်သောအခြေအနေတွင် ရှိ၊ မရှိ သေချာအောင် စစ်ဆေးပါမည်။

ယာဉ်၏ ဓာတ်ငွေ့ထုတ်လွှတ်မှု ထိန်းချုပ်စနစ်သည် ကောင်းစွာ အလုပ်လုပ်နေကြောင်း သေချာစေရန် ကားတွင်း ပြစ်ချက်ရှာဖွေရေး ကွန်ပျူတာစနစ် (OBD) ကို စစ်ဆေးပါမည်။ "OBD" ကို မှန်ကန်စွာ အသုံးပြုပြီး ပြဿနာရှိသည့် နေရာများကို အတိအကျ ဖော်ထုတ်နိုင်သည်။

ယာဉ်၏ ဓာတ်ငွေ့ထုတ်လွှတ်မှုများအကြောင်းအပြင် Vermont ပြည်နယ်၏ လေထု တတ်နိုင်သမျှသန့်ရှင်းစေရေးအတွက် သင်လုပ်ဆောင်နိုင်သည်များကို ပိုမိုလေ့လာရန် သဘာဝရင်းမြစ်များ အေဂျင်စီ ဝက်ဘ်ဆိုက်သို့ ဝင်ကြည့်ပါ။

**နှစ်စဉ်စစ်ဆေးမှု အစီအစဉ်နှင့်ပတ်သက်၍ မေးလိုသည်များ ရှိပါက မော်တော်ယာဉ်ဌာန၊ ဖုန်းနံပါတ် (802) 828-2094 သို့ ဆက်သွယ်မေးမြန်းနိုင်သည်။**

## လုံခြုံရေးခါးပတ်များ

မော်တော်ယာဉ်တစ်စီးတွင် လိုက်ပါစီးနင်းသူအားလုံး လုံခြုံရေးခါးပတ် ပတ်ထားရန် သို့မဟုတ် ဖက်ဒရယ်အစိုးရက ခွင့်ပြုထားသော ကလေးခရီးသည် ထိန်းချုပ်စနစ်ကို အသုံးပြုရန် ဥပဒေအရ ပြဋ္ဌာန်းထားသည်။

### လုံခြုံရေးခါးပတ် ပတ်ခြင်း

လုံခြုံရေးခါးပတ် (သို့မဟုတ် ထိုင်ခုံခါးပတ်) ပတ်ထားသည့်အခါ ယာဉ်တိုက်မှုတွင် ထိခိုက်ဒဏ်ရာရနိုင်ခြေ သို့မဟုတ် သေဆုံးနိုင်ခြေ ပိုနည်းသည်။ လုံခြုံရေးခါးပတ်များသည် ဘေးကင်းပြီး သက်သောင့်သက်သာရှိသော အနေအထားဖြင့် ထိုင်ရန် ပိုမိုလွယ်ကူစေပြီး ယာဉ်ကို ပိုမိုကောင်းမွန်စွာ ထိန်းချုပ်နိုင်စေသည်။ လုံခြုံရေးခါးပတ်များသည် မော်တော်ယာဉ်ထုတ်လုပ်သူများ ရည်ရွယ်ထားသော နေရာတွင် သင်နေသားတကျရှိစေရန် ထိန်းညှိပေးသည်။

လုံခြုံရေးခါးပတ်များကို မှန်ကန်စွာအသုံးပြုသည့်အခါ အထိရောက်ဆုံးဖြစ်သည်။ ပေါင်ပတ်များကို ဗိုက်ပေါ်တွင်မပတ်ဘဲ တင်ပါးတစ်ဝိုက် အံဝင်ခွင်ကျ ပတ်ထားသင့်သည်။ ပခုံးပတ်များကို ပခုံးကျော်ပြီး ရင်ဘတ်အလယ်ကို ဖြတ်၍ ပတ်ရသည်။ ထိုင်ခုံခါးပတ်ကြိုးများကို ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီမှ ရရှိနိုင်ပါသည်။ ပခုံးပတ်ကို သင့်လက်မောင်းအောက် သို့မဟုတ် သင့်ကျောပြင်နောက်တွင် ဘယ်တော့မှ မပတ်ပါနှင့်။ ယာဉ်တိုက်မှုဖြစ်ပွားစဉ် သင်ဘေးကင်းစေရန်အတွက် သင့်ခန္ဓာကိုယ်ကို ၎င်း၏အသန်မာဆုံး နေရာများတွင် ကန့်လန့်ဖြတ် ထိန်းထားနိုင်ရန် လုံခြုံရေးခါးပတ်များကို ဒီဇိုင်းထုတ်ထားသည်။ လုံခြုံရေးခါးပတ်များ ပတ်ထားလျှင် သေဆုံးမှုနှင့် ပြင်းထန်သော ထိခိုက်ဒဏ်ရာရရှိမှု ဖြစ်နိုင်ခြေပိုများသည့် ယာဉ်အပြင်ဘက်သို့ လွင့်ထွက်သွားမည့်အစား သင့်ကို ယာဉ်အတွင်း အနေအထားတစ်ခုတွင် ရှိနေစေသည်။ လုံခြုံရေးခါးပတ်များ အသုံးပြုမှုသည် လိုက်ပါစီးနင်းသူများကို ယာဉ်အတွင်း အနေအထားတစ်ခုတွင် ရှိနေစေပြီး အခြားလိုက်ပါစီးနင်းသူများကိုလည်း ယာဉ်တိုက်မှုအတွင်း ထိခိုက်ဒဏ်ရာရနိုင်ခြေ နည်းပါးစေသည်။

### သင့်ကလေးကို ကာကွယ်ပါ - ၎င်းသည် ဥပဒေဖြစ်သည်။

အသက် 3 နှစ်မှ 14 နှစ်အကြား ကလေးများ သေဆုံးရသည့် အဓိကအကြောင်းရင်းမှာ မော်တော်ယာဉ်တိုက်မှုများ ဖြစ်သည်။ မိဘများနှင့် ပြုစုစောင့်ရှောက်သူများအနေဖြင့် ၎င်းတို့၏ကလေးများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်း မဖြစ်အောင် ကာကွယ်ရန်အတွက် ကားထိုင်ခုံများနှင့် မြှင့်တင်ထိုင်ခုံများကို ၎င်းတို့၏ယာဉ်များတွင် မှန်ကန်စွာ တပ်ဆင်ထားကြောင်း သေချာအောင်လုပ်ရန် တိုက်တွန်းထားပါသည်။




များသောအားဖြင့် မိဘများသည် ကလေးအတွက် ထိုင်ခုံကို မည်သို့မှန်ကန်စွာ တပ်ဆင်ရမည်နှင့်ပတ်သက်၍ စိတ်ရှုပ်ကြပြီး ထိုင်ခုံတိုင်းသည် ကားတိုင်းတွင် အံဝင်ခွင်ကျမဖြစ်ကြောင်းကို မသိကြပါ သို့မဟုတ် ၎င်းတို့ယာဉ်၏ ကားနောက်ခုံတွင် ကလေးခုံ ဆိုင်းကြိုးတွယ်ရန် ချိတ်များ၊ တန်းများ (LATCH) စနစ်ပါရှိကြောင်း သတိမပြုမိကြပါ။ 2002 ခုနှစ်၊ စက်တင်ဘာလ 1 ရက်မှစတင်၍ ထုတ်လုပ်သော ကားထိုင်ခုံတိုင်းနီးပါးနှင့် ယာဉ်အများစုတွင် LATCH စနစ်ပါရှိရန် သတ်မှတ်ထားပါသည်။ LATCH စနစ်သည် ကလေးထိုင်ခုံကို ပထမဆုံးအကြိမ်နှင့် အကြိမ်တိုင်းတွင် မှန်ကန်မြဲမြံစွာ တပ်ဆင်နိုင်ရန် ပိုမိုလွယ်ကူစေပါသည်။

သင့်တော်သောထိုင်ခုံ ရွေးချယ်နည်း အချက်အလက်များကို ပိုမိုသိရှိရန် သို့မဟုတ် သင့်အနီးအနားရှိ ကလေး လုံခြုံရေးထိုင်ခုံစစ်ဆေးရေး အခမဲ့ပြုလုပ်ပေးသည့် နေရာတစ်ခုကို ရှာဖွေရန် Be Seat Smart သို့ ဝင်ကြည့်ပါ။

### နို့စို့ကလေးများ - မွေးစမှ အနည်းဆုံး အသက်တစ်နှစ်သားအရွယ်၊ အနည်းဆုံးပေါင် 20

အကောင်းဆုံး ကာကွယ်မှုပေးနိုင်ရန် ထိုင်ခုံတစ်လုံးအတွက် သတ်မှတ်ထားသော ကလေး၏ အရပ်အမြင့် သို့မဟုတ် ကိုယ်အလေးချိန် ကန့်သတ်ချက်အထိ ကားနောက်ခုံတွင် နောက်ဘက်မျက်နှာမူသော ကလေးလုံခြုံရေးထိုင်ခုံများ၌ နို့စို့ကလေးများကို ထားရှိရမည်။ ပြည်နယ်ဥပဒေ၏ အနိမ့်ဆုံးသတ်မှတ်ချက်အရ နို့စို့ကလေးများကို အသက်တစ်နှစ်မပြည့်မီနှင့် အနည်းဆုံး ပေါင် 20 သို့ ရောက်ရှိသည်အထိ နောက်ဘက်မျက်နှာမူပြီး ထားရန် လိုအပ်သည်။

### လမ်းလျှောက်ခါစ ကလေးများ - အသက်တစ်နှစ်နှင့် ပေါင် 20 မှ အသက်လေးနှစ်နှင့် ပေါင် 40 အထိ

ကလေးများ ထွားလာ၍ ၎င်းတို့၏နောက်ဘက်မျက်နှာမူ ထိုင်ခုံများနှင့် မတော်တော့သည့်အခါ သီးခြားထိုင်ခုံ၏ အများဆုံး ကိုယ်အလေးချိန် သို့မဟုတ် အရပ်အမြင့် ကန့်သတ်ချက်သို့ မရောက်မချင်း ၎င်းတို့သည် ကားနောက်ခုံတွင် ရှေ့ဘက်မျက်နှာမူ ကလေးလုံခြုံရေးထိုင်ခုံများဖြင့် စီးနင်းရန် လိုအပ်သည်။

**<u>ကလေးငယ်များ - အသက်လေးနှစ်ခန့်မှ အနည်းဆုံးအသက်ရှစ်နှစ်အထိ</u>**

ကလေးများ ထွားလာ၍ ၎င်းတို့၏ ရှေ့ဘက်မျက်နှာမူ ထိုင်ခုံများနှင့် မတော်တော့သည့်အခါ ယာဉ်ထိုင်ခုံခါးပတ်များနှင့် အံဝင်ခွင်ကျ မဖြစ်မချင်း ကားနောက်ခုံတွင် မြှင့်တင်ထိုင်ခုံများဖြင့် စီးရန်လိုအပ်သည်။ ပေါင်ခါးပတ်သည် တင်ပါးဆုံရိုးများနှင့် ထိစပ်လျက် တင်ပါးတစ်ဝိုက် အံဝင်ခွင်ကျ ရှိနေပြီး ပခုံးခါးပတ်သည် ရင်ညွန့်ရိုးနှင့် ထိစပ်လျက် ရင်ဘက်တစ်ဝိုက် အံဝင်ခွင်ကျ ရှိနေသည့်အခါ ထိုင်ခုံခါးပတ်များသည် မြဲမြံခိုင်ခံ့မှုရှိသည်။

**<u>အစောပိုင်းကလေးဘဝ - အသက်ရှစ်နှစ်နှင့်အထက်</u>**

ကလေးကို မြှင့်တင်ထိုင်ခုံမှ ကားထိုင်ခုံသို့ ပြောင်းသည့်အခါ ကလေးသည် ဒူးကွေးပြီး ထိုင်ခုံနောက်ဘက်ကို ကျောမှီထားစဉ် ခြေထောက်များသည် ကြမ်းပြင်နှင့်ထိနေသင့်သည်။ လူကြီးထိုင်ခုံခါးပတ်သည် သင့်လျော်စွာအံကိုက်ဖြစ်ပါက (ပေါင်ခါးပတ်သည် တင်ပါးဆုံရိုးများနှင့် ထိစပ်လျက် တင်ပါးတစ်ဝိုက် အံဝင်ခွင်ကျဖြစ်နေပြီး ပခုံးခါးပတ်သည် ရင်ညွန့်ရိုးနှင့်ထိစပ်လျက် ရင်ဘတ်တစ်ဝိုက် အံကိုက်ဖြစ်နေပါက) ကလေးများသည် နောက်ထိုင်ခုံတွင် လူကြီးထိုင်ခုံခါးပတ်ကို အသုံးပြုနိုင်သည်။

**မှတ်ချက်- ကလေးလုံခြုံရေးထိုင်ခုံကို လေအိတ်၏ ရှေ့ဘက်တွင် ဘယ်တော့မှ မထားပါနှင့်။**



# အခန်း 8 - ပွိုင့်စနစ်

**Vermont ပွိုင့်စနစ်**

သင်သည် မော်တော်ယာဉ် ဥပဒေတစ်ရပ်ကို ချိုးဖောက်သည့်အပြစ်ရှိကြောင်း တွေ့ရှိသည့်အချိန်တိုင်း သင်၏ ယာဉ်မောင်းနှင်မှု မှတ်တမ်းတွင် ပွိုင့်များ ထည့်သည်။ ဥပမာအားဖြင့် အောက်ပါပြစ်မှုများအတွက် သင့်အား ပွိုင့်များ ပေးသည်-

1. သတ်မှတ်နှုန်းကို ကျော်လွန်မောင်းခြင်း၊ မြန်နှုန်းကန့်သတ်ချက်ထက်ကျော်သည့် သင့်မြန်နှုန်းပေါ်မူတည်၍ 2 ပွိုင့်မှ 8 ပွိုင့်အထိ။
2. ကားမောင်းနေစဉ် စာတိုပို့ခြင်း၊ 2 ပွိုင့်မှ 5 ပွိုင့်အထိ။
3. လိုင်စင်မပါဘဲ မောင်းခြင်း၊ 2 ပွိုင့်။
4. ရပ်ဆိုင်းဘုတ် သို့မဟုတ် မီးနီတွင် မရပ်ခြင်း၊ 2 ပွိုင့်။
5. ရဲအရာရှိတစ်ဦးကို လိုက်နာရန် ပျက်ကွက်မှု၊ 4 ပွိုင့်။
6. လူနာတင်ယာဉ်၊ မီးသတ်ကား၊ ရဲအရာရှိကို လမ်းဦးစားပေးရန် ပျက်ကွက်မှု၊ 5 ပွိုင့်။
7. လူကူးမျဉ်းကြားတွင် လမ်းသွားလမ်းလာတစ်ဦးကို လမ်းဦးစားပေးရန် ပျက်ကွက်မှု၊ 4 ပွိုင့်။
8. အနီရောင် သတိပေးအချက်ပြမီးများ တဖျပ်ဖျပ်လင်းလျက် ရပ်ထားသည့် ကျောင်းကားတစ်စီးအတွက် ရပ်တန့်ပေးရန် ပျက်ကွက်မှု၊ 5 ပွိုင့်။

ယာဉ်မောင်းတစ်ဦးသည် စုစုပေါင်း 10 ပွိုင့် ရရှိသည့်အခါ သူ၏ ယာဉ်မောင်းခွင့်ကို ဆိုင်းငံ့မည်ဖြစ်ကြောင်း စာတစ်စောင်ကို ယာဉ်မောင်းထံ ပို့ပါမည်။ ပြစ်ဒဏ်များနှင့် စုပေါင်းရရှိသည့် ပွိုင့်အရေအတွက်ကို အတည်ပြုရန် ကြားနာစစ်ဆေးမှုကို တောင်းဆိုနိုင်သည်။ 2 နှစ်အတွင်းရရှိသည့် ပွိုင့်အရေအတွက်အရ သင်၏ ယာဉ်မောင်းခွင့်ကို ဆိုင်းငံ့မည့် ကြာချိန်ကို ဆုံးဖြတ်ပါမည်။ ရရှိသောပွိုင့် ပိုများလေလေ - ဆိုင်းငံ့သည့်ကာလ ပိုကြာလေလေဖြစ်သည်။ ယာဉ်ရပ်နားခြင်းဆိုင်ရာ သို့မဟုတ် ချွတ်ယွင်းသောစက်ပစ္စည်းဆိုင်ရာ ချိုးဖောက်မှုများအတွက် ပွိုင့်များကို ထည့်မတွက်ပါ။

# အခန်း 9 - ယာဉ်ပိုင်ဆိုင်မှု

**သင့်ယာဉ်ကို မှတ်ပုံတင်နည်း**

ဌင်းသည် ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ အခြေခံအချက်အလက်ဖြစ်သည်။ အသေးစိတ်အချက်အလက်ကို သိရှိရန် 802.828.2000 သို့ ဖုန်းခေါ်ဆိုပါ သို့မဟုတ် အွန်လိုင်းတွင် ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက် dmv.vermont.gov သို့ ဝင်ကြည့်ပါ။ သင်သည် Vermont တွင် နေထိုင်ပြီး လမ်းမများပေါ်တွင် ယာဉ်တစ်စီးကို မောင်းနှင်လိုပါက ထိုယာဉ်ကို မှတ်ပုံတင်ရမည်။ အကယ်၍ သင်သည် အခြားပြည်နယ်မှ Vermont သို့ ပြောင်းရွှေ့မည်ဆိုပါက ပြည်နယ်သို့ ပြောင်းရွှေ့ပြီး ရက် 60 အတွင်း သင့်ယာဉ်ကို မှတ်ပုံတင်ရမည်။

**မှတ်ပုံတင်နှင့် နံပါတ်ပြားများ**

ယာဉ်ကို အသုံးပြုနေချိန်တွင် တရားဝင်မှတ်ပုံတင် အထောက်အထားသည် ယာဉ်ထဲ၌ အမြဲရှိရမည်။ ရဲအရာရှိတစ်ဦးသည် ၎င်းကို ကြည့်ရှုပိုင်ခွင့်ရှိသည်။ မှတ်ပုံတင်နံပါတ်ပြားများ ပြုတ်မထွက်အောင် သေချာမြဲမြံစွာ တပ်ထားရမည်။ မှတ်ပုံတင်နံပါတ်ပြားများ၏ မည်သည့်အပိုင်းကိုမျှ မဖုံးထားသင့်ပါ သို့မဟုတ် မြင်ကွင်းမှ ဖုံးကွယ်မနေသင့်ပါ၊ ယင်းတို့ကို အမြဲတမ်း သန့်ရှင်းစွာထားရမည်။ အနည်းဆုံး ပေ 50 အကွာမှ ဖတ်နိုင်စေရန် အနောက်ဘက် နံပါတ်ပြားကို မီးထွန်းရမည်။ သင်ရရှိသည့် နံပါတ်ပြားများကို ထိုယာဉ်အတွက်သာ အသုံးပြုရမည်။ သင့်ယာဉ်အဟောင်းကို အလိုက်ပေးလဲလျှင် သို့မဟုတ် ရောင်းချလျှင် နံပါတ်ပြားများကို သင်ဝယ်ယူသည့် ယာဉ်အသစ်တစ်စီးသို့ လွှဲပြောင်းနိုင်သည်။

**သင့်ယာဉ်ကို အခြားသူတစ်ဦးအား ရောင်းချခြင်း-**

1. ဝယ်ယူသူ(များ)၏ အမည်၊ ရောင်းသူ(များ)၏ လက်မှတ်၊ ရောင်းချသည့်ရက်စွဲနှင့် ခုနှစ်၊ ထုတ်လုပ်သည့်နိုင်ငံ၊ အမှတ်စဉ်နံပါတ်နှင့် ယာဉ်အတွက် သင့်အား ပေးချေခဲ့သည့် ငွေပမာဏတို့ ပါဝင်သည့် ရောင်းချမှုဆိုင်ရာ တရားဝင် စာရွက်စာတမ်းကို ပိုင်ရှင်အသစ်အား ပေးပါ။
2. ပိုင်ရှင်အသစ်၏ အမည်နှင့် လိပ်စာကို ပြထားသည့် အမည်ပေါက်၏ နောက်ကျောဘက်ကို လက်မှတ်ရေးထိုးပါ။ ယာဉ်၏ ခရီးမိုင်ပေါင်းနှင့် ရောင်းချသည့်ရက်စွဲကိုလည်း ဖြည့်စွက်ပါ။
3. မော်ဒယ်ခုနှစ် 2011 သို့မဟုတ် ထို့နောက်ပိုင်း ထုတ်လုပ်သော ယာဉ်များကို ရောင်းချမှုအားလုံးတွင် ရောင်းသူနှင့် ဝယ်သူနှစ်ဦးလုံးသည် ခရီးမိုင်တိုင်းကိရိယာ ထုတ်ပြန်ချက်ကို လက်မှတ်ရေးထိုးရန် လိုအပ်သည်။ ဤထုတ်ပြန်ချက်ကို သင်၏ ယာဉ်အမည်ပေါက်နှင့်/သို့မဟုတ် Vermont ရောင်းချမှုဆိုင်ရာ တရားဝင် စာရွက်စာတမ်းတွင် ထည့်သွင်းပေးထားသည်။
4. သင်၏ မှတ်ပုံတင်နံပါတ်ပြားများကို ယာဉ်မှ ဖယ်ရှားပါ။

**သင့်ယာဉ်ကို အလိုက်ပေးလဲခြင်း-**

1. ဝယ်ယူသူ(များ)၏ အမည်၊ ရောင်းသူ(များ)၏ လက်မှတ်၊ ရောင်းချသည့်ရက်စွဲနှင့် ခုနှစ်၊ ထုတ်လုပ်သည့်နိုင်ငံ၊ အမှတ်စဉ်နံပါတ်နှင့် သင့်အား ပေးချေခဲ့သည့် သို့မဟုတ် သင့်ယာဉ်အဟောင်းနှင့် အလိုက်ပေးလဲလှယ်ခြင်းအတွက် ထည့်တွက်ထားသည့် ပမာဏတို့ပါဝင်သော ရောင်းချမှုဆိုင်ရာ တရားဝင် စာရွက်စာတမ်းကို ပိုင်ရှင်အသစ်အား ပေးပါ။
2. သင်နှင့် အလဲအထပ်လုပ်မည့်သူအား သင်ရရှိမည့် ယာဉ်အတွက် ရောင်းချမှုဆိုင်ရာ တရားဝင် စာရွက်စာတမ်းကို ပေးခိုင်းပါ။ ၎င်းတွင် သင်အလိုက်ပေးလဲခဲ့သည့် ယာဉ်နှင့်ပတ်သက်သော အချက်အလက်များ ပါရှိသင့်သည်။ ယာဉ်၏ အမည်ပေါက်ကို သေချာလက်မှတ်ထိုးပြီး သင့်ထံ လွှဲပြောင်းခိုင်းပါ။
3. သင့်မှတ်ပုံတင်နံပါတ်ပြားများကို ယာဉ်အဟောင်းမှ ဖယ်ရှားပါ။ သင့်မှတ်ပုံတင်ကို လွှဲပြောင်းလိုပါက သင်ယခုလေးတင် ဝယ်ယူခဲ့သည် ယာဉ်ပေါ်တွင် နံပါတ်ပြားများကို တပ်ပါ။
4. မှတ်ပုံတင်၊ အခွန်နှင့် အမည်ပေါက်အတွက် လျှောက်လွှာတစ်စောင် ဖြည့်စွက်ပြီး သင် ယခုလေးတင် ဝယ်ယူခဲ့သည့် ယာဉ်အတွက် အမည်ပေါက်ကို ထည့်သွင်းပါ။ မှန်ကန်သော အခကြေးငွေပမာဏအတွက် ချက်လက်မှတ် သို့မဟုတ် ငွေလွှဲစာနှင့်အတူ ဤပုံစံများကို Montpelier ရှိ မော်တော်ယာဉ်ဌာနသို့ 24 နာရီအတွင်း စာတိုက်မှပေးပို့ပါ။

**မှတ်ပုံတင် သို့မဟုတ် မှတ်ပုံတင်နံပါတ်ပြားများ ပျောက်သွားခြင်း**

သင်၏ မှတ်ပုံတင်အထောက်အထားလက်မှတ် ပျောက်သွားပါက ကျွန်ုပ်တို့၏ရုံးများမှ တစ်ရုံးတွင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ သို့မဟုတ် အွန်လိုင်းတွင် dmv.vermont.gov မှဖြစ်စေ အစားထိုးလက်မှတ်တစ်ခုကို မော်တော်ယာဉ်ဌာနထံမှ ရယူနိုင်ပါသည်။

သင်၏ မှတ်ပုံတင်နံပါတ်ပြား တစ်ခု သို့မဟုတ် နှစ်ခုလုံး ပျောက်သွားပါက မော်တော်ယာဉ်ဌာနရုံးမှဖြစ်စေ၊ ရဲစခန်းမှဖြစ်စေ သို့မဟုတ် အွန်လိုင်းတွင် dmv.vermont.gov မှဖြစ်စေ နံပါတ်ပြား အသစ်လဲ လျှောက်လွှာကို ရယူပါ။

## အမည်/လိပ်စာ/ယာဉ်ပြောင်းလဲမှုများ

သင့်အမည်၊ သင့်လိပ်စာ သို့မဟုတ် သင့်ယာဉ်၏ အရောင်ကို ပြောင်းပါက သင်သည် ရက် 30 အတွင်း မော်တော်ယာဉ်ဌာနသို့ အကြောင်းကြားရန် လိုအပ်သည်။

## ဝယ်ယူသုံးစွဲခွန်

### ငှားရမ်းထားခြင်းမဟုတ်သော ယာဉ်များ

ယာဉ်အသစ်တစ်စီး သို့မဟုတ် တစ်ပတ်ရစ်တစ်စီး ဝယ်သည့်အခါတိုင်း သင်သည် အခွန်ပေးဆောင်ရမည်။ ၎င်းကို ဝယ်ယူသုံးစွဲခွန်ဟု ခေါ် ပြီး ငှားရမ်းထားခြင်းမဟုတ်သော ယာဉ်အတွက် သင်ပေးချေသည့် ဈေးနှုန်း၏ 6% သို့မဟုတ် လက်ရှိ သင့်တင့်မျှတသော ဈေးကွက်တန်ဖိုးတို့အနက် မည်သည်က ပိုများသည်ဖြစ်စေ ထိုပိုများသည့်ပမာဏကို ပေးရမည်။

Vermont တွင် မှတ်ပုံတင်လျှောက်ထားသောပုဂ္ဂိုလ် သို့မဟုတ် ၎င်း၏ အိမ်ထောင်ဖက်က ရောင်းခွန် သို့မဟုတ် သုံးစွဲခွန်ကို ပေးဆောင်ထားပြီးဖြစ်သည့် Vermont ပြည်နယ်ပြင်ပ၌ ဝယ်ယူထားသော မော်တော်ယာဉ်တစ်စီးကို ပထမဆုံးအကြိမ် မှတ်ပုံတင်ခွင့် လျှောက်ထားသော Vermont တွင် နေထိုင်သူအသစ်များအနေဖြင့် အခြားတရားစီရင်ပိုင်ခွင့်နယ်မြေတွင် ပေးဆောင်ထားသော အခွန်သည် Vermont အခွန်နှင့် ညီမျှကြောင်း သို့မဟုတ် ပိုများကြောင်း အထောက်အထားကို ပေးနိုင်လျှင် သို့မဟုတ် ဝယ်ယူခွန် (သို့) သုံးစွဲခွန်ကို ကောက်ခံသည့် တရားစီရင်ပိုင်ခွင့်နယ်မြေတစ်ခုတွင် ယာဉ်ကို အနည်းဆုံး 3 နှစ်ကြာ မှတ်ပုံတင်ထားပြီးဖြစ်လျှင် Vermont ဝယ်ယူသုံးစွဲခွန်မှ ကင်းလွတ်ခွင့်ရပါမည်။ အခြားတရားစီရင်ပိုင်ခွင့်နယ်မြေတွင် ပေးဆောင်ခဲ့သည့်အခွန်သည် Vermont အခွန်အောက် လျော့နည်းပါက ကွာဟချက်မှာ ပေးဆောင်ရမည့် အခွန်ပမာဏဖြစ်သည်။

### ငှားရမ်းထားသောယာဉ်များ

Vermont ယာဉ်ရောင်းဝယ်သူ သို့မဟုတ် အငှားချသူကိုယ်စားဆောင်ရွက်သည့် Vermont ယာဉ်ရောင်းဝယ်သူထံမှ ငှားရမ်းထားသော ယာဉ်တစ်စီး၏ မှတ်ပုံတင်၊ အခွန်နှင့်/သို့မဟုတ် အမည်ပေါက်အတွက် လျှောက်လွှာအားလုံးတွင် ဝယ်ယူသုံးစွဲခွန် တွက်ချက်မှု - ငှားရမ်းထားသောယာဉ် ဖောင်ပုံစံ (VD-147) သို့မဟုတ် ငှားရမ်းမှု သဘောတူညီချက်နှင့်/သို့မဟုတ် ရောင်းဝယ်သူ အလုပ်မှတ်တမ်းစာရွက်၏ မိတ္တူတစ်စုံ ပူးတွဲပါရမည်။ သင့်လျော်သော အချက်အလက်ကို လက်ခံမရရှိပါက ငှားရမ်းထားသောယာဉ်ကို ဝယ်ယူမှုကုန်ကျစရိတ်၏ 6% ဖြင့် အခွန်ကောက်ခံပါမည်။

ငှားရမ်းမှုပြီးဆုံးချိန်တွင် ယာဉ်ကို ဝယ်ယူရန် သင့်တွင် ရွေးချယ်ခွင့် ရှိ၊ မရှိကို ထည့်သွင်းမစဉ်းစားဘဲ ဝယ်ယူသုံးစွဲခွန် တွက်ချက်မှု - ငှားရမ်းထားသောယာဉ် ဖောင်ပုံစံ (VD-147) တွင် ဖော်ပြထားသည့်အတိုင်း သို့မဟုတ် ငှားရမ်းမှု သဘောတူညီချက်နှင့်/သို့မဟုတ် ရောင်းဝယ်သူ အလုပ်မှတ်တမ်းစာရွက်တွင် ဖော်ပြထားသည့်အတိုင်း ငှားရမ်းထားသောယာဉ်တစ်စီးအတွက် အခွန်ဆောင်ရမည့် ကျသင့်ငွေကို ယာဉ်ဝယ်ယူမှုကုန်ကျစရိတ်၏ 6% မှ ငှားရမ်းမှုပြီးဆုံးချိန်တန်ဖိုးကို နုတ်ခြင်းဖြင့် တွက်ချက်ပါမည်။

## မော်တော်ယာဉ် အမည်ပေါက် အချက်အလက်

ယာဉ်အားလုံးတွင် Vermont မော်တော်ယာဉ် အမည်ပေါက်တစ်ခု ရှိရမည်။ အချို့သော ခြွင်းချက်များမှာ- အင်ဂျင်ပါဝါ 300 cc အောက်ရှိသော မော်တော်ဆိုင်ကယ်နှင့် ဝန်မတင်ထားစဉ် 1,500 ပေါင်နှင့်အောက် အလေးချိန်ရှိ နောက်တွဲယာဉ် ဖြစ်သည်။

ယာဉ်အသစ်အားလုံးအတွက် ထုတ်လုပ်သည့်ကုမ္ပဏီ၏ မူရင်းသက်သေခံလက်မှတ်တစ်ခုကို လိုအပ်သည်။ ထိုလက်မှတ်မရှိဘဲ ယာဉ်တစ်စီးကို မှတ်ပုံတင်၍မရပါ။

Vermont တွင် မှတ်ပုံတင်မည့် ယာဉ်အားလုံးတွင် မှတ်ပုံတင်လျှောက်လွှာတစ်စောင် ရှိရမည်။ ရောင်းချမှုဆိုင်ရာ တရားဝင် စာရွက်စာတမ်းနှင့် ယခင်ပိုင်ရှင်၏ အမည်ပေါက်ကိုလည်း သင့်ထံ လက်မှတ်ထိုးပြီး လွှဲပြောင်းပေးထားရန် လိုအပ်ပါမည်။

**ယာဉ်သက်သေခံနံပါတ် (VIN)**

ယာဉ်သက်သေခံနံပါတ် (VIN) သည် **သီးခြား**မော်တော်ယာဉ်တစ်စီးအတွက် ခွဲခြားသတ်မှတ်သောကုဒ် ဖြစ်သည်။ VIN တွင် ယာဉ်အတွက် သီးသန့်အိုင်ဒီဖြစ်သည့် အက္ခရာ 17 လုံး (ဂဏန်းများနှင့် စာလုံးအကြီးများ) ပါဝင်သည်။ VIN သည် ကား၏ သီးသန့်သွင်ပြင်လက္ခဏာများ၊ သတ်မှတ်ချက်များနှင့် ထုတ်လုပ်သည့်ကုမ္ပဏီကို ပြသသည်။ 1981 ခုနှစ်မတိုင်မီက VIN များသည် အက္ခရာ 11 လုံးမှ 17 လုံးအထိ အမျိုးမျိုး ရှိခဲ့သည်။

အတည်ပြုမှုကို မည်သည့်အချိန်တွင် လိုအပ်သနည်း

- အလုံးစုံပျက်စီးသွား၍ ပြန်လည်ပြုပြင်ထားမှု မှတ်တမ်းရှိသော ယာဉ်များ။
- အာမခံစာချုပ်ဖြင့် ယာယီအမည်ပေါက်သတ်မှတ်ထားသော ယာဉ်များ။
- ကနေဒါအပါအဝင် နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ မှတ်ပုံတင်များရှိသော ယာဉ်များ။

VIN အတည်ပြုမှုများကို Vermont ပြည်နယ်တွင် ဆောင်ရွက်ရမည်။ VIN အတည်ပြုမှုများကို Vermont ဥပဒေစိုးမိုးရေး အရာရှိတစ်ဦး၊ ဤရည်ရွယ်ချက်အတွက် ဥပဒေစိုးမိုးရေး အရာရှိ၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ဥပဒေစိုးမိုးရေးအဖွဲ့တစ်ဖွဲ့က အလုပ်ခန့်အပ်ထားသော ဝန်ထမ်းများ သို့မဟုတ် Vermont မော်တော်ယာဉ်ကော်မရှင်ဝင်မှ ရွေးချယ်သတ်မှတ်ထားသည့် DMV ဝန်ထမ်းများက ဆောင်ရွက်ရမည်။

**ပြန်လည်ပြုပြင်တည်ဆောက်ထားသော ယာဉ်များ**

**အလုံးစုံပျက်စီးသွား၍ ပြန်လည်ပြုပြင်ထားမှု** အမည်ပေါက်ရှိသည့် Vermont တွင် မှတ်ပုံတင်သော မည်သည့်ယာဉ်ကိုမဆို **ပြန်လည်ပြုပြင်တည်ဆောက်ထားသော ယာဉ်**ဟူသော စကားလုံးများ ပါဝင်မည့် အမည်ပေါက်တစ်ခု ထုတ်ပေးပါမည်။ **အလုံးစုံပျက်စီးသွား၍ ပြန်လည်ပြုပြင်ထားသော** ယာဉ်တစ်စီးကို မှတ်ပုံတင်ရန် လျှောက်ထားသည့်အခါ သင်သည် မော်တော်ယာဉ်ဝန်ထမ်း သို့မဟုတ် Vermont ဥပဒေစိုးမိုးရေးအရာရှိတစ်ဦးအား ယာဉ်၏ သက်သေခံနံပါတ်ကို စစ်ဆေးခိုင်းပြီး လျှောက်လွှာ၏ VIN အတည်ပြုမှု အပိုင်းကို ဖြည့်စွက်ခိုင်းရပါမည်။

**အပေါင်ပစ္စည်းအဖြစ် လက်ဝယ်ထားပိုင်ခွင့်များ**

သင်သည် ယာဉ်တစ်စီးကို ဝယ်ယူရန် ဘဏ်၊ ငွေချေးသမဂ္ဂ သို့မဟုတ် အခြားပုဂ္ဂိုလ်ထံမှ ငွေချေးယူပါက ယာဉ်ကို "အပေါင်ပစ္စည်းအဖြစ် လက်ဝယ်ထားပိုင်ခွင့်" ရှိသည်ဟုဆိုသည်။ သင်ငွေချေးယူထားသည့် ပုဂ္ဂိုလ် သို့မဟုတ် ဘဏ်သည် "အပေါင်ပစ္စည်းအဖြစ် လက်ဝယ်ထားပိုင်ခွင့်ရှိသူ" ဖြစ်သည်။ မှတ်ပုံတင်လျှောက်လွှာပေါ်တွင် အပေါင်ပစ္စည်းအဖြစ် လက်ဝယ်ထားပိုင်ခွင့်ရှိသူ၏ အမည်ကို ဖော်ပြထားရမည်။ သင့်ယာဉ်အတွက် အမည်ပေါက်ကို ထုတ်ပေးသည့်အခါ ၎င်းကို အပေါင်ပစ္စည်းအဖြစ် လက်ဝယ်ထားပိုင်ခွင့်ရှိသူထံသို့ ပို့မည်ဖြစ်ပြီး သင်ချေးထားသည့်ငွေကို သင်ပြန်မဆပ်မချင်း ၎င်းကို သင့်အား ပေးမည်မဟုတ်ပါ။

**အာမခံ**

Vermont ပြည်နယ်အတွင်း "ငွေကြေးဆိုင်ရာ တာဝန်ထိန်းသိမ်းမှု" ဟုခေါ်သော ဥပဒေတစ်ရပ် ရှိသည်။ ယင်းက သင်မောင်းနှင်သည့်ယာဉ်ကို ပေးရန်တာဝန်အာမခံဖြင့် ကာကွယ်ထားရမည်ဟု ဆိုလိုသည်။

ပေးရန်တာဝန်နှင့် ပစ္စည်းဥစ္စာပျက်စီးမှု အာမခံသည် သင့်တွင်ရှိသင့်သည့် အရေးအကြီးဆုံး မော်တော်ယာဉ်အာမခံ အမျိုးအစား ဖြစ်သည်။ ၎င်းသည် ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် ပစ္စည်းဥစ္စာပျက်စီးမှု ဖြစ်ပွားသည့်အခါ ငွေကြေးဆုံးရှုံးမှုမှ သင့်ကို ကာကွယ်ပေးသည်။

အာမခံလျော်ကြေးပမာဏသည် လူတစ်ဦး သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုအတွက် အနည်းဆုံး $25,000 ဖြစ်ရမည်။
လူ 2 ဦးနှင့်အထက် သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုအတွက် $50,000။ ပစ္စည်းဥစ္စာပျက်စီးမှုအတွက် $10,000။ ယာဉ်တွင် အာမခံအကာအကွယ်ရှိကြောင်း ပြသသည့် သင့်အာမခံကုမ္ပဏီမှ ကတ်တစ်ကတ်ကို ယာဉ်ထဲတွင် ဆောင်ထားရမည်။ သင့်ကို ရဲအရာရှိတစ်ဦးက ရပ်ခိုင်းပါက သင်သည် ကတ်ကို ပြရပါမည်။ သင်က ယာဉ်မောင်းစာမေးပွဲ ဖြေဆိုမည်ဆိုလျှင်လည်း ကတ်ကို ပြရပါမည်။

ရဲအရာရှိတစ်ဦးက သင့်ကို ရပ်ခိုင်းပြီး သင့်အာမခံအထောက်အထားကို ပြခိုင်းချိန် သင့်တွင် အာမခံမရှိပါက ရဲအရာရှိသည် သင့်ကို စည်းကမ်းချိုးဖောက်မှု သတိပေးလက်မှတ်တစ်စောင် ပေးပါမည်။ သင်သည် ဒဏ်ငွေရိုက်ခံရပြီး သင်၏ ယာဉ်မောင်းမှတ်တမ်းတွင် နှစ်ပွိုင့် ထည့်ပါမည်။

သင့်ယာဉ်အတွက် အာမခံရှိသော်လည်း ရဲအရာရှိတစ်ဦးက သင့်ကို ရပ်ခိုင်းချိန်တွင် သင်က ကတ်ကို အရာရှိအား မပြနိုင်ပါက ထိုကတ်ကို ပြသရန် သင့်တွင် 15 ရက် အချိန်ရှိသည်။ အရာရှိကို သင်ပြသည့်ကတ်တွင် အရာရှိက သင့်ကို ရပ်ခိုင်းခဲ့သည့်အချိန်၌ သင့်တွင် အာမခံရှိခဲ့ကြောင်း ဖော်ပြထားရမည်။

အကယ်၍ သင်သည် အာမခံမရှိဘဲ မောင်းနှင်နေပြီး အောက်ပါတို့မှ တစ်ခုခု ဖြစ်ပွားပါက သင် အာမခံမရမချင်း သင့်လိုင်စင်ကို မော်တော်ယာဉ်ကော်မရှင်အဖွဲ့ဝင်က သိမ်းယူပါမည်။ သင့်တွင် 3 နှစ်အပြည့် အာမခံ ရှိကြောင်း ကော်မရှင်အဖွဲ့ဝင်ကို သက်သေပြရပါမည်။

- သင့်အမှား မဟုတ်သည့်တိုင် ယာဉ်တိုက်မှုတစ်ခုတွင် သင်ပါဝင်ခြင်း၊
- အရက်မူးနေစဉ် သို့မဟုတ် မူးယစ်ဆေးဝါးသုံးထားစဉ် မောင်းနှင်ခြင်း၊
- ပိုင်ရှင်၏သဘောတူညီချက် မပါဘဲ အခြားသူ၏ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ယူသွားခြင်း၊
- သင့်လိုင်စင်ကို ဆိုင်းငံ့ထား၊ ပြန်လည်ရုပ်သိမ်းထား သို့မဟုတ် ပယ်ချထားချိန်တွင် မောင်းနှင်ခြင်း၊
- အခြားလူတစ်ဦးကို သေဆုံးစေနိုင်သည့် နည်းလမ်းဖြင့် ယာဉ်မောင်းခြင်း၊
- ယာဉ်တိုက်မှုဖြစ်ပွားရာနေရာမှ ထွက်သွားခြင်း

**စစ်ဆေးမှု (အသေးစိတ်ကို ပိုမိုသိရှိရန် စာမျက်နှာ 62 ကို ကြည့်ပါ)**

သင့်ယာဉ်ကို တစ်နှစ်တစ်ကြိမ် စစ်ဆေးရမည်။ ထိုသို့စစ်ဆေးခြင်းသည် သင့်ယာဉ်ကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် စစ်ထားကြောင်း သေချာစေပါသည်။ သို့ရာတွင် သင့်ဘက်ကလည်း သင်မောင်းနှင်သည့်ယာဉ်ကို အမြဲတမ်း မှန်မှန်လည်ပတ်နေရမည်။ သင့်ယာဉ်သည် ကောင်းစွာ မလည်ပတ်ပါက ယာဉ်တိုက်မှုဖြစ်ပွားချိန်တွင် သင့်အမှားဟု တွေ့ရှိနိုင်သည်။

စစ်ဆေးမှုစတစ်ကာသည် သင့်ယာဉ်ကို နောက်တစ်ကြိမ်စစ်ဆေးမှု ပြုလုပ်ရမည့်အချိန်ကို ဖော်ပြပေးသည်။ တရားဝင် Vermont စစ်ဆေးမှုစတစ်ကာ မရှိလျှင် မော်တော်ယာဉ်အားလုံးကို မှတ်ပုံတင်ပြီး 15 ရက်အတွင်း စစ်ဆေးရမည်။

**ဉာဏ်ရှိရှိ ငွေချွေတာ၍ မောင်းနှင်ခြင်း - "ပတ်ဝန်းကျင်မထိခိုက်စေသော ယာဉ်မောင်းနှင်ခြင်း" အကြံပြုချက်များ**

အောက်ပါတို့သည် ဓာတ်ဆီအတွက် ငွေကုန်ကျသက်သာစေပြီး သင်၏ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချကာ စွမ်းအင်ကို ချွေတာနိုင်စေမည့် ထိရောက်သော ယာဉ်မောင်းနှင်ခြင်း အကြံပြုချက် 10 ချက် ဖြစ်သည်။

**အရှိန်လျှော့ပြီး အမြန်နှုန်းကို စောင့်ကြည့်ပါ** - ပြည်နယ်ကူးလမ်းတွင် ဆီချွေတာရန် တစ်နာရီလျှင် 65 မိုင်အစား 55 မိုင် သို့မဟုတ် မိုင် 60 ဖြင့် မောင်းနှင်ပါ။ ဤအကြံပြုချက်တစ်ချက်တည်းကို လိုက်နာရုံဖြင့် လောင်စာဆီ ချွေတာရေးတွင် 15 ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း EPA က ခန့်မှန်းထားသည်။

**ချောမွေ့စွာ အရှိန်မြှင့်ပြီး ဘရိတ်အုပ်ပါ** - ရပ်နေရာမှ ချောမွေ့စွာ အရှိန်မြှင့်ခြင်းနှင့် ဖြည်းညင်းစွာ ဘရိတ်အုပ်ခြင်းသည် လောင်စာဆီစား သက်သာစေသည်။ အမြန်စထွက်ခြင်း၊ ယာဉ်များကြား ကွေ့ပတ်ရှောင်ကွင်းသွားခြင်းနှင့် ကြမ်းကြမ်းဘရိတ်အုပ်ခြင်းသည် လောင်စာဆီကို ဖြုန်းတီးပြီး ဘရိတ်များနှင့် တာယာများကဲ့သို့ ကားအစိတ်အပိုင်းအချို့ကို ပိုမိုမြန်ဆန်စွာ ပွန်းစားစေသည်။ ဖြည်းဖြည်းချင်း ဘရိတ်အုပ်ရန်နှင့် အရှိန်မြှင့်ရန်အတွက် အချိန်ပိုရရန် ယာဉ်တစ်စီးနှင့်တစ်စီးအကြား အန္တရာယ်ကင်းသော အကွာအဝေးကို ထားရှိပြီး ယာဉ်ကြောအခြေအနေများကို မျှော်မှန်းထားခြင်းဖြင့် သင့်ယာဉ်၏ အရှိန်အဟုန်ကို အကောင်းဆုံးအသုံးချပါ။

**ရပ်နားသည့်အခါ အင်ဂျင်ကို အလွန်အကျွံ အလွတ်လည်စေခြင်းကို ရှောင်ပါ** - အင်ဂျင်အလွတ်လည်စေခြင်းသည် လောင်စာဆီ ဖြုန်းတီးပြီး အင်ဂျင်ကို ယိုယွင်းစေကာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ဖြစ်စေနိုင်သည်။ ဆောင်းရာသီတွင် အင်ဂျင်စမနှိုးမီ နှင်းနှင့် ရေခဲများကို ပြတင်းပေါက်များမှ ဖယ်ရှားရှင်းလင်းပါ။ ဘေးကင်းရေးသည် ပထမဖြစ်သည်- ရေခဲဖယ်ရှားရုံဖြင့် မလုံလောက်ပါက စက်သံမှန်အောင် နှိုးထားသည့်အချိန်ကို လိုအပ်သလို တိုးမြှင့်ပါ။ ဖြစ်နိုင်လျှင် ရပ်ပြီး စက်သံမှန်အောင် နှိုးထားသည့်အချိန်ကို စက္ကန့် 30 အထိ ကန့်သတ်ပါ။ ဖြည်းဖြည်းချင်းမှ အတန်အသင့်အရှိန်ဖြင့် မောင်းနှင်ခြင်းသည် စက်မှန်အောင် နှိုးထားရန် အထိရောက်ဆုံးနည်းလမ်းဖြစ်သည်။ မြို့ထဲတွင် ယာဉ်ရပ်နားပါက 10 စက္ကန့်ကျော်ကြာ အင်ဂျင်အလွတ်လည်စေခြင်းသည် စက်သတ်ပြီး ပြန်နှိုးခြင်းထက် လောင်စာဆီ ပိုသုံးသည်။ အများပြည်သူပိုင်နေရာတွင် မောင်းသူမရှိဘဲ ယာဉ်တစ်စီးကို အင်ဂျင်အလွတ်လည်ထားခဲ့ပါက Vermont ၏ မောင်းသူမပါသည့် မော်တော်ယာဉ်များဆိုင်ရာ ဥပဒေကို ချိုးဖောက်ရာရောက်သည်၊ သင့်ယာဉ်ကို ထားခဲ့ပါက ၎င်းကို စက်သတ်ထားရမည်။

**သင့်တာယာများကို စစ်ဆေးပါ**- တာယာများကို အကြံပြုထားသော တာယာတင်းအားအထိ ရောက်ရှိအောင် မှန်ကန်စွာလေထိုးထားပါ (ယာဉ်၏ ယာဉ်မောင်းဘက် တံခါးကျည်းဘောင်ရှိ ကတ်ပြားပေါ်တွင်နှင့် ယာဉ်ပိုင်ရှင် လက်စွဲစာအုပ်ထဲတွင် ထိုတင်းအားပမာဏကို တွေ့နိုင်သည်)။ ဤတစ်ချက်တည်းဖြင့် လောင်စာဆီသုံးစွဲမှု ပျမ်းမျှပမာဏကို 3-4 ရာခိုင်နှုန်း

လျှော့ချနိုင်ပါသည်။ လေလျော့နေသော တာယာများသည် အလိုမ့်ပိုခံနိုင်ပြီး လောင်စာဆီချွေတာနိုင်စွမ်းကို လျော့နည်းစေသည်။ ထို့ပြင် တာယာများ ပို၍လျင်မြန်စွာ ပွန်းစားစေသည်။

**သင့်ယာဉ်ကို ကြင်ကြင်နာနာ ကိုင်တွယ်ပါ** - ယာဉ်များ အဆင်ပြေချောမွေ့စွာ လည်ပတ်စေရန် အင်ဂျင်ကို မှန်မှန်ကန်ကန် ချိန်ညှိထားပါ။ ဘီးများကို တန်းညှိထားပါ။ တန်းမညီဘဲ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသော ဘီးများသည် လောင်စာဆီကို ပြုန်းတီးစေသည်။ လေစစ်များကို အကြံပြုထားသည့်အတိုင်း အသစ်လဲပါ။ သင့်လျော်သော ပြုပြင်ထိန်းသိမ်းမှုအတွက် ပိုင်ရှင်လက်စွဲစာအုပ်ကို အမြဲဖတ်ရှုကိုးကားပါ။

**ပေါ့ပါ့ပါးပါး ခရီးသွားပါ** - ကားနောက်ခန်းထဲ၌ မလိုအပ်သော ပစ္စည်းများနှင့် ခေါင်းမိုးစင်ပေါ်၌ ခရီးဆောင်အိတ်များစွာတင်ခြင်းကဲ့သို့ မလိုအပ်သော ဝန်ပိုသည် အင်ဂျင်လည်ပတ်ရန် ပိုခက်ခဲပြီး ဆီပိုစားသည်။

**အပူပေးစက်နှင့် လေအေးပေးစက် အသုံးပြုမှုကို လျှော့ချပါ**- အင်ဂျင်ဝန်ကို လျှော့ချရန်အတွက်
အပူပေးစက်နှင့် လေအေးပေးစက်ကို ဂရုထားပြီး သုံးပါ။ အပူချိန် 80 ဒီဂရီကျော်သည့်အခါ လေအေးပေးစက် အသုံးပြုမှုကို လျှော့ချခြင်းသည် လောင်စာဆီ 10-15 ရာခိုင်နှုန်း ချွေတာနိုင်စေသည်။ လေဝင်လေထွက်ပေါက် ဆက်တင်ကို တတ်နိုင်သမျှ သုံးပါ။ ကားကို အေးစေရန် အရိပ်အောက်တွင် ရပ်နားပြီး လေအေးပေးစက် အသုံးပြုရန် လိုအပ်ချက်ကို လျှော့ချပါ။

**အရှိန်မြင့်မောင်းလျှင် ပြတင်းပေါက်များကို ပိတ်ပါ** - သင့်မြန်နှုန်းကို တစ်နာရီ မိုင် 50 အောက်တွင် မထားပါက ပြတင်းပေါက်များကို ဖွင့်ပြီး မမောင်းပါနှင့်။ ပြတင်းပေါက်များ ဖွင့်ထားစဉ် အဝေးပြေးလမ်းမ မြန်နှုန်းဖြင့် မောင်းနှင်ခြင်းသည် ယာဉ်အပေါ် လေခွင်းဆွဲအား မြင့်တက်လာပြီး ဆီချွေတာနိုင်စွမ်းကို လျော့နည်းစေသည်။

**ခရီးစဉ်များကို ပေါင်းစည်းပါ** -သင့်ခရီးစဉ်များကို ပေါင်းစည်းရန် ကြိုတင်စီစဉ်ထားခြင်းဖြင့် ခရီးမိုင်များစွာ သွားလာရသည်ကို သက်သာစေသည်။ ကြိုတင်စီစဉ်ခြင်းက ပြည့်ကျပ်နေသောလမ်းကြောင်းများကိုလည်း ရှောင်လွှဲသွားနိုင်စေပြီး အင်ဂျင်အလွတ်လည်ချိန်ကို လျော့နည်းစေပါသည်။

**ကားစုပေါင်းအသုံးပြုခြင်း** - အလုပ်သွားရန်၊ ဈေးဝယ်ထွက်ရန်နှင့် အပန်းသွားဖြေရန် မျှဝေစီးနင်းပါ။ ၎င်းသည် ဓာတ်ဆီချွေတာရာရောက်ရုံသာမက တစ်ဦးတည်းစီးနင်းခြင်းထက် ပို၍ပျော်စရာကောင်းနိုင်ပါသည်။

# အခန်း 10 - လုပ်ငန်းသုံး လိုင်စင်

**လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင်**

ပေါင် 26,000 ထက်ပိုသည်ဟု အဆင့်သတ်မှတ်ထားသော သို့မဟုတ် ခရီးသည် 16 ဦးနှင့်အထက် (ယာဉ်မောင်းအပါအဝင်) သို့မဟုတ် အန္တရာယ်ရှိသော ပစ္စည်းများကို သယ်ယူပို့ဆောင်သော ယာဉ်များကို မောင်းနှင်သူများအတွက် လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင်တစ်ခု လိုအပ်သည်။ လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် အတန်းအစားသုံးမျိုး ရှိသည်-

- **အတန်းအစား A** - အဆွဲခံယာဉ်တွင် GVWR 10,001 ပေါင်နှင့်အထက် ရှိလျှင် GCWR 26,001 ပေါင်နှင့်အထက်ရှိသော ယာဉ်အုပ်စုမှန်သမျှ။
- **အတန်းအစား B** - မည်သည့်အဆွဲခံယာဉ်တွင်မဆို GVWR ပေါင် 10,000 နှင့်အောက် ရှိလျှင် GVWR 26,001 ပေါင်နှင့်အထက်ရှိသော တစ်စီးတည်းယာဉ်များ။
- **အတန်းအစား C**- ကတ်ပြားကပ်ထားသည့် အန္တရာယ်ရှိ ပစ္စည်းများကို သယ်ယူပို့ဆောင်သော သို့မဟုတ် ယာဉ်မောင်းအပါအဝင် ခရီးသည် 16 ဦးနှင့်အထက်ကို တင်ဆောင်ရန် ဒီဇိုင်းထုတ်ထားသော GVWR ပေါင် 26,000 နှင့်အောက်ရှိသော တစ်စီးတည်းယာဉ်များ။ ဤယာဉ်များသည် GVWR ပေါင် 10,000 နှင့်အောက်ရှိသော ယာဉ်တစ်စီးကို ဆွဲနိုင်သည်။
- **လုပ်ငန်းသုံးယာဉ်မောင်းနှင်သူ သင်ကြားပို့ချမှုဆိုင်ရာ (သင်မောင်း) ခွင့်ပြုကတ်ပြား** - လုပ်ငန်းသုံးယာဉ်မောင်းနှင်ခြင်း သင်ကြားပို့ချမှုနှင့် အများသုံး အဝေးပြေးလမ်းများတွင် လက်တွေ့မောင်းနှင်မှုအတွေ့အကြုံကို ရရှိစေသည်။

ပြည်နယ်နှင့် ဖက်ဒရယ်ဥပဒေအရ အခြားပြည်နယ်မှ လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင်တစ်ခု ကိုင်ဆောင်ထားသော မည်သူမဆိုသည် Vermont တွင် နေထိုင်ခွင့် အခြေကျပြီး ရက် 30 အတွင်း ၎င်းတို့၏ လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင်ကို လွှဲပြောင်းရမည်။

လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင်နှင့် သင်မောင်းခွင့်ကတ်ပြားများအကြောင်း အချက်အလက်များကို ပိုမိုသိရှိရန် 802.828.2000 သို့ ဖုန်းခေါ်ဆိုပါ။

စာတွေ့စစ်ဆေးမှုအတွက် ရက်ချိန်းယူရန် mydmv.vermont.gov သို့ သွားပါ။ CDL ကျွမ်းကျင်မှု စစ်ဆေးခြင်းအတွက် ရက်ချိန်းယူရန် ရက်ချိန်းစီစဉ်မှုအခကြေးငွေကို ဖော်ပြပါသို့ ဦးစွာပေးသွင်းရမည်- CDL Unit, Department of Motor Vehicles, 120 State St., Montpelier, VT 05603-0001. အခကြေးငွေကို လက်ခံရရှိပြီးသည်နှင့် သင်သည် ကျွမ်းကျင်မှု စစ်ဆေးခြင်းအတွက် ရက်ချိန်းယူနိုင်ပါသည်။

Vermont လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင် လက်စွဲစာအုပ်များကို မော်တော်ယာဉ်ဌာနရုံးအားလုံးတွင် ရရှိနိုင်ပါသည်။



## အခန်း 11 - မသန်စွမ်းသူများ

ကားမောင်းရန် သင့်အတွက် မည်မျှအရေးကြီးသည်ကို မော်တော်ယာဉ်ဌာနက သိရှိနားလည်ပါသည်။ မသန်စွမ်းသူတစ်ဦးသည်လည်း လိုင်စင်ရရှိနိုင်ပါသေးသည်။ ဘေးကင်းလုံခြုံစွာ ယာဉ်မောင်းနှင်နိုင်ရန်အတွက် အထူးပစ္စည်းကိရိယာအချို့ လိုအပ်နိုင်သည်။ မသန်စွမ်းသူတစ်ဦးက အထူးပစ္စည်းကိရိယာ လိုအပ်လာလျှင် ထိုပစ္စည်းကိရိယာသည် အံကိုက်ဖြစ်ပြီး ကောင်းစွာအလုပ်လုပ်ရမည်။

စစ်ဆေးမှု ဖြေဆိုသည့်အချိန်တွင် စစ်ဆေးသူအား သင့်မသန်စွမ်းမှုအကြောင်း ရိုးရိုးသားသား ရှင်းပြပါ။ သင်စစ်ဆေးမှုဖြေဆိုသည့် အဆောက်အအုံထဲသို့ ဝင်ရောက်ရာတွင် အကူအညီလိုအပ်ပါက ရက်ချိန်းယူရန် ဖုန်းခေါ်ဆိုချိန်တွင် စီစဉ်သူအား ပြောပြပါ။

သင့်တွင် ဝက်ရူးပြန်ရောဂါ၊ ဆီးချိုသွေးချို (အင်ဆူလင် ထိုးသွင်းမှု လိုအပ်ခြင်း) သို့မဟုတ် သတိမေ့သွားစေနိုင်သည့် အခြားမည်သည့်ကျန်းမာရေး အခြေအနေမှန်သမျှ ကဲ့သို့ ဆေးဘက်ဆိုင်ရာ ပြဿနာတစ်ခုရှိလျှင် <u>သို့မဟုတ် ခြေလက်အင်္ဂါ ဆုံးရှုံးထားလျှင်  သို့မဟုတ် ဝှီးချဲအသုံးပြုရလျှင်</u> စစ်ဆေးမှုအတွက် ရက်ချိန်းမယူမီ ဖုန်းနံပါတ် 802.828.2000 သို့ ဆက်သွယ်ပြီး မော်တော်ယာဉ်ဌာန၊ ယာဉ်မောင်းမြင့်တင်ရေး ဌာနခွဲကို အကြောင်းကြားရမည်။ သင့်ဆရာဝန် ဖြည့်စွက်ရမည့် ဆေးဘက်ဆိုင်ရာ အကဲဖြတ်ပုံစံတစ်ခုကို သင့်ထံ ပို့ပါမည်။ ဆရာဝန်က ပုံစံကို ဖြည့်စွက်ပြီးသည့်အခါ ၎င်းကို ပြန်လည်သုံးသပ်နိုင်ရန်အတွက် မော်တော်ယာဉ်ဌာနသို့ စာတိုက်မှတစ်ဆင့် ပြန်ပို့ပါ။ သင့်အား သင်မောင်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုချက်ပေးအပ်ခြင်းရှိ၊ မရှိ စာဖြင့် အသိပေးပါမည်။ သင့်တွင်ရှိသည့် ဆေးဘက်ဆိုင်ရာ အခြေအနေတစ်ခုသည် သင်၏ သင်မောင်းလိုင်စင် ရယူနိုင်စွမ်းအပေါ် သက်ရောက်ခြင်းရှိ၊ မရှိ မသေချာပါက အကြံဉာဏ်ရယူရန်အတွက် မော်တော်ယာဉ်ဌာန၊ ယာဉ်မောင်းမြင့်တင်ရေး ဌာနခွဲ၊ ဖုန်းနံပါတ် 802.828.2000 သို့ ခေါ်ဆိုပါ။

**မသန်စွမ်းယာဉ်မောင်းများအတွက် ကားရပ်နားခြင်း**

လမ်းလျှောက်ရန် အခက်အခဲရှိသောလူတစ်ဦးသည် အခြားယာဉ်မောင်းများက သတ်မှတ်ချိန်တစ်ချိန်တွင်သာ ရပ်နားနိုင်သည့် ကားပါကင်နေရာတစ်ခုတွင် 10 ရက်ကြာ အခမဲ့ရပ်နားနိုင်သည်။ (ထိုကဲ့သို့ပုဂ္ဂိုလ်များသည် ယာဉ်ရပ်နားခြင်း သို့မဟုတ် ရပ်တန့်ခြင်းကို ခွင့်မပြုထားသည့်နေရာများတွင် ရပ်နား၍မရပါ။ ၎င်းတို့သည် အချို့သောယာဉ်များအတွက် သီးသန့်ချန်ထားသောနေရာများ သို့မဟုတ် ကားရပ်နားခြင်းကို တားမြစ်ထားသည့် မည်သည့်နေရာတွင်မဆို ရပ်နား၍မရနိုင်ပါ။) ထိုသို့လုပ်ရန် ထိုလူတွင် Vermont မော်တော်ယာဉ်ဌာနက ထုတ်ပေးသည့် အထူးမှတ်ပုံတင်နံပါတ်ပြား သို့မဟုတ် ကတ်ပြား သို့မဟုတ် မသန်စွမ်းသူ ယာဉ်ရပ်နားခြင်း ရည်ရွယ်ချက်အတွက် အခြားပြည်နယ်က ထုတ်ပေးထားသည့် အထူးမှတ်ပုံတင်နံပါတ်ပြား သို့မဟုတ် အခြားကိရိယာတစ်ခု ရှိရမည်။ မသန်စွမ်းသူတစ်ဦးသည် သူ၏အမည်ဖြင့် မှတ်ပုံတင်ထားသော ယာဉ်တိုင်းအတွက် မသန်စွမ်းမှတ်ပုံတင်နံပါတ်ပြားတစ်စုံ ရရှိနိုင်သည်။ ယာဉ်ကို Vermont တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါက ဤနံပါတ်ပြားများအတွက် အပိုအခကြေးငွေ မရှိပါ။ မသန်စွမ်းသူတစ်ဦးက ယာဉ်ကို မပိုင်ဆိုင်လျှင် သို့မဟုတ် မသန်စွမ်း မှတ်ပုံတင်နံပါတ်ပြားများကို မလိုလားလျှင် ထိုလူသည် မသန်စွမ်း ကားပါကင် ကတ်ပြားတစ်ခုကို ရယူနိုင်သည်။ မသန်စွမ်း ကားပါကင် ကတ်ပြားကို မျက်မမြင်ခရီးသည်များလည်း ရရှိနိုင်ပါသည်။

မသန်စွမ်းသောပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ၎င်း၏ ဖက်ဒရယ် ID နံပါတ်ကို ထောက်ပံ့သည့် အဖွဲ့အစည်းတစ်ခုသည် မသန်စွမ်း ကားပါကင် ကတ်ပြားတစ်ခုကို လျှောက်ထားနိုင်သည်။ ကတ်ပြားအတွက် အခကြေးငွေပေးစရာမလိုပါ။ ပုံစံကို မော်တော်ယာဉ်ဌာန၊ ပြည်နယ်ရဲဌာနရုံးများ သို့မဟုတ် မြို့တော်စာရေးရုံးများမှ ရယူနိုင်သည်။ သင်သည် ပုံစံတွင်ပါရှိသော အချို့အပိုင်းကို ဖြည့်စွက်ရမည်ဖြစ်ပြီး သင့်ဆရာဝန်သည် ပုံစံပါ အခြားအပိုင်းကို ဖြည့်စွက်ရပါမည်။

မသန်စွမ်းသူတစ်ဦးသည် ပုံမှန်ပုဂ္ဂိုလ်များအား ၎င်း၏ မသန်စွမ်း ကားပါကင် နံပါတ်ပြားများ/ကတ်ပြား၏ အထူးအခွင့်အရေးများကို အလွဲသုံးစား ပြုလုပ်ခွင့်ပေးပါက မသန်စွမ်းသူ၏ မသန်စွမ်း နံပါတ်ပြားများ/ကတ်ပြားကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

မသန်စွမ်း ယာဉ်ရပ်နားရာနေရာတစ်ခုတွင် တရားမဝင် ရပ်နားသည့် ပုဂ္ဂိုလ်တစ်ဦးသည် ဒဏ်ငွေနှင့် ကားဆွဲခများ ကျခံရနိုင်သည်။

9 V.S.A. §4110 ကို ရည်ညွှန်းလျက် Vermont ပြည်နယ်၏ သို့မဟုတ် အခြားပြည်နယ်တစ်ခုခု၏ ဥပဒေများအရ မသန်စွမ်း နံပါတ်ပြား သို့မဟုတ် ကားပါကင် ကတ်ပြားတစ်ခု ထုတ်ပေးခံရသည့် မော်တော်ယာဉ်မောင်းသူတစ်ဦးသည် နိုင်ငံတကာ မသန်စွမ်းသူများအတွက် အဆင်ပြေလွယ်ကူစေရေး သင်္ကေတကို ပြသထားသည့် ဓာတ်ဆီဆိုင်တိုင်းတွင် ဝန်ဆောင်မှုအပြည့်အဝ လက်ခံရရှိရမည်ဖြစ်ပြီး

ကိုယ်တိုင်ဆီထည့်ခြင်းကို ပိုသက်သာသော ကုန်ကျစရိတ်ဖြင့် စီစဉ်ပေးသည့် ဝန်ဆောင်မှုအပြည့် ဓာတ်ဆီဆိုင်များတွင် ပိုသက်သာသောနှုန်းထားကို လက်ခံရရှိရမည်။

မသန်စွမ်း နံပါတ်ပြား သို့မဟုတ် ကားပါကင် ကတ်ပြား ကိုင်ဆောင်ထားသည့် မော်တော်ယာဉ်မောင်းသူတစ်ဦးက တောင်းဆိုသည့်အခါ ကိုယ်တိုင်ဆီထည့်ရသည့် ဓာတ်ဆီဆိုင်များသည် ကိုယ်တိုင်ဝန်ဆောင် ကုန်ကျစရိတ်ဖြင့် ဓာတ်ဆီထုတ်ပေးရန် ဝန်ထမ်းတစ်ဦးအား တောင်းဆိုရမည်။

**မသန်စွမ်းယာဉ်မောင်းများအတွက် ဝယ်ယူသုံးစွဲခွန်**

မသန်စွမ်းသူတစ်ဦးကဖြစ်စေ၊ မသန်စွမ်းသူ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူကဖြစ်စေ ပိုင်ဆိုင်ထား သို့မဟုတ် ငှားထားပြီး အထူးပစ္စည်းကိရိယာပါရှိသော ယာဉ်တစ်စီးသည် အဆိုပါပုဂ္ဂိုလ် မှတ်ပုံတင်ချိန်တွင် ဝယ်ယူသုံးစွဲခွန် မပေးရနိုင်ပါ။ အောက်ပါသတ်မှတ်စံနှုန်းများနှင့် ကိုက်ညီပါက သင်သည် ဝယ်ယူသုံးစွဲခွန်ကို ပေးဆောင်ခြင်းမှ လွတ်ငြိမ်းခွင့်ရရှိနိုင်သည်-

1. အမြဲတစေ လုပ်ဆောင်နိုင်စွမ်း အားနည်းချက်ဖြစ်သည့် မသန်စွမ်းမှုတစ်ခု သင့်တွင် ရှိရမည်။
2. သင် ယာဉ်မောင်းနိုင်စေရန် ယာဉ်ထိန်းချုပ်မှုများကို မွမ်းမံပြင်ဆင်ထားရမည် သို့မဟုတ် ယာဉ်ထဲဝင်ရန်အတွက်ဖြစ်စေ၊ ယာဉ်မှထွက်ရန်အတွက်ဖြစ်စေ ပင့်စက်တစ်ခု တပ်ထားရမည်။
3. သင်သည် မွမ်းမံပြင်ဆင်ထားသော ထိန်းချုပ်မှုများကို တပ်ဆင်ထားခြင်းကြောင့် ကင်းလွတ်ခွင့်ကို တောင်းဆိုနေပါက သင်၏ ယာဉ်မောင်းလိုင်စင်ကို မွမ်းမံပြင်ဆင်ထားသော ထိန်းချုပ်မှုများဖြင့် မောင်းနှင်ရာတွင်သာ အသုံးပြုရမည်။
4. သင့်တွင်နှင့် အမည်ပေါက် ပိုင်ရှင်များ/မှတ်ပုံတင်သူများတွင် တစ်ကြိမ်လျှင် ဝယ်ယူသုံးစွဲခွန် ကင်းလွတ်ခွင့် ပါဝင်သည့် လက်ရှိအသုံးပြုနိုင်သော မှတ်ပုံတင်တစ်ခုသာ ရှိနိုင်သည်။
5. ဆရာဝန်တစ်ဦး လက်မှတ်ရေးထိုးထားသော ပုံစံ VT-014။

## အခန်း 12 - မိဘများ သို့မဟုတ် အုပ်ထိန်းသူများ

မော်တော်ယာဉ်တိုက်မှုသည် ဆယ်ကျော်သက်များ သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှု၏ အဓိကအကြောင်းအရင်းဖြစ်သည်။ မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးအနေနှင့် သင်သည် သင့်ကလေး၏ ဘေးကင်းသော ယာဉ်မောင်းနှင်မှုအလေ့အထကို ထိန်းသိမ်းကိုင်တွယ်ပေးရန် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

1. သင့်ဆယ်ကျော်သက်ကလေးတွင် ကြီးကြပ်သူ၏ အကူအညီဖြင့် ယာဉ်မောင်းနှင်မှု လေ့ကျင့်ရန် အခွင့်အရေးများကို သတ်မှတ်ထားသော နာရီ 40 ထက်ပို၍ပင် အလုံအလောက် ရရှိကြောင်း သေချာပါစေ။

2. ဘေးကင်းလုံခြုံပြီး တာဝန်သိကာ ဥပဒေကို လိုက်နာသော ယာဉ်မောင်းတစ်ဦးအဖြစ် နမူနာကောင်းပြသပါ။

3. ဆယ်ကျော်သက်ယာဉ်မောင်းများအတွက် သိရှိထားသည့် အန္တရာယ်အကြောင်းအချက်များအပေါ် အခြေခံပြီး ယာဉ်မောင်းနှင်မှု အထူးအခွင့်အရေးများကို ဆက်လက်ထိန်းသိမ်းရန်အတွက် မိသားစုတွင်းစည်းကမ်းချက်များကို ချမှတ်ပြီး ဆွေးနွေးပါ။ ထိုကဲ့သို့စည်းကမ်းချက်များသည် အောက်ပါတို့ကို ဖြေရှင်းနိုင်သည်-

   - လုံခြုံရေးခါးပတ် အသုံးပြုမှု မရှိခြင်း
   - သတ်မှတ်နှုန်းကို ကျော်လွန်မောင်းခြင်း
   - ညဘက်မောင်းနှင်ခြင်း (ည 9 နာရီနောက်ပိုင်း)
   - လက်ကိုင်ဖုန်းအသုံးပြုခြင်း သို့မဟုတ် အခြားအာရုံပျံ့လွင့်စေသည့်အရာများ
   - ဆယ်ကျော်သက်ခရီးသည်များစွာ လိုက်ပါစီးနင်းခြင်း
   - ငိုက်မျဉ်းနေစဉ် ယာဉ်မောင်းနှင်မှု
   - အရက်မူးနေစဉ် သို့မဟုတ် မူးယစ်ဆေးသုံးစွဲထားစဉ် မောင်းနှင်ခြင်း

4. အခြားဆယ်ကျော်သက်ယာဉ်မောင်းတစ်ဦး၊ အထူးသဖြင့် အန္တရာယ်ရှိစွာ မောင်းနှင်ရန်နှင့်/သို့မဟုတ် ဥပဒေများ ချိုးဖောက်ရန် ရွေးချယ်သည့်သူများနှင့်အတူ စီးနင်းခြင်းနှင့်ဆက်နွှယ်သည့် အန္တရာယ်များကို သင့်ဆယ်ကျော်သက်ကလေး နားလည်စေရန် ကူညီပေးပါ။

5. ယာဉ်မောင်းများနှင့် ခရီးသည်များအပြင် လူတိုင်းလူတိုင်းအနေဖြင့် အငယ်တန်းယာဉ်မောင်းလိုင်စင် ကန့်သတ်ချက်များအား လိုက်နာစေရန် သင့်ကလေးနှင့် အခြားမိဘများကို ဆက်သွယ်ပြောဆိုပါ။ ထိုသို့လုပ်ခြင်းသည် ဆယ်ကျော်သက်အားလုံးကို ဘေးကင်းစေပြီး GDL ဥပဒေဘောင်အတွင်း လိုက်နာဆောင်ရွက်စေရန် အထောက်အကူပြုပါမည်။

6. အခြားယာဉ်မောင်းများနှင့်အတူ စီးနင်းသည့်အခါ ဘေးကင်းရေးအတွက် ရပ်တည်ပြောဆိုရန် သင့်ဆယ်ကျော်သက်ကလေးကို တိုက်တွန်းပါ။

7. သင်၏ ဆယ်ကျော်သက်ကလေး ယာဉ်မောင်းအတွက် ဘေးကင်းပြီး စိတ်ချရကာ ကောင်းစွာပြုပြင်ထိန်းသိမ်းသည့် ယာဉ်တစ်စီးကို ရွေးချယ်ပါ။

(ယာဉ်တိုက်မှုနှုန်းများနှင့် ဆယ်ကျော်သက်များအတွက် ဘေးကင်းသောယာဉ်များ ရွေးချယ်ခြင်းနှင့်ပတ်သက်သည့် နောက်ထပ်အချက်အလက်များကို သိရှိရန် www.iihs.org/ratings သို့ ဝင်ကြည့်ပါ)

မှတ်ချက်- သင်မောင်းလိုင်စင်နှင့် အငယ်တန်းယာဉ်မောင်းလိုင်စင် နှစ်မျိုးလုံးသည် "ယာယီ" ဖြစ်ပြီး ပြန်အပ်ရန် မှာကြားခံရနိုင်ပါသည်။

- မိဘ သို့မဟုတ် အုပ်ထိန်းသူအနေနှင့် သင်သည် မော်တော်ယာဉ်ဌာန၏ ကော်မရှင်အဖွဲ့ဝင်ထံ စာရေးသားခြင်းဖြင့် သင့်ကလေး၏ ယာယီလိုင်စင်ကို ဆိုင်းငံ့နိုင်ပါသည်
- ဆယ်ကျော်သက်ထိန်းသိမ်းရေး/ထိန်းကွပ်ပဲ့ပြင်ရေး ဘုတ်အဖွဲ့တစ်ဖွဲ့ထံမှ အကြံပြုချက်သည် ရက် 30 အတွင်း ပြန်အပ်ရစေသည့် အကျိုးဆက် ဖြစ်စေနိုင်ပါသည်

**လက်မှတ်ရ ယာဉ်မောင်းလိုင်စင် (GDL) အတွက် မိဘလမ်းညွှန် မှ ကောက်နုတ်ထားသည်**

အရက်သေစာ၊ 7၊ 52၊ 53

တိရစ္ဆာန်များ၊ 19

ဘီးလော့ခ်မကျစေရန် ကာကွယ်သည့် ဘရိတ်စနစ်၊ 48၊ 49

စက်ဘီးများ၊ 40၊ 52

လက်ကိုင်ဖုန်း၊ 47၊ 56၊ 73

ကလေးထိုင်ခုံ၊ 62

လုပ်ငန်းသုံး ယာဉ်မောင်းလိုင်စင်၊ 12၊ 17၊ 70

လက်ရှိလိပ်စာ၊ 8၊ 10 မွေးသက္ကရာဇ်၊ 8

စိတ်ပျံ့လွင့်ခြင်း၊ 54၊ 55

ယာဉ်မောင်းအသိပညာပေးခြင်း၊ 12၊ 13၊ 14၊ 15

ယာဉ်မောင်း အထူးအခွင့်အရေးကတ်၊ 11၊ 12

မူးယစ်ဆေးဝါးများ၊ 52၊ 53၊ 58၊ 68

အရေးပေါ်ယာဉ်၊ 31၊ 51 ဓာတ်ငွေ့ထုတ်လွှတ်မှု ထိန်းချုပ်စနစ်၊ 61

အဆင့်မြင့်ယာဉ်မောင်းလိုင်စင်၊ 9၊ 12

နိုင်ငံခြားသားများ၊ 9

လေးစက္ကန့်၊ 27၊ 28၊ 46

ကျား/မ၊ 11

လက်အချက်ပြများ၊ 26၊ 41

မီးကြီးများ၊ 19၊ 25၊ 42၊ 45၊ 46၊ 49၊ 51၊ 60

အဝေးပြေးလမ်းမ အမှတ်အသားများ၊ 34

မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား၊ 4၊ 8၊ 9

သွယ်ဝိုက်သဘောတူညီချက်၊ 53

ပြည်နယ်ကူးလမ်း၊ 28၊ 31၊ 38၊ 40၊ 50၊ 51၊ 59

အငယ်တန်းယာဉ်မောင်းလိုင်စင်၊ 7၊ 12၊ 13၊ 14၊ 15၊ 20၊ 21၊ 23၊ 73

သင်မောင်းခွင့်ကတ်ပြား၊ 2၊ 3၊ 7၊ 12၊ 13၊ 15၊ 16၊ 20၊ 21၊ 23၊ 24၊ 25၊ 71၊ 73

ဘယ်ကွေ့ခြင်းများ၊ 26

မော်တော်ဆိုင်ကယ်၊ 16၊ 17၊ 23၊ 42၊ 43၊ 66 အရေးပေါ်ယာဉ်

သို့မဟုတ် တာဝန်ရှိယာဉ်တန်းများနှင့် တွေ့ဆုံသည့်အခါ

လမ်းဘေးကပ်မောင်းနှင်ခြင်း၊ 31

ညဘက် မောင်းနှင်ခြင်း၊ 13၊ 20၊ 73 ကားတွင်း

ပြစ်ချက်ရှာဖွေရေးစနစ်၊ 61 မျဉ်းပြိုင်ကျ

ကားပါကင်ထိုးခြင်း၊ 29

မိဘများ၊ 21၊ 62၊ 73

ရဲကား၊ 31 မည်သူဖြစ်ကြောင်း

အထောက်အထား၊ 16 ယာယီ၊ 15၊ 21၊ 73

ရထားလမ်းကူး၊ 29၊ 32၊ 37၊ 59

နေထိုင်ခွင့် သတ်မှတ်ချက်များ၊ 10

လမ်းမှန်ဦးစားပေးခြင်း၊ 28၊ 31၊ 32၊ 64

ညာကွေ့ခြင်းများ၊ 31

ဘီးချော်ခြင်း၊ 48

အနှေးယာဉ်၊ 44

လူမှုဖူလုံရေး အချက်အလက်၊ 8၊ 9

မြန်နှုန်းကန့်သတ်ချက်များ၊ 34၊ 38

ရပ်ခြင်း၊ 25၊ 42၊ 56

ဆယ်ကျော်သက် ခရီးသည်များ၊ 73

စမ်းသပ်မောင်းနှင်ခြင်း၊ 14

ရထားများ၊ 33

အကွေ့အချက်ပြမီး၊ 26

အမေရိကန်စစ်တပ်၊ 10

အမေရိကန်နိုင်ငံသား၊ 9

**Vermont ပြည်နယ်**
*သယ်ယူပို့ဆောင်ရေး အေဂျင်စီ*
မော်တော်ယာဉ်ဌာန
120 State Street
Montpelier, Vermont 05603-0001
dmv.vermont.gov

သို့-